# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီး ခဲသတ္တုရေဆေးကန်လုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာ



## ENVIRONMENTAL MANAGEMENT PLAN

## GPS Joint Venture Co.,Ltd

အစီရင်ခံစာရေးသားသူ

နော်ယွားဟေသားထူး, ဦးနေလင်း, Dr.ဝင်းမင်းလတ်

mgwinminlatt2015@gmail.com

Ph No: 09797493240

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ၊ (      ) ရက်

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ကလောမြို့နယ်၊ဘော်ဆိုင်းကျေးရွာအုပ်စု၊ရွာဟောင်းကျေးရွာအုပ်စုအနီးရှိ GPS Joint Venture Co.,ltd ၏ ခဲသတ္တုသန့်စင်စက်ရုံအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan –EMP)အစီရင်ခံစာအပေါ် ပြင်ဆင်ဖြည့်စွက်တင်ပြရန်အချက်များနှင့် ပြန်လည်ပြင်ဆင်တင်ပြချက်များ**

| စဉ် | ပြင်ဆင်ဖြည့်စွက်တင်ပြရန်အချက်များ | ပြန်လည်ပြင်ဆင်တင်ပြချက်များ |
|---|---|---|
| (က) | အကျဉ်းချုပ်အစီရင်ခံစာတွင် Production Process ၊ ဖြစ်ပေါ်နိုင်သော သက်ရောက်မှုနှင့် လျော့ပါးစေရေးနည်းလမ်းများကို ရှင်းလင်းစွာ အကျဉ်းချုပ်၊ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ် အကျဉ်းချုပ်တို့ကို ရှင်းလင်းစွာထည့်သွင်းဖော်ပြရန်၊ | စာမျက်နှာ (၄, ၉ မှ ၁၁ နှင့် ၁၇) တွင် ဖော်ပြထားပါသည်။ |
| (ခ) | စာမျက်နှာ(၅၆)တွင် ထည့်သွင်းဖော်ပြထားသော စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်အစား အမျိုးသားပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စံချိန်စံညွှန်း သတ်မှတ်ချက် ၂.၃.၇.၁ ရှိ အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းအတွက် ဖော်ပြထားသည့် စွန့်ထုတ်အရည် အဆင့်သတ်မှတ်ချက်အား ပြန်လည်ပြင်ဆင်ထည့်သွင်းဖော်ပြရန်၊ | အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်း လုပ်ငန်း မဟုတ်ဘဲ ခဲသတ္တုနှင့်မြေစာအား ခွဲခြားရန် ရေဆေးကန်တွင် ရေဖြင့်ဆေးကြောသည့် လုပ်ငန်းသာ ဖြစ်ပါသည်။ |
| (ဂ) | စာမျက်နှာ(၅၈) တွင် ထည့်သွင်းဖော်ပြထားသော လေအရည်အသွေးဖော်ပြချက်တွင် အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စံချိန်စံညွှန်း သတ်မှတ်ချက် ၂.၃.၇.၁ ရှိ အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းအတွက် ဖော်ပြထားသည့် လေအရည်အသွေး အဆင့်သတ်မှတ်ချက်အား ပြန်လည်ပြင်ဆင်ထည့်သွင်းဖော်ပြရန်၊ | အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်း လုပ်ငန်း မဟုတ်ဘဲ ခဲသတ္တုနှင့်မြေစာအား ခွဲခြားရန် ရေဆေးကန်တွင် ရေဖြင့်ဆေးကြောသည့် လုပ်ငန်းသာ ဖြစ်ပါသည်။ |
| (ဃ) | စာမျက်နှာ(၉၀) တွင် ထည့်သွင်းဖော်ပြထားသော ရေအရည်အသွေးနှိုင်းယှဉ်မှုဇယားတွင် ရေဆေးကန်မှထွက်လာသောရေသည် စွန့်ပစ်ရေဖြစ်သဖြင့် အမျိုးသား ပတ်ဝန်းကျင် အရည် | အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်း လုပ်ငန်း မဟုတ်ဘဲ ခဲသတ္တုနှင့်မြေစာအား ခွဲခြားရန် |

| | | |
|---|---|---|
| | အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စံချိန်စံညွှန်း သတ်မှတ်ချက် ၂.၃.၇.၁ ရှိ အခြေခံ သတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းအတွက် ဖော်ပြထားသည့် စွန့်ထုတ်အရည် အဆင့်သတ်မှတ်ချက်ဖြင့် ပြန်လည်နှိုင်းယှဥ်ဖော်ပြရန်နှင့် Guideline ထက် ကျော်လွန်နေပါက ကျော်လွန်ရသည့် အကြောင်းအရင်းနှင့် အနည်းဆုံးလျော့ချမည့်အစီအစဥ်များကို ထည့်သွင်း ဖော်ပြရန်၊ | ရေဆေးကန်တွင် ရေဖြင့်ဆေးကြောသည့် လုပ်ငန်းသာ ဖြစ်ပါသည်။ |
| (င) | စာမျက်နှာ(၉၉) တွင် လေအရည်အသွေးတိုင်းတာဖော်ပြရာတွင် တိုင်းတာရရှိသည့် ရလဒ်များကို အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စံချိန်စံညွှန်း သတ်မှတ်ချက် ၂.၃.၇.၁ ရှိ အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းအတွက် ဖော်ပြထားသည့် လေအရည်အသွေး အဆင့်သတ်မှတ်ချက်နှင့်နှိုင်းယှဥ်ဖော်ပြရန်၊ | အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်း မဟုတ်ဘဲ ခဲသတ္တုနှင့်မြေစာအား ခွဲခြားရန် ရေဆေးကန်တွင် ရေဖြင့်ဆေးကြောသည့် လုပ်ငန်းသာ ဖြစ်ပါသည်။ |
| (စ) | စာမျက်နှာ (၁၄၂)မှ (၁၄၆)အထိ လျော့ပါးစေရေးနည်းလမ်းများကို ဖော်ပြရာ၌ ယေဘုယျဖော်ပြခြင်းအစား လုပ်ငန်းဆောင်ရွက်သည့် အဆင့်တစ်ခုချင်းအလိုက် ဖြစ်နိုင်သည့် သက်ရောက်မှုအပေါ် အခြေခံ၍ အသေးစိတ်ရေးသားဖော်ပြရန်။ | စာမျက်နှာ (၁၂၄ မှ ၁၃၉) တွင် အသေးစိတ်ဖော်ပြထားပါသည်။ |
| (ဆ) | ခဲသတ္တုလုပ်ကွက်များမှ ရရှိလာသော ခဲနှင့်ရောရာမြေစာများကို သန့်စင်ခြင်းမပြုမီထားရှိမည့် အစီအစဥ်တို့ကို ထည့်သွင်းဖော်ပြရန်နှင့် စာမျက်နှာ (၆၈)တွင် တစ်ရက်လျှင် ခဲသတ္တုပါသော နှုံးမြေစာ (၂၀)တန်၊ တစ်နှစ်လျှင် ခဲသတ္တုပါသော နှုံးမြေစာ(၆၀၀၀)တန်ခန့် ထွက်ရှိမည်ဟု ဖော်ပြထားသဖြင့် ၎င်းတို့ ထားရှိမည့်နေရာ၊ အကျယ်အဝန်းနှင့် မိုးရေတိုက်စားမှု၊ မျောပါမှုမရှိစေရန် ဆောင်ရွက်မည့် အစီအစဥ်များကို ထည့်သွင်းဖော်ပြရန်၊ | စာမျက်နှာ (၇၆ နှင့် ၈၃) တွင် ဖော်ပြထားပါသည်။ |

| | | |
|---|---|---|
| (ဇ) | စာမျက်နှာ (၇၄)တွင် နေ့စဥ်ထုတ်ခဲသတ္တုမှုန့် (ကုန်ချော) (၅)တန်အား ရေဆေးပြီး အခြောက်ခံသည့် နည်းစနစ်အသုံးပြုခြင်းရှိ မရှိနှင့် အသုံးပြုပါက မည်သည့်လောင်စာအသုံးပြု၍ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ လောင်စာအမျိုးအစားတို့ကို ထည့်သွင်းဖော်ပြရန်၊ | စာမျက်နှာ (၇၇) တွင် ဖော်ပြထားပါသည်။ |
| (ဈ) | အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများကို ဖိတ်ကြား၍ ၎င်းတို့၏ ဆွေးနွေးအကြံပြုချက်များကို ထည့်သွင်းဖော်ပြရန်၊ | စာမျက်နှာ (၁၄၉) တွင် ဖော်ပြထားပါသည်။ |
| (ည) | အဆိုပြုစက်ရုံအနီးအနားရှိ လယ်မြေ၊ ယာမြေများအတွင်းသို့ အဆိုပြုလုပ်ငန်းမှ စွန့်ထုတ်ရည်နှင့် အခြားစွန့်ပစ်ပစ္စည်းများ ကျရောက်မှုမရှိစေရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဥ်များအား ထည့်သွင်းဖော်ပြရန်၊ | စာမျက်နှာ (၁၃၃ နှင့် ၁၄၆) တွင် ဖော်ပြထားပါသည်။ |
| (ဋ) | စာမျက်နှာ(၁၅၉) မှ (၁၆၃)တွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု အစီအစဥ်များကို ဖော်ပြရာတွင် ပူးတွဲပါနမူနာပုံစံအတိုင်း ရေးသားဖော်ပြရန်၊ | စာမျက်နှာ (၁၆၅ မှ ၁၇၄) တွင် ဖော်ပြထားပါသည်။ |
| (ဌ) | စာမျက်နှာ (၁၇၂)နှင့် (၁၇၃)၏ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဥ်တွင် လေအရည်အသွေး၊ ဆူညံသံတို့နှင့် ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုမည့်နေရာ (လုပ်ငန်းဧရိယာအတွင်း တိုင်းတာခဲ့သည့် နေရာ) တစ်နေရာတည်းနှင့် လုံလောက်မှုရှိ မရှိ အကြောင်းအရင်းခိုင်လုံစွာဖြင့် ဖော်ပြရန်နှင့် မလုံလောက်ပါက ထပ်မံစောင့်ကြပ်ကြည့်ရှုမည့်နေရာတို့ကို ထည့်သွင်းဖော်ပြရန်၊ | စာမျက်နှာ (၁၈၄) တွင် ဖော်ပြထားပါသည်။ |
| (ဍ) | အရေးပေါ်အခြေအနေကျရောက်လာပါက ဆောင်ရွက်မည့်အစီအစဥ်များ၊ မီးဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဥ်များ၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဥ်တို့အား ထည့်သွင်းဖော်ပြရန်၊ | စာမျက်နှာ (၁၃၉ မှ ၁၄၄) တွင် ဖော်ပြထားပါသည်။ |

| | | |
|---|---|---|
| (ဃ) | လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဥ်တွင် သစ်ပင်စိုက်ပျိုးမည့်အစီအစဥ်အသေးစိတ်စသည့် ဆောင်ရွက်မည့်အစီအစဥ်အသေးစိတ်ကို ထည့်သွင်းဖော်ပြရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဥ်ကို လုပ်ငန်းမပိတ်သိမ်းမီ (၁)နှစ်အလိုတွင် ဝန်ကြီးဌာနသို့ တင်ပြမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြရန်၊ | စာမျက်နှာ (၇၉ နှင့် ၁၈၇) တွင် ဖော်ပြထားပါသည်။ |

## အတိုကောက်စာလုံးများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

| | | |
|---|---|---|
| EMP | – | Environmental Management Plan |
| HDPE | - | High Density Polyethylene |
| CSR | - | Corporate Social Responsibility |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **အခန်း(၁) အကျဉ်းချုပ်အစီရင်ခံစာ** | | ၁ |
| **အခန်း(၂) နိဒါန်း** | | ၁၉ |
| ၂-၁။ | လုပ်ငန်း၏ရည်ရွယ်ချက် | ၁၉ |
| ၂-၂။ | လုပ်ငန်း၏နောက်ခံအကြောင်းအရာ | ၁၉ |
| ၂-၃။ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာရေးသားသူများ၏အချက်အလက်များ | ၂၀ |
| **အခန်း(၃) ကတိကဝတ်** | | ၃၇ |
| ၃-၁။ | လုပ်ငန်းဆောင်ရွက်သူ၏ ကတိကဝတ် | ၃၇ |
| ၃-၂။ | အစီရင်ခံစာရေးသားသည့်ပညာရှင်၏ကတိကဝတ် | ၃၈ |
| **အခန်း(၄) မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များ** | | ၃၉ |
| ၄-၁။ | လုပ်ငန်းဆိုင်ရာမူဝါဒများ | ၃၉ |
| ၄-၂။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများ | ၃၉ |
| ၄-၃။ | ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာ စည်းကမ်း သတ်မှတ်ချက်များ | ၄၀ |
| | ၄.၃.၁။ ဥပဒေ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ | ၄၀ |
| | ၄.၃.၂။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများနှင့် အက်ဥပဒေများမှ ကောက်နုတ်ချက်များ | ၄၂ |
| | ၄.၃.၃။ စီမံကိန်းနှင့် သက်ဆိုင်သည့် နိုင်ငံတကာ ကွန်ဗင်းရှင်းများနှင့် သဘောတူစာချုပ်များ | ၅၈ |
| | ၄.၃.၄။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ စံချိန်စံညွှန်းများ | ၅၉ |
| | ၄.၃.၅။ ကျန်းမာရေးဆိုင်ရာစံချိန်စံညွှန်းများ | ၆၃ |
| **အခန်း(၅) လုပ်ငန်း၏အကြောင်းအရာဖော်ပြချက်** | | ၆၄ |
| ၅-၁။ | လုပ်ငန်းနောက်ခံအကြောင်းအရာဖော်ပြချက် | ၆၄ |
| ၅-၂။ | လုပ်ငန်းကာလ | ၆၅ |
| ၅-၃။ | လုပ်ငန်း၏တည်နေရာ | ၆၆ |
| ၅-၄။ | လုပ်ငန်း၏မြေနေရာအကျယ်အဝန်း | ၆၆ |
| ၅-၅။ | ထုတ်လုပ်မည့်ထုတ်ကုန်နှင့် ထွက်ရှိမှု | ၇၁ |
| ၅-၆။ | တစ်နှစ်အတွက် ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ် | ၇၁ |
| ၅-၇။ | တစ်နှစ်အတွက် လောင်စာဆီလိုအပ်ချက် | ၇၁ |

၅-၈။ သုံးစွဲမည့်ဓါတုပစ္စည်းများ အပါအဝင်ကုန်ကြမ်းပစ္စည်းများ ၇၂

၅-၉။ အသုံးပြုမည့် လုပ်သားအရေအတွက် ၇၂

၅-၁၀။ အသုံးပြုမည့်စက်ယန္တရားအင်အား ၇၃

၅-၁၁။ အဆောက်အဦးနှင့်ဆက်စပ်အဆောက်အဦးအရေအတွက် ၇၃

၅-၁၂။ တစ်ရက်အလုပ်လုပ်ချိန် ၇၅

၅-၁၃။ လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်မှု ၇၅

၅-၁၄။ အဆိုပြုလုပ်ငန်းများဆောင်ရွက်မှုများကြောင့် ထွက်ရှိလာမည့်
စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့) အမျိုးအစား/ ပမာဏ ၈၃

**အခန်း(၆) လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အခြေအနေ** ၈၆

၆-၁။ ချဉ်းကပ်နည်းလမ်းများ ၈၆

၆-၂။ ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာများ ၈၉

၆.၂.၁။ မြေမျက်နှာသွင်ပြင် ၈၉

၆.၂.၂။ ရာသီဥတုနှင့် မိုးလေဝသ ၈၉

၆-၃။ မြေအသုံးချမှု ၈၉

၆-၄။ မြေထုအခြေအနေ ၈၉

၆-၅။ ရေအရည်အသွေး ၉၃

၆-၆။ လေအရည်အသွေး ၁၀၂

၆-၇။ ဆူညံသံ ၁၀၂

၆-၈။ ဂေဟစနစ်(တောတောင်အခြေအနေနှင့် ဇီဝမျိုးစုံမျိုးကွဲများ) ၁၁၂

၆-၉။ လူမှုပတ်ဝန်းကျင် အခြေအနေ ၁၁၃

၆-၁၀။ စီးပွားရေးဆိုင်ရာအစိတ်အပိုင်းများ ၁၁၅

၆.၁၀.၁။ ဒေသအတွင်းစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နေမှု ၁၁၅

၆.၁၀.၂။ စိုက်ပျိုးရေးလုပ်ငန်းများ ၁၁၅

၆.၁၀.၃။ သစ်တောထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းများ ၁၁၅

၆.၁၀.၄။ မွေးမြူရေးလုပ်ငန်းများ ၁၁၅

၆.၁၀.၅။ စက်မှုလုပ်ငန်းများ ၁၁၆

၆.၁၀.၆။ တွင်းထွက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း ၁၁၆

၆.၁၀.၇။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ၁၁၆

၆.၁၁။ ယဉ်ကျေးမှုဆိုင်ရာအချက်အလက်များ ၁၁၆

၆.၁၁.၁။ ဘာသာရေးနှင့် သမိုင်းဝင် အဆောက်အဦးများ ၁၁၆

၆.၁၁.၂။ ရှေးဟောင်း အဆောက်အဦးများ ၁၁၆

၆.၁၁.၃။ ဘုရား/ ကျောင်းကန်များ ၁၁၆

၆.၁၁.၄။ မြင်ကွင်းပသာဒဆိုင်ရာ သွင်ပြင်လက္ခဏာများ ၁၁၇

**အခန်း(၇) ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများနှင့်လျော့နည်းစေရန်ဆောင်ရွက်မည့် လုပ်ငန်းများ** ၁၂၃

၇-၁။ ချဉ်းကပ်နည်းလမ်းများ ၁၂၃

၇-၂။ ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာ နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို လျှော့ချရမည့် အစီအစဉ်များ ဆောင်ရွက်ခြင်း ၁၂၄

၇.၂.၁။ လုပ်ငန်းတည်ဆောက်ခြင်းကာလတွင် ဖြစ်ပေါ်လာနိုင်ချေ ရှိသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ၁၂၄

၇.၂.၂။ လုပ်ငန်းလည်ပတ်ခြင်းကာလတွင် ဖြစ်ပေါ်လာနိုင်ချေရှိသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ၁၂၅

၇.၂.၃။ လုပ်ငန်းပိတ်သိမ်းခြင်းကာလတွင် ဖြစ်ပေါ်လာနိုင်ချေရှိသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ၁၂၉

၇-၃။ ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင် သော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို လျှော့ချရမည့် အစီအစဉ်များ ဆောင်ရွက်ခြင်း ၁၃၁

၇.၃.၁။ လုပ်ငန်းတည်ဆောက်စဉ်ကာလတွင်ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းအောင် ဆောင်ရွက်ခြင်း ၁၃၁

၇.၃.၂။ လုပ်ငန်းလည်ပတ်နေစဉ်ကာလတွင်ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းအောင် ဆောင်ရွက်ခြင်း ၁၃၂

၇.၃.၃။ လုပ်ငန်းပိတ်သိမ်းခြင်းကာလတွင်ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းအောင် ဆောင်ရွက်ခြင်း ၁၃၇

၇-၄။ လုပ်ငန်းလည်ပတ်ခြင်းကြောင့် ဖြစ်နိုင်ချေရှိသော သဘာဝဘေးအန္တရာယ် နှင့် စက်မှုဆိုင်ရာ အန္တရာယ်များ ၁၃၈

၇.၄.၁။ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားမှု ၁၃၉

၇.၄.၂။ မီးဘေးအန္တရာယ်ကျရောက်ပါက ကြိုတင်ဆောင်ရွက်ထားရှိမှု နှင့် ဆောင်ရွက်မည့်အစီအစဉ် ၁၃၉

၇.၄.၃။ လုပ်ငန်းခွင်မတော်တဆထိခိုက်ခြင်းနှင့်ဘေးအန္တရာယ်ကျရောက်ပါက ဆောင်ရွက်မည့် အစီအစဉ် ၁၄၀

၇.၄.၄။ ရန်ပုံငွေလျာထားချက် ၁၄၃

၇-၅။ ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့ ၁၄၄

၇-၆။ လုပ်ငန်းဧရိယာရှိ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများနှင့်လျော့ချမည့် နည်းလမ်းများ ၁၄၄

၇-၇။ လုပ်ငန်းခွင်ဧရိယာတွင် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအား အဆင့်အတန်း ပမာဏ သတ်မှတ်ခြင်းနှင့် ရန်ပုံငွေလျာထားချက် ၁၄၈

**အခန်း(၈) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်** ၁၄၉

၈-၁။ အစိုးရဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးခြင်း ၁၄၉

၈-၂။ လုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်း ၁၄၉

၈-၃။ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းမှ ရလဒ်များ ၁၅၃

၈-၄။ ဆက်လက်ဆောင်ရွက်မည့် တိုင်ပင်ဆွေးနွေးမှုများ ၁၅၈

၈-၅။ သတင်းအချက်အလက် ထုတ်ဖော်ချက် ၁၅၈

၈-၆။ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အဖွဲ့အစည်း ၁၅၈

၈-၇။ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ် ၁၅၉

၈-၈။ ဒေသခံရွာသူ/သားများအတွက်ဆောင်ရွက်ပေးမှု ၁၆၀

၈-၉။ ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များ ၁၆၀

၈-၁၀။ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေ လျာထားချက် ၁၆၀

**အခန်း(၉) ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်** ၁၆၁

၉-၁။ ဆူညံသံ၊တုန်ခါမှုနှင့်ဆိုင်သော စီမံခန့်ခွဲမှုအစီအစဉ် ၁၆၁

၉-၂။ မြေပေါ်မြေအောက် ရေအရည်အသွေးနှင့်ဆိုင်သော စီမံခန့်ခွဲမှုအစီအစဉ် ၁၆၂

၉-၃။ လေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ် ၁၆၂

၉.၃.၁။ အနံ့အသက်နှင့် ဆိုင်သော စီမံခန့်ခွဲမှုအစီအစဉ် ၁၆၂

၉.၃.၂။ အမှုန်အမွှားနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ် ၁၆၃

၉-၄။ စွန့်ပစ်ပစ္စည်းများနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ် ၁၆၃

၉-၅။ မြေထုနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ် ၁၆၃

၉-၆။ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ် ၁၆၄
၉.၆.၁။ ကျန်းမာရေးနှင့်ပတ်သက်သောဘေးအန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်ချက်များ ၁၆၄
၉-၇။ ဂေဟာစနစ်နှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ် ၁၆၄
၉-၈။ လူမှုဝန်းကျင်ထိခိုက်မှုနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ် ၁၆၅
၉-၉။ သစ်ပင်စိုက်ခင်းများ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ် ၁၆၅
၉.၁၀။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဥ်ခွဲ (Environmental Management Sub-plan) ၁၆၅
၉-၁၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အားအကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့ ၁၇၄
၉-၁၂။ အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း ၁၇၅
၉-၁၃။ လုပ်ငန်းတာဝန်သတ်မှတ်ခြင်း ၁၇၈
၉-၁၄။ ရန်ပုံငွေလျာထားချက် ၁၈၀
**အခန်း(၁၀) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားချက်** ၁၈၁
၁၀.၁။ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆောင်ရွက်မည့်အဖွဲ့ ၁၈၁
၁၀.၂။ စောင့်ကြပ်ကြည့်ရှုရေးရန်ပုံငွေလျာထားချက် ၁၈၁
၁၀.၃။ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ် ၁၈၁
**အခန်း (၁၁) လုပ်ငန်းအဆိုပြုသူမှလိုက်နာဆောင်ရွက်မည့် ကတိကဝတ်များ** ၁၈၅
**အခန်း (၁၂) လုပ်ငန်းပိတ်သိမ်းခြင်းအစီရင်ခံစာ** ၁၈၇
၁၂-၁။ လုပ်ငန်းပိတ်သိမ်းချိန်ဆောင်ရွက်မည့်အဖွဲ့နှင့် ပိတ်သိမ်းပြီးနောက် စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့အစည်း ၁၈၇
၁၂-၂။ ရန်ပုံငွေလျာထားချက် ၁၈၇
**အခန်း(၁၃) နိဂုံးနှင့်သုံးသပ်အကြံပြုတင်ပြချက်** ၁၈၉
၁၃-၁။ နိဂုံး ၁၈၉
၁၃-၂။ သုံးသပ်အကြံပြုတင်ပြချက် ၁၉၀
**မှီငြမ်း/ကျမ်းကိုးစာရင်း**

# အခန်း(၁)

# အကျဉ်းချုပ်အစီရင်ခံစာ

## နိဒါန်း

မြန်မာနိုင်ငံသည်သဘာဝသယံဇာတပေါကြွယ်ဝသောနိုင်ငံဖြစ်ပါသည်။သယံဇာတအရင်းမြစ်များစွာ ပိုင်ဆိုင်ထားသည့်အလျောက်မတူးဖော်၊မထုတ်လုပ်ရသေးသောနေရာများစွာလည်းကျန်ရှိနေပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်းသည်ခဲသတ္တုရောရာမြေစာများကို ရေပန်းထိုး၍ခဲသတ္တုနှင့်မြေစာအား Gravity နည်းစဉ်အသုံးပြု၍ ခဲသတ္တု နှင့် ခဲ သတ္တုပါဝင်သောနှုံးအနည်အနှစ်တို့အား ခွဲခြားသန့်စင်သွားမည် ဖြစ်ပါသည်။

လုပ်ငန်းလုပ်ဆောင်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်၊ ကုန်ကြမ်းရောင်းခြင်းမဟုတ်ဘဲ ကုန်ချောအဆင့်ဖြင့်ရောင်းချခြင်းကြောင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတိုးပွားလာစေရန် နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ဒေသခံပြည်သူများပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများတိုးတက်ကောင်းမွန်ပြီး လူနေမှုအဆင့်အတန်းများမြင့်မားလာစေရန် တို့ဖြစ်ပါသည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းကို ၂၀၁၉ ခုနှစ် တွင်စတင်တည်ဆောက်ခဲ့ပြီး လုပ်ငန်းလည်ပတ်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထားခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအား ကွင်းဆင်းစိစစ်၍ ပြန်လည်တင်ပြရန် ရည်ညွှန်းစာဖြင့် ညွှန်ကြားခဲ့ပါသည်။ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဦးကျော်မိုး၊ ဦးစီးအရာရှိ ဒေါ်တင်တင်မြင့်နှင့်ဒုတိယဦးစီးမှူးဒေါ်အေးမြတ်သူတို့သည် (၁၁.၁၂.၂၀၁၉) ရက်နေ့တွင် ကွင်းဆင်း၍ အစီရင်ခံစာတင်ပြခဲ့ပါသည်။ ကွင်းဆင်းအစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နောက်ဆက်တွဲ(က)၊ ဇယားအမှတ်စဥ်(၈၅)အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဥ် (Environmental Management Plan- EMP) အား ရေးဆွဲတင်ပြရန်လိုအပ်ကြောင်း သဘောထားမှတ်ချက်ပေးခဲ့သည့်အတွက် ယခုတင်ပြခြင်းဖြစ်ပါသည်။ လုပ်ငန်း၏မန်နေဂျာမှာ ဒေါ်စန်းစန်းရီဖြစ်ပါသည်။ GPS Joint Venture ကုမ္ပဏီ လီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းသည် Joint Venture (ဖက်စပ်) လုပ်ကိုင်သော လုပ်ငန်း ဖြစ်ပါသည်။ ခဲသတ္တုရေဆေးကန်လုပ်ငန်းသည် GPS Joint Venture ကုမ္ပဏီလီမိတက် ခဲသတ္တု အမြုပ်ဖော်သန့်စက်စင်ရုံ၏ လုပ်ငန်းခွဲတစ်ခု ဖြစ်ပါသည်။ ပင်မကုမ္ပဏီမှာ တရုတ်လုပ်ငန်းရှင်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းဦးစီးဌာန၏ အကျိုးတူပူးပေါင်းလုပ်ငန်း ဖြစ်ပါသည်။ လုပ်ငန်းစတင်

လည်ပတ်သည့် အချိန်မှစ၍ ပထမအကြိမ် (၁၅)နှစ်နှင့် နောက်သက်တမ်းတိုး တစ်ကြိမ်လျှင် (၅)နှစ်နှင့် (၃)ကြိမ်၊ စုစုပေါင်းနှစ်(၃၀)ထိ ပူးပေါင်း လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**ကတိကဝတ်**

GPS Joint Venture ကုမ္ပဏီလီမိတက်မှ တတိယအဖွဲ့အစည်း ဖြစ်သော ပညာရှင်များ လိုက်နာရမည့်ကတိကဝတ်များအပြင် လုပ်ငန်းဆောင်ရွက်သူ၏ ကတိကဝတ်များဖြစ်သည့် စီမံကိန်းအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေး လုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းလည်ပတ်မည်ဆိုပါက ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာများ မထိခိုက်စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်း လုပ်ငန်းပြီးစီး၍ ပိတ်သိမ်းသည့်အချိန်တွင် လူမှုဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် အစီအမံများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက် မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ချမှတ်ထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း နှင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများ၊ နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီရင်ခံစာရေးဆွဲထားသည်မှာ တိကျမှန်ကန်ခိုင်မာပြည့်စုံပါကြောင်းနှင့် လေးစားလိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။

**မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များ**

ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာမူဝါဒများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ လူမှုဆိုင်ရာ လိုက်နာရမည့် အချက်များ၊ ကျန်းမာရေးဆိုင်ရာစံချိန်စံညွှန်းများနှင့် ကုမ္ပဏီ၏ ကျန်းမာရေးထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာမူဝါဒများကို လိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

**လုပ်ငန်း၏အကြောင်းအရာဖော်ပြချက်**

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းလုပ်ကိုင်ရန် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြ လျှောက်ထားဆဲဖြစ်ပါသည်။ ခဲသတ္တုရေဆေးကန်လုပ်ငန်းကို ၂၀၁၉ ခုနှစ် တွင် စတင် တည်ထောင်ခဲ့ပြီး ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ တွင်စတင်လည်ပတ်ခဲ့ပါသည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းတည်နေရာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်း

ကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင်တည်ရှိပါသည်။အဆိုပြုလုပ်ငန်းတည်နေရာသည် ကွင်း/အကွက်အမှတ်(၈၆/ကန်သာရွာမကွင်း)၊ ဦးပိုင်အမှတ်(၁၁)အတွင်းတည်ရှိပါသည်။ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများမှ ဟဲဟိုးမြို့သို့ကုန်းလမ်း၊လေကြောင်းလမ်းတို့ဖြင့်ရာသီမရွေးသွားလာနိုင်ပါသည်။ဟဲဟိုးမြို့လမ်းခွဲမှမြောက်ဘက်(၁၉)မိုင်ခန့်အကွာ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာသို့ ကတ္တရာခင်းလမ်းအတိုင်း ကား၊ ဆိုင်ကယ် တို့ဖြင့် ရာသီမရွေး သွားရောက်နိုင်ပါသည်။ ၎င်းမှတဆင့် (၁)မိုင်ခန့်ကွာဝေးသော လုပ်ကွက်သို့ ကတ္တရာခင်းလမ်း အတိုင်း ကား၊ ဆိုင်ကယ် တို့ဖြင့် ရာသီမရွေး သွားရောက် နိုင်ပါသည်။ အဆိုပြုလုပ်ငန်း တည်နေရာသည် (ယာ)မြေအမျိုးအစားဖြစ်ပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းဧရိယာအတွင်း ခဲသတ္တုရေဆေးကန်၊ ဝန်ထမ်းနေအိမ်၊ ရေသိုလှောင်ကန်၊ အနည်စစ်ကန် တူးဖော်ခြင်းနှင့် ခဲသတ္တုသိုလှောင်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများအတွက် တင်ပြထားသော လုပ်ငန်း၏ အကျယ်အဝန်းမှာ (၁၀.၈၆)ဧက ဖြစ်ပါသည်။

လုပ်ငန်းနေရာပြမြေပုံ၊ ဒေသန္တရမြေပုံ၊ လုပ်ငန်းခွင် ပတ်ဝန်းကျင်ပြမြေပုံနှင့် လုပ်ငန်းနေရာဧရိယာပြမြေပုံများအား လည်းကောင်း၊ အဆောက်အဦး၊ အနည်စစ်ကန်၊ နုံးစစ်ကန်၊ ရေလှောင်ကန် တူးဖော်တည်ဆောက်မည့်နေရာတို့၏ (Layout Plan Map) ကို လည်း ဖော်ပြထားပါ သည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်းအနေဖြင့် ခဲသတ္တုကုန်ချောအား ထုတ်လုပ်သွားမည်ဖြစ်ပါသည်။ ခဲသတ္တုကုန်ကြမ်း တစ်ရက်လျှင် (၂၅)တန် အသုံးပြုပြီး ၎င်းမှ ခဲသတ္တုကုန်ချော တစ်ရက်လျှင် (၅)တန်နှင့် ခဲသတ္တုပါသောနုံးမြေစာ (၂၀)တန် ထွက်ရှိပါသည်။ တစ်နှစ်ကုန်ချောတန်ချိန် (၁၅၀၀) နှင့် ခဲသတ္တုပါသောနုံးမြေစာ (၆၀၀၀)တန် ထွက်ရှိပါမည်။ ရေရှားပါးသောဒေသဖြစ်သောကြောင့် မိုးရာသီအချိန်အခါများတွင် မိုးရေများအား မြေသား၊ ကွန်ကရစ်ရေလှောင်ကန်တို့ဖြင့် မိုးရေသိုလှောင်ထားပြီး လုပ်ငန်းသုံးရေနှင့် အလုပ်သမားသုံးရေအဖြစ် အသုံးပြုမည်ဖြစ်ပါသည်။ လုပ်သားများနှင့် လုပ်ငန်းအတွက် သုံးရေအဖြစ် (အလျား ၅၂ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၉ပေ) ရှိ ကွန်ကရစ်ရေလှောင်ကန် (၁) တစ်ကန်အား လူနေဆောင်နံဘေး (၁၀) ပေအကွာတွင် တည်ဆောက် ထားရှိ၍ GPS Joint Venture သတ္တုသန့်စင်စက်ရုံမှ ရေအား (၂) လက်မပိုက်ဖြင့် သွယ်ယူကာ သိုလှောင်ထားပါသည်။ သောက်ရေအတွက် ရေသန့်ဘူးများကိုသာ အသုံးပြုမည် ဖြစ်ပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းတွင် ရေအားကိုသုံး၍ ခဲနှင့်မြေစာခွဲခြားမည့်နည်းစဉ်ကို အသုံးပြုမည်ဖြစ်သောကြောင့် ဓာတုပစ္စည်းအသုံးပြုခြင်းမရှိပါ။ အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများမှာစက်ယန္တရားများအတွက် စက်သုံးဆီများ၊ ချောဆီများ၊ ရေပန်းထိုး ခဲသတ္တုရေဆေး သန့်စင်ခြင်းအတွက် ပေါက်ပြား၊ ပေါက်တူး၊ နော်ဇယ်ခေါင်းတပ် (၂)လက်မ ရေပိုက် များအား အဓိကထားအသုံးပြုပါမည်။ အဆောက်အဦးများ ဆောက်လုပ်ရန် အတွက် လိုအပ်သော သံထည်ပစ္စည်းများ၊ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ထုံး၊ သစ်၊ သွပ်နှင့်

အိမ်ဆောက် ပစ္စည်းမျိုးစုံအား လုပ်ငန်း အနီးရှိဘော်ဆိုင်းကျေးရွာနှင့် (၁၉)မိုင်ခန့်ကွာဝေးသော ဟဲဟိုးမြို့ မှ ဝယ်ယူ အသုံးပြုမည် ဖြစ်ပါသည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းတွင် လုပ်သား (၂၀) ဦး အသုံးပြုမည်ဖြစ်ပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းတွင် မီးစက် (အကြီး) (၁)လုံး၊ မီးစက် (အသေး) (၁)လုံး၊ Loader (၁)စီး၊ ရေမြှုတ်မော်တာ (၂)လုံးနှင့် ရေပိုက်ခေါင်း (၄၀)လုံး တို့ကို အသုံးပြုသွားမည်ဖြစ်ပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းလုပ်ကိုင်သည့် မြေနေရာအတွင်း လုံခြုံရေးဂိတ်တဲ (၁)လုံး၊ ဂိုဒေါင် (၁)လုံး၊ လူနေဆောင်(ရုံးခန်းနှင့် စားဖိုဆောင်) (၁)လုံး၊ ဧည့်သည်နားနေဆောင် (၁)လုံး၊ (အကန့် ၁၀ကန့် ပါဝင်သော) သတ္တုရေဆေးကန် (၂)လုံး၊ အနည်စစ်ကန် (၃)ကန်၊ နုံးစစ်ကန် (၂)ကန်၊ ရေလှောင်ကန် (၁)ကန်၊ မီးစက်အသေးထားရှိသည့် ဂိုဒေါင် (၁)လုံး၊ ရေမြုပ်မော်တာအဆောက်အဦး (၁)လုံး နှင့် အမှိုက်ကျင်း (၁)ကျင်း တို့ကို တည် ဆောက်သွားမည် ဖြစ်ပါသည်။

တစ်ရက်အလုပ်လုပ်ချိန်မှာ နံနက်(၈:၀၀)နာရီမှ နေ့လည်(၁၂:၀၀) နာရီအထိ တစ်ကြိမ် နေ့လည်(၁:၀၀) နာရီမှ ညနေ(၅:၀၀)နာရီ အထိတစ်ကြိမ် စုစုပေါင်း တစ်ရက် အလုပ်လုပ်ချိန် (၈)နာရီဖြင့် အလုပ်သမားဥပဒေပါအတိုင်း သတ်မှတ် ဆောင်ရွက်စေပါမည်။ တစ်ရက်လျှင် အဆိုင်းတစ်ဆိုင်းသာ အလုပ်လုပ်ပါမည်။ တစ်နှစ်လျှင်ရက်ပေါင်း (၃၀၀)ခန့် အလုပ်လုပ်ပါမည်။

ခဲသတ္တုရေဆေးကန်လုပ်ငန်းဆောင်ရွက်ရာတွင် (က) လုပ်ငန်းတည်ဆောက်ခြင်း အတွက် အပေါ်ယံမြေမျက်နှာပြင်ရှင်းလင်းခြင်း၊ နိမ့်မြင့်ပြကွန်တိုမြေပုံရေးဆွဲခြင်း၊ အဆောက်အဦး ဒီဇိုင်းများ ရေးဆွဲခြင်း၊ အနည်စစ်ကန်၊ နုံးစစ်ကန်၊ ရေလှောင်ကန် တူးဖော်ခြင်း၊ (ခ) လုပ်ငန်းလည်ပတ်ခြင်း နှင့် (ဂ) လုပ်ငန်းပိတ်သိမ်းခြင်းများ ဆောင်ရွက်ပါမည်။

ခဲသတ္တုပါဝင်သော ခဲနှင့်မြေစာရောရာကုန်ကြမ်းများအား အနီးပတ်ဝန်းကျင်ရှိ တရားဝင် လုပ်ကွက်များနှင့် ကုမ္ပဏီပိုင်လုပ်ကွက်မှ ရေဆေးကန်သို့ ကုမ္ပဏီပိုင်ယာဥ်၊ ထော်လာဂျီများဖြင့် သယ်ယူပါမည်။ ပထမဦးစွာ ခဲသတ္တုလုပ်ကွက်များမှ ရရှိလာသော ခဲနှင့်မြေစာရောရာ ကုန်ကြမ်းများအား (၁၂' × ၈' × ၂') ရှိ သတ္တုရေဆေးကန် အလုံး(၂၀)တွင် ရေများပတ်ဖြန်း၍ ကန်ထဲတွင် ရေအပြည့်ဖြည့်ပြီး ၃ နာရီခန့် ရေစိမ်ထားမည်ဖြစ်ပါသည်။ ၎င်းရေစိမ်ထားသော ခဲနှင့်မြေစာ ရောရာ ကုန်ကြမ်းများအား Φ ၂လက်မ ရှိ ရေပိုက်ခေါင်း (၄၀)ခု ဖြင့် ၁ နာရီခန့် ရေပန်းထိုးသန့်စင် မည်ဖြစ်ပါသည်။ ရေစုကန်မှ ရေများကို ရေမြုပ်မော်တာ (၂)လုံးဖြင့် စုပ်တင်ပြီး ရေပန်းထိုးသောနေရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။ တစ်ရက်လျှင် ခဲသတ္တုပါဝင်သော ခဲနှင့်မြေစာရောရာကုန်ကြမ်း (၂၅)တန်အား ရေဆေး သန့်စင်ပြီးနောက် ခဲသတ္တုမှုန့် (ကုန်ချော) (၅)တန် ထွက်ရှိပါသည်။ ၎င်းခဲသတ္တုမှုန့်များကို Loader ဖြင့် သယ်၍ ကုန်ချောသိုလှောင်ရုံ(ဂိုဒေါင်)တွင် သိုလှောင်သွားမည် ဖြစ်ပါသည်။ ခဲနှင့်မြေစာ ရောရာကို ရေပန်းများဖြင့် ထိုး၍ ဆေးကြောပြီး ရေဖြင့်မျှောပါမသွားသော

ခဲသားပါကျောက်မှုန့်များကို သိုလှောင်ရုံတွင် စုပုံထားပါမည်။ ရေဖြင့်မျှောပါသွားသော ခဲသတ္တုပါဝင်သောနှုံးများအား အနည်စစ်ကန်သို့ပို့ဆောင်၍ အနည်ထိုင်စေပါမည်။

အဆိုပြုလုပ်ငန်းများဆောင်ရွက်မှုများကြောင့် ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့) အမျိုးအစား/ ပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အမျိုးအစား | အရင်းအမြစ် | စွန့်ပစ်ပစ္စည်းများ၏ပမာဏ(၁) နှစ် |
|---|---|---|---|
| ၁ | အစိုင်အခဲ | ခဲသတ္တုပါဝင်သောနှုံး<br>လူတို့၏စွန့်ပစ်ပစ္စည်းများ | ၆၀၀၀ တန်<br>အနည်းငယ် |
| ၂ | အရည် | စက်ယန္တရားများမှထွက်ရှိနိုင်သည့်<br>စက်သုံးဆီနှင့် အင်ဂျင်ဝိုင်များ<br>ဝန်ထမ်းများ သုံးရေ၊ ချိုးရေ များ | <br>၄၀၀ ဂါလံ<br>၁၅၀၀၀၀ ဂါလံ |
| ၃ | အခိုးအငွေ့ | စက်ယန္တရားများ | ကုဗမီတာ ၃၀၀၀၀၀ |

**လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အခြေအနေ**

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန် EMP အစီရင်ခံစာအား တင်ပြခြင်းဖြစ်ပါသည်။ ခဲသတ္တုရေဆေးသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်သည့်ကာလတွင် ပတ်ဝန်းကျင်ထိခိုက်မှုများ ရှိလာပါက နှိုင်းယှဉ်၍ ပြန်လည်ကုစားနိုင်သည့် အခြေခံ Base Line Data များလိုအပ်ပါသဖြင့် လက်ရှိအခြေအနေ ကို တိုင်းတာမှတ်တမ်း တင်ထားခဲ့ပြီး ရေ၊ လေ၊ မြေ၊ ဆူညံသံတို့၏ လက်ရှိပတ်ဝန်းကျင် အခြေအနေများအား ဖော်ပြ ထားပါသည်။

လက်ရှိသဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အခြေအနေများကိုလေ့လာရာတွင် တည်ရှိနေပြီး ပြည်တွင်းပြည်ပလေ့လာတင်ပြချက်များကို ကိုးကား၍ လေ့လာခြင်း၊ လုပ်ငန်း တည်ရှိရာနေရာနှင့် လုပ်ငန်းနှင့်(၃)မိုင်ဝန်းကျင်ပတ်လည်သို့သွားရောက်၍ ကွင်းဆင်းလေ့လာခြင်း နှင့် လုပ်ငန်းအနီးဝန်းကျင်တွင်နေထိုင်သော ဒေသခံရွာသူ/သားများ၊ သက်ကြီးရွယ်အိုများ၏ ပြောကြားချက်များ၊ ရပ်ရွာအုပ်ချုပ်ရေးမှူး တို့၏ပြောကြားချက်များကို မိုငြမ်း၍ လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။

လုပ်ငန်းအနီးပတ်ဝန်းကျင်၏လုပ်ငန်းမစတင်မီ မူလအတိုင်းတည်ရှိနေသော ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာများကိုလည်း လေ့လာထားပါသည်။ သို့မှသာ လုပ်ငန်းဧရိယာ၏ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုနှင့် တစ်ခြားသော ရုပ်ပိုင်းဆိုင်ရာအရည်အသွေးများကို သိရှိနိုင်ပြီး ဖြစ်ပေါ်လာနိုင်ချေရှိသော ရာသီဥတုကပ်ဆိုးများ၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ကို ခန့်မှန်းတွက်ချက်နိုင်ပြီး ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

လုပ်ငန်းသည် ပင်လယ်ရေမျက်နှာပြင် အထက်ပေ(၄၀၀၀)ကျော်တွင် တည်ရှိပြီး မြေပြန့်ကုန်းငယ်များအဖြစ် တွေ့ရှိရပါသည်။ တောင်တန်းပေါ်များသောဒေသဖြစ်၍ လုပ်ကွက်အနီးစမ်းချောင်းများမတွေ့ရှိရဘဲ အနောက်ဘက်ပိုင်းတွင် ပင်းတယတောင်တန်းတည်ရှိပြီး ထုံးကျောက်ပေါ်များသည့် ဒေသဖြစ်သည့်အားလျော်စွာ ရေမြို့ပေါက် (Sink Hole)များ တွေ့ရှိရပါသည်။ ရေဆင်း

စနစ်အနေဖြင့် ခက်ဖြာပုံရေဆင်းစနစ် (Dendritic Drainage Pattern) နှင့် စုဆုံပုံ ရေဆင်းစနစ် (Centripetal Drainage Pattern) များကို တွေ့ရှိရပါသည်။

လုပ်ငန်းတည်ရှိရာနေရာသည် တစ်နှစ်လျှင် မိုးရေချိန်(၆၀)လက်မခန့် ရွာသွန်းပါသည်။ ပျမ်းမျှအပူချိန်မှာ ၇၅ဒီဂရီဖာရင်ဟိုက်ရှိ၍ နွေရာသီတွင် အမြင့်ဆုံးအပူချိန်မှာ ၉၀ဒီဂရီဖာရင်ဟိုက် ဝန်းကျင်ခန့်ရှိပြီး ဆောင်းရာသီ၏ အမြင့်ဆုံးအပူချိန်မှာ ၄၀ဒီဂရီဖာရင်ဟိုက် ဝန်းကျင်ခန့်ရှိပါသည်။ သဘာဝပေါက်ပင်အနေနှင့် ဝါးပင်၊ ပင်စိမ်းပင်၊ သစ်အယ်ပင်၊ ထင်းရှူးပင်များနှင့် ချုံနွယ်ပင်များ ပေါက်ရောက်ပါသည်။

အဆိုပြု လုပ်ငန်းတည်နေရာမြေသည် (ယာ)မြေ အမျိုးအစားဖြစ်ပါသည်။ ယာမြေအား အခြားနည်းသုံးစွဲခွင့်ရရှိရန် လျှောက်ထားပြီးဖြစ်ပါသည်။

ခဲသတ္တုရှာဖွေရေးဆေးကန်လုပ်ငန်း ဆောင်ရွက်မည့်ကာလတွင် ဂေဟစနစ်ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်သွားပါမည်။ လုပ်ငန်းဧရိယာအတွင်းနှင့် အနီးဝန်းကျင်တွင် ဇီဝ မျိုးစိတ်များအဖြစ် ငှက်မျိုးစိတ် (၃)မျိုး ခန့် တွေ့ရှိရပါသည်။ ၎င်းငှက်မျိုးစိတ် (၃)မျိုးမှာ ဂျီး၊ ငုံး နှင့်ခါ တို့တွေ့ရှိရပါသည်။ တွားသွားသတ္တဝါ (၃)မျိုးမှာ မြွေ၊ ကင်းလိပ်လျှော့နှင့် ဖွတ် တို့အား တွေ့ရှိ ရပါ သည်။ နို့တိုက်သတ္တဝါ (၃)မျိုးမှာ ယုန်၊ တောဝက်နှင့် တောကြောင်တို့ဖြစ်ပါသည်။ လုပ်ငန်းဧရိယာ အနီးတွင်ရေနေသတ္တဝါများအားမတွေ့ရှိရပါ။ ခဲသတ္တုရှာဖွေရေးဆေးသန့်စင်လုပ်ငန်းများကြောင့်ဇီဝမျိုးစိတ် များအား ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

လုပ်ငန်းဧရိယာနှင့် အနီးဝန်းကျင်ဒေသတွင် ဝါးပင်၊ ပင်စိမ်းပင်၊ သစ်အယ်ပင်၊ ထင်းရှူးပင်နှင့် ချုံနွယ်ပင်များပေါက်ရောက်ကြောင်း လေ့လာ တွေ့ရှိရပါ သည်။

အပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအားရယူခဲ့သည့် အရင်းအမြစ်မှာ ဒေသခံရွာသူ/ သား များ၊ သက်ကြီးရွယ်အိုများ၏ ပြောကြားချက်များ၊ ရပ်ရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်များနှင့် ကွင်းဆင်းစစ်ဆေးစဉ်တွေ့ရှိရသည်များကို အခြေခံ၍ ဖော်ပြထားခြင်း ဖြစ်ပါ သည်။

GPS Joint Venture ကုမ္ပဏီလီမိတက်မှ ခဲသတ္တုရှာဖွေရေးဆေးကန် လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသည့် လုပ်ငန်းတည်နေရာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလော မြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် တည်ရှိပါသည်။ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှ ဟဲဟိုးမြို့သို့ ကုန်းလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ရာသီမရွေး သွားလာနိုင်ပါသည်။ ဟဲဟိုးမြို့လမ်းခွဲမှ မြောက်ဘက် (၁၉)မိုင် ခန့်အကွာ၊ ဘော်ဆိုင်း ကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာသို့ ကတ္တရာခင်းလမ်းအတိုင်း ကား၊ ဆိုင်ကယ် တို့ဖြင့် ရာသီမရွေး သွားရောက် နိုင်ပါသည်။ ၎င်းမှတဆင့် (၁)မိုင်ခန့်ကွာဝေးသော လုပ်ကွက်သို့ ကတ္တရာခင်းလမ်းအတိုင်း ကား၊ ဆိုင်ကယ် တို့ဖြင့် ရာသီမရွေး သွားရောက် နိုင်ပါသည်။ ဒေသခံအများစုမှာ ဗမာနှင့် ဓနုလူမျိုးများ ဖြစ်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ လုပ်ငန်း၏ အနီးဆုံးကျေးရွာဖြစ်သော ရွာဟောင်း

ကျေးရွာတွင် အိမ်ခြေ (၁၇၂)အိမ်၊ အိမ်ထောင်စု (၁၇၂)အိမ်၊ ကျား(၃၆၅)ဦး၊ မ(၃၆၁)ဦး၊ စုစုပေါင်း လူဦးရေ (၇၂၆)ဦး နေထိုင်ကြောင်း လေ့လာသိရှိရပါ သည်။

ရွာဟောင်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်း (၁)ကျောင်း ရှိပါသည်။။ GPS Joint Venture ကုမ္ပဏီလီမိတက်မှလည်း ဒေသခံ ကျောင်းသူ /သားများအတွက် လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများအား နှစ်စဉ် လျှုဒါန်း ပေးသွားမည် ဖြစ်ပါသည်။

ဒေသခံပြည်သူများ၏ (၃၀%) မှာ စာရေးနိုင်/ဖတ်နိုင်သူများဖြစ်ကြပြီး အထက်တန်း ကျောင်းအောင်မြင်သူ (၂၀%)ခန့် ရှိပါသည်။ (၂၅%)ခန့်မှာ အခြေခံပညာ မူလတန်း ပြီးမြောက်သူ များဖြစ်ကြပါသည်။ ဘုန်းတော်ကြီးသင်ပညာရေးပြီးဆုံးသူ (၄%)နှင့် အထက် ရှိပြီး (၅%)သာ အခြေခံပညာအလယ်တန်းအဆင့်သို့ ရောက်ရှိကြပါသည်။ ခေတ်ပညာတတ် (၁၅%)သာ ရှိပါသည်။ ကျန်% သည် ကလေးများနှင့်စာမတတ်သူများ ဖြစ်ပါသည်။ အများစုမှာ ယာ၊ ခြံစိုက်ပျိုးရေး လုပ်ကိုင် ကြပြီး အချို့မှာ တနိုင်တပိုင် ရောင်းဝယ်ရေး၊ တနိုင်တပိုင် ခဲသတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်သူ များ၊ ကုန်စုံဆိုင်ရောင်းသူများ၊ ကျပန်း လုပ်ကိုင် သူ များနှင့် ကုမ္ပဏီ ဝန်ထမ်းများ ဖြစ်ကြပါသည်။ အဓိကဝင်ငွေမှာ ယာ၊ ခြံစိုက်ပျိုးခြင်းနှင့် ခဲသတ္တု တူးဖော်ရေးလုပ်ငန်းမှရရှိပါသည်။ အိမ်ထောင်စု တစ်စုလျှင် တစ်နှစ်ပျှမ်းမျှဝင်ငွေ (၂၀)သိန်းမှ သိန်း(၃၀) ထိရှိပါသည်။ စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှုမှာ ယာ၊ ခြံမြေများနှင့် တနိုင်တပိုင် ခဲသတ္တုတူးဖော်ရေးတို့ ဖြစ်ပါသည်။

ရွာဟောင်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်း(၁)ခန်း ရှိပါသည်။ ထို့ပြင် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုးရန်အတွက် ဘော်ဆိုင်းတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသ ထိုးနှံကျပါသည်။ အဖြစ်များ သောရောဂါများမှာ ငှက်ဖျား၊ ရာသီတုပ်ကွေးနှင့် နှာစေး၊ချောင်းဆိုး တို့ ဖြစ်ပါသည်။ လူဦးရေတိုးနှုန်းမှာ တစ်နှစ်လျှင်(၁၀%)ဖြစ်ပြီး သေဆုံးနှုန်းမှာတစ်နှစ်လျှင် (၂ %) ဖြစ်ပါသည်။ သောက်သုံးရေအတွက် ကမ္ဘောဇဘဏ်မှလှူဒါန်းထားသည့် အဝီစိတွင်းရေနှင့် မိုးရေကို အဓိကထားအသုံးပြုကြပါသည်။ ဒေသခံများအား လုပ်ငန်းခွင်၌ ဦးစားပေး အလုပ်ခန့် ထားပေးသွား မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက်လည်း ကုမ္ပဏီမှ ပံ့ပိုးပေးသွား မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခဲသတ္တုရေဆေးကန်လုပ်ငန်းသည် ရွာဟောင်းကျေးရွာ ဒေသခံများ၏ ကျန်းမာရေးအား ထိခိုက်နိုင်ခြင်းမရှိဘဲ ကျေးရွာအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ စေပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးကိစ္စအဝဝ အား တိုးတက် ကောင်းမွန် လာစေရန် အထောက်အကူပြု ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်း အကောင်အထည် ဖော်ခြင်းနှင့် ပတ်သက်၍ ကျေးရွာဒေသခံများ၊ ရပ်မိရပ်ဖများနှင့် ဘုန်းတော်ကြီး များ မှ သဘောတူ လက်ခံကြောင်း လေ့လာသုံးသပ်မိပါသည်။ လုပ်ကွက်ဧရိယာအတွင်း ရှေးဟောင်း အမွေအနှစ်များ၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် ဆိုင်ရာ အဆောက်အဦးများမရှိပါ။

ရွာဟောင်းကျေးရွာ၏ လူမှုဝန်းကျင်အခြေအနေအား ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်များမှလည်းကောင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး၍လည်းကောင်း၊ လုပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးစဉ် တွေ့မြင်ရသည်များကို မှတ်တမ်းထားရှိပြီး တင်ပြခြင်း ဖြစ်ပါသည်။

**ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများနှင့်လျော့နည်းစေရန်ဆောင်ရွက်မည့်လုပ်ငန်းများ**

GPS Joint Venture ကုမ္ပဏီလီမိတက်အနေဖြင့် လုပ်ငန်းဧရိယာ (၁၀.၈၆)ဧက အတွင်း ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်နေသည်မှာ ဆူညံသံနှင့် တုန်ခါမှု၊ မြေပေါ်/အောက်ရေ အရည်အသွေး၊ လေအရည်အသွေး၊ စွန့်ပစ်ပစ္စည်း၊ မြေထု၊ ဂေဟစနစ် နှင့် လူမှု ပတ်ဝန်းကျင်ထိခိုက်မှုစသည့် Impact များ အနည်းနှင့် အများ ဖြစ်ပေါ်လာနိုင်ပါသည်။

ခဲသတ္တုရေဆေးကန်တည်ဆောက်ရေးကာလတွင် ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်ရန် ရေပန်းထိုးစက်ပစ္စည်းများ ထားရှိမည့်နေရာ၊ အဆောက်အဦးဆောက်လုပ်သည့်နေရာ၊ ခဲသတ္တုကုန်ကြမ်း နှင့် ကုန်ချောထားရှိသည့်နေရာနှင့် အနည်စစ်ကန်၊ နုံးစစ်ကန်၊ ရေလှောင်ကန် တူးဖော်ခြင်း လုပ်ငန်းများအတွက် အပေါ်ယံမြေမျက်နှာပြင် ရှင်းလင်းခြင်းများလုပ်ဆောင်ရမည်ဖြစ်သောကြောင့် မြေထုအရည်အသွေးထိခိုက်မှု အနည်းငယ်ရှိနိုင်ပါသည်။

ခဲသတ္တုရေဆေးသန့်စင်ခြင်းလုပ်ငန်းလည်ပတ်သည့်ကာလတွင်လည်း မီးစက်၊ လုပ်ငန်းသုံးစက်ယန္တရားများ နှင့် မော်တော်ယာဉ် မောင်းနှင်ခြင်းကြောင့် အင်ဂျင်စက်သံ အနည်းငယ် ထွက်ရှိနိုင်ပြီး လေထု၊ ဆူညံသံအရည်အသွေးအနည်းငယ်ထိခိုက်နိုင်ပါသည်။ ခဲသတ္တုရေဆေး သန့်စင်ခြင်းလုပ်ငန်းကြောင့် ထွက်ရှိလာသော ခဲသတ္တုပါဝင်သောနုံးနှင့် ရေများ၊ စားဖိုဆောင်နှင့် ဝန်ထမ်းများသုံးရေ၊ ချိုးရေများမှ ထွက်ရှိသောရေဆိုးများကြောင့် မြေပေါ်ရေနှင့် မြေအောက်ရေ အရည်အသွေး ထိခိုက်မှု အနည်းငယ်ရှိပါသည်။ လမ်းများ ဖောက်လုပ်ခြင်း၊ ရေဆေးကန်၊ အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ အလုပ်သမားများကြောင့် တောတောင်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် လူမှုပတ်ဝန်းကျင် အပေါ်ထိခိုက်မှုအနည်းငယ်ရှိနိုင်ပါသည်။

စီမံကိန်းလုပ်ဆောင်ရာတွင် ဖြစ်နိုင်ချေလာနိုင်ချေရှိသော ဘေးအန္တရာယ်နှင့် ထိခိုက်မှုများကို ဆန်းစစ်ခြင်းမှာ အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် စီမံကိန်းမှ ထွက်ရှိလာသော ညစ်ညမ်းစေသောပစ္စည်းများ၊ ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများ ကို အမျိုးအစားခွဲခြားသတ်မှတ်ခြင်း၊ လေ့လာဆန်းစစ်ခြင်းများပြုလုပ်၍ ပတ်ဝန်းကျင်နှင့် လူမှုစီးပွား အပေါ်တွင် သက်ရောက်မှုများကို လေ့လာခဲ့ပါသည်။

ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ်တွင် ဖြစ်ပေါ်လာနိုင်သော သိသာထင်ရှားသည့် သက်ရောက်မှုများကို လုပ်ငန်းအတွေ့အကြုံများ၊ ပတ်ဝန်းကျင်ပျက်စီးခြင်း၊ ထိန်းသိမ်းခြင်းများနှင့် သက်ဆိုင်သည့် ဗဟုသုတများကိုအခြေခံ၍ လေ့လာဆန်းစစ်ခဲ့ပါသည်။ လက်ရှိတည်ရှိနေသော ပတ်ဝန်းကျင်အခြေအနေများကိုသိရှိနိုင်ရန် စီမံကိန်းလုပ်ငန်းသို့ ကွင်းဆင်းလေ့လာစစ်ဆေးခြင်း၊ စီမံကိန်းလုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးအပေါ်တွင် သက်ရောက်လာနိုင်မှုများကို လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့လေ့လာမှုများကို မျက်စိ

အမြင်ဖြင့် ကွင်းဆင်းလေ့လာဆန်းစစ်ခြင်း၊ လက်တွေ့ခန်းများမှ ရရှိလာသော ဓါတ်ခွဲအဖြေ များကို အသုံးပြု၍ ဆန်းစစ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို လေ့လာသုံးသပ်ရာတွင် ရုပ်ပိုင်းဆိုင်ရာပေါ်တွင် သက်ရောက်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ်တွင် သက်ရောက်မှုများ၊ လူမှုစီးပွားအပေါ် သက်ရောက်မှုများ၊ ဒေသခံများ၏ ယဉ်ကျေးမှုနှင့် မြင်သာသော ထိခိုက်မှုများကို အခြေခံထားပါသည်။

လေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်ရာတွင် လုပ်ငန်းခွင် အတွင်း မောင်းနှင်နေသော စက်ယန္တရားများနှင့် လုပ်ငန်းခွင် အတွင် ဝင်ထွက်မောင်းနှင်နေသော မော်တော်ယာဥ်များကြောင့် မီးခိုးနှင့် ဖုန်မှုန့်များ ထွက်ရှိခြင်းကို လျှော့ချရန်အတွက် အရည်အသွေး မြင့်သော လောင်စာဆီများ သုံးစွဲခြင်း၊ ဆာလဖာထွက်ရှိမှု မရှိစေရန် ဆာလဖာပါဝင်မှုနည်းသော လောင်စာဆီများကို ရွေးချယ် သုံးစွဲခြင်း၊ ဆီစား သက်သာစေရန်နှင့် အသုံးပြုသည့် စက်ပစ္စည်းများ အခိုးအငွေ့ထွက်ရှိမှု နည်းပါးစေရန်အတွက် စက်ယန္တရားများ၊ မော်တော်ယာဥ်များ၏ စက်ပိုင်း ဆိုင်ရာကြံ့ခိုင်မှုကို မကြာခဏ စစ်ဆေးပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။ ထို့အပြင် ဖုန်မှုန့်များ ပျံ့လွင့်မှုကိုထိန်းသိမ်းရန် လိုအပ်သောနေရာများတွင် ရေဖြန်းခြင်း၊ မော်တော်ယာဥ်အား အရှိန်လျော့ မောင်းနှင်ခြင်း၊ ခဲသတ္တုပါဝင်သောနှုံးမြေများကို မိုးကာဖြင့် အုပ်၍ သယ်ယူခြင်း တို့ဖြင့် ထိန်းသိမ်း ဆောင်ရွက်နိုင်ပါသည်။ ဝန်ထမ်းများအပေါ် ထိခိုက်မှုကို ရှောင်ရှားနိုင်ရန် အတွက် ဖုန်မှုန့်များ၊ အခိုး အငွေ့များ၊ အမှုန်အမွှားများနှင့် တိုက်ရိုက်ထိတွေ့ လုပ်ဆောင်နေ ချိန်များတွင် နှာခေါင်းစည်းများ ပေးထားပါမည်။

မြေထုညစ်ညမ်းမှု လျော့နည်းစေရန်ဆောင်ရွက်ရာတွင် သဘာဝအတိုင်းသစ်ပင်ပေါက် ရောက်မှုကို အဟန့်အတား ဖြစ်စေပြီး မြေဆီလွှာကိုထိခိုက်စေနိုင်သော လောင်စာဆီ များ၊ ချောဆီများ ဖိတ်စင်ခြင်းမရှိစေရန် အထူးသတိထားဆောင်ရွက်ရမည်။ စက်ယန္တရားများ၊ မော်တော်ယာဥ်မှ လောင်စာဆီဖိတ်ယိုခြင်းများ မရှိစေရန် တာဝန်ရှိသူများမှ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးကို အမြဲစစ်ဆေးကြည့်ရှုရပါမည်။ အများ အပြား ဖိတ်စင်မှုများ ဖြစ်လာပါက ရေဖြင့်ဆေးကြောခြင်းများမပြုလုပ်ဘဲ ဆီများကိုစုပ်ယူနိုင်သည့် လွှစာမှုန့်များ ကဲ့သို့သော ဆီများကိုစုပ်ယူနိုင်သည့်ပစ္စည်းများကို အသုံးပြု၍ ရှင်းလင်းသွားပါမည်။ ထို့အပြင် ဝန်ထမ်းများ၏ စည်းစနစ်မကျစွာ အမှိုက်စွန့်ပစ်မှုများနှင့်ဝန်ထမ်းများ၏ သတိ လက်လွတ် ပြုမူမှုများကြောင့် လောင်စာဆီများ ဖိတ်ကျခြင်းများကြောင့် မြေထု ညစ်ညမ်းခြင်းများ မဖြစ်စေရန် အတွက် ဝန်ထမ်းများကို ပညာပေးအစီအစဉ်များ၊ သင်တန်း ပေးအစီအစဉ်များ လုပ်ဆောင်ပေး ရမည်။ ခဲသတ္တုပါဝင်သောနှုံးများ ကို သတ်မှတ်ထားသော စုပုံကွင်းတွင် ရေမစိမ့်ဝင်နိုင်သော HDPEမိုးကာနှင့် ရွှံ့စေးမြေတို့ဖြင့် အောက်ခံ၍ စနစ်တကျ စုပုံသွားမည်ဖြစ်ပြီး ဒေသခံများ၏လယ်ယာမြေများ အတွင်းသို့ ကျရောက် မှုမရှိစေရန် အထူးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်ရာတွင်ခဲသတ္တုရေဆေးခြင်းလုပ်ငန်းမှ ထွက်ရှိလာသောရေများကိုလည်း အနည်စစ်ကန်အဆင့်ဆင့်အား ဖြတ်သန်းစေပြီး နောက်ဆုံးရေလှောင်ကန်မှ ရေအား ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြု သွားမည်ဖြစ်သဖြင့် ရေဆိုးစွန့်ပစ်မှုနှင့် ရေဆုံးရှုံးမှုအား ကာကွယ်သွားမည် ဖြစ်ပါသည်။ ရေဆေး ကန်မှထွက်ရှိလာသောရေများကို ပြင်ပသို့ စီးထွက်မသွားစေရန် ရေကန်များ၏ အောက်ခြေတွင် ရွှံ့စေများ၊ HDPE Liner များ ခင်းသွားပါမည်။

စားဖိုဆောင် နှင့် ဝန်ထမ်းများ သုံးရေ၊ ချိုးရေများမှ ထွက်ရှိသောရေများကို ရေဆိုးစွန့်ပစ်ကျင်းများအတွင်းသို့ မြောင်းများသွယ်၍ ပို့ဆောင်ပြီး စနစ်တကျ စွန့်ပစ်သွားမည် ဖြစ်ပါသည်။ ရေစိုးစွန့်ပစ်ကျင်းအတွင်းမှ ရေများအား အနည်ထိုင်စေပြီး ရေကြည်များကို စိုက်ခင်းရေလောင်းခြင်း၊ ပျိုးပင်ရေလောင်းခြင်းတွင် ပြန်လည်အသုံးပြုနိုင်ပါသည်။

ဆူညံသံနှင့် တုန်ခါမှုများ လျော့နည်းစေရန် ဆောင်ရွက်ရာတွင် စက်ယန္တရားအချို့မှ ဆူညံသံများ အနည်းငယ် ဖြစ်ပေါ်နိုင် သော်လည်း စက်များမှ ထွက်ရှိသည့်အသံကို စုပ်ယူထားနိုင်သည့် အသံလုံ စနစ်ဆိုင်လင်ဇာ ဖြင့် အိပ်ဇောပိုက်များတွင် တပ်ဆင်ထားမည်ဖြစ်သောကြောင့် ဆူညံသံကို ကာကွယ် ထိန်းသိမ်းနိုင်ပါသည်။

အသံထိန်းချုပ်မှုအတွက် အသံလုံစနစ်များတပ်ဆင်ထားနိုင်ပြီး၊ အင်ဂျင်လေတိုင်ကီ အဝင်နှင့် Exhaust အထွက်များတွင်လည်း အသံလုံစနစ်များ တပ်ဆင်ထားပါမည်။ ခဲသတ္တုရေဆေးကန်လုပ်ငန်း လည်ပတ်သည့်အခါ လုပ်ငန်းခွင်၌ဝန်ထမ်းများအတွက် နားကြပ်ကိရိယာများတပ်ဆင်လုပ်ကိုင်စေခြင်းဖြင့် အသံဆူညံမှုကို ကာကွယ်သွားနိုင်မည် ဖြစ်ပါသည်။

စီမံကိန်းကြောင့် ဇီဝအရင်းအမြစ်အပေါ် ထိခိုက်မှုနည်းစေရန်အတွက် သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများကို ရှောင်ရမည်။ စီမံကိန်းအတွင်းမော်တော်ယာဥ်များဝင်ထွက်သွားလာမှုကို ဖောက်လုပ်ထားသော လမ်းများ အပေါ် တွင်သာ သွားလာစေခြင်းဖြင့် လမ်းဧရိယာပြင်ပရှိ သစ်ပင်ကြီးငယ်များအပေါ် သက်ရောက်မှု လျှော့ချနိုင်ရုံသာမက တောရိုင်းသတ္တဝါများကို ထိခိုက်မှုမဖြစ်စေရန်လည်း ကာကွယ်နိုင်ပါသည်။ လုပ်ငန်း ဧရိယာအတွက် မြေပြင်ရှင်းလင်းမှုများပြုလုပ်ရာတွင် လိုအပ်သလောက် ဧရိယာအတွင်းရှိ သစ်ပင်များကိုသာ ရှင်းလင်းရမည်။ မလိုအပ်ဘဲ သစ်ပင်၊ သစ်တောများ ရှင်းလင်းခြင်း မပြုလုပ် သင့်ပါ။ ဝန်ထမ်းများနှင့် ဒေသခံ များ ထင်းနှင့်လောင်စာ လိုအပ်ချက်အတွက် သစ်ခုတ်ခြင်းများ မပြုလုပ်စေရန် တားမြစ်ရမည်။ ထို့အပြင် ဝန်ထမ်းနှင့်ဒေသခံများ တတ်နိုင်သမျှ ထင်းအသုံးပြုမှု လျှော့ချရန်နှင့် ထင်းအစားထိုးလောင်စာများ သုံးစွဲရန် ပညာပေးအစီအစဉ်များလည်း ပြုလုပ်ပေး ရမည်။ ဝန်ထမ်းများ၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ သဘာဝအတိုင်းကြောင့်ဖြစ်စေ တောမီးလောင်ခြင်း များ မဖြစ်စေရန် အတွက် ဝန်ထမ်းများ ဆေးလိပ်အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းနှင့် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သော အပြုအမူများကို သတိလက်လွတ် လုပ်ဆောင်ခြင်း မရှိစေရန် တင်းကြပ်ရမည်။ လိုအပ်ပါက

သစ်ပင်များကို ပြန်လည်စိုက်ပျိုးခြင်းများကိုလည်း လုပ်ဆောင်ရမည်။ အပင်များပေါက် ရောက်ရှင်သန်မှုနှင့် မြေဆီလွှာ ဖွံ့ဖြိုးမှုကို အနှောက်အယှက်ဖြစ်စေနိုင်သော လောင်စာဆီများ နှင့် ချောဆီများ မြေပြင်ပေါ်သို့ မတော်တဆဖိတ်စင်မှု လျှော့နည်းစေရန်နှင့် မတော်တဆဖိတ်စင်မှုများ ဖြစ်လာပါကလည်း ချက်ချင်းရှင်းလင်းသွားပါမည်။

လူထုပတ်ဝန်းကျင် ဆိုးကျိုးသက်ရောက်မှုများကို လျှော့နည်းစေရန် ဆောင်ရွက်ရာတွင် လုပ်ကွက်ဧရိယာအတွင်း ဝင်ထွက်သွားလာနေသော ယာဉ်ကြီး၊ ယာဉ်ငယ်များ ကြောင့် ဒေသခံများ ယာဉ်အန္တရာယ် ဖြစ်နိုင်ချေမှာ ယခင်စီမံကိန်း မစတင်ခင် ကာလထက် မြင့်တက် လာပါသည်။ ၎င်းမြင့်တက်လာမှုကို လျှော့ချရန်အတွက် ယာဉ်မောင်းများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေများကို လိုက်နာစေခြင်း၊ လူများသွားလာနေသော နေရာများတွင် အရှိန်ထိန်း၍ မောင်းနှင် စေခြင်းများ ပြုလုပ်မည်။ ယခင်တည်ရှိနေသော ရှိရင်းစွဲလမ်းများ ထိခိုက်မှုနည်းစေ ရန်အတွက် လမ်းများပေါ်တွင်အရှိန်ထိန်း၍ မောင်းနှင်ခြင်းများ ပြုလုပ်မည်။ ညအချိန်ယာဉ်ကြီးများ သွားလာ ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်မည်။ သွားလာမည်ဆိုပါကလည်း ရှေ့မီး၊ နောက်မီးများ ကောင်း/ မကောင်း စစ်ဆေးခြင်းများပြုလုပ်ပြီး ရှေ့မီး၊ နောက်မီး ပြည့်စုံ မှသာ သွားလာခြင်းများ ပြုလုပ်ပါမည်။

ခဲသတ္တုရေဆေးကန်လုပ်ငန်းမှ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိလာပါက ၎င်းပစ္စည်းများကို ကျင်းများအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါမည်။ ၎င်း ကျင်းများ ၏ အောက်ခံမြေအား ရေမစိမ့်ဝင်နိုင်သော HDPEမိုးကာနှင့် ရွှံ့စေးမြေများဖြင့် ပြုလုပ်ပြီး ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ထုတ်ပိုး၍ ကျင်းများသို့ စွန့်ပစ်ပါမည်။ ထို့နောက် စွန့်ပစ်ကျင်းများကို ရေမစိမ့်ဝင်နိုင်သော ရွှံ့စေးမြေများဖြင့် ပြန်လည်ဖုံးအုပ်သွားပါမည်။ ၎င်းအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စွန့်ပစ်မည့် စွန့်ပစ်ကျင်းများကိုလည်း နေရာစနစ်တကျ သတ်မှတ်ကာ အမှတ်အသားပြုလုပ်ထား ပါမည်။

ဘေးအန္တ ရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုကို လျှော့ချရန်အတွက် ဝန်ထမ်းများ သည် မလိုအပ်ဘဲ စွန့်ပစ်ပစ္စည်းများ ထွက်ရှိမည့်အရာများကို တတ်နိုင်သမျှ လျှော့သုံးခြင်းများ ပြုလုပ် ပါမည်။ ဥပမာအနေဖြင့် အစားအစာ ထည့်သည့် ဖော့ဘူးများမထွက်ရှိစေရန် အစားများကို ချိုင့်များ၊ ပန်းကန်များကိုသာအသုံးပြုခြင်း၊ တစ်ခါသုံးပစ္စည်းများကို တတ်နိုင်သမျှ လျှော့သုံးခြင်း၊ ပလတ်စတစ် ပစ္စည်းထွက်ရှိမှုကို လျှော့ချရန် အတွက် ပလတ်စတစ် အိတ်များအစား ပြန်လည်အသုံးပြုနိုင်သော အိတ်များကို သုံးစွဲခြင်းများ ပြုလုပ်မည်။

**ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်အတွင်းရှိ အစိုးရဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးမှုများတွင် ဒေသခံပြည်သူလူထု၏ နစ်နာချက်များ၊ စိုးရိမ်ပူပန်မှု

များ တောင်းဆိုချက်များအား ညှိနှိုင်းဖြေရှင်းပေးခြင်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်အနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းမန်နေဂျာမှ လစဉ်အစည်းအဝေးများ တက်ရောက်၍ မိမိလုပ်ငန်းတည်ရှိရာ နယ်မြေဒေသ အခြေအနေ များအား ညှိနှိုင်းဆောင်ရွက်ပေး သွားမည်ဖြစ်ပါသည်။ လုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူလူထုမှ မကျေမနပ်မှုများ၊ မရှင်းလင်းမှု များရှိပါက GPS Joint Venture Co.Ltd ဘော်ဆိုင်းကျေးရွာအုပ်စု၊ ကလောမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်၊ ဖုန်းနံပါတ် ၀၉-၄၂၁၇၁၆၃၁၃, ၀၉-၂၅၉၉၃၈၈၈၃ သို့လည်းကောင်း၊ ကုမ္ပဏီမန်နေဂျာ ဒေါ်စန်းစန်းရီ သို့လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

GPS Joint Venture ကုမ္ပဏီလီမိတက်အနေဖြင့် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက် မည့် အစီအစဉ်များနှင့် အခြေအနေများအား ဒေသခံပြည်သူလူထု၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများနှင့် လျော့ချမည့် နည်းလမ်း များအား ရှင်းလင်းဆွေးနွေးခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(၁၀-၇-၂၀၂၀)ရက်နေ့ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာ ကုမ္ပဏီရုံးခန်းတွင် ကျင်းပခဲ့ပြီး ကျေးရွာမှ ရပ်မိရပ်ဖများ၊ ဒေသခံ ကျေးရွာသား(၁၅)ဦးခန့် တက်ရောက်ပြီး ကုမ္ပဏီဘက်မှ ကုမ္ပဏီမန်နေဂျာ ဒေါ်စန်းစန်းရီနှင့် တာဝန်ရှိသူ ဝန်ထမ်း(၃)ဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ တက်ရောက်သော တွေ့ဆုံ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံပွဲတွင် ကုမ္ပဏီမန်နေဂျာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တို့မှ GPS Joint Venture ကုမ္ပဏီလီမိတတ်မှ ဆောင်ရွက်မည့် ခဲသတ္တုရေဆေးကန်လုပ်ငန်းအတွက် သက်ဆိုင်ရာ အစိုးရဌာန များသို့ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခဲသတ္တုရေဆေးကန် လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ကုမ္ပဏီအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေ မည့်စနစ်ကို အသုံးပြုဆောင်ရွက်မည်ဖြစ်သောကြောင့် မြေပေါ်/မြေအောက်ရေအရည်အသွေး၊ မြေ အရည်အသွေး၊ လေအရည်အသွေး၊ ဆူညံသံ၊ တုန်ခါမှု စသည့် သက်ရောက်မှုများ နည်းပါးအောင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ သို့ရာတွင် လုပ်ငန်းများ၏ ထုံးစံအရ အနည်းအကျဉ်း သက်ရောက်မှု များ ရှိလာလျှင်လည်း လျော့ချစေမည့် အစီအမံများ စီစဉ်ထားရှိမည် ဖြစ်ကြောင်း၊ ကုမ္ပဏီမှ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေး ပြောကြားခဲ့ပါသည်။

အစည်းအဝေးတက်ရောက်လာသည့် ဒေသခံများမှ မိမိတို့ဒေသတွင် GPS Joint Venture ကုမ္ပဏီလီမိတက်မှ ခဲသတ္တုရေဆေးကန် လုပ်ငန်း ဆောင်ရွက်မည်ဟု သိရှိရပါကြောင်း၊ ကုမ္ပဏီ၏ လုပ်ငန်းဧရိယာနှင့် ကျေးရွာမှာမိုင်ဝက်ခန့်သာကွာဝေးသောကြောင့် လူမှုဝန်းကျင်နှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့ကျေးရွာအတွက် လိုအပ်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဟု သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ လုပ်ငန်းများ

ဆောင်ရွက်ရာတွင် လိုအပ်မည့်လုပ်သားများအတွက် မိမိတို့ဒေသခံများအား ဦးစားပေး ခန့်အပ်စေလိုကြောင်း၊ ခဲသတ္တုရေဆေးသန့်စင်ခြင်းလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန် မရှိပါကြောင်း စသည်ဖြင့် ဆွေးနွေးပါသည်။

ကုမ္ပဏီမန်နေဂျာ ဒေါ်စန်းစန်းရီမှ ဒေသခံများ၏ ဆွေးနွေးမှုများနှင့် ပတ်သက်၍ မိမိတို့ကုမ္ပဏီမှ လူမှုဝန်းကျင်နှင့်ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရေး ဆောင်ရွက်မည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲထားရှိမှုအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြသွားမည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီမှ ခဲသတ္တုရေဆေးကန်လုပ်ငန်းဆောင်ရွက်မည့် ကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီမှ လိုအပ်မည့် လုပ်သားများအတွက် ဒေသခံများအား ပညာအရည်အချင်း အလိုက် ခန့်အပ်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သီးသန့်ရန်ပုံငွေများ ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးမေးမြန်းမှုများအား ရှင်းလင်း ဖြေကြားခဲ့ပါသည်။

ဒေသခံများ၏တောင်းဆိုမှုအား GPS Joint Venture ကုမ္ပဏီလီမိတက် မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် သဘောတူညီမှုရရှိခဲ့ပြီး သဘောထားစစ်တမ်းများ အား ဖြည့်စွက် ပေးခဲ့ကြပါသည်။ သဘောထားစစ်တမ်းများအရ (၉၁.၂၉ %)မှ သဘောတူညီမှု ရရှိခဲ့ပြီး (၈.၇၁ %) ခန့်မှ ကန့်ကွက်မှု ပြုလုပ်ခဲ့ပါသည်။

ခဲသတ္တုရေဆေးကန်လုပ်ငန်း လည်ပတ်သည့်ကာလအတွင်း ဒေသခံပြည်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးအကြံပြုခြင်း၊ လိုအပ်ချက်များတိုင်ပင်ဆွေးနွေးခြင်း နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်ဆွေးနွေး လုပ်ဆောင်သွားပါမည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား ဒေသခံရွာသူ/ရွာသားများအား သိရှိနားလည်ရန် လုပ်ငန်းသို့ ဖိတ်ခေါ်ပြသ ရှင်းလင်းခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရန် လုပ်ငန်းမှ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားအသိပေးခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အခါအားလျော်စွာ နယ်သတင်းထောက် နှင့်မီဒီယာများအား တာဝန်ယူဖိတ်ခေါ်၍ သတင်းအချက်အလက်များပေးကာ ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းနှင့် ဆက်စပ်သော လှုပ်ရှား ဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှု စစ်ဆေးသွားပါမည်။

လုပ်ငန်းနှင့်ပက်သက်၍ ဒေသခံပြည်သူများမှမကျေနပ်မှုများ၊ မရှင်းလင်းမှုများရှိပါက GPS Joint Venture Co.Ltd ဘော်ဆိုင်းကျေးရွာအုပ်စု၊ ကလောမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်၊ ဖုန်းနံပါတ် ၀၉-၄၂၁၇၁၆၃၁၃, ၀၉-၂၅၉၉၃၈၈၈၃ သို့လည်းကောင်း၊ ကုမ္ပဏီမန်နေဂျာ ဒေါ်စန်းစန်းရီသို့သော်လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ဆက်သွယ်မေးမြန်း တိုင်ကြားနိုင်ပါသည်။ နစ်နာမှုတိုင်ကြားစာများကို ဒေသခံပြည်သူများ၏ လူမှုစီးပွားဆိုင်ရာဖွံ့ဖြိုးရေး လုပ်ငန်း

အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းမှ တာဝန်ယူ၍နစ်နာသူထံသို့ တစ်ပတ်အတွင်း သွားရောက်၍ဖြေရှင်းပေးသွားပါမည်။

ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် လိုအပ်သည့်ဆေးဝါးများ လှူဒါန်းပေးခြင်းများ ဆောင်ရွက်သွားပါမည်။ ဒေသခံများ၏ ရင်သွေးများ ပညာသင်ကြား တတ်မြောက် နိုင်ရန်အတွက် စာရေးကိရိယာများ လှူဒါန်းပေးခြင်း၊ ပညာသင်ကြေး ထောက်ပံ့ပေးခြင်း၊ စသည်တို့ကိုငွေအား၊ လူအား ဖြင့် ပါဝင် ကူညီ ဆောင်ရွက်ပေးသွားပါမည်။

ဒေသခံပြည်သူများ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရေးအတွက်လုပ်ငန်း အတွင်းရှိ သင့်လျော်သော ဝန်ထမ်းနေရာများတွင် ဒေသခံများ ခန့်ထားနိုင်ရေး ဆောင်ရွက်ပေးသွား ပါမည်။

ဘာသာရေး၊ သာသနာရေး လုပ်ငန်းများအတွက်လည်း ဒေသခံ ပြည်သူများ၏ အသိပညာ နှင့် ဘာသာရေးအဆုံးအမများခံယူနိုင်ရန် ဘာသာရေးကျောင်းဆောင်များ ဆောက်လုပ်ရာတွင် လည်း တက်အားသရွေ့ထည့်ဝင်လှူဒါန်း ပေးသွားပါမည်။

ခဲသတ္တုရေဆေးကန်လုပ်ငန်းနှင့် အနီးဆုံးကျေးရွာဖြစ်သော ရွာဟောင်းကျေးရွာရှိ လမ်းများ အား အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ဆောင်ရွက်ပေးသွား ပါမည်။ ဒေသခံ ပြည်သူများ၏ ကျန်းမာရေးအတွက် ကျေးလက် ဆေးပေးခန်းများတွင် လိုအပ်သည့်ဆေးဝါးများ လှူဒါန်းပေးခြင်းများ ဆောင်ရွက်သွားပါမည်။ ဒေသခံများ၏ ရင်သွေးများ ပညာသင်ကြား တတ်မြောက်နိုင်ရန်အတွက် မူလတန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် စာရေးကိရိယာများ လှူဒါန်းပေးခြင်း၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေးအတွက် အခြားကုမ္ပဏီများနှင့် ပူးပေါင်း၍ ငွေအား လူအားဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးသွားပါမည်။ ဒေသခံပြည်သူများ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရေးအတွက်စီမံကိန်း လုပ်ငန်းအတွင်းရှိ သင့်လျော်သော ကုမ္ပဏီဝန်ထမ်းနေရာ များတွင် ဒေသခံများခန့်ထားနိုင်ရေး ဆောင်ရွက်ပေး သွားပါမည်။ ဘာသာရေး၊ သာသနာရေး လုပ်ငန်းများအတွက်လည်း ဒေသခံပြည်သူများ၏ အသိပညာနှင့် ဘာသာရေးအဆုံးအမများ ခံယူနိုင်ရန် ဘုန်းကြီးကျောင်းဆောင်သစ်များ၊ သိမ်ကျောင်းများနှင့် ဘုရားတည်ခြင်းများတွင်လည်း တက်အားသရွေ့ထည့်ဝင်လှူဒါန်း ပေးသွားပါမည်။

ဒေသခံရွာသူ/သားများ၏ လက်ရှိ(သို့မဟုတ်) ခဲသတ္တုရေဆေးကန်လုပ်ငန်းမလည်ပတ်မီ ကာလ ထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ထိခိုက်မှုများရှိပါက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည် နေရာချထားရေးအစီအစဉ်များကို ထိခိုက်နစ်နာသူများ၊ အခြားသက်ဆိုင်သူများ၊ သက်ဆိုင်ရာ အစိုးရဌာနများ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းမှ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ပါသည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း လုပ်ငန်းအနီးဝန်းကျင်ဒေသရှိ ရွာဟောင်းကျေးရွာ ဒေသခံရွာသူ/ သားများအတွက် ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဘာသာရေးနှင့် လူမှုရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ရန်ပုံငွေများ ထူထောင်ပေး ခြင်း၊ ကျောင်းသား /သူများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း၊ အခါအားလျော်စွာ ကျင်းပသည့် လူမှုရေးပွဲများ အတွက်လည်း ရန်ပုံငွေများထောက်ပံ့ပေးခြင်း စသည် တို့ကို ဆောင်ရွက် ပေးထားပြီး ဖြစ်ပါသည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံများ၊ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး နှင့် ဘာသာရေးကဏ္ဍများတွင် အချိန်နှင့် တပြေးညီ ဆက်လက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်**

ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်သည့်ကာလတွင် ဖြစ်ပေါ်လာနိုင်သော Impact များ အား ကာကွယ်ခြင်း၊ လျော့နည်းအောင်ပြုလုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောအစီအစဉ်များအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာ အနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ချိန်တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအဖွဲ့အစည်း အား ဖွဲ့စည်းထား ရှိပါမည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၆ | စက်ဆရာ | အဖွဲ့ဝင် |
| ၇ | ယာဥ်နှင့်စက်မောင်း | အဖွဲ့ဝင် |
| ၈ | အထွေထွေလုပ်သား | အဖွဲ့ဝင် |
| ၉ | စားဖိုဝန်ထမ်း | အဖွဲ့ဝင် |
| ၁၀ | လုံခြုံရေး | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၁၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် | အဖွဲ့ဝင် |
| ၁၂ | စိုက်ပျိုးရေးပညာရှင် | အဖွဲ့ဝင် |
| ၁၃ | ကျေးရွာအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |

ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့မှ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းများအား ဖွဲ့စည်းပေးပြီး ၎င်းအဖွဲ့များအား အနီးကပ်စောင့်ကြပ်ကြည့်ရှုကာ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်အောင် စီမံဆောင်ရွက်ပါမည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ဘော်ဆိုင်းကျေးရွာအုပ်စု၊ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ချိန်တွင် အောက်ဖော်ပြပါ အဖွဲ့အစည်းများအား ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၁။ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့

၂။ ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့

၃။ အရေးပေါ်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့

၄။ လူမှုစီးပွားဆိုင်ရာအဖွဲ့

၅။ လုပ်ငန်းပိတ်သိမ်းခြင်းအဖွဲ့

၆။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့

၇။ အထွေထွေအုပ်ချုပ်ရေးအဖွဲ့

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ချိန်တွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေကျပ် သိန်း(၂၂,၀၀၀,၀၀၀) ထားရှိ၍ အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လိုလောက်မှု မရှိပါက ထပ်မံ ဖြည့်စွက်ဆောင်ရွက်သွားပါမည်။

| စဉ် | အကြောင်းအရာ | ခန့်မှန်းစရိတ် (ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁ | စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ် | ၄,၂၀၀,၀၀၀ | |
| ၂ | ထိခိုက်မှုလျော့ပါးရေးအစီအစဉ် | ၄,၀၀၀,၀၀၀ | |
| ၃ | အရေးပေါ်ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ် | ၃,၀၀၀,၀၀၀ | |
| ၄ | အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းအစီအစဉ် | ၈၀၀,၀၀၀ | |
| ၅ | အများပြည်သူအတွက်ဆောင်ရွက်ပေးမည့်အစီအစဉ် | ၅,၀၀၀,၀၀၀ | |
| ၆ | လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ် | ၅,၀၀၀,၀၀၀ | |
| | စုစုပေါင်း | ၂၂,၀၀၀,၀၀၀ | |

**စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားချက်**

စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များကို စီမံကိန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဖြစ်လာနိုင်သောပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ သက်ရောက်သည့်နေရာများ၊ သက်ရောက်မှုအဆင့်၊ လျော့ချနိုင်မည့်နည်းလမ်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ကို ပြည့်စုံစွာဖော်ပြထားပါသည်။

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ချိန်တွင် ဒါရိုက်တာ၊ မန်နေဂျာ၊ စီမံကိန်းတာဝန်ခံနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်ပါဝင်သော စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်မည့်အဖွဲ့ ဖွဲ့စည်း၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း တာဝန် ပေးသွားမည်ဖြစ်ပါသည်။

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု လျော့ချမည့်လုပ်ငန်းစဉ်များနှင့်ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများအပေါ် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်အတွက် ကျပ်သိန်း(၄၂)အား ရန်ပုံငွေလျာထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လုံလောက်မှုမရှိပါကထပ်မံဖြည့်စွက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ခဲသတ္တုရေဆေးကန်လုပ်ငန်း လည်ပတ်စဉ်အတွင်း ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု ရှိနိုင်သည့်လုပ်ငန်းစဉ်များအား စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း စနစ်တကျစောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။-

(က) မြေပေါ်ရေအရည်အသွေး

(ခ) မြေအောက်ရေအရည်အသွေး

(ဂ) လေအရည်အသွေး

(ဃ) မြေအရည်အသွေး

(င) ဆူညံသံ၊တုန်ခါမှု

(စ) စွန့်ပစ်ပစ္စည်း

(ဆ) ဂေဟစနစ်

(ဇ) လူမှုပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို စောင့်ကြပ်ကြည့်ရှုခြင်း

တို့အား(၆)လတစ်ကြိမ် စစ်ဆေးသွားပါမည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရာတွင် လည်းကနဦးကောက်ယူခဲ့သော Location points (GPS) များတွင်ပြန်လည်စစ်ဆေးပြီး ကနဦးနမူနာများနှင့်နှိုင်းယှဉ်၍ သုံးသပ်ဆောင်ရွက်သွားပါမည်။

**လုပ်ငန်းပိတ်သိမ်းခြင်းအစီရင်ခံစာ**

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီး တွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းပိတ်သိမ်းချိန်တွင် လုပ်ငန်းစတင် ဆောင်ရွက်ချိန်မှ စတင်၍ အပေါ်ယံမြေလွှာများအား သီးသန့် စုပုံ ထားရှိမှု အစီအစဉ်၊ အတားအဆီးနံရံများ ထားရှိမှု၊ ဆက်စပ်ဧရိယာရှိ ချောင်းများ၊ ရေတွင်းများ၊ ရေထွက်ပေါက်များမှ ရေနမူနာများ ယူ၍ တိုင်းတာ စစ်ဆေးမည့် အစီအစဉ်၊ မြေဆီလွှာ ညစ်ညမ်းမှု ရှိ/မရှိ ပြန်လည်စစ်ဆေးမည့် အစီအစဉ်၊ ဆောက်လုပ်ထားရှိသည့် အဆောက်အဦးနှင့် စက်ပစ္စည်းများအား ပြန်လည်ဖယ်ရှားမည့် အစီအစဉ်၊ ဖုံးအုပ်ပြီးသောမြေသားပေါ်တွင် ဒေသနှင့် သင့်လျော်သောအပင်များပြန်လည်စိုက်ပျိုးခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးနောက် ဖုံးအုပ်ပြီးသော မြေသားပေါ်တွင် ပြန်လည်စိုက်ပျိုးပေးမည့် ပျိုးပင်များစိုက်ပျိုးထားရှိခြင်း စသည်တို့ကို ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**နိဂုံး**

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်း ဆက်လက် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက် အနေဖြင့် လိုက်နာရန်ရှိသော ကတိကဝတ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးနည်းလမ်းများ၊ နိုင်ငံတော်မှ ချမှတ်ထားသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန် စံညွှန်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို လေးစား လိုက်နာ ဆောင်ရွက်လျက် ရှိပါသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများအား စောင့်ကြပ် ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ စနစ်တကျစောင့်ကြပ်ကြည့်ရှုပြီး ဆိုးကျိုးများအား ကုစားနိုင်သည့် နည်းလမ်းများ အသုံးပြု၍ စနစ်တကျ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

# အခန်း(၂)
# နိဒါန်း

## ၂.၁။ လုပ်ငန်း၏ရည်ရွယ်ချက်

မြန်မာနိုင်ငံသည်သဘာဝသယံဇာတပေါကြွယ်ဝသောနိုင်ငံဖြစ်ပါသည်။သယံဇာတအရင်းမြစ်များစွာ ပိုင်ဆိုင်ထားသည့်အလျောက်မတူးဖော်၊မထုတ်လုပ်ရသေးသောနေရာများစွာလည်းကျန်ရှိနေပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်းသည်ခဲသတ္တုရောရာမြေစာများကို ရေပန်းထိုး၍ခဲသတ္တုနှင့်မြေစာအား Gravity နည်းစဥ်အသုံးပြု၍ ခဲသတ္တု နှင့် ခဲ သတ္တုပါဝင်သောနှုံးအနည်အနှစ်တို့အား ခွဲခြားသန့်စင်သွားမည် ဖြစ်ပါသည်။

လုပ်ငန်းလုပ်ဆောင်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်၊ ကုန်ကြမ်းရောင်းခြင်းမဟုတ်ဘဲ ကုန်ချောအဆင့်ဖြင့်ရောင်းချခြင်းကြောင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတိုးပွားလာစေရန် နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ဒေသခံပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများတိုးတက်ကောင်းမွန်ပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရန် တို့ဖြစ်ပါသည်။

## ၂.၂။ လုပ်ငန်း၏နောက်ခံအကြောင်းအရာ

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းကို ၂၀၁၉ ခုနှစ် တွင် စတင်တည်ဆောက်ခဲ့ပြီး လုပ်ငန်းလည်ပတ်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထားခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအား ကွင်းဆင်းစိစစ်၍ ပြန်လည်တင်ပြရန် ရည်ညွှန်းစာဖြင့် ညွှန်ကြားခဲ့ပါသည်။ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဦးကျော်မိုး၊ ဦးစီးအရာရှိ ဒေါ်တင်တင်မြင့်နှင့် ဒုတိယဦးစီးမှူးဒေါ်အေးမြတ်သူတို့သည် (၁၁.၁၂.၂၀၁၉) ရက်နေ့တွင် ကွင်းဆင်း၍ အစီရင်ခံစာတင်ပြခဲ့ပါသည်။ ကွင်းဆင်းအစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နောက်ဆက်တွဲ(က)၊ ဇယားအမှတ်စဥ်(၈၅)အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဥ် (Environmental Management Plan- EMP) အား ရေးဆွဲတင်ပြရန်လိုအပ်ကြောင်း သဘောထားမှတ်ချက်ပေးခဲ့သည့်အတွက် ယခုတင်ပြခြင်းဖြစ်ပါသည်။ လုပ်ငန်း၏မန်နေဂျာမှာ ဒေါ်စန်းစန်းရီ ဖြစ်ပါသည်။ ခဲသတ္တုရေဆေးကန်လုပ်ငန်းသည် GPS Joint Venture ကုမ္ပဏီလီမိတက် ခဲသတ္တုအမြှုပ်ဖော်သန့်စက်စင်ရုံ၏ လုပ်ငန်းခွဲတစ်ခု ဖြစ်ပါသည်။ ပင်မကုမ္ပဏီမှာ တရုတ်လုပ်ငန်းရှင်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းဦးစီးဌာန၏ အကျိုးတူပူးပေါင်းလုပ်ငန်း ဖြစ်ပါသည်။ လုပ်ငန်းစတင် လည်ပတ်သည့် အချိန်မှစ၍ ပထမအကြိမ်

(၁၅)နှစ်နှင့် နောက်သက်တမ်းတိုး တစ်ကြိမ်လျှင်(၅)နှစ်နှင့် (၃)ကြိမ်၊ စုစုပေါင်းနှစ်(၃၀)ထိ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့်လျှောက်ထားချက် များနှင့် ထောက်ခံချက်များအား နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

လုပ်ငန်းအကြောင်းအရာအပြည့်အစုံကိုအောက်တွင်ဖော်ပြထားပါသည်။

| | |
|---|---|
| **လုပ်ငန်းဆောင်ရွက်သူ** | Mr. Lei Dejun |
| **လုပ်ငန်းအမျိုးအစား** | ခဲသတ္တုရေဆေးကန်လုပ်ငန်း |
| **ဆက်သွယ်ရမည့်လိပ်စာ** | ရွာဟောင်းကျေးရွာ၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ကလောမြို့နယ်။ |
| **ဆက်သွယ်ရမည့်ဖုန်းနံပတ်** | 09-421716313, 09-259938883 |
| **Email** | ddminhtat@gmail.com |
| **လုပ်ငန်းတည်နေရာ** | ကွင်း/အကွက်အမှတ် (၈၆/ကန်သာရွာမကွင်း)၊ ဦးပိုင်အမှတ် (၁၁)၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ကလောမြို့နယ်။ |
| **စတင်တည်ထောင်ခဲ့သည့် ခုနှစ်** | ၂၀၁၉ အောက်တိုဘာလ |
| **EMP တင်ပြသည့်ရက်စွဲ** | ၂၀၂၀၊ ဇူလိုင်လ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား** | ☐ SOE<br>☐ PPP<br>☑ JV<br>☐ Leases<br>☐ Fully Investment |
| **ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်း** | တရုတ်လုပ်ငန်းရှင်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအမှတ်(၁)သတ္တုတွင်းဦးစီးဌာန |
| **ရင်းနှီးမြှုပ်နှံသည့်အချိုးအဆ** | နိုင်ငံတော်မှသတ်မှတ်ထားသည့်အချိုးအဆ |
| **ရင်းနှီးမြှုပ်နှံမှုပမာဏ** | သိန်း ၆၀၀ |
| **သုံးစွဲမည့်လျှပ်စစ်ဓာတ်အားပမာဏ** | 155 KW (Generator) |

## ၂.၃။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာရေးသားသူများ၏အချက်အလက်များ

| | | | |
|---|---|---|---|
| **Full Name** | Dr. Win Min Latt | Naw Ywar Hey Thar Htoo | U Nay Lynn |
| **ID Number** | 8/ MaMaNa(C)122859 | 13/KaMaNa(C)133308 | 13/TaKaNa(C)254808 |
| **Education** | Ph.D. (Mining) | BE (Mining) | BE (Mining) |
| **Work at** | Technological University (Taunggyi) | - | - |
| **Address** | F3, Head of Department Housing, | Kyaung Gyi Su Quarter, Taunggyi | Yadanar Thiri Quarter, Taunggyi |

| | | | |
|---|---|---|---|
| | TU (Taunggyi Campus) | | |
| **Phone Number** | 09-797493240 | 09-262906027 | 09-899460899 |
| **Contact Information** | mgwinminlatt2015@ gmail.com | ywar.hey13@gmail.com | naylynn95.nl@gmail.com |
| **Area of Experiences** | Surveying, Mine Design, Mine Environment and EMP, Geotechnical, Mine Economic, Mine Production Management | Mine Design, Mine Environment and EMP | Mine Design, Mine Environment and EMP |
| **Term of References** | - In-charge of the field survey<br>- Monitor the sample and field data collection, and flora and fauna survey<br>- Check the result of environmental laboratory testing<br>- Design of EMP<br>- Monitoring of EMP process<br>- Public consultation | - Collecting field data<br>- Data processing and analysis<br>- Asist in design of EMP<br>- Asist in monitoring of EMP process<br>- Reporting EMP | - Asist in Collecting field data<br>- Asist in Data processing and analysis<br>- Asist in design of EMP<br>- Asist in monitoring of EMP process<br>- Asist in Report preparation |

# ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

# Certificate of Incorporation

**ဂျီပီအက်(စ်) ဂျွိုင်း(တ်)ဗင်းချား ကုမ္ပဏီ လီမိတက်**

**GPS JOINT VENTURE COMPANY LIMITED**

Company Registration No. 109035068

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ ခုနှစ် အရ

**ဂျီပီအက်(စ်) ဂျွိုင်း(တ်)ဗင်းချား ကုမ္ပဏီ လီမိတက်**

အား ၂၀၁၃ ခုနှစ် ဇန္နဝါရီလ ၉ ရက်နေ့တွင်

အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထား သည့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ

အဖြစ် ဖွဲ့စည်းမှတ်ပုံတင်ခွင့် ပြုလိုက်သည်။

This is to certify that

**GPS JOINT VENTURE COMPANY LIMITED**

was incorporated under the Myanmar Companies Act 1914 on 9 January 2013 as a Private Company Limited by Shares.

ကုမ္ပဏီမှတ်ပုံတင်အရာရှိ

Registrar of Companies

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

Directorate of Investment and Company Administration

Former Registration No. 314FC/2012-2013

DICA DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION

## Myanmar Companies Online Registry - Company Extract

**Company Name (English)**
GPS JOINT VENTURE COMPANY LIMITED

**Company Name (Myanmar)**
ဂျီပီအက်(စ်) ဂျွိုင်း(တ်)ဗင်ချား ကုမ္ပဏီ လီမိတက်

### Company Information

| | | |
|---|---|---|
| **Registration Number**<br>109035068 | **Registration Date**<br>09/01/2013 | **Status**<br>Registered |
| **Company Type**<br>Private Company Limited by Shares | **Foreign Company**<br>Yes | **Small Company**<br>No |
| **Principal Activity**<br>07 - Mining of metal ores<br>08 - Other mining and quarrying<br>09 - Mining support service activities | **Date of Last Annual Return**<br>28/02/2019 | **Previous Registration Number**<br>314FC/2012-2013 |

### Addresses

| | |
|---|---|
| Registered Office In Union | Bawsaing Region<br>Kalaw Township<br>Southern Shan State, Myanmar |

### Officers

| | | | |
|---|---|---|---|
| Name: | LIU KAIYONG | Type: | Director |
| Date of Appointment: | 13/11/2018 | Date of Birth: | 05/03/1985 |
| Nationality: | China | N.R.C./Passport: | E20407950 |
| Gender: | Male | Business Occupation: | - |
| Name: | XIE WENQIAN | Type: | Director |
| Date of Appointment: | 13/11/2018 | Date of Birth: | 23/08/1971 |
| Nationality: | China | N.R.C./Passport: | E33735577 |
| Gender: | Male | Business Occupation: | - |
| Name: | ZENG JIAWEN | Type: | Director |
| Date of Appointment: | 13/11/2018 | Date of Birth: | 23/04/1957 |
| Nationality: | China | N.R.C./Passport: | E82528760 |
| Gender: | Male | Business Occupation: | - |
| Name: | LEI DEJUN | Type: | Director |
| Date of Appointment: | 13/11/2018 | Date of Birth: | 26/10/1978 |
| Nationality: | China | N.R.C./Passport: | E03364756 |
| Gender: | Male | Business Occupation: | - |
| Name: | CHO PHON @ MYINT MYINT THAN | Type: | Director |
| Date of Appointment: | 23/01/2019 | Date of Birth: | 16/10/1976 |
| Nationality: | Myanmar | N.R.C./Passport: | 1/BAMANA(N)000804 |

မန္တလေးနည်းပညာတက္ကသိုလ်

**Mandalay Technological University**

**အင်ဂျင်နီယာပါရဂူဘွဲ့ (သတ္တုတူးဖော်ရေး)**

*Doctor of Philosophy* (Mining Engineering)

ဦးကျော်ညွန့် ၏ သား/သမီး မောင်ဝင်းမင်းလတ် အား

အင်ဂျင်နီယာပါရဂူဘွဲ့ (သတ္တုတူးဖော်ရေး) ကို

အပ်နှင်းချီးမြှင့်လိုက်သည်။ 8 SEP 20

The Degree of Doctor of Philosophy (Mining Engineering)

is awarded to Maung Win Min Latt

son / ~~daughter~~ of U Kyaw Nyunt

အမျိုးသားမှတ်ပုံတင်အမှတ် (National Registration Number) 8/MaMaNa(Naing) 12285

ဘွဲ့ရမှတ်ပုံတင်အမှတ် (Graduate Registration Number) 6294



မော်ကွန်းထိန်း
မန္တလေးနည်းပညာတက္ကသိုလ်
Registrar
Mandalay Technological University

ပါမောက္ခချုပ်
မန္တလေးနည်းပညာတက္ကသိုလ်
Rector
Mandalay Technological University

မန္တလေးမြို့ ၂၀၁၂ ခု၊ ဇန်နဝါရီ လ၊ ၂၂ ရက်။

22 JAN2012

# COMPLETION CERTIFICATE

*This is to certify that*

*Dr. Win Min Latt*

*has satifactorily completed the 5-day intensive course for*

***APPLIED ENVIRONMENTAL SCIENCE AND ENGINEERING TRAINING COURSE***

*presented by*

***GREENFIELD INTERNATIONAL CORPORATION, VIRGINIA, USA***

*from January 18, 2017 to January 22, 2017 at*

TECHNOLOGICAL UNIVERSITY, ( TAUNGGYI )

SHAN STATE, MYANMAR.



LEVEL 1

*Issue Date : 23 . 1 . 2017*

***Course Conductor***

*Soe Aung* ***ISO 14001 (64202)***

# COMPLETION CERTIFICATE

*This is to certify that*

**Dr. Win Min Latt**

*has satifactorily completed*

***INTENSIVE APPLIED ENVIRONMENTAL TRAINING COURSE***

*presented by*

***GREENFIELD INTERNATIONAL CORPORATION, VIRGINIA, USA***

*from March 3, 2017 to March 7,2017 at*

*Nay Pyi Taw, Myanmar*



**LEVEL 2**

*Issue Date : 7 . 3. 2017*

**Course Conductor**

*Soe Aung ISO 14001 (64202)*

Ministry of Natural Resources and Environmental Conservation

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

BGR
Federal Institute for Geosciences and Natural Resources

This is to certify that

Dr. Win Min Latt

has successfully participated
in a Short Course by the BGR-DOM Project "Sustainable Development of the Mining Sector"
on the topic of

Mining and the Environment – Short Course on Water and Atmospheric Emissions

2.-3.4.2018 in Taunggyi, Shan State

C. Klein
Christoph Klein,
Research Associate, BGR
Mining and Sustainability Unit

C. Heimig
Christian Heimig
Technical Advisor
BGR-DOM Project

MONREC

# CERTIFICATE

**Dr. Win Min Latt (Professor)**

**Head of Department of Mining Engineering Technological University**

The Environmental Conservation Department of
The Ministry of Natural Resources and Environmental Conservation,
The Republic of the Union of Myanmar

Award this Certificate in recognition of your participation

In

Training Course on
Reviewing Environmental Management Plans (EMPs) of Mining Sector
From 4 to 8 September 2017

Sein Ma Ma
Director
Environmental Conservation Department
Shan State

SHOT ON MI 6X
MI DUAL CAMERA

ပညာရေးဝန်ကြီးဌာန
Ministry of Education

နည်းပညာတက္ကသိုလ်(တောင်ကြီး)

# Technological University (Taunggyi)

အင်ဂျင်နီယာဘွဲ့

## Bachelor of Engineering

နည်းပညာတက္ကသိုလ်(တောင်ကြီး) မှ အောင်မြင်ခဲ့သော

ဦး စောအယ်မူထူး ၏ ~~သား~~/သမီး နော် ယွားဟေသားထူး အား

အင်ဂျင်နီယာဘွဲ့ ( သတ္တုတူးဖော်ရေး )

ကို အပ်နှင်းချီးမြှင့်လိုက်သည်။

Upon successful completion of the studies at **NOVEMBER 2019**

Technological University (Taunggyi)

The degree of Bachelor of Engineering ( Mining )

is awarded to

Naw Ywar Hey Thar Htoo ~~son~~/daughter of U Saw Eh Mu Htoo.

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (Citizenship Scrutiny Card No.) 13/KaMaNa(Naing)133308.

ဘွဲ့ရမှတ်ပုံတင်အမှတ် (Graduate Registration No.) 003105



Tin May Myint
ဒေါ်ကျန်းထိန်း
Registrar

ပါမောက္ခချုပ်
Rector

Date **23 FEBRUARY 2020**



# COMPLETION CERTIFICATE

*This is to certify that*

*Ma Naw Ywar Hay Thar Htu*

*has satisfactorily completed the attendance of*

*APPLIED ENVIRONMENTAL SCIENCE COURSE*

*presented by*

*GREENFIELD INTERNATIONAL CORPORATION, VIRGINIA, USA*

*from January 18, 2017 to January 20, 2017 at*

TECHNOLOGICAL UNIVERSITY, ( TAUNGGYI )

SHAN STATE, MYANMAR.

*Issue Date : 23 . 1 .2017*

**Course Conductor**

Soe Aung

GeoMap

Geospatial Analysis and Environmental Remote Sensing Online Training
presents a certificate of completion to

# NAW YWAR HEY THAR HTOO

for completing:

## Introduction to GIS Mapping
## Google Earth Engine (GEE) for Remote Sensing

July 4 - August 10, 2020

Kaung Sithu

U Kaung Si Thu
GIS Consultant
Active Tectonics Research Group
B.Sc (Hons), M.Sc (Geology), PG Dip. in GIS
kaungsithu@geomap.tech

GeoMap

Student ID : GEOMAP-132
Certificate ID : 132-11121
www.geomap.tech

# WIN OSHE SAFETY ACADEMY

# CERTIFICATE

## OF COMPLETION

This is to certify that

## NAW YWAR HEY THAR HTOO

13/KaMaNa(N) 133308

has successfully completed the

## Environmental Officer Course

20, 27 Dec 2020 and 3,10, 17 Jan 2021

**Win Bo, MSc (SHE), RSP**
**Training Director**
**Win OSHE Safety Academy**
**Yangon, Myanmar**

ATP IBOEHS USA | ATC AOSH UK | National Office for Myanmar

**Certificate No.** : EO20307003
**Date Issued** : 17 JAN 2021

814L164E4F10

ပညာရေးဝန်ကြီးဌာန

Ministry of Education

နည်းပညာတက္ကသိုလ်(တောင်ကြီး)

Technological University (Taunggyi)

အင်ဂျင်နီယာဘွဲ့

Bachelor of Engineering

နည်းပညာတက္ကသိုလ်(တောင်ကြီး) မှ အောင်မြင်ခဲ့သော

ဦးအောင်လင်း ၏ သား/~~သမီး~~ မောင်နေလင်း အား

အင်ဂျင်နီယာဘွဲ့ ( သတ္တုတွင်းဖော်ရေး )

ကို အပ်နှင်းချီးမြှင့်လိုက်သည်။

Upon successful completion of the studies at November, 2018

Technological University (Taunggyi)

The degree of Bachelor of Engineering ( Mining )

is awarded to

Maung Nay Lin son/~~daughter~~ of U Aung Lin

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(Citizenship Scrutiny Card No.) 13/TaKaNa(Naing) 254808.

ဘွဲ့ရမှတ်ပုံတင်အမှတ်(Graduate Registration No.) 002832



မော်ကွန်းထိန်း

Registrar

ပါမောက္ခချုပ်

Rector

Date 17th February, 2019

# COMPLETION CERTIFICATE

*This is to certify that*

*Mg Nay Linn*

*has satifactorily completed the attendance of*

***APPLIED ENVIRONMENTAL SCIENCE COURSE***

*presented by*

***GREENFIELD INTERNATIONAL CORPORATION, VIRGINIA, USA***

*from January 18, 2017 to January 20, 2017 at*

**TECHNOLOGICAL UNIVERSITY, ( TAUNGGYI )**

SHAN STATE, MYANMAR.



*Issue Date : 23 . 1 .2017*

**Course Conductor**

Soe Aung

# OSHAcademy™
Occupational Safety & Health Training

WOSHE

## *Certificate of Completion*
## *Professional Development Program*

*This is to certify that*

# NAY LIN

*Has demonstrated academic excellence with distinction by completing all academic requirements in this 44-hour OSHAcademy Professional Development Certificate Program presented by OSHAcademy Authorized Training Provider (ATP), Win OSHE Safety Academy. This achievement demonstrates commitment and professionalism in the field of Occupational Safety and Health.*

# Occupational Safety and Health Specialist

| Student # | Issue Date |
|---|---|
| 133895-152 | 06-29-2019 |

Steven J. Geigle, M.A., CSHM
Training Director (CSHM #1208)
OSHA*cademy* Safety & Health Training

Win Bo, M.Sc.(SHE), RSP
Managing Director
Win OSHE Safety Academy
Myanmar
ATP #: 20120527WB

Validate Certificate

Certificates can be validated through the OSHAcademy website.
Validation Code: 133895-152-5-dbd1a
www.oshacademy-atp.com/verify

OSHAcademy
Genuine • Authentic • Original

The content of this training conforms with U.S Department of Labor (OSHA) training standards and ANSI Z490.1, Criteria for Accepted Practices in Safety, Health and Environmental Training.

www.oshacademy-atp.com OSHAcademy is a division of Geigle Safety Group, Inc. 15220 NW Greenbrier Parkway, Suite 230, Beaverton, OR 97006 USA +1.971.217.8721



WIN OSHE SAFETY ACADEMY

CERTIFICATE

OF COMPLETION

This is to certify that

NAY LIN

13/TaKaNa(N) 254808

has successfully completed the

Environmental Officer Course

20, 27 Dec 2020 and 3,10, 17 Jan 2021

Win Bo, MSc (SHE), RSP
Training Director
Win OSHE Safety Academy
Yangon, Myanmar

ATP IBOEHS USA

ATC AOSH UK

National Office for Myanmar

Certificate No. : EO20307011

Date Issued : 17 JAN 2021

614L74E4EE

# အခန်း (၃)

# ကတိကဝတ်

## ၃.၁။ လုပ်ငန်းဆောင်ရွက်သူ၏ ကတိကဝတ်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းတည်နေရာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် တည်ရှိပါသည်။ အဆိုပြု လုပ်ငန်းတည်နေရာသည် ကွင်း/အကွက်အမှတ် (၈၆/ကန်သာရွာမကွင်း)၊ ဦးပိုင်အမှတ် (၁၁) အတွင်း တည်ရှိပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်၊ ဝန်ထမ်းနေအိမ်၊ ရေသိုလှောင်ကန် တူးဖော်ခြင်းနှင့် ခဲသတ္တုသိုလှောင်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ အတွက် တင်ပြထားသော လုပ်ငန်း၏ အကျယ်အဝန်းမှာ (၁၀.၈၆)ဧက ဖြစ်ပါသည်။ ဤအစီရင်ခံစာပါ အကြောင်းအရာများအား အသေးစိတ်ဖတ်ရှုပြီး မသိနားမလည်သည့်အကြောင်းအရာများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာရေးသားသည့် ပညာရှင်မှ ရှင်းလင်းပြပြီးဖြစ်၍ စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းလည်ပတ်မည်ဆိုပါက ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာများ မထိခိုက်စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်း လုပ်ငန်းပြီးစီး၍ ပိတ်သိမ်းသည့်အချိန်တွင် လူမှုဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် အစီအမံများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ချမှတ်ထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နှင့် လုပ်ငန်း ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများ၊ နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာ ရေးဆွဲထားသည်မှာ တိကျမှန်ကန် ခိုင်မာပြည့်စုံပါကြောင်းနှင့် လေးစားလိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ကတိပြုအပ်ပါ သည်။



ဒေါ်စန်းစန်းရီ

မန်နေဂျာ

GPS Joint Venture ကုမ္ပဏီလီမိတက်

## ၃.၂။ အစီရင်ခံစာရေးသားသည့် ပညာရှင်၏ ကတိကဝတ်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းတည်နေရာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်း ကျေးရွာအနီးတွင် တည်ရှိပါသည်။ အဆိုပြု လုပ်ငန်းတည်နေရာသည် ကွင်း/အကွက်အမှတ် (၈၆/ကန်သာရွာမကွင်း)၊ ဦးပိုင်အမှတ် (၁၁) အတွင်း တည်ရှိပါသည်။ GPS Joint Venture ကုမ္ပဏီ လီမိတက်၏ ခဲသတ္တုရေဆေးကန်၊ ဝန်ထမ်းနေအိမ်၊ ရေသိုလှောင်ကန် တူးဖော်ခြင်းနှင့် ခဲသတ္တု သိုလှောင်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများ အတွက် တင်ပြထားသော လုပ်ငန်း၏ အကျယ်အဝန်းမှာ (၁၀.၈၆)ဧက ဖြစ်ပါသည်။ အစီရင်ခံစာပါ အကြောင်းအရာများသည် တိုင်းတာစစ်ဆေးချက် အဖြေများ၊ လုပ်ငန်းဧရိယာအတွင်း ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းမန်နေဂျာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်နှင့် ဒေသခံလူထုများတွေ့ဆုံဆွေးနွေးခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လက်တွေ့ ဆောင်ရွက်ခဲ့ခြင်းမှ ရရှိခဲ့သော အချက်အလက်များ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစီရင်ခံစာပါ အကြောင်း အရာများသည် (၄.၇.၂၀၂၀)မှ (၁၁.၇.၂၀၂၀) ရက်အတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများကို အခြေခံ၍ရေးသားပြုစုထားသည်မှာ မှန်ကန်ကြောင်း၊ လုပ်ငန်းလည်ပတ်မည်ဆိုပါက ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာများမထိခိုက်စေရန် အစီအစဥ်များချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှချမှတ်ထားသော ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း နှင့် လုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များ၊ စံချိန်စံညွှန်းများ၊ နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာ ရေးဆွဲထားသည်မှာ တိကျမှန်ကန်ခိုင်မာပြည့်စုံပါကြောင်းနှင့် လေးစားလိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။

ဒေါက်တာဝင်းမင်းလတ်
သတ္တုတူးဖော်ရေး အင်ဂျင်နီယာ

နော်ယွားဟေသားထူး
သတ္တုတူးဖော်ရေး အင်ဂျင်နီယာ

ဦးနေလင်း
သတ္တုတူးဖော်ရေး အင်ဂျင်နီယာ

# အခန်း(၄)

# မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များ

## ၄.၁။ လုပ်ငန်းဆိုင်ရာမူဝါဒများ

- အသေးစား၊ အလတ်စားနှင့် အကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ၍ ဓါတ်သတ္တုကုန်ချောများ ပိုမိုထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာ တိုးပွား အောင် ဆောင်ရွက်ပေးနိုင်ရန်။
- ပြည်ထောင်စုတိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန်နှင့် အလုပ်အကိုင် လုံခြုံစိတ်ချမှု ဆောင်ရွက်ပေးနိုင်ရန်။
- နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား တသွေ မတိမ်း လိုက်နာရန် ဖြစ်ပါသည်။

## ၄.၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများ

ခဲသတ္တုရေဆေးကန်လုပ်ငန်းဆောင်ရွက်ရာတွင် GPS Joint Venture ကုမ္ပဏီလီမိတက်မှ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများကို လိုက်နာ ဆောင်ရွက် သွားမည် ဖြစ်ပါသည်-

- ခဲသတ္တုရေဆေးကန်လုပ်ငန်းမှ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးအပေါ် ဆိုးကျိုး သက်ရောက်မှု များကို ဖော်ထုတ်ရန်။
- ထိခိုက်မှုများအား ရှောင်လွှဲရန်နှင့် ရှောင်လွှဲ၍မရနိုင်ပါက ထိခိုက်မှုအနည်းဆုံး ဖြစ်စေ ရေး စီမံဆောင်ရွက်ရန်။
- ဆိုးကျိုးသက်ရောက်ခြင်းခံရသောလူထုနှင့် ပြင်ပမှကန့်ကွက်မှုများအပေါ် တုန့်ပြန်ဖြေရှင်းရန် နှင့် သင့်လျော်သလို စီမံဆောင်ရွက်ရန်။
- စွန့်ပစ်ပစ္စည်းများ အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန်နှင့် စွန့်ပစ်ပစ္စည်း များ ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ လျော့နည်းပပျောက် စေရေးအတွက် စီမံဆောင်ရွက်ရန်။
- သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေးဆောင်ရွက်ရန်၊ စိမ်းလန်းစိုပြေရေး နှင့် ဂေဟစနစ် ဖွံ့ဖြိုးရန်၊ မြေဆီလွှာဆုံးရှုံးမှုမရှိစေရန် နှင့် မြေယာအသုံးချမှု အနည်းဆုံး ဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန်။
- ပတ်ဝန်းကျင်နှင့် လူမှုဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရန်။
- အလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်ပေးရန်။

- ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကာကွယ်နိုင်ရေးအတွက် ကြိုတင် စီမံဆောင်ရွက်ရန်။
- ဒေသခံကျေးရွာများ၏ သမိုင်းဝင်နေရာများ၊ ဘာသာရေးအဆောက်အဦးများ အား ရှောင်ရှားဆောင်ရွက်ရန်။

## ၄.၃။ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များ

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ရာတွင် GPS Joint Venture ကုမ္ပဏီလီမိတက်မှ အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများ နှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွား မည်ဖြစ်ပါသည်။

### ၄.၃.၁။ ဥပဒေ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ

GPS Joint Venture ကုမ္ပဏီလီမိတက်မှ ခဲသတ္တုရေဆေးကန် လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ပျက်စီးမှုနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများကို လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ (၁၉၅၁)
- အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)
- အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများ (၂၀၁၂)
- ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)
- သစ်တောဥပဒေ (၁၉၉၂)
- သစ်တောဥပဒေ (၂၀၁၈)
- သစ်တောနည်းဥပဒေများ (၁၉၉၅)
- တောရိုင်းတိရိစ္ဆာန်နှင့်သဘာဝအပင်များထိန်းသိမ်းရေးဥပဒေ (၁၉၉၄)
- တောရိုင်းတိရိစ္ဆာန်နှင့်သဘာဝအပင်များထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၈)
- မြန်မာ့အာမခံဥပဒေ (၁၉၉၃)
- ရင်းနှီးမြှုပ်နှံမှုအမိန့်ကြော်ညာစာအမှတ် (၂၀၁၃)
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၁)
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (၂၀၁၃)
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြေငြာစာများ (၂၀၁၆)
- သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)
- မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)

- မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့်နည်းဥပဒေများ (၂၀၁၂)
- မြန်မာ့သတ္တုတွင်းဥပဒေ (၁၉၉၄)
- မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၁၉၉၆)
- မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅)
- ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)
- ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၃)
- အနည်းဆုံးအခကြေးငွေဥပဒေ၊ နည်းဥပဒေ (၂၀၁၃)
- ဓါတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)
- ဓါတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးနည်းဥပဒေများ (၂၀၁၆)
- စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ (၂၀၀၄)
- မြေအောက်ရေအက်ဥပဒေ (၁၉၃၀)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၅)
- အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ (၂၀၁၅)
- မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)
- The Emergency Provision Act (1950)
- လူမှုဖူလုံရေးဥပဒေ (၂၀၁၂)
- မြန်မာအခွန်ကောက်ဥပဒေ (၂၀၁၉)
- WHO Drinking Water Guideline (Geneva-1993)
- IFC ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ချက်များ
- အမျိုးသားမြေအသုံးချမှုမူဝါဒ (၂၀၁၆)
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)
- အလုပ်ရှင်နှင့်အလုပ်သမားဥပဒေ (၂၀၁၉)
- ကုန်သွယ်ခွန်ဥပဒေ (၁၉၉၀)
- အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)
- အလုပ်ရုံများအက်ဥပဒေ (၁၉၅၁)
- သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)
- အမျိုးသားရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၀၉)
- ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)

- လျှပ်စစ်ဥပဒေ (၂၀၁၄)
- ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (၁၉၉၀)

လုပ်ထုံးလုပ်နည်းများနှင့်စံချိန်စံညွှန်းများသည် Environmental, Health and Safety guideline for plantation Crop Production. 2007 International Finance Corporation, World Bank Group နှင့် Agriculture nonpoint Source fact sheet. Polluted runoff-2005-United State Environmental Protection Agency တို့၏ စံချိန်စံညွှန်းများ၊ စည်းကမ်းသတ်မှတ်ချက်များအား တိကျစွာလိုက်နာဆောင်ရွက်သွားပါမည်။

### ၄.၃.၂။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများနှင့် အက်ဥပဒေများမှ ကောက်နုတ်ချက်များ

စီမံကိန်းအဆိုပြုတင်ပြသူမှ လိုက်နာမည့် အောက်ပါဥပဒေများ၊ နည်းဥပဒေများနှင့် အက်ဥပဒေများ၏ သက်ဆိုင်သော ပုဒ်မ/ ပုဒ်မခွဲများကို အောက်တွင် ဖော်ပြထားပါသည်-

### မြန်မာ့သတ္တုတွင်း ဥပဒေ (၂၀၁၅)

<u>အခန်း(၃)၊ ပုဒ်မ (၄)</u>။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်း

<u>အခန်း(၃)၊ ပုဒ်မ(၅)။</u> အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်-

(က) စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

<u>အခန်း(၁၁)၊ ပုဒ်မ(၃၀)။</u> မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ် အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(ခ) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

<u>အခန်း(၉၁၁)၊ ပုဒ်မ(၃၃)။</u> မည်သူမဆို ဤဥပဒေအရ သတ်မှတ်ထားသော ဓာတ်သတ္တု ကန့်သတ်နယ်မြေ (သို့မဟုတ်) ရတနာနယ်မြေအတွင်းသို့ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ကျူးကျော်ဝင်ရောက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၆ လအထိ ဖြစ်စေ၊ ငွေဒဏ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

<u>ပုဒ်မ (၇၊ ဃ)။</u> ပတ်ဝန်းကျင် အရည်အသွေးထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် ထုတ်လွှတ် အခိုးအငွေ့များ၊ စွန့်ထုတ်အရည်များနှင့် စွန့်ထုတ်အစိုင်အခဲများ၊ ကုန်ထုတ်လုပ်မှု နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် ထွက်ကုန်များ၏ စံချိန်စံညွှန်းများအပါအဝင် ပတ်ဝန်းကျင်အရည်အသွေး စံချိန် စံညွှန်းများ သတ်မှတ်ခြင်း၊

<u>ပုဒ်မ (၁၄)။</u> ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေ သည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်။

<u>ပုဒ်မ(၁၅)။</u> ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့် လုပ်ငန်း၊ ပစ္စည်း (သို့မဟုတ်) နေရာတစ်ခုခု၏ ပိုင်ရှင် (သို့မဟုတ်) လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုလုပ်ရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

<u>ပုဒ်မ (၂၄)။</u> ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း (သို့မဟုတ်) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

<u>ပုဒ်မ (၃၂)။</u> မည်သိုမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၄)**

ပုဒ်မ (၆၉၊ က)။ မည်သူမျှ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေနှင့် ဤနည်းဥပဒေတစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကိုလည်းကောင်း၊ အများပြည်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ထိခိုက်စေနိုင်မည့် နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်း၊ စွန့် ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုရ။

ပုဒ်မ (၆၉၊ ခ)။ အများပြည်သူအကျိုးငှာ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရမှတပါး ဂေဟာစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက် ပျက်စီးစေနိုင်သည့် ပြုလုပ်မှုများကို မည်သူမျှ ဆောင်ရွက်ခြင်း မပြုရ။

**သစ်တောဥပဒေ (၂၀၁၈)**

ပုဒ်မ (၄၀)။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(က) သစ်တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်အခြေချနေထိုင်ခြင်း၊ အိမ်မွေး တိရစ္ဆာန် မွေးမြူခြင်း၊

(ခ) ခွင့်ပြုမိန့်မရဘဲ သစ်တောနယ်မြေအတွင်း ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေ ခြင်း၊

ပုဒ်မ (၄၁)။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှအပ အခြားသစ်ပင်မှ ထွက်ရှိသော သစ်များအား ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့်တားမြစ်သစ်ပင်မှအပ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

<u>ပုဒ်မ (၄၂)။</u> မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်ကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

## ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဥပဒေ (၂၀၁၈)

<u>အခန်း (၁၁)၊ ပုဒ်မ (၃၉)။</u> မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊

(ခ) သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်း မြေဆီလွှာထု၊ ရေထု၊ လေထုကို တမင် ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ လျှပ်စစ်ဓာတ်အားကို ဖျက်ဆီးစေခြင်းနှင့် ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဃ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များ၊ ယင်းတို့၏ မျိုးစိတ်နမူနာများ၌ ပြုလုပ်ထားသော အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

<u>ပုဒ်မ (၄၀)။</u> မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို အမဲလိုက်ခြင်း သို့မဟုတ် ရောင်းချခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက် မရှိဘဲ လက်ဝယ် ထားခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

<u>ပုဒ်မ (၄၁)။</u> မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရ ဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

<u>ပုဒ်မ (၄၃)။</u> မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနှစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

<u>ပုဒ်မ (၄၄)။</u> မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်း ခံရမည်။

**တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ (၁၉၉၄)**

<u>အခန်း (၁၁)၊ ပုဒ်မ (၃၅)။</u> မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊

(ခ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

<u>ပုဒ်မ ၃၆</u>။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

<u>ပုဒ်မ ၃၇</u>။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ ငွေဒဏ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကို ဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကာကွယ်ထားသည့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ ညွှန်ကြားရေးမှူးချုပ် ၏ ထောက်ခံချက်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း။

**အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)**

<u>အခန်း (၈)၊ ပုဒ်မ (၃၈)။</u>မည်သည့်အလုပ်ရှင်မျှ တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ခိုင်လုံသောအကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မရှိစေရ။

<u>ပုဒ်မ (၃၉)။</u> မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေးနေစဉ် ထို အငြင်းပွားမှုမစမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်း မပြုရ။

<u>ပုဒ်မ (၄၀)။</u> မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်း မပြုရ။

<u>ပုဒ်မ (၄၁)။</u> မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက် သို့မဟုတ် စုပေါင်းသဘောတူညီချက်တစ်ခုခု အကျိုးသက်ရောက်မှုရှိစဉ် ကာလအတွင်း အဆိုပါ ဆုံးဖြတ်ချက် သို့မဟုတ် သဘောတူညီချက်ကို ပြန်လည်ပြင်ဆင်ရန် အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ် မှောက်ခြင်း မပြုလုပ်ရ။

<u>ပုဒ်မ (၄၂)။</u> မည်သူမျှ သပိတ်မှောက်ခြင်းတွင် ပါဝင်ဆောင်ရွက်လိုခြင်းမရှိသည့် အလုပ်သမားများ၏ လွတ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်ကို တားမြစ်ခြင်းသော်လည်းကောင်း၊ အလုပ်သမားများ၏ သပိတ်မှောက်ခြင်း ပြုနိုင်သည့် အခွင့်အရေးကို နှောင့်ယှက်ဟန့်တားခြင်း သော်လည်းကောင်း မပြုလုပ်ရ။

<u>ပုဒ်မ (၄၃)။</u> မည်သူမျှ တစ်ဦးချင်း အငြင်းပွားမှု သို့မဟုတ် စုပေါင်းအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

<u>ပုဒ်မ (၄၄)။</u> မည်သူမျှ အငြင်းပွားမှုကို ဖြေရှင်းဆောင်ရွက်ရန် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ကြိုတင်အကြောင်းကြားခြင်းခံရပြီးနောက် အငြင်းပွားမှုဖြစ်ပွားသည့်လုပ်ငန်းသို့ ဝင်ရောက်စစ်ဆေးနိုင်ရေးအတွက်စီစဉ်ပေးရန်လည်းကောင်း၊ အငြင်းပွားမှုနှင့်သက်ဆိုင်သည်ဟုခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ယူဆသည့် စာတမ်းအမှတ်အသားကို ပြသရန်နှင့် မိတ္တူများပေးအပ်ရန် လည်းကောင်း၊ သက်သေအဖြစ် ဆင့်ဆိုရာတွင် လာရောက်ရန်လည်းကောင်း ပျက်ကွက်ခြင်း မရှိစေ ရ။

<u>ပုဒ်မ (၄၅)။</u> မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့၏ ရှေ့မှောက်တွင် စစ်ဆေးခံရန် အကြောင်းကြားစာ ပေးပို့ခံရပါက သတ်မှတ်ထားသည့် အချိန်အတွင်း၌ ကိုယ်တိုင်လာရောက်ရန်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် စေလွှတ်ရန်ဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပျက်ကွက် ခြင်း မရှိစေရ။

<u>အခန်း (၉)၊ ပုဒ်မ (၄၆)။</u>မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်။

<u>ပုဒ်မ (၄၇)။</u> မည်သူမဆို ပုဒ်မ ၄၁ နှင့် ၄၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သုံးသောင်းထိ ချမှတ်နိုင် သည်။

<u>ပုဒ်မ (၄၈)။</u> မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်နိုင်သည်။

**အလုပ်သမားဖူလုံရေးဥပဒေ (၂၀၁၂)**

<u>ပုဒ်မ (၁၁၊ ခ)။</u> အလုပ်ရှင်သည် သက်ဆိုင်သော လူမှုဖူလုံရေးရုံးသို့ မှတ်ပုံတင်ရမည်။

<u>ပုဒ်မ (၁၅၊ ခ)။</u> အလုပ်ရှင်သည် လူမှုဖူလုံရေး ရန်ပုံငွေ ၄ မျိုး ထားရှိရမည်။

<u>ပုဒ်မ (၁၈၊ ခ)။</u> အလုပ်ရှင်သည် ဤဥပဒေအရ မိမိ၏ အလုပ်သမားက ပေးသွင်းရမည့် ထည့်ဝင် ကြေးငွေကို ယင်း၏ လုပ်ခထဲမှ နုတ်ယူပြီး မိမိက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေနှင့်အတူ သက်ဆိုင်ရာ လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရမည်။ ထိုသို့ပေးသွင်းရသည့် ကုန်ကျစရိတ်ကိုလည်း အလုပ်ရှင်က ကျခံရမည်။

<u>ပုဒ်မ (၄၈)။</u> အလုပ်ရှင်သည် မတော်တဆမှုအတွက် ရန်ပုံငွေ ထားရှိရမည်။

<u>ပုဒ်မ (၇၅)။</u> အလုပ်ရှင်သည် မှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာ ပြုစုထားရှိပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

**အလုပ်သမားအဖွဲ့အစည်း ဥပဒေ (၂၀၁၁)**

<u>ပုဒ်မ (၁၇)။</u> အလုပ်သမားအဖွဲ့အစည်းများသည် ယင်းတို့နှင့် သက်ဆိုင်သော ဖွဲ့စည်းပုံစည်းမျဉ်း များကို ရေးဆွဲရာတွင်လည်းကောင်း၊ ယင်းကိုယ်စားလှယ်များကို ရွေးချယ်ရာတွင်လည်းကောင်း၊

ယင်းတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ယင်းတို့၏ အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင်လည်းကောင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရှိစေရမည်။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဆိုင်ရာဥပဒေများပါ အခွင့်အရေးများကို အလုပ်သမားများ ရရှိခံစားနိုင်ခြင်း မရှိပါက အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခွင့်ရှိပြီး သဘောတူညီချက်မရရှိခဲ့လျှင် သက်ဆိုင်ရာဥပဒေနှင့်အညီ အလုပ်ရှင်ထံ တောင်းဆိုခွင့်ရှိသည်။

ပုဒ်မ (၁၈)။ အလုပ်ရှင်က အလုပ်သမားတစ်ဦးဦးအား အလုပ်မှ ထုတ်ပယ်ရာတွင် ထိုသို့အလုပ်မှ ထုတ်ပယ်သော အကြောင်းအရင်းများသည် အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်မှု သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့် သက်ဆိုင်လျှင်ဖြစ်စေ၊ အလုပ်သမားဥပဒေများနှင့် ညီညွတ်မှု မရှိဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမားအဖွဲ့အစည်းသည် ထိုအလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာ အလုပ်ရှင်အား တောင်းဆိုခွင့်ရှိသည်။

ပုဒ်မ (၁၉)။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမားကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။ အလားတူ အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။

ပုဒ်မ (၂၀)။ အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးတူစီးပွားများနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခွင့်ရှိသည်။

ပုဒ်မ (၂၁)။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဥပဒေများနှင့်အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

ပုဒ်မ (၂၂)။ အလုပ်သမားအဖွဲ့အစည်းများသည် အစည်းအဝေးများ ပြုလုပ်ခြင်း၊ သပိတ်မှောက်ခြင်းနှင့် စုပေါင်းအရေးဆိုခြင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ငြိမ်းချမ်းစွာ ဆောင်ရွက်ရမည်။

## အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

ပုဒ်မ (၁၂)။ အလုပ်ရှင်သည်-

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေအောက် လျော့နည်း၍ အလုပ်သမားအား အခကြေးငွေပေးခြင်း မပြုလုပ်ရ။

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေထက်ပို၍ ပေးနိုင်သည်။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာတွင် အနည်းဆုံးအခကြေးငွေမှ နုတ်ယူခွင့်ရှိသည်ဟု သတ်မှတ်ထားသော အခကြေးငွေမှအပ အခြားအခကြေးငွေကို နုတ်ယူခွင့်မရှိစေရ။

ပုဒ်မ (၁၃)။ အလုပ်ရှင်သည်-

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားများအနက် လုပ်ငန်းနှင့်သက်ဆိုင်သော အနည်းဆုံးအခကြေးငွေနှုန်းထားများကို အလုပ်သမားများအား အသိပေးရမည့်အပြင် လုပ်ငန်းခွင်တွင် သက်ဆိုင်ရာ အလုပ်သမားများ မြင်နိုင်ရန် ကြော်ငြာထားရမည်။

(ခ) အလုပ်သမားများ၏ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကိုသတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာ မှတ်တမ်းပြုစု ထားရှိရမည်။

(ဂ) စစ်ဆေးရေးအရာရှိက စစ်ဆေးရန် ဆင့်ဆိုသည့်အခါ သွားရောက်စစ်ဆေးခံရမည်။ ထို့ပြင် အဆိုပါစာရင်းနှင့် မှတ်တမ်းများကို တောင်းခံသည့်အခါ တင်ပြရမည်။

(ဃ) အလုပ်သမားများ ဖျားနာ၍ အလုပ်မလုပ်ကိုင်နိုင်သည့်အခါ သတ်မှတ်ချက်များနှင့်အညီ ဆေးကုသရန် အလုပ်နားခွင့် ပေးရမည်။

(င) အလုပ်သမားများ၏ မိသားစုဝင် သို့မဟုတ် မိဘနာရေးကိစ္စဖြစ်သည့်အခါ အနည်းဆုံးအခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့်အညီ အလုပ်နားခွင့် ပေးရမည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)

အခန်း (၈)၊ ပုဒ်မ (၂၅)။ ဇပဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံတောင်သူ လယ်သမားများနှင့် အငြင်းပွားခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက် လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း တင်ပြလာလျှင် သက်ဆိုင်ရာ ဌာနအဖွဲ့ အစည်းများနှင့် ဦးစွာညှိနှိုင်းပေးရမည်။ ညှိနှိုင်း၍မရပါက ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

အခန်း (၂၉)၊ ပုဒ်မ (၂၆)။ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသော မြေပေါ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးဖျက်ဆီးကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံ

ရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ (၂၇)။ မည်သူမဆို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သော်လည်းကောင်း၊ ယင်း၏ကိုယ်စား တာဝန်ရှိသူကသော်လည်းကောင်း ခွင့်ပြုခြင်းမရှိဘဲ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသော မြေတွင် ဝင်ရောက်ကျူးကျော် လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ (၂၈)။ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်ရုတ်သိမ်းထားသည့်မြေပေါ်မှ ထွက်ခွာဖယ်ရှားပေးရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၉)**

ပုဒ်မ (၃၁)။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်းရှိ မြို့ပြနှင့် ကျေးရွာတွင် အောက်ပါကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေး ကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-

(က) အဆောက်အအုံ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံမှတပါး အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကို ကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို မထိခိုက်သည့် သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(ဃ) လမ်းများ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဘောတံတားများ ပြင်ဆင်ခြင်း၊

(င) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်ရာများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊

<u>ပုဒ်မ (၃၄)။</u> မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက် မရရှိ ဘဲ အောက်ပါပြုလုပ်မှုတစ်ခုခု မပြုလုပ်ရ-

(က) လယ်မြေ၊ ယာမြေများပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(ခ) မူလမြေမျက်နှာသွင်ပြင် ပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက် ခြင်း-

(၁) ရွှေကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက်စုပုံ စွန့်ပစ်ခြင်း၊ ရေဆိုးထုတ်ခြင်း၊

(၂) သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူး ခြင်းနှင့် ရေစီးရေလာပိတ်ဆို့ တားဆီးခြင်း၊

(၃) ကန်၊ ချောင်း၊ ဆည်မြောင်း၊ တာတမံ၊ လျှို၊ ချိုင့်များ မြေဖို့ခြင်း၊

<u>ပုဒ်မ (၃၇)။</u> မည်သူမဆို ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)**

<u>ပုဒ်မ (၃၄)။</u> အလုပ်ရှင်သည် အောက်ပါကိစ္စရပ်များကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) လုပ်ငန်းခွင် ထိခိုက်မှု၊ ဘေးအန္တရာယ်ရှိသော ဖြစ်ရပ်၊ ကြီးမားပြင်းထန်သော လုပ်ငန်း ခွင် ထိခိုက်မှု ဖြစ်ပွားပါက ဦးစီးဌာနသို့ အကြောင်းကြားခြင်း၊

(ခ) အလုပ်သမားတစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုး မျိုး စွဲကပ်လျှင်ဖြစ်စေ၊ သုံးစွဲသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းစဉ်ကြောင့် အဆိပ်သင့် လျှင်ဖြစ်စေ သို့မဟုတ် အဆိပ်သင့်နိုင်လျှင်ဖြစ်စေ အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းနှင့်အတူ အစီရင်ခံစာကို ဦးစီးဌာနသို့ ပေးပို့ အကြောင်းကြား ခြင်း၊

<u>ပုဒ်မ (၃၆၊ ခ)။</u> မည်သူမဆို ဖြစ်ပွားခဲ့သည့် လုပ်ငန်းခွင်ထိခိုက်မှုများ၊ ဘေးအန္တရာယ်ရှိသော ဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများနှင့် သက်ဆိုင်သည့်ပစ္စည်းများ၊ စက်ကိရိယာများ၊ ကိရိယာတန်ဆာပလာများ၊ နေရာအခင်းအကျင်းများ၊ စာတမ်းအမှတ်အသားများ၊ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

<u>ပုဒ်မ (၅၂)။</u> လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံမည်သူ မဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ဖြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>ပုဒ်မ (၅၃)။</u> အလုပ်ရှင် မည်သူမဆို ပုဒ်မ ၁၂၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)မှ (တ)အထိ ၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ)နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ဖြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>ပုဒ်မ (၅၇)။</u> အလုပ်ရှင် မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ဖြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ်အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>ပုဒ်မ (၆၀)။</u> မည်သူမဆို-

(က) ပုဒ်မ ၄၈၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ (ခ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ကြောင်းဖြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကိုအနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ချမှတ် ရမည်။

(ခ) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ဂ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ဖြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ငါးဆယ်မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ (၆၁)။ အလုပ်ရှင် မည်သူမဆို-

(က) ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း သုံးဆယ်မှ အများဆုံး ကျပ်သိန်း ငါးဆယ် အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်သည့်နေ့ရက် အသီးသီးအတွက် ထိုသူကို တစ်ရက်လျှင် ကျပ်တစ်သိန်းစီဖြင့် ငွေဒဏ်ချမှတ်ရမည်။

ပုဒ်မ (၆၂)။ အလုပ်ရှင်မည်သူမဆို ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ဃ)နှင့် (င)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း နှစ်ဆယ်မှ အများဆုံး ကျပ်သိန်း ငါးဆယ် အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ (၆၃)။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း သုံးဆယ်မှ အများဆုံး ကျပ်သိန်း တစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ (၂၀၀၆)

ပုဒ်မ (၈)။ မည်သူမျှ-

(က) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ တစ်စုံတစ်ရာ ပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအား ပြောင်းလဲစေခြင်း မပြုလုပ်ရ။

(ခ) ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုလုပ်ရ။

## အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက် (၂၀၁၅)

ဤစီမံကိန်းအတွက် သက်ဆိုင်သော လမ်းညွှန်ချက်အားလုံးကို ဤအစီရင်ခံစာ၏ သီးခြားအခန်းတွင် ဖော်ပြထားပါသည်။

## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)

ပုဒ်မ (၁၀၂)။ စီမံကိန်းအဆိုပြုသူသည်-

(က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲ

ဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်း မဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည် အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရ သူများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးရေးရန် စီစဉ် ဆောင်ရွက်ရမည်။

<u>ပုဒ်မ (၁၀၃)။</u> စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စီမံကိန်းကတိကဝတ် အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးက စီမံကိန်းအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက် များ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါသည်။

## ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)

<u>အခန်း (၂)၊ ပုဒ်မ(၃)။</u> ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ-

(က) လူအများနေထိုင်ရာ ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ်ခြင်း။

(ခ) လူအများအတွက် သောက်သုံးရေများကို အပြည်ပြည်ဆိုင်ရာ စံချိန်မီသတ်မှတ်ခြင်း နှင့် ကာကွယ်စောင့်ရှောက်ခြင်း။

(ဂ) လူအများနေထိုင်ရာ ပတ်ဝန်းကျင်လေထုတွင် လူတို့ကို ဘေးအန္တရာယ်ဖြစ်စေသော အခိုးအငွေ့၊ အနံ့အသက်၊ အမှုန်အမွှား၊ အသံပလံနှင့် ဓာတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း။

(ဃ) မြို့ရွာစည်ပင်သာယာရေး၊ အိမ်ရာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့ သွားလာ နေထိုင်အသုံးပြုသည့် အဆောက်အဦ (သို့မဟုတ်) နေရာများ၏ ကျန်းမာသန့်ရှင်း ရေးအတွက် ဆောင်ရွက်ခြင်း။

## မြန်မာ့အာမခံဥပဒေ (၁၉၉၃)

<u>အခန်း (၂)၊ ပုဒ်မ (၄)</u> ။ မြန်မာ့အာမခံကို အောက်ပါရည်မှန်းချက်များဖြင့် တည်ထောင်သည်။

(က) ဖြစ်ပျက်တတ်သော ဘေးအန္တရာယ်များကြောင့် ပြည်သူများ ကြုံတွေ့နိုင်သည့် လူမှုရေး၊ စီးပွားရေး နစ်နာဆုံးရှုံးမှုများကို နစ်ဦးနှစ်ဖက် သဘောတူညီချက်များအရ အာမခံထားခြင်းဖြင့် ငွေကြေးပြေလည်မှု ရရှိစေရန်၊

(ခ) လူတစ်ဦးစီအလိုက် အသက်အာမခံထားခြင်းဖြင့် ငွေစုဆောင်းသည့် အလေ့အထ တိုးပွားစေပြီး နိုင်ငံတော်၏ အရင်းအနှီးစုဆောင်းမှုကို အထောက်အကူပြုရန်၊

(ဂ) လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လိုအပ်လာမည့် အာမခံ အကာအကွယ်အမျိုးမျိုးကို ထိရောက်စွာ ဆောင်ရွက်ပေးခြင်းဖြင့် အာမခံစနစ် အပေါ် ပြည်သူများ ယုံကြည်ကိုးစားမှု ရှိလာစေရန်။

<u>အခန်း (၇)၊ ပုဒ်မ (၁၅)</u> အရ စက်တပ်ယာဉ်ပိုင်ရှင်များသည် မြန်မာ့အာမခံ၌ သူတပါးထိခိုက်မှု အာမခံ မထားမနေရ ထားရှိရမည်။

<u>အခန်း (၇)၊ ပုဒ်မ (၁၆)</u> အရ နိုင်ငံတော်ပိုင်ပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်သော (သို့မဟုတ်) ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များကို နစ်နာဆုံးရှုံးမှုဖြစ်စေနိုင်သော (သို့မဟုတ်) ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေနိုင်သော လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သော လုပ်ငန်းရှင် (သို့မဟုတ်) အဖွဲ့အစည်းသည် မြန်မာ့အာမခံ၌ အထွေထွေနစ်နာဆုံးရှုံးမှု ပေးလျော်ရန် အာမခံမထားမနေရ ထားရှိရမည်။

<u>အခန်း (၇)၊ ပုဒ်မ (၁၇)၊ ပုဒ်မ (၁၆)</u>။ အရ အထွေထွေနစ်နာဆုံးရှုံးမှုပေးလျော်ရန် အာမခံမထားမနေရ ထားရှိရမည့် လုပ်ငန်းရှင် (သို့မဟုတ်) အဖွဲ့အစည်းများကို ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

## ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)

အခန်း(၄)၊ ပုဒ်မ(၅)။ မည်သူမျှကန့်သတ်တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရ။

အခန်း(၄)၊ ပုဒ်မ(၆)။ မည်သူမျှ ခွင့်ပြုချက်ရယူရန်သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက် ရယူခြင်းမရှိဘဲ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရ။

**လျှပ်စစ်ဥပဒေ (၂၀၁၄)**

အခန်း(၁၂)၊ ပုဒ်မ(၄၄)။ မည်သူမျှခွင့်ပြုမိန့်မရှိဘဲ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

အခန်း(၁၂)၊ ပုဒ်မ (၄၅)။ ခွင့်ပြုမိန့်ရရှိသူမည်သူမျှ ခွင့်ပြုမိန့်ပါလုပ်ငန်းမှအပ အခြားမည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

အခန်း(၁၂)၊ ပုဒ်မ(၄၆)။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်ဆိုင်ရာ လက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့်ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။

**ပုဂ္ဂလိကစက်လုပ်ငန်းဥပဒေ (၁၉၉၀)**

အခန်း(၂)၊ ပုဒ်မ(၃)။ ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အောက်ပါ အခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

(ခ) စက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ခေတ်မီနည်းပညာများ ရရှိစေရန်နှင့် စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော ကုန်ချောပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်လည်း အခြေချစေရန်။

(ဂ) ပြည်တွင်းသယံဇာတပစ္စည်းကို အဓိကအားထား၍ အသုံးပြုစေရန်။

(ဃ) စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ကျေးလက်ဒေသနှင့်မြို့ပြဒေသတို့ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေရန်။

(င) အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်စေရန်။

(စ) ပတ်ဝန်းကျင်ညစ်ညမ်းစေသော နည်းပညာအသုံးပြုမှုကို ရှောင်ရှားစေရန် သို့မဟုတ် လျော့ချစေရန်။

(ဆ) စွမ်းအင်ကို အသက်သာဆုံးသောနည်းဖြင့် အသုံးပြုစေရန်။

**၄.၃.၃။ စီမံကိန်းနှင့် သက်ဆိုင်သည့် နိုင်ငံတကာ ကွန်ဗင်းရှင်းများနှင့် သဘောတူစာချုပ်များ**

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်နှင့်သက်ဆိုင်သော ၃၀ ထက်မနည်း နိုင်ငံတကာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ ရှိပါသည်။

မြန်မာနိုင်ငံမှ လက်မှတ်ထိုးထားသော ဒေသဆိုင်ရာ ကွန်ဗင်းရှင်းအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(1) ASEAN Agreement on Conservation of Nature and Natural Resources. Kuala Lumpur, 1985

(2) ASEAN Agreement on Tran-boundary Haze Pollution, 2002

(3) Establishment of ASEAN Regional Centre for Biodiversity, 2005

အပြည်ပြည်ဆိုင်ရာ အရေးကြီးသော ကွန်ဗင်းရှင်းအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(1) Convention for the protection of World Culture and National Heritages. Paris, 1972

(2) Vienna convention for the protection of Ozone Layer. Vienna, 1985

(3) Convention on Biological Diversity. Rio-de-Janero, 1992

(4) U N Frame work Convention on Climate Change, 1992.

(5) Kyoto Protocol on the frame work convention on climate change. Kyoto, 1998

(6) Protocol on Bio safety. Cartagena, 2000

(7) Convention on Persistent Organic Pollution (POP). Stockholm, 2004

(8) UN Climate Change Conference, COP (conference of the parties) 21, Paris, 2015

(9) UN Climate change conference, COP 22, Marrakesh, 2016

(10) International conference on climate change, 2017

(11) UN Climate Change Conference, COP 24, Katowice, Poland 2018

(12) Second international conference on climate change, Colombo, 2018 and all UN Climate change yearly conference hold in the frame work of UN Framework Convention on Climate Change (UNFCCC)

### ၄.၃.၄။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ စံချိန်စံညွှန်းများ

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

### ၄.၃.၄.၁။ စွန့်ထုတ်အရည်အသွေးအဆင့်သတ်မှတ်ချက်များ

စွန့်ထုတ်အရည်အသွေးအား ထိန်းသိမ်းမည့် စံချိန်စံညွှန်းများမှာ အောက်ပါဇယား အတိုင်း ဖြစ်ပါသည်-

| Parameter | Unit | Guideline Value |
|---|---|---|
| 5-day Biochemical oxygen demand | mg/l | 50 |
| Ammonia | mg/l | 10 |
| Arsenic | mg/l | 0.1 |

| | | |
|---|---|---|
| Cadmium | mg/l | 0.1 |
| Chemical oxygen demand | mg/l | 250 |
| Chlorine (total residual) | mg/l | 0.2 |
| Chromium (hexavalent) | mg/l | 0.1 |
| Chromium (total) | mg/l | 0.1 |
| Copper | mg/l | 0.5 |
| Cyanide (free) | mg/l | 0.1 |
| Cyanide (total) | mg/l | 1 |
| Fluoride | mg/l | 20 |
| Heavy metals (total) | mg/l | 10 |
| Iron | mg/l | 3.5 |
| Lead | mg/l | 0.1 |
| Mercury | mg/l | 0.01 |
| Nickel | mg/l | 0.5 |
| Oil and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Phenols | mg/l | 0.5 |
| Selenium | mg/l | 0.1 |
| Silver | mg/l | 0.5 |
| Sulfide | mg/l | 1 |
| Temperature increase | $^{o}$C | <3[b] |
| Total coliform bacteria | 100 ml | 400 |
| Total phosphorus | mg/l | 2 |
| Total suspended solids | mg/l | 50 |
| Zinc | mg/l | 2 |

[a] Standard Unit

[b] At the edge of a scientifically established mixing zone which takes into account ambient water quality, receiving water use, potential receptors and assimilative capacity; when the zone is not defined, use 100 meters from the point of discharge.

### ၄.၃.၄.၂။ ပတ်ဝန်းကျင်လေအရည်အသွေးသတ်မှတ်ချက်

ခဲသတ္တုရေဆေးကန်လုပ်ငန်း မှ လေထုညစ်ညမ်းစေနိုင်သော ဓာတ်ငွေ့များထွက်ရှိလာနိုင်ခြင်း၊ ဖုန်မှုန့်များပျံ့လွင့်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုများ မရှိစေရေးအတွက် အောက်ဖော်ပြပါ လေထုအရည်အသွေးများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| Parameter | Averaging Period | Guideline Value ug/$m^3$ |
|---|---|---|
| Nitrogen dioxide | 1- Year<br>1- Hour | 40<br>200 |
| Ozone | 8- Hour daily Maximum | 100 |
| Particulate matter PM 10[a] | 1- Year<br>24- Hour | 20<br>50 |
| Particulate matter PM 2.5[b] | 1- Year<br>24- Hour | 10<br>25 |
| Sulfur dioxide | 24- Hour<br>10- Minute | 20<br>500 |

[a] particulate matter 10 micrometers or less in diameter

[b] particulate matter 2.5 micrometers or less in diameter

### ၄.၃.၄.၃။ ဆူညံသံ

ခဲသတ္တုရေဆေးကန်လုပ်ငန်းမှ အသုံးပြုသည့် မီးစက်နှင့်စက်ယန္တရားများ လည်ပတ်မှုကြောင့် အလုပ်သမားများ၊ ဝန်ထမ်းနေအိမ်များနှင့် လုပ်ငန်းဧရိယာအတွင်း ဆူညံသံများ အား ထိန်းသိမ်းရာတွင် အောက်ဖော်ပြပါ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| Receptor | One Hour Laeq (dBA)[a] | |
|---|---|---|
| | Day time<br>07:00 - 22:00<br>(10:00 – 22:00 for Public holidays) | Night time<br>22:00 - 07:00<br>(22:00 – 10:00 for Public holidays) |
| Residential, Institutional Education | 55[a] | 45[a] |
| Industrial, commercial | 70[a] | 70[a] |

[a] Equivalent continuous sound level in decibels

### ၄.၃.၄.၄။ WHO Drinking Water Guideline (Geneva - 1993)

ခဲသတ္တုရေဆေးကန်လုပ်ငန်းတွင် ပတ်ဝန်းကျင်နှင့်လူသားတို့၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် ပတ်ဝန်းကျင်တို့အားထိခိုက်စေမှုများကို ရှောင်ရှားရန်၊ အနည်းဆုံး ဖြစ်စေရန်နှင့် ထိန်းချုပ်နိုင်ရန်အတွက် အောက်ဖော်ပြပါ WHO Drinking Water Guideline နှင့်အညီ ဆောင်ရွက်သွားပါမည်။

| Parameter | Unit | Guideline Value |
|---|---|---|
| pH | | 6.5 – 8.5 |
| Colour (True) | TCU | 15 |
| Turbidity | NTU | 5 |
| Total Hardness | mg/l | 500 |
| Iron (total) | mg/l | 0.3 |
| Chloride | mg/l | 250 |
| Sulphate | mg/l | 500 |
| Total Solids | mg/l | 1500 |
| Total Dissolved Solids | mg/l | 1000 |
| Fluoride | mg/l | 1.5 |
| Lead | mg/l | 0.01 |
| Arsenic | mg/l | 0.01 |
| Cyanide | mg/l | 0.07 |
| Zinc | mg/l | 3 |
| Copper | mg/l | 2 |

[a] Standard Unit

### ၄.၃.၄.၅။ လူမှုဆိုင်ရာလိုက်နာရမည့် အချက်များ

အထက်ဖော်ပြပါလမ်းညွှန်ချက်များအပြင် ဝန်ထမ်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်အလေးထားဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သက်သာချောင်ချိရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းစသည့်အချက်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ကျေးရွာများအတွက်လည်း ဘာသာရေးဆိုင်ရာဘုရားကျောင်းများ၊ စေတီများ၊ ရွာလမ်းများ၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ ကျေးရွာချင်းဆက် လမ်းတံတား များနှင့် ရပ်ရွာလူထု၏ တောင်းဆိုချက်များအပေါ် GPS Joint Venture ကုမ္ပဏီလီမိတက်မှအတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

### ၄.၃.၅။ ကျန်းမာရေးဆိုင်ရာစံချိန်စံညွှန်းများ

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းများတွင် ကျန်းမာရေးဆိုင်ရာစံချိန်စံညွှန်းများအတွက် လက်ရှိမြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးဥပဒေ(၁၉၇၂)အား လေ့လာစီစစ်ပြီးလုပ်ငန်းနှင့်အညီ ဆောင်ရွက်သွားပါမည်။

### ၄.၃.၅.၁။ ကျန်းမာရေးထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာမူဝါဒများ

- လုပ်ငန်းဧရိယာနှင့် ဒေသခံများအသုံးပြုလျက်ရှိသော ရေအရင်းအမြစ် ထိခိုက်မှု ရှိ/ မရှိ အား (၆)လ တစ်ကြိမ်စစ်ဆေးပေးရန်၊
- လုပ်ငန်းဧရိယာနှင့်အနီးပန်းကျင်တွင် လေထုညစ်ညမ်းမှုမရှိစေရေး ဆောင်ရွက် ပေးရန်၊
- လုပ်ငန်းအနီးဂန်းကျင်ရှိ ဒေသခံများ၏ကျန်းမာရေးစောင့်ရှောက်မှုအား စီစဉ်ဆောင်ရွက် ပေးရန်၊
- လုပ်ငန်းဧရိယာအတွင်း ဆေးပေးခန်းတစ်ခုထူထောင်ပြီး ဝန်ထမ်းများအား အခမဲ့ ဆေးဝါး ကုသမှုပေးရန်။

# အခန်း(၅)

# လုပ်ငန်း၏အကြောင်းအရာဖော်ပြချက်

## ၅.၁။ လုပ်ငန်းနောက်ခံအကြောင်းအရာဖော်ပြချက်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းကို ၂၀၁၉ ခုနှစ် တွင် စတင်တည်ဆောက်ခဲ့ပြီး လုပ်ငန်းလည်ပတ်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထားခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအား ကွင်းဆင်းစိစစ်၍ ပြန်လည်တင်ပြရန် ရည်ညွှန်းစာဖြင့် ညွှန်ကြားခဲ့ပါသည်။ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဦးကျော်မိုး၊ ဦးစီးအရာရှိ ဒေါ်တင်တင်မြင့်နှင့် ဒုတိယဦးစီးမှူးဒေါ်အေးမြတ်သူတို့သည် (၁၁.၁၂.၂၀၁၉) ရက်နေ့တွင် ကွင်းဆင်း၍ အစီရင်ခံစာတင်ပြခဲ့ပါသည်။ ကွင်းဆင်းအစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နောက်ဆက်တွဲ(က)၊ ဇယားအမှတ်စဉ်(၈၅)အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan- EMP) အား ရေးဆွဲတင်ပြရန်လိုအပ်ကြောင်း သဘောထားမှတ်ချက်ပေးခဲ့သည့်အတွက် ယခုတင်ပြခြင်းဖြစ်ပါသည်။ လုပ်ငန်း၏မန်နေဂျာမှာ ဒေါ်စန်းစန်းရီဖြစ်ပါသည်။ GPS Joint Venture ကုမ္ပဏီ လီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းသည် Joint Venture (ဖက်စပ်) လုပ်ကိုင်သော လုပ်ငန်း ဖြစ်ပါသည်။ လယ်ယာမြေအခြားနည်း အသုံးပြုခွင့်လျှောက်ထားချက်များနှင့် ထောက်ခံချက်များ အား နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

| | |
|---|---|
| **လုပ်ငန်းအမျိုးအစား** | ခဲသတ္တုရေဆေးကန်လုပ်ငန်း |
| **လုပ်ငန်းတည်နေရာ** | ကွင်း/အကွက်အမှတ် (၈၆/ကန်သာရွာမကွင်း)၊ ဦးပိုင်အမှတ်(၁၁)၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ကလောမြို့နယ်။ |
| **စတင်တည်ထောင်ခဲ့သည့် ခုနှစ်** | ၂၀၁၉ အောက်တိုဘာလ |
| **စတင်လည်ပတ်သည့် ခုနှစ်** | ၂၀၂၀ ဇူလိုင်လ |
| **တစ်နှစ်စက်လည်ပတ်ရက်** | ရက် ၃၀၀ |
| **ရင်းနှီးမြှုပ်နှံမှုပမာဏ** | သိန်း ၆၀၀ |
| **တစ်ရက်ကုန်ချောထုတ်လုပ်မှုပမာဏ** | ၅ တန် |
| **သုံးစွဲမည့်လျှပ်စစ်ဓာတ်အားပမာဏ** | 155 KW (Generator) |
| **တစ်ရက်ကုန်ကြမ်းလိုအပ်ချက်** | တန် ၂၅ |
| **တစ်နှစ်ကုန်ကြမ်းလိုအပ်ချက်** | တန် ၇၅၀၀ |
| **ကုန်ကြမ်းသိုလှောင်ထားရှိမှု** | ခဲသတ္တုလုပ်ကွက်မှရေဆေးကန်သို့တိုက်ရိုက်ပို့ဆောင်ခြင်း |
| **သယ်ယူပို့ဆောင်မည့်နည်းလမ်း** | ခဲသတ္တုတူးဖော်ထုတ်လုပ်သည့်နေရာမှယာဉ်များဖြင့် |
| **ခဲသတ္တုလုပ်ကွက်နှင့် ရေဆေးကန် အကွာအဝေး** | ၂ မိုင်ခန့် |

| | |
|---|---|
| **ကုန်ချောထုတ်လုပ်မှုပမာဏ (တစ်နှစ်အတွက်)** | တန် ၁၅၀၀ |
| **ကုန်ချောသိုလှောင်ထားရှိမှု** | သတ်မှတ် ဂိုဒေါင်တွင်စုပုံစနစ်ဖြင့်ထားရှိ |
| **သယ်ယူပို့ဆောင်မည့်နည်းလမ်း** | Loader ဖြင့် စုပုံသည့်နေရာသို့ သယ်ယူ |
| **လက်ရှိလုပ်ဆောင်လျက်ရှိသော နည်းပညာ** | ရေပန်းထိုး၍ခဲသတ္တုနှင့်မြေစာအား Gravity နည်းစဉ်ဖြင့် ခွဲခြားခြင်း |
| **ဖြန့်ဖြူးမည့်နေရာ** | တရုတ်ပြည်သို့တင်ပို့ရောင်းချ |
| **Waste Water ထွက်ရှိမှုပမာဏ (တစ်ရက်)** | ၅၀၀၀ ဂါလံ<br>Recycle ပြန်သုံးပါသည် |
| **Waste Water ခွဲခြားသည့်နည်းစနစ်** | ခဲသတ္တုပါဝင်သောနှုံးနှင့်ရေကို အနည်စစ်ကန် တွင် ဖြတ်သန်း၍ နှုံးအနည်ထိုင်စေခြင်း နည်းစနစ် |
| **Waste Water နောက်ဆုံးစွန့်ပစ်သည့် နေရာ** | မရှိပါ။ (Recycle Water) |
| **ခဲသတ္တုပါဝင်သောနှုံးထွက်ရှိမှုပမာဏ (တစ်ရက်)** | ၂၀ တန် |
| **စွန့်ပစ်ပစ္စည်းအမျိုးအစားလိုက်ပါဝင်မှု (တစ်နှစ်)** | ခဲသတ္တုပါဝင်သောနှုံးအနည်အနှစ် - ၆၀၀၀ တန် |
| **ခဲသတ္တုပါဝင်သောနှုံးစုပုံမည့်နေရာ** | N 20° 58' 4.55", E 96° 46' 24.10" |
| **ခဲသတ္တုပါဝင်သောနှုံးအနည်အနှစ် စွန့်ပစ်သည့်စနစ်** | ကုမ္ပဏီပိုင်အမြုပ်ဖော်စက်ရုံ သို့ ပို့ဆောင် |
| **ကုမ္ပဏီပိုင်အမြုပ်ဖော်စက်ရုံနှင့် ရေဆေးကန်အကွာအဝေး** | ၆ ဖာလုံခန့် |

### ၅.၂။ လုပ်ငန်းကာလ

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းလုပ်ကိုင်ရန် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြ လျှောက်ထားဆဲဖြစ်ပါသည်။ ခဲသတ္တုရေဆေးကန်လုပ်ငန်းကို ၂၀၁၉ ခုနှစ် တွင် စတင် တည်ထောင်ခဲ့ပြီး ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ တွင်စတင်လည်ပတ်ခဲ့ပါသည်။

| စတင်တည်ဆောက်ခြင်း | ခွင့်ပြုမိန့်ရရှိခြင်း | စတင်လည်ပတ်ခြင်း | ပိတ်သိမ်းခြင်း |
|---|---|---|---|
| ၂၀၁၉၊ အောက်တိုဘာလ | လျှောက်ထားဆဲ | ၂၀၂၀၊ ဇူလိုင်လ | - |

## ၅.၃။ လုပ်ငန်း၏တည်နေရာ

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းတည်နေရာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်း ကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင်တည်ရှိပါသည်။အဆိုပြုလုပ်ငန်းတည်နေရာသည် ကွင်း/ အကွက်အမှတ်(၈၆/ကန်သာရွာမကွင်း)၊ ဦးပိုင်အမှတ်(၁၁)အတွင်းတည်ရှိပါသည်။ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများမှ ဟဲဟိုးမြို့သို့ကုန်းလမ်း၊လေကြောင်းလမ်းတို့ဖြင့်ရာသီမရွေးသွားလာ နိုင်ပါသည်။ဟဲဟိုးမြို့လမ်းခွဲမှမြောက်ဘက်(၁၉)မိုင်ခန့်အကွာ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်း ကျေးရွာသို့ ကတ္တရာခင်းလမ်းအတိုင်း ကား၊ ဆိုင်ကယ် တို့ဖြင့် ရာသီမရွေး သွားရောက်နိုင်ပါသည်။ ၎င်းမှတဆင့် (၁)မိုင်ခန့်ကွာဝေးသော လုပ်ကွက်သို့ ကတ္တရာခင်းလမ်း အတိုင်း ကား၊ ဆိုင်ကယ် တို့ဖြင့် ရာသီမရွေး သွားရောက် နိုင်ပါသည်။ အဆိုပြုလုပ်ငန်း တည်နေရာသည် (ယာ)မြေအမျိုးအစား ဖြစ်ပါသည်။ လုပ်ငန်းတည်နေရာမြေပုံအား အောက်တွင် ဖော်ပြထားပါ သည်။

## ၅.၄။ လုပ်ငန်း၏ မြေနေရာအကျယ်အဝန်း

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းဧရိယာအတွင်း ခဲသတ္တုရေဆေးကန်၊ ဝန်ထမ်းနေအိမ်၊ ရေသိုလှောင်ကန်၊ အနည်စစ်ကန် တူးဖော်ခြင်းနှင့် ခဲသတ္တု သိုလှောင်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများအတွက် တင်ပြထားသော လုပ်ငန်း၏ အကျယ် အဝန်းမှာ (၁၀.၈၆)ဧက ဖြစ်ပါသည်။

**မြေပုံများမှာ -**


(၁) ဒေသန္တရမြေပုံ

(၂) One Inch Map

(၃) UTM Map

(၄) ကောင်းကင်မြေပုံ

**GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်း၏ ဒေသန္တရနှင့်တည်နေရာပြမြေပုံ**





**GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊**

**ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင်**

**ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ကိုင်သည့်လုပ်ငန်း၏ တည်နေရာပြမြေပုံ**

**Part of One Inch Map No. 93D/13**




A - 2633722 1241140

B - 2633829 1241106

C - 2634138 1241352

D - 2633812 1241330


Area - 10.86 acres


**GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊**

**ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာပောင်းကျေးရွာအနီးတွင်**

**ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ကိုင်သည့်လုပ်ငန်း၏ တည်နေရာပြမြေပုံ**

**Part of UTM Sheet No. – 2096 – 13**




A - 268400 2320205

B - 268498 2320175


C - 268780 2320401

D - 268482 2320380

Area - 10.86 acres

**GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ကိုင်သည့်လုပ်ငန်း၏ တည်နေရာပြကောင်းကင်မြေပုံ**




A - N 20°58'4.38", E 96°46'20.80"

B - N 20°58'3.44", E 96°46'24.21"

C - N 20°58'10.92", E 96°46'33.86"

D - N 20°58'10.10", E 96°46'23.55"

Area - 10.86 acres

## ၅.၅။ ထုတ်လုပ်မည့် ထုတ်ကုန်နှင့် ထွက်ရှိမှု

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်းအနေဖြင့် ခဲသတ္တုကုန်ချောအား ထုတ်လုပ်သွားမည်ဖြစ်ပါသည်။ ခဲသတ္တုကုန်ကြမ်း တစ်ရက်လျှင် (၂၅)တန် အသုံးပြုပြီး ၎င်းမှ ခဲသတ္တုကုန်ချော တစ်ရက်လျှင် (၅)တန်နှင့် ခဲသတ္တုပါသောနှုံးမြေစာ (၂၀)တန် ထွက်ရှိပါသည်။ တစ်နှစ်ကုန်ချောတန်ချိန် (၁၅၀၀) နှင့် ခဲသတ္တုပါသောနှုံးမြေစာ (၆၀၀၀)တန် ထွက်ရှိပါမည်။

## ၅.၆။ တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ်

ရေရှားပါးသောဒေသဖြစ်သောကြောင့် မိုးရာသီအချိန်အခါများတွင် မိုးရေများအား မြေသား၊ ကွန်ကရစ်ရေလှောင်ကန်တို့ဖြင့် မိုးရေသိုလှောင်ထားပြီး လုပ်ငန်းသုံးရေနှင့် အလုပ်သမားသုံးရေအဖြစ် အသုံးပြုမည်ဖြစ်ပါသည်။ လုပ်သားများနှင့် လုပ်ငန်းအတွက် သုံးရေအဖြစ် (အလျား ၅၂ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၉ပေ) ရှိ ကွန်ကရစ်ရေလှောင်ကန် (၁) တစ်ကန်အား လူနေဆောင်နံဘေး (၁၀) ပေအကွာတွင် တည်ဆောက် ထားရှိ၍ GPS Joint Venture သတ္တုသန့်စင်စက်ရုံမှ ရေအား (၂) လက်မပိုက်ဖြင့် သွယ်ယူကာ သိုလှောင်ထားပါသည်။ သောက်ရေအတွက် ရေသန့်ဘူးများကိုသာ အသုံးပြုမည် ဖြစ်ပါသည်။ တစ်ရက်လျှင် ရေဂါလံ (၅၀၀၀) ခန့် ဆုံးရှုံး မည်ဟု ယူဆ၍ တစ်နှစ်ရေလိုအပ်ချက် အမြင့်ဆုံး ပမာဏ အား တွက်ချက်ထား ခြင်းဖြစ်ပါသည်။

| စဉ် | ရေသုံးစွဲမည့်အကြောင်းအရာ | ရေရယူမည့်အရင်းအမြစ် | ပမာဏ(၁ နှစ်) |
|---|---|---|---|
| ၁ | လုပ်သားများအတွက် သုံးရေ | မိုးရေ၊ ချောင်းရေ | (၂၀×၂၅×၃၀၀) = ၁၅၀,၀၀၀ ဂါလံ |
| ၂ | သောက်သုံးရေ | သောက်ရေသန့်ဘူး | (၂၀×၁× ၃၀၀) = ၆၀၀၀ ဂါလံ |
| ၃ | လုပ်ငန်းသုံးရေ | မိုးရေ၊ ချောင်းရေ | (၅၀၀၀×၃၀၀) = ၁,၅၀၀,၀၀၀ ဂါလံ |

## ၅.၇။ တစ်နှစ်အတွက်လောင်စာဆီလိုအပ်ချက်

GPS Joint Venture ကုမ္ပဏီလီမိတတ်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းအတွင်း အသုံးပြုလျက်ရှိသော စက်ယန္တရားများအတွက် (၁) နှစ်လျှင် ဒီဇယ် (၈၄၀၀) ဂါလံခန့်နှင့် အင်ဂျင်ဝိုင် (၄၀၀) ဂါလံခန့် လိုအပ်မည် ဖြစ်ပါသည်။ ပျှမ်းမျှလောင်စာဆီ သုံးစွဲမှုမှာ အလုပ်လုပ်သည့် လုပ်ငန်းပမာဏပေါ်တွင် မူတည်၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။

မီးစက်(အကြီး) = တစ်ရက်လျှင် (၁၄) ဂါလံခန့် x ၁နှစ်အတွက်ရက်ပေါင်း (၃၀၀) = ၄၂၀၀ ဂါလံ

မီးစက်(အသေး) = တစ်ရက်လျှင် (၄) ဂါလံခန့် x ၁နှစ်အတွက်ရက်ပေါင်း (၃၀၀) = ၁၂၀၀ ဂါလံ

Loader = တစ်ရက်လျှင် (၁၀) ဂါလံခန့် x ၁နှစ်အတွက်ရက်ပေါင်း (၃၀၀) = ၃၀၀၀ ဂါလံ

တစ်ပတ်စာအတွက်လိုအပ်သော လောင်စာဆီနှင့်အင်ဂျင်ဝိုင်များကို လုပ်ငန်းနှင့် (၁၉) မိုင်ခန့်ကွာဝေးသော ဟဲဟိုးမြို့မှ ပေပါများဖြင့်ဝယ်ယူအသုံးပြုမည် ဖြစ်ပြီး မီးစက်ထားရှိသည့် ဂိုဒေါင်တွင် သိုလှောင်ထားရှိမည်ဖြစ်ပါသည်။

| စဉ် | အမျိုးအစား | Capacity | အရေအတွက် | လောင်စာဆီကုန်ကျမှု(တစ်နှစ်) |
|---|---|---|---|---|
| ၁ | မီးစက် (အကြီး) | ၁၅၀ KW | ၁ လုံး | ၄၂၀၀ ဂါလံ |
| ၂ | မီးစက် (အသေး) | ၅ KW | ၁ လုံး | ၁၂၀၀ ဂါလံ |
| ၃ | Loader | ၁.၅ တန် | ၁ စီး | ၃၀၀၀ ဂါလံ |
| ၄ | ရေမြှုပ်မော်တာ | ၇.၅ HP | ၂ လုံး | - |
| ၅ | ရေပိုက်ခေါင်း | ၂ လက်မ | ၄၀ လုံး | - |
| စုစုပေါင်း | | | | ၈၄၀၀ ဂါလံ |

## ၅.၈။ သုံးစွဲမည့် ဓာတုပစ္စည်းများအပါအဝင်ကုန်ကြမ်းပစ္စည်းများ

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်းတွင် ရေအားကိုသုံး၍ ခဲနှင့်မြေစာခွဲခြားမည့်နည်းစဉ်ကို အသုံးပြုမည်ဖြစ်သောကြောင့် ဓာတုပစ္စည်းအသုံးပြုခြင်းမရှိပါ။ အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းများမှာစက်ယန္တရားများအတွက်စက်သုံးဆီများ၊ချောဆီများ၊ ရေပန်းထိုး ခဲသတ္တုရေဆေး သန့်စင်ခြင်းအတွက် ပေါက်ပြား၊ ပေါက်တူး၊ နော်ဇယ်ခေါင်းတပ် (၂)လက်မ ရေပိုက်များအား အဓိကထားအသုံးပြုပါမည်။ အဆောက်အဦးများ ဆောက်လုပ်ရန် အတွက် လိုအပ်သော သံထည်ပစ္စည်းများ၊ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ထုံး၊ သစ်၊ သွပ်နှင့် အိမ်ဆောက် ပစ္စည်းမျိုးစုံအား လုပ်ငန်း အနီးရှိဘော်ဆိုင်းကျေးရွာနှင့် (၁၉)မိုင်ခန့်ကွာဝေးသော ဟဲဟိုးမြို့မှ ဝယ်ယူ အသုံးပြုမည် ဖြစ်ပါသည်။

## ၅.၉။ အသုံးပြုမည့် လုပ်သားအရေအတွက်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းတွင် အသုံးပြုမည့် လုပ်သားအရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | ရာထူး | ဦးရေ | ကျား/မ |
|---|---|---|---|
| ၁ | စီမံကိန်းတာဝန်ခံ | (၁) ဦး | မ |
| ၂ | စက်ဆရာ | (၂) ဦး | ကျား |
| ၃ | ယာဉ်နှင့်စက်မောင်း | (၂) ဦး | ကျား |
| ၄ | အထွေထွေလုပ်သား | (၁၂) ဦး | ကျား |
| ၅ | လုံခြုံရေး | (၂) ဦး | ကျား |
| ၆ | စားရိပ်သာ | (၁) ဦး | မ |
| စုစုပေါင်း | | (၂၀) ဦး | |

အသက်အရွယ် အပိုင်းအခြားအဖြစ် (၂၀)နှစ်မှ (၄၀)နှစ်ကြားရှိ လုပ်သားများအား တာဝန်ပေးခန့်အပ်ပါမည်။ စုစုပေါင်းအသုံးပြုမည့် လုပ်သား ဦးရေမှာ (၂၀) ဦး ဖြစ်ပါသည်။

### ၅.၁၀။ အသုံးပြုမည့်စက်ယန္တရားအင်အား

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းတွင် အသုံးပြုမည့် စက်ယန္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အမျိုးအစား | Capacity | အရေအတွက် |
|---|---|---|---|
| ၁ | မီးစက် (အကြီး) | ၁၅၀ KW | ၁ လုံး |
| ၂ | မီးစက် (အသေး) | ၅ KW | ၁ လုံး |
| ၃ | Loader | ၁.၅ တန် | ၁ စီး |
| ၄ | ရေမြှုပ်မော်တာ | ၇.၅ HP | ၂ လုံး |
| ၅ | ရေပိုက်ခေါင်း | ၂ လက်မ | ၄၀ လုံး |

### ၅.၁၁။ အဆောက်အဦးနှင့်ဆက်စပ်အဆောက်အဦးအရေအတွက်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းလုပ်ကိုင်သည့် မြေနေရာအတွင်း အောက်ပါအဆောက်အဦးများ ဆောက်လုပ်မည်ဖြစ်ပါ သည်။

| စဉ် | အဆောက်အဦးအမည် | အမျိုးအစား | အတိုင်းအတာ | အရေအတွက် |
|---|---|---|---|---|
| ၁ | လုံခြုံရေးဂိတ်တဲ | ကွန်ကရစ်၊ သွပ်မိုး | ၁၀' x ၆' x ၁၀' | (၁) လုံး |
| ၂ | ဂိုဒေါင် | မြေစိုက်၊ သွပ်မိုး | ၁၂၀' x၆၀' x၃၅' | (၁) လုံး |
| ၃ | လူနေဆောင်<br>(ရုံးခန်းနှင့် စားဖိုဆောင်) | သွပ်မိုး၊ အုတ်ကာ၊<br>ကွန်ကရစ်ခင်း | ၁၄၀' x ၄၅'x၁၂' | (၁) လုံး |
| ၄ | ဧည့်သည်နားနေဆောင် | သွပ်မိုး၊ အုတ်ကာ၊<br>ကွန်ကရစ်ခင်း | ၁၂' x ၁၂' x ၁၂' | (၁) လုံး |
| ၅ | သတ္တုရေဆေးကန်<br>(အကန့်၁၀ကန့်ပါဝင်သော) | မြေစိုက်၊ သွပ်မိုး | ၁၂၅' x ၁၀'x ၁၂' | (၂) လုံး |
| ၆ | အနည်စစ်ကန် | မြေသား | ၁၀၀'x ၈၀'x ၂၃' | (၁) ကန် |
| | | မြေသား | ၉၀'x ၆၅'x ၂၃' | (၂) ကန် |
| ၇ | နှုံးစစ်ကန် | မြေသား | ၁၀၀' x ၈၀' x ၆' | (၂) ကန် |
| ၈ | ရေစစ်ကန် | မြေသား | ၁၇၀'x ၂၀'x ၂၀' | (၁) ကန် |
| ၉ | မီးစက်အသေးထားရှိသည့်<br>ဂိုဒေါင် | သွပ်မိုး၊ အုတ်ကာ၊<br>ကွန်ကရစ်ခင်း | ၂၀' x ၁၀' x ၁၂' | (၁) လုံး |
| ၁၀ | ရေမြုပ်မော်တာအဆောက်အဦး | သွပ်မိုး၊ အုတ်ကာ၊<br>ကွန်ကရစ်ခင်း | ၂၀' x ၁၀' x ၁၂' | (၁) လုံး |
| ၁၁ | အမှိုက်ကျင်း | ကွန်ကရစ် | ၄' x ၄' x ၄' | (၁) ကျင်း |
| ၁၂ | ရေလှောင်ကန် | ကွန်ကရစ် | ၅၂' x ၁၄' x ၉' | (၁) ကန် |

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်သည့်ဧရိယာအတွင်း အဆောက်အဦးနှင့်ဆက်စပ်အဆောက်အဦးများနေရာပြ Layout Plan Map**




- လုံခြုံရေးဂိတ်တဲ (N 20°58'7.86", E 96°46'27.13")
- ဂိုဒေါင် (N 20°58'6.97", E 96°46'27.20")
- လူနေဆောင်၊(ရုံးခန်းနှင့် စားဖိုဆောင်)နှင့် ဧည့်သည်နားနေဆောင် (N 20°58'8.98", E 96°46'25.34")
- (အကန့်၁၀ကန့်ပါသော)သတ္တုရေဆေးကန် (N 20°58'5.65", E 96°46'24.33")
- အနည်စစ်ကန် (N 20°58'5.56", E 96°46'22.57")
- နှုံးစစ်ကန် (N 20°58'7.50", E 96°46'24.04")
- ရေစစ်ကန် (N 20°58'6.80", E 96°46'23.65")
- မီးစက်အသေးထားရှိသည့်ဂိုဒေါင် (N 20°58'4.69", E 96°46'22.96")
- ရေမြုပ်မော်တာအဆောက်အဦး (N 20°58'4.32", E 96°46'22.97")
- အမှိုက်ကျင်း (N 20°58'9.63", E 96°46'23.60")
- ရေလှောင်ကန် (N 20°58'9.68", E 96°46'24.26")
- ခဲသတ္တုပါဝင်သောနှုံး ( N 20°58'4.55", E 96°46'24.10")

### ၅.၁၂။ တစ်ရက်အလုပ်လုပ်ချိန်

တစ်ရက်အလုပ်လုပ်ချိန်မှာ နံနက်(၈:၀၀)နာရီမှ နေ့လည်(၁၂:၀၀) နာရီအထိ တစ်ကြိမ် နေ့လည်(၁:၀၀) နာရီမှ ညနေ(၅:၀၀)နာရီ အထိတစ်ကြိမ် စုစုပေါင်း တစ်ရက် အလုပ်လုပ်ချိန် (၈)နာရီဖြင့် အလုပ်သမားဥပဒေပါအတိုင်း သတ်မှတ် ဆောင်ရွက်စေပါမည်။ တစ်ရက်လျှင် အဆိုင်းတစ်ဆိုင်းသာ အလုပ်လုပ်ပါမည်။ တစ်နှစ်လျှင်ရက်ပေါင်း (၃၀၀)ခန့် အလုပ်လုပ်ပါမည်။

### ၅.၁၃။ လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်မှု

ခဲသတ္တုရေဆေးကန်လုပ်ငန်းဆောင်ရွက်ရာတွင် (က) လုပ်ငန်းတည်ဆောက်ခြင်း အတွက် အပေါ်ယံမြေမျက်နှာပြင်ရှင်းလင်းခြင်း၊ နိမ့်မြင့်ပြကွန်တိုမြေပုံရေးဆွဲခြင်း၊ အဆောက်အဦး ဒီဇိုင်းများ ရေးဆွဲခြင်း၊ အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန် တူးဖော်ခြင်း၊ (ခ) လုပ်ငန်းလည်ပတ်ခြင်း နှင့် (ဂ) လုပ်ငန်းပိတ်သိမ်းခြင်းများ ဆောင်ရွက်ပါမည်။

လုပ်ငန်းအဆင့်ဆင့်အား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(က) လုပ်ငန်းတည်ဆောက်ခြင်း**

**(၁) အပေါ်ယံမြေမျက်နှာပြင်ရှင်းလင်းခြင်း**

ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်ရန် ရေပန်းထိုးစက်ပစ္စည်းများ ထားရှိမည့်နေရာ၊ အဆောက်အဦးဆောက်လုပ်သည့်နေရာ၊ ခဲသတ္တုကုန်ကြမ်း နှင့် ကုန်ချောထားရှိသည့် နေရာနှင့် အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းများအတွက် အပေါ်ယံမြေမျက်နှာပြင် ရှင်းလင်းခြင်းများလုပ်ဆောင်ပါသည်။ ၎င်းအပြင်လမ်းများကိုလည်း သင့်တော်သောနေရာများတွင် ဖောက်လုပ်၍ အတတ်နိုင်ဆုံး ဒေသခံများအသုံးပြုသော လမ်းဟောင်းများကိုသာ ပြုပြင်အသုံးပြု ပါသည်။ ရေပန်းထိုးစက်ပစ္စည်းများထားရှိသည့် နေရာ၊ အဆောက်အဦး၊ အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန်နှင့် လမ်းဖောက်လုပ်ရာတွင်လည်း အတတ်နိုင်ဆုံး သစ်ပင်များခုတ်ထွင် ရှင်းလင်းခြင်း ကို အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ပါသည်။

**(၂) နိမ့်မြင့်ပြကွန်တိုမြေပုံရေးဆွဲခြင်း**

ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းဧရိယာ အား GPS, Theodolite နှင့် Total Station စသည့် မြေတိုင်းကိရိယာများ အားအသုံးပြု၍ လုပ်ငန်း၏ အကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင် နိမ့်မြင့်ပြမြေပုံအား တိုင်းတာရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပါသည်။ ရေပန်းထိုး စက်ပစ္စည်းများထားရှိသည့်နေရာ၊ အဆောက်အဦး၊ အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန် တည်ဆောက်သည့်နေရာအတွက် မြေနေရာ သတ်မှတ်ခြင်း၊ တိုင်းတာခြင်းများ ပြုလုပ်ပါသည်။ ဤအဆင့်တွင်လည်း သစ်ပင်များ ခုတ်လှဲရန်မလိုအပ်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းငယ် သာရှိပါသည်။

**(၃) အဆောက်အဦးဒီဇိုင်းများရေးဆွဲခြင်းနှင့်ဆောက်လုပ်ခြင်း**

ရေဆေးကန်တည်ဆောက်မည့်နေရာနှင့် လိုအပ်သော အဆောက်အဦးများ ဆောက်လုပ်နိုင်ရန်အတွက် Layout Plan နှင့် အဆောက်အဦးဒီဇိုင်းများကို ရေးဆွဲ၍ ဆောက်လုပ်ပါသည်။ အဆောက်အဦးများဆောက်လုပ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြည့်ကြပ်စီစဉ်ဆောင်ရွက်ပါသည်။ အဆောက်အဦးများဆောက်လုပ်ရန်အတွက် လိုအပ်သော အိမ်ဆောက်ပစ္စည်းမျိုးစုံအား လုပ်ငန်းနှင့် (၁၉)မိုင်ခန့် ကွာဝေး သော ဟဲဟိုးမြို့မှ ဝယ်ယူ အသုံးပြုပါမည်။

**(၄) အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန် များတူးဖော်ခြင်း**

ခဲသတ္တုရေဆေးကန်အတွက် အဓိကလိုအပ်နေသော ရေရရှိနိုင်ရေးနှင့် ခဲသတ္တု ပါဝင်သော နှုံးမြေများအား စနစ်တကျရှိစေရေးအတွက် အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန်များကို လုပ်ငန်းဧရိယာအတွင်း သင့်လျော်သော နေရာများတွင် တူးဖော်ခြင်း များ ဆောင်ရွက်ပါမည်။

**(ခ) လုပ်ငန်းလည်ပတ်ခြင်း**

လုပ်ငန်းလည်ပတ်ခြင်းကာလတွင် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို လုပ်ဆောင်ပါမည်-

**(၁) ခဲသတ္တုပါဝင်သော ခဲနှင့်မြေစာရောရာကုန်ကြမ်းမြေများစုဆောင်းခြင်း**

ခဲသတ္တုပါဝင်သော ခဲနှင့်မြေစာရောရာကုန်ကြမ်းများအား အနီးပတ်ဝန်းကျင်ရှိ တရားဝင် လုပ်ကွက်များနှင့် ကုမ္ပဏီပိုင်လုပ်ကွက်မှ ရေဆေးကန်သို့ ကုမ္ပဏီပိုင်ယာဥ်၊ ထော်လာဂျီများဖြင့် သယ်ယူပါမည်။ ခဲသတ္တုပါဝင်သောကုန်ကြမ်းပစ္စည်းများအားသိုလှောင်ထားရှိခြင်းမရှိဘဲ ရေဆေးကန်တွင် တိုက်ရိုက် ရေဆေးသန့်စင်ပါမည်။ ခဲသတ္တုကုန်ကြမ်း တစ်ရက်လျှင် ပျမ်းမျှ(၂၅)တန် အသုံးပြုမည် ဖြစ်ပါသည်။

**(၂) ရေဆေးကန်တွင်သတ္တုများဆေးခြင်း**

ပထမဦးစွာ ခဲသတ္တုလုပ်ကွက်များမှ ရရှိလာသော ခဲနှင့်မြေစာရောရာကုန်ကြမ်းများအား (၁၂' × ၈' × ၂') ရှိ သတ္တုရေဆေးကန် အလုံး(၂၀)တွင် ရေများပတ်ဖြန်း၍ ကန်ထဲတွင် ရေအပြည့်ဖြည့်ပြီး ၃ နာရီခန့် ရေစိမ်ထားမည်ဖြစ်ပါသည်။ ၎င်းရေစိမ်ထားသော ခဲနှင့်မြေစာရောရာကုန်ကြမ်းများအား Φ ၂လက်မ ရှိ ရေပိုက်ခေါင်း (၄၀)ခု ဖြင့် ၁ နာရီခန့် ရေပန်းထိုးသန့်စင်မည်ဖြစ်ပါသည်။ ရေစုကန်မှ ရေများကို ရေမြှုပ်မော်တာ (၂)လုံးဖြင့် စုပ်တင်ပြီး ရေပန်းထိုးသောနေရာတွင်အသုံးပြုသွားမည် ဖြစ်ပါသည်။ တစ်ရက်လျှင် ရေဂါလံ (၆၀၀၀၀) ကို Recycle Water အနေနှင့် ပြန်လည်အသုံးပြုသွားမည်ဖြစ်ပြီး တစ်ရက်လျှင် ရေဆုံးရှုံးမှုမှာ ဂါလံ (၅၀၀၀) ခန့် ရှိနိုင်ပါသည်။

**(၃) ကုန်ချောထွက်ရှိမှုပမာဏ၊ စုပုံခြင်းနှင့် ရောင်းချခြင်း**

တစ်ရက်လျှင် ခဲသတ္တုပါဝင်သော ခဲနှင့်မြေစာရောရာကုန်ကြမ်း (၂၅)တန်အား ရေဆေးသန့်စင်ပြီးနောက် ခဲသတ္တုမှုန့် (ကုန်ချော) (၅)တန် ထွက်ရှိပါသည်။ ၎င်းခဲသတ္တုမှုန့်များကို Loader ဖြင့် သယ်၍ ကုန်ချောသိုလှောင်ရုံ(ဂိုဒေါင်) GPS အမှတ် (N 20° 58' 6.97'', E 96° 46' 27.20'')တွင် နေလှန်း၍လေသလုပ်ခံကာ အခြောက်ခံပြီး သိုလှောင်သွားမည်ဖြစ်ပါသည်။ ၎င်းသိုလှောင်ထားသည့် ခဲသတ္တုမှုန့်များကို လိုအပ်သည့်ပမာဏရရှိပါက နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချသွားမည်ဖြစ်ပါသည်။

**(၄) စွန့်ပစ်ရေနှင့် ခဲသန့်စင်အနည်အနှစ်များထွက်ရှိမှု**

ခဲနှင့်မြေစာရောရာကို ရေပန်းများဖြင့် ထိုး၍ ဆေးကြောပြီး ရေဖြင့်မျှောပါမသွားသော ခဲသားပါကျောက်မှုန့်များကို သိုလှောင်ရုံတွင် စုပုံထားပါမည်။ ရေဖြင့်မျှောပါသွားသော ခဲသတ္တုပါဝင်သောနုန်းများအား အနည်စစ်ကန်သို့ပို့ဆောင်၍ အနည်ထိုင်စေပါမည်။ ခဲသတ္တုပါဝင်သောနုန်းများကို (၁၅)ရက်တစ်ကြိမ် ဆယ်ယူ၍ ပတ်ဝန်းကျင်ထိခိုက်မှုမရှိရန် အနည်စစ်ကန်နံဘေး GPS အမှတ် (N 20° 58' 4.55'', E 96° 46' 24.10'')တွင် စနစ်တကျစုပုံသွားပါမည်။ တစ်ရက်လျှင် ခဲသတ္တုပါဝင်သောနုန်းတန် (၂၀)ခန့် ထွက်ရှိနိုင်ပါသည်။ ရေဆေးကန်မှထွက်ရှိလာသော ရေများကိုနုန်းစစ်ကန်နှင့် အနည်စစ်ကန်များသို့ အဆင့်ဆင့်ဖြတ်သန်းစေပြီး ရေစုကန်သို့ ပို့ဆောင်ပါသည်။ ရေစုကန်မှ ရေများကို ရေမြှုပ်မော်တာများဖြင့် စုပ်တင်ပြီး ရေပန်းထိုးသောနေရာတွင် ပြန်လည်အသုံးပြုမည်ဖြစ်ပြီး ပြင်ပသို့စွန့်ပစ်ခြင်းမရှိပါ။

**(ဂ) လုပ်ငန်းပိတ်သိမ်းခြင်း**

**၁။ လုပ်ငန်းစတင် ဆောင်ရွက်ချိန်မှ စတင်၍ အပေါ်ယံမြေလွှာများအား သီးသန့်စုပုံထားရှိမှု အစီအစဉ်**

အပေါ်ယံမြေဆီလွှာအနည်းငယ်ကိုသာ လုပ်ငန်းဧရိယာအတွင်းရှိ စုပုံကွင်းတွင် စုပုံထားရှိမည် ဖြစ်ပါသည်။

လုပ်ငန်းအဆင့်ဆင့်တွင် သီးခြား သတ်မှတ်ထားသော နေရာများတွင် စုပုံ ထားသော အပေါ်ယံမြေဆီလွှာများအား မညီညာသောလမ်းများတွင်ဖို့ပေးခြင်းများ ဆောင်ရွက်ပါမည်။ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေစေရေးအတွက် အပေါ်ယံမြေဆီလွှာများအား သစ်ရွက်ဆွေး၊ မြေဆွေးများနှင့်ရောစပ်ပြီး ဒေသနှင့်လျော်ညီသော သစ်ပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများအား ဆောင်ရွက်သွားပါမည်။

လုပ်ငန်းဧရိယာအတွင်းရှိ မြေပြိုကျနိုင်သည့်နေရာများနှင့် ဆက်သွယ်ရေးလမ်း၏ မြေပြိုကျနိုင်သော နေရာများတွင် အမြစ်ရှည်မြေထိန်းမြက်ပင်များ စိုက်ပျိုးခြင်းနှင့် လိုအပ်ပါက မြေထိန်းနံရံများ ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၂။ အတားအဆီးနံရံများ ထားရှိမှု**

လုပ်ငန်းကာလပြီးဆုံးချိန်တွင် ကျင်းချိုင့်များ၊ ရေလှောင်ကန်(အနည်စစ်ကန်) အား မြေဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားပါမည်။ မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလ အတွင်း လူနှင့် တိရိစ္ဆာန်များ ထိခိုက်မှုမရှိစေရေးအတွက် ပိတ်သိမ်းခြင်းဆောင်ရွက်နေသော နေရာ ပတ်လည်တွင် အတားအဆီးများ ကို သစ်သား၊ ဝါးများဖြင့်အခိုင်အမာတည်ဆောက်၍ သတိပေး ဆိုင်းဘုတ်များ ထားရှိ ဆောင်ရွက် ပေးသွားပါမည်။

**၃။ ဆက်စပ်ဧရိယာရှိ ချောင်းများ၊ ရေတွင်းများ၊ ရေထွက်ပေါက်များမှ ရေနမူနာများ ယူ၍ တိုင်းတာ စစ်ဆေးမည့် အစီအစဉ်**

လုပ်ငန်းပြီးဆုံးချိန်တွင် မြေပေါ်ရေအတွက်လုပ်ငန်းအတွင်းရှိ ရေဆေးကန်မှ ထွက်လာ သော ရေနှင့် လုပ်ငန်းအနီးရှိအဝီစိတွင်းရေ မှ ရေနမူနာရယူ၍ (၆)လ တစ်ကြိမ်နှုန်းဖြင့် ရေ အရည်အသွေး အား ဓါတ်ခွဲစမ်းသပ်သွားမည် ဖြစ်ပါသည်။

**၄။ မြေဆီလွှာ ညစ်ညမ်းမှု ရှိ/မရှိ ပြန်လည်စစ်ဆေးမည့် အစီအစဉ်**

လုပ်ငန်းပြီးဆုံးချိန်တွင် အလုပ်လုပ်ခဲ့သောနေရာများ၏ အပေါ်ယံမြေဆီလွှာနှင့် မြေစာများ အား ညစ်ညမ်းမှု ရှိ/မရှိ ကို (၆)လ တစ်ကြိမ် ဓါတ်ခွဲ စမ်းသပ်ခြင်း နည်းလမ်းဖြင့် စစ်ဆေးဆောင်ရွက် သွားပါမည်။

**၅။ ဆောက်လုပ်ထားရှိသည့် အဆောက်အဦးနှင့် စက်ပစ္စည်းများအား ပြန်လည် ဖယ်ရှားမည့် အစီအစဉ်**

လုပ်ငန်းဧရိယာအတွင်း ဆောက်လုပ်ထားသော အဆောက်အဦး များကိုလည်း စနစ်တကျ ဖျက်သိမ်းပြီး ဖျက်သိမ်းရာမှ ထွက်ရှိလာသော သစ်တိုသစ်စနှင့် အမှိုက်သရိုက်များကို မြေကျင်းတူး၍ စနစ်တကျ စွန့်ပစ်သွားမည်ဖြစ်ပါသည်။ စက်ပစ္စည်းများကိုလည်း သေချာစွာ ဖြုတ်သိမ်းပြီး လိုအပ်မည့်နေရာများတွင် အသုံးပြုရန်အတွက် ပြန်လည် သယ်ဆောင်သွားပါမည်။


**၆။ဖုံးအုပ်ပြီးသောမြေသားပေါ်တွင်ဒေသနှင့်သင့်လျော်သောအပင်များပြန်လည်စိုက်ပျိုး ခြင်း**

ဖယ်ရှားပြီးသော အဆောက်အဦးဟောင်းနေရာများတွင် မြေဖို့ခြင်း၊ မြေညှိခြင်း၊ ဖယ်ရှားထား သော အပေါ်ယံမြေဆီလွှာများဖုံးအုပ်၍ သစ်ရွက်ဆွေး၊ မြေဆွေးများနှင့် ရောစပ်ပြီး ဒေသနှင့် ကိုက်ညီသော သီးပင်၊ စားပင်နှင့် သစ်ပင်များအား ပြန်လည်စိုက်ပျိုး ပေးသွားမည် ဖြစ်ပါသည်။


**၇။ လုပ်ငန်းပိတ်သိမ်းပြီးနောက် ဖုံးအုပ်ပြီးသောမြေသားပေါ်တွင် ပြန်လည်စိုက်ပျိုးပေးမည့် ပျိုးပင်များစိုက်ပျိုးထားရှိခြင်း**

လုပ်ငန်းပိတ်သိမ်းပြီးနောက် ဖုံးအုပ်ပြီးသောမြေသားပေါ်တွင်ဒေသနှင့်ကိုက်ညီသော သီးပင်၊ စားပင်နှင့်သစ်ပင်များအား ပျိုးခင်းများဖြင့်စိုက်ပျိုးထားရှိထားပါမည်။ အသုံးပြုသည့် လုပ်ငန်း ဧရိယာ (၁၀.၈၆)ဧကအတွက် အပင်(၁)ပင်လျှင် (၂၀'x၂၀')နှုန်းဖြင့် အပင် စုစုပေါင်း (၁၁၈၃)ပင် ပြန်လည် စိုက်ပျိုးပေးသွားပါမည်။ အကေးရှားပင်၊ မန်ဂျန်ရှားပင်၊ ထေဝပတ်ပင်၊ မန်ကျည်းပင်နှင့် သရက်ပင် အစရှိသည့် အပင်များအား အပင်(၁)မျိုးလျှင်(၂၃၇)ပင် နှုန်း စိုက်ပျိုးပေးသွားမည် ဖြစ်ပါသည်။ လုံလောက်မှုမရှိပါက ကလောမြို့နယ် သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ စိုက်ပျိုး ပေးသွားပါမည်။


လုပ်ငန်းစဉ်အဆင့်ဆင့်ပြ (Flow Sheet)



**ခဲသတ္တုရေဆေးကန်တည်ဆောက်ခြင်း (Flow Sheet)**



## ခဲသတ္တုသန့်စင်ပုံအဆင့်ဆင့် (Flow Sheet)



### ၅.၁၄။ အဆိုပြုလုပ်ငန်းများဆောင်ရွက်မှုများကြောင့် ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့) အမျိုးအစား/ ပမာဏ

GPS Joint Ventureကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသည့် ခဲသတ္တုပါဝင်သောနှုံးနှင့်ရေ ကို အနည်စစ်ကန်များတွင် အဆင့်ဆင့်ဖြတ်သန်းစေပြီး နောက်ဆုံးရေလှောင်ကန်မှရေအား ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြုမည်ဖြစ်ပါသည်။ အနည်စစ်ကန်များမှ ခဲသတ္တုပါဝင်သောနှုံး တစ်ရက်လျှင်(၂၀)တန်ထွက်ရှိနိုင်ပြီး ၎င်းတို့အား အနည်စစ်ကန်၏ နံဘေးတွင် ၁၅ရက်လျှင် (၁)ကြိမ် ဆယ်ယူ၍ စနစ်တကျ စုပုံကာ ကုမ္ပဏီပိုင်အမြှုပ်ဖော်စက်ရုံသို့ ပို့ဆောင်ပါမည်။ ခဲသတ္တုရေဆေးကန်လုပ်ငန်းမှထွက်ရှိလာသော ခဲသတ္တုပါဝင်သောနှုံး အား GPS အမှတ် (N 20° 58' 4.55", E 96° 46' 24.10") (၂၅' x ၂၅' x ၁၀')ရှိ ယာယီစုပုံကွင်းတွင် စနစ်တကျ စုပုံထားမည် ဖြစ်ပါသည်။


ပလပ်စတစ်အမှိုက်၊ စားဖိုဆောင်နှင့် လူသုံးကုန်ပစ္စည်းများမှ စွန့်ပစ်ပစ္စည်းများ ထွက်ရှိနိုင်ပြီး လူနေဆောင်နံဘေး ၁၀ပေအကွာတွင် (၄'x ၄' x ၄') မြေသားကျင်းတူး၍ စနစ်တကျ စွန့်ပစ်သွား မည် ဖြစ်ပါသည်။ စားဖိုဆောင်နှင့် ဝန်ထမ်းများ သုံးရေ၊ ချိုးရေများမှ ထွက်ရှိ သောရေများကို လူနေဆောင် နံဘေး ၁၀ပေအကွာတွင် (၁၀' x ၁၀' x ၁၀') မြေသားကျင်း အတွင်းသို့(၂'x၁')ရှိသောမြေသား မြောင်းသွယ်၍ ပို့ဆောင်ပြီး စနစ်တကျစွန့်ပစ်သွားမည်ဖြစ်ပါသည်။

မီးစက်နှင့် စက်ယန္တရားများမှ ထွက်ရှိနိုင်သည့် စက်သုံးဆီနှင့် အင်ဂျင်ဝိုင်များ စီးထွက်ခြင်း၊ ယိုစိမ့်ခြင်း မရှိစေရေးအတွက် မီးစက်နှင့် စက်ယန္တရားများ၏ကြံခိုင်မှုအား အမြဲမပြတ် စစ်ဆေး ကြပ်မတ်ခြင်း၊ ထားသိုသည့် ဆီပေပါယိုစိမ့်ခြင်းမရှိစေရန် ဆီပေပါ၏ကြံခိုင်မှုအားအမြဲမပြတ် စစ်ဆေး ကြပ်မတ်ခြင်း၊ စွန့်ပစ်ဆီဟောင်းများအား စိမ့်ထွက်ပျံ့နှံ့မှုမရှိစေရေးနှင့် ပတ်ဝန်းကျင်အတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ရှားသွားပါမည်။

လုပ်ငန်းအတွင်း အသုံးပြုသော စက်ယန္တရားများမှ မီးခိုးများနှင့်အတူ ကာဗွန်ဒိုင်အောက်ဆိုဒ်များ ထွက်ရှိနိုင်ပါသည်။ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုမဖြစ်စေရေးအတွက် အင်ဂျင်စက်များ၏ ကြံခိုင်မှု၊ စစ်ဆေးပြုပြင်မှုများ ပုံမှန်ဆောင်ရွက်၍ အနည်းဆုံးထွက်ရှိမှုဖြစ်စေရေး အလေးထား ကြပ်မတ် ဆောင်ရွက်မည်ဖြစ်ပါသည်။

| စဉ် | အမျိုးအစား | အရင်းအမြစ် | စွန့်ပစ်ပစ္စည်းများ၏ပမာဏ(၁) နှစ် |
|---|---|---|---|
| ၁ | အစိုင်အခဲ | ခဲသတ္တုပါဝင်သောနှုံး<br>လူတို့၏စွန့်ပစ်ပစ္စည်းများ | ၆၀၀၀ တန်<br>အနည်းငယ် |
| ၂ | အရည် | စက်ယန္တရားများမှထွက်ရှိနိုင်သည့်<br>စက်သုံးဆီနှင့် အင်ဂျင်ဝိုင်များ<br>ဝန်ထမ်းများ သုံးရေ၊ ချိုးရေ များ | <br>၄၀၀ ဂါလံ<br>၁၅၀၀၀၀ ဂါလံ |
| ၃ | အခိုးအငွေ့ | စက်ယန္တရားများ | ကုဗမီတာ ၃၀၀၀၀၀ |

ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည်) ထားရှိမည့်ပုံစံပြ Flow Chart



ဘေးအန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းထွက်ရှိမှုမရှိပါ။ ထွက်ရှိလာပါက ၎င်းပစ္စည်းများ ကို ကျင်းများအတွင်းသို့ စနစ်တကျစွန့်ပစ်ပါမည်။ ၎င်းကျင်းများ၏ အောက်ခံမြေအား ရေမစိမ့်ဝင်နိုင်သော HDPEမိုးကာနှင့် ရွှံ့စေးမြေများဖြင့် ပြုလုပ်ပြီး ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျထုတ်ပိုး၍ကျင်းများသို့ စွန့်ပစ်ပါမည်။ ထို့နောက် စွန့်ပစ်ကျင်းများကို ရေမစိမ့်ဝင်နိုင်သော ရွှံ့စေးမြေများဖြင့် ပြန်လည်ဖုံးအုပ်သွားပါမည်။ ၎င်းအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများစွန့်ပစ်မည့် စွန့်ပစ်ကျင်းများကိုလည်း နေရာစနစ်တကျ သတ်မှတ်ကာ အမှတ်အသားပြုလုပ်ထားပါမည်။

# အခန်း (၆)

# လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အခြေအနေ


## ၆.၁။ ချဉ်းကပ်နည်းလမ်းများ

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန် EMP အစီရင်ခံစာအား တင်ပြခြင်း ဖြစ်ပါသည်။ ခဲသတ္တုရေဆေးသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်သည့်ကာလတွင် ပတ်ဝန်းကျင် ထိခိုက်မှုများ ရှိလာပါက နှိုင်းယှဉ်၍ ပြန်လည်ကုစားနိုင်သည့် အခြေခံ Base Line Data များ လိုအပ်ပါသဖြင့် လက်ရှိအခြေအနေ ကို တိုင်းတာမှတ်တမ်း တင်ထားခဲ့ပြီး ရေ၊ လေ၊ မြေ၊ ဆူညံသံ တို့၏ လက်ရှိပတ်ဝန်းကျင် အခြေအနေများအား ဖော်ပြ ထားပါသည်။

လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အခြေအနေများကို လေ့လာရာ တွင် တည်ရှိနေပြီး ပြည်တွင်းပြည်ပလေ့လာတင်ပြချက်များကို ကိုးကား၍ လေ့လာခြင်း၊ လုပ်ငန်း တည်ရှိရာနေရာနှင့် လုပ်ငန်းနှင့်(၃)မိုင်ဝန်းကျင်ပတ်လည်သို့ သွားရောက်၍ ကွင်းဆင်းလေ့လာခြင်း နှင့် လုပ်ငန်းအနီးဝန်းကျင်တွင်နေထိုင်သော ဒေသခံရွာသူ/သားများ၊ သက်ကြီးရွယ်အိုများ၏ ပြောကြားချက်များ၊ ရပ်ရွာအုပ်ချုပ်ရေးမှူး တို့၏ပြောကြားချက်များကို မှီငြမ်း၍ လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။

## GPS Joint Ventureကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်း ကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန်လုပ်ငန်း ၏ တည်နေရာပြကောင်းကင်မြေပုံ




A - N 20°58'4.38", E 96°46'20.80"


B - N 20°58'3.44", E 96°46'24.21"

C - N 20°58'10.92", E 96°46'33.86"

D - N 20°58'10.10", E 96°46'23.55"

Area - 10.86 acres

**GPS Joint Ventureကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်း ကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီး ခဲသတ္တုရေဆေးကန်လုပ်ငန်း၏ (၃)မိုင်ပတ်လည်ပြကောင်းကင်မြေပုံ**



## ၆.၂။ ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာများ

လုပ်ငန်းအနီးပတ်ဝန်းကျင်၏လုပ်ငန်းမစတင်မီ မူလအတိုင်းတည်ရှိနေသော ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာများကိုလည်း လေ့လာထားပါသည်။ သို့မှသာ လုပ်ငန်းဧရိယာ၏ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုနှင့် တစ်ခြားသော ရုပ်ပိုင်းဆိုင်ရာအရည်အသွေးများကို သိရှိနိုင်ပြီး ဖြစ်ပေါ်လာနိုင်ချေရှိသော ရာသီဥတုကပ်ဆိုးများ၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ကို ခန့်မှန်းတွက်ချက်နိုင်ပြီး ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

### ၆.၂.၁။ မြေမျက်နှာသွင်ပြင်

လုပ်ငန်းသည် ပင်လယ်ရေမျက်နှာပြင် အထက်ပေ(၄၀၀၀)ကျော်တွင် တည်ရှိပြီး မြေပြန့်ကုန်းငယ်များအဖြစ် တွေ့ရှိရပါသည်။ တောင်တန်းပေါ်များသောဒေသဖြစ်၍ လုပ်ကွက်အနီးစမ်းချောင်းများမတွေ့ရှိရဘဲ အနောက်ဘက်ပိုင်းတွင် ပင်းတယတောင်တန်းတည်ရှိပြီး ထုံးကျောက်ပေါ်များသည့် ဒေသဖြစ်သည့်အားလျော်စွာ ရေမြှုပ်ပေါက် (Sink Hole)များ တွေ့ရှိရပါသည်။ ရေဆင်းစနစ်အနေဖြင့် ခက်ဖြာပုံရေဆင်းစနစ် (Dendritic Drainage Pattern) နှင့် စုဆုံပုံ ရေဆင်းစနစ် (Centripetal Drainage Pattern) များကို တွေ့ရှိရပါသည်။

### ၆.၂.၂။ ရာသီဥတုနှင့် မိုးလေဝသ

လုပ်ငန်းတည်ရှိရာနေရာသည် တစ်နှစ်လျှင် မိုးရေချိန်(၆၀)လက်မခန့် ရွာသွန်းပါသည်။ ပျမ်းမျှအပူချိန်မှာ ၇၅ဒီဂရီဖာရင်ဟိုက်ရှိ၍ နွေရာသီတွင် အမြင့်ဆုံးအပူချိန်မှာ ၉၀ဒီဂရီဖာရင်ဟိုက်ဝန်းကျင်ခန့်ရှိပြီး ဆောင်းရာသီ၏ အမြင့်ဆုံးအပူချိန်မှာ ၄၀ဒီဂရီဖာရင်ဟိုက် ဝန်းကျင်ခန့်ရှိပါသည်။ သဘာဝပေါက်ပင်အနေနှင့် ဝါးပင်၊ ပင်စိမ်းပင်၊ သစ်အယ်ပင်၊ ထင်းရှူးပင်များနှင့် ချုံနွယ်ပင်များ ပေါက်ရောက်ပါသည်။


## ၆.၃။ မြေအသုံးချမှု

အဆိုပြု လုပ်ငန်းတည်နေရာမြေသည် (ယာ)မြေ အမျိုးအစားဖြစ်ပါသည်။ ယာမြေအား အခြားနည်းသုံးစွဲခွင့်ရရှိရန် လျှောက်ထားပြီးဖြစ်ပါသည်။

## ၆.၄။ မြေထုအခြေအနေ

အပေါ်ယံမြေဆီလွှာအား လုပ်ငန်းဧရိယာအတွင်း GPS အမှတ် (N 20° 58' 6.37", E 96° 46' 25.15") မြေအနက် (၃)ပေခန့်အကွာမှ နမူနာရယူထားပါသည်။ (၄.၇.၂၀၂၀) ရက်နေ့တွင် နမူနာရယူခဲ့ပါသည်။ လက်ရှိအပေါ်ယံမြေထု၏ အခြေအနေကိုသိရှိနိုင်ရန်အတွက် အပေါ်ယံမြေဆီလွှာအရည်အသွေး တိုင်းတာချက်နှင့် မှတ်တမ်းဓာတ်ပုံအား အောက်တွင် ဖော်ပြထားပါသည်။ အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ စက်များမောင်းနှင်ခြင်း၊ စက်သုံးဆီများဖိတ်စင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးခြင်းနည်းပါးစေရန်အတွက် ထည့်သွင်းစဉ်းစားအကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

**GPS Joint Ventureကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်း ကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီး ခဲသတ္တုရေဆေးကန်လုပ်ငန်း၏ အနီးဝန်းကျင်ပြမြေပုံ**



## GPS Joint Ventureကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းဧရိယာအတွင်း မြေနမူနာရယူနေပုံ




လုပ်ငန်းဧရိယာအတွင်းမြေနမူနာရယူနေပုံ

# M.G.A PETROCHEMICAL LAB

91.A,77th St.,Bet. 26th & 27th St., MANDALAY,MYANMAR. Ph., 02.31248, 72096

*NAME.* GPS Joint Venture Co. Ltd

**DATE. 15-7-2020**

*LOCALITY .* ခဲသတ္တု သန့်စင်စက်ရုံအတွင်း ***SENDER MARK*** .N 20°58'06.37" E 96°46'25.15"

**TEST ITEM. Soil analysis .**

**LAB No. MMEG-.247885.**

| *LAB No.* | *SENDER MARK* | | | *FINDING* | *REMARK* |
|---|---|---|---|---|---|
| MMEG-247885 | - | ဒိန် | **As** 砷 | **= 5.8 mg/Kg** | **75 mg/Kg (NEQ Guide Line)*** |
| | | ခဲ | **Pb (铅)** | **= 498.7mg/Kg** | **840 mg/Kg (NEQ Guide Line)*** |
| | | ပြဒါး | **Hg (汞)** | **= ND** | **57 mg/Kg (NEQ Guide Line)*** |
| | | ကက်ဒမီယမ် | **Cd** | **= 1.9 mg/Kg** | **85 mg/Kg (NEQ Guide Line)*** |
| | | မိုလစ်ဒီနမ် | **Mo** | **= 2.8 mg/kg** | **75 mg/Kg (NEQ Guide Line)*** |
| | | ခရိုမီယမ် | **Cr** | **= 119.8 mg/Kg** | **3000 mg/Kg (NEQ Guide Line)*** |
| | | ကြေး | **Cu (铜)** | **= 154.3 mg/Kg** | **4300 mg/Kg (NEQ Guide Line)*** |
| | | သွပ် | **Zn (锌)** | **= 680.7 mg/Kg** | **7500 mg/Kg (NEQ Guide Line)*** |
| | | | **pH** | **= 6.6** | |

*NEQ = National Environment Quality (pg.103 , Biosolids and Sludge Disposal)

ND=Not Determine / below the Detection Limit
DL = Detection Limit

TESTED CONFIRMED

( )
*Ne Lin*
**B.Sc** (*Hons:*), *M.Sc* (**Mineralogy**)
**Senior** *Gemmologist* (**MGA**)
*Mandalay, Myanmar*

*Sampling not done by MGA Staff. This is not a certificate and cannot be produced court of law.*

*MGA PETROLOGICAL LAB*

**၆.၅။ ရေအရည်အသွေး**

မြေပေါ်ရေအား ခဲသတ္တုရေဆေးကန်လုပ်ငန်း ဧရိယာအတွင်းရှိ GPS အမှတ် ( N 20° 58' 06.61'', E 096° 46' 23.90'') မှ နမူနာ ရယူထားပါသည်။ မြေအောက်ရေအား ကံဦးကျေးရွာရှိ ကမ္ဘောဇအေဝီစိတွင်း GPS အမှတ် (N 20° 57' 38.64'', E 096° 46' 12.09'') မှ နမူနာရယူထားပါသည်။ မြေအောက်ရေကို အနက်ပေ (၆၂၀)ကျော်တွင် တွေ့ရှိရပါသည်။ ရေဆေးကန်မှထွက်လာသော ရေအား ခဲသတ္တုရေဆေးကန်လုပ်ငန်း ဧရိယာအတွင်းရှိ GPS အမှတ် (N 20° 58' 4.95", E 096° 46' 24.29") မှ နမူနာရယူထားပါသည်။ ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်မည့်နေရာနှင့် မြေအောက်ရေ နမူနာရယူခဲ့သည့် အဝီစိတွင်း၏ အကွာအဝေးမှာ (၀.၂) မိုင်ခန့် ကွာဝေးပါသည်။

တိုင်းတာရရှိသော ရေအရည်အသွေး

| No. | Parameter | Surface water result | Underground water result | ရေဆေးကန်မှထွက်လာသောရေ | Guidline Value (NEQEG) | Unit |
|---|---|---|---|---|---|---|
| 1 | pH | 8.1 | 8.1 | 8.8 | 6-9 | S.U.[a] |
| 2 | Color (True) | Nil | 20 | 500 | | TCU |
| 3 | Turbidity | 5 | 33 | 9600 | | NTU |
| 4 | Conductivity | 264 | 438 | 112 | | Micro S/cm |
| 5 | Total Hardness | 100 | 198 | 28 | | mg/l as CaCO3 |
| 6 | Calcium Hardness | 68 | 134 | 20 | | mg/l as CaCO3 |
| 7 | Magnesium Hardness | 32 | 64 | 8 | | mg/l as CaCO3 |
| 8 | Total Alkalinity | 128 | 240 | 40 | | mg/l as CaCO3 |
| 9 | Phenolphthalein Alkalinity | Nil | Nil | Nil | | mg/l as CaCO3 |
| 10 | Carbonate (CaCO3) | Nil | Nil | Nil | | mg/l as CaCO3 |
| 11 | Bicarbonate ($HCO_3$) | 128 | 240 | 40 | | mg/l as CaCO3 |
| 12 | Iron (total) | 0.33 | 0.51 | 31.5 | 3.5 | mg/l |
| 13 | Chloride | 3 | 2 | 5 | | mg/l |
| 14 | Sodium Chloride | 5 | 3 | 8 | | mg/l |

| | | | | | | |
|---|---|---|---|---|---|---|
| 15 | Sulphate | 12 | 40 | 20 | | mg/l |
| 16 | Total Solids | 142 | 261 | 12356 | | mg/l |
| 17 | Total Suspended Solids | 10 | 42 | 12300 | 50 | mg/l |
| 18 | Total Dissolved Solids | 132 | 219 | 56 | | mg/l |
| 19 | Temperature | 25 | 25 | 25.0 | | C |
| 20 | Fluoride | 0.6 | Nil | 2.2 | 20 | mg/l |
| 21 | Lead | Nil | Nil | Nil | 0.1 | mg/l |
| 22 | Arsenic | Nil | Nil | 0.005 | 0.1 | mg/l |
| 23 | Chemical Oxygen Demand | 32 | 32 | 128 | | mg/l |
| 24 | Cyanide | Nil | Nil | Nil | 0.1 | mg/l |
| 25 | Zinc | Nil | Nil | Nil | 2 | mg/l |
| 26 | Copper | Nil | Nil | Nil | 0.5 | mg/l |

မြေပေါ်ရေ၊ မြေအောက်ရေနှင့် ရေဆေးကန်မှထွက်လာသောရေများအား (၄.၇.၂၀၂၀) ရက်နေ့တွင် နမူနာရယူခဲ့ပါသည်။

ရေဆေးကန်မှ ထွက်လာသောရေ တွင် Iron (total) နှင့် Total Suspended Solids တို့၏ အရည်အသွေးတန်ဖိုးသည် Guidline Value ထက် ကျော်လွန်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ မြေစာပါသောခဲသတ္တုများကို ရေဆေးသန့်စင်သည့်အခါ ခဲသတ္တုနှင့်ပါလာသောမြေစာများ ရေတွင် ပျော်ဝင်သွားပြီး နုံးအနည်အနှစ်များအဖြစ်ထွက်ရှိလာခြင်းကြောင့် Total Suspended Solids ၏ အရည်အသွေးတန်ဖိုးသည် Guidline Value ထက် ကျော်လွန်နေခြင်းဖြစ်ပါသည်။ ခဲသတ္တုသည် iron နှင့် ပူးတွဲတွေ့ရှိရပြီး မြေစာပါသောခဲသတ္တုများကို ရေဆေးသန့်စင်သည့်အခါ iron ဓာတ်များသည် ရေနှင့်အတူပျော်ဝင်သွားကာ ထွက်ရှိလာသောရေတွင် iron ဓာတ်များ ပိုမိုပါဝင်လာသောကြောင့် Guidline Value ထက် ကျော်လွန်နေခြင်းဖြစ်ပါသည်။

ပြင်ပသို့စွန့်ပစ်မည်ဆိုပါက ၎င်းတို့အတွက် Treatment လုပ်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ရေဆေးကန်မှထွက်လာသောရေကို ပြင်ပသို့ စွန့်ထုတ်ခြင်းမပြုဘဲ အနည်စစ်ကန်၊ နုံးစစ်ကန်များသို့ ဖြတ်သန်းစေကာ နုံးများကို အနည်ထိုင်ရေစစ်စေပြီး Recycle ဖြင့် ခဲသတ္တုရေဆေးရာတွင် ပြန်လည် အသုံးပြုမည်ဖြစ်ပါသည်။

## GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်းအတွက်

## ရေနမူနာရယူနေပုံများ




မြေပေါ်ရေနမူနာရယူနေပုံ



မြေအောက်ရေနမူနာရယူနေပုံ



ရေဆေးကန်မှထွက်လာသောရေနမူနာရယူနေပုံ

ISO TECH LABORATORY

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd), Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF: Water quality monitoring & Surveillance Myanmar)

ISO 9001:2015 Cert. No. 688688

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 1 of 2

W0720 189

## WATER QUALITY TEST RESULTS FORM

| | |
|---|---|
| Client | GPS Joint Venture Co.,Ltd. |
| Nature of Water | မြေပေါ်ရေ၊ ဇော်ဂျီချောင်းရေ။ |
| Location | ဘော်ဆိုင်း၊ ကလောမြို့။ |
| Date and Time of collection | 4.7.2020 |
| Date and Time of arrival at Laboratory | 7.7.2020 |
| Date and Time of commencing examination | 8.7.2020 |
| Date and Time of completing | 10.7.2020 |

**Results of Water Analysis**

**WHO Drinking Water Guideline (Geneva - 1993)**

| | | | |
|---|---|---|---|
| pH | 8.1 | | 6.5 - 8.5 |
| Colour (True) | Nil | TCU | 15 TCU |
| Turbidity | 4 | NTU | 5 NTU |
| Conductivity | 300 | micro S/cm | |
| Total Hardness | 158 | mg/l as $CaCO_3$ | 500 mg/l as $CaCO_3$ |
| Calcium Hardness | 106 | mg/l as $CaCO_3$ | |
| Magnesium Hardness | 52 | mg/l as $CaCO_3$ | |
| Total Alkalinity | 212 | mg/l as $CaCO_3$ | |
| Phenolphthalein Alkalinity | Nil | mg/l as $CaCO_3$ | |
| Carbonate ($CaCO_3$) | Nil | mg/l as $CaCO_3$ | |
| Bicarbonate ($HCO_3$) | 212 | mg/l as $CaCO_3$ | |
| Iron | 0.30 | mg/l | 0.3 mg/l |
| Chloride (as CL) | 4 | mg/l | 250 mg/l |
| Sodium Chloride (as NaCL) | 7 | mg/l | |
| Sulphate (as $SO_4$) | 18 | mg/l | 500 mg/l |
| Total Solids | 156 | mg/l | 1500 mg/l |
| Total Suspended Solids | 6 | mg/l | |
| Total Dissolved Solids | 150 | mg/l | 1000 mg/l |
| Manganese | | mg/l | 0.05 mg/l |
| Phosphate | | mg/l | |
| Phenolphthalein Acidity | | mg/l | |
| Methyl Orange Acidity | | mg/l | |
| Salinity | | ppt | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**
Signature: Hein
Name: Zaw Hein Oo
B.Sc (Chemistry)
Sr. Chemist
ISO TECH Laboratory

**Approved by**
Signature:
Name: Soe Thit
B.E (Civil) 1980,
Technical Officer
ISO TECH Laboratory

(a division of WEG Co.,Ltd.)

No.18. Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar.
Ph: 01-640955, 09-73225175, 09-30339681, 01-644506, E-mail: isotechlaboratory@gmail.com, Website: weg-myanmar.com

ISO TECH LABORATORY

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd), Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

ISO 9001:2015 Cert. No. 6S0000

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 2 of 2

W0720 189

## WATER QUALITY TEST RESULTS FORM

| | |
|---|---|
| Client | GPS Joint Venture Co.,Ltd. |
| Nature of Water | မြေပေါ်ရေ ဇော်ဂျီချောင်းရေ၊ |
| Location | ဘော်ဆိုင်း၊ ကလောမြို့၊ |
| Date and Time of collection | 4.7.2020 |
| Date and Time of arrival at Laboratory | 7.7.2020 |
| Date and Time of commencing examination | 8.7.2020 |
| Date and Time of completing | 10.7.2020 |

**Results of Water Analysis**

**WHO Drinking Water Guideline (Geneva - 1993)**

| | | | |
|---|---|---|---|
| Temperature (°C) | 25.0 | °C | |
| Fluoride (F) | 0.7 | mg/l | 1.5 mg/l |
| Lead (as Pb) | Nil | mg/l | 0.01 mg/l |
| Arsenic (As) | Nil | mg/l | 0.01 mg/l |
| Nitrate (N.$NO_3$) | | mg/l | 50 mg/l |
| Chlorine (Residual) | | mg/l | |
| Ammonia Nitrogen ($NH_3$) | | mg/l | |
| Ammonium Nitrogen ($NH_4$) | | mg/l | |
| Dissolved Oxygen (DO) | | mg/l | |
| Chemical Oxygen Demand (COD) | 32 | mg/l | |
| Biochemical Oxygen Demand (BOD) (5 days at 20 °C) | | mg/l | |
| Cyanide (CN) | Nil | mg/l | 0.07 mg/l |
| Zinc (Zn) | Nil | mg/l | 3 mg/l |
| Copper (Cu) | Nil | mg/l | 2 mg/l |
| Silica (Si) | | mg/l | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**
Signature: Heinu
Name: Zaw Hein Oo
B.Sc (Chemistry)
Sr. Chemist
ISO TECH Laboratory

**Approved by**
Signature: [signature]
Name: Soe Thit
B.E (Civil) 1980,
Technical Officer
ISO TECH Laboratory

ISO TECH LABORATORY

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd). Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

W0720 190

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 1 of 2

## WATER QUALITY TEST RESULTS FORM

| | |
|---|---|
| Client | GPS Joint Venture Co.,Ltd. |
| Nature of Water | မြေအောက်ရေ ကမ္ဘာ့အဝီစိတွင်း၊ ပေ ၆၂၀ ကံဦး။ |
| Location | ဘော်ဆိုင်း၊ ကလောမြို့။ |
| Date and Time of collection | 4.7.2020 |
| Date and Time of arrival at Laboratory | 7.7.2020 |
| Date and Time of commencing examination | 8.7.2020 |
| Date and Time of completing | 10.7.2020 |

**Results of Water Analysis**

**WHO Drinking Water Guideline (Geneva - 1993)**

| | | | |
|---|---|---|---|
| pH | 8.7 | | 6.5 - 8.5 |
| Colour (True) | Nil | TCU | 15 TCU |
| Turbidity | 3 | NTU | 5 NTU |
| Conductivity | 306 | micro S/cm | |
| Total Hardness | 14 | mg/l as $CaCO_3$ | 500 mg/l as $CaCO_3$ |
| Calcium Hardness | 10 | mg/l as $CaCO_3$ | |
| Magnesium Hardness | 4 | mg/l as $CaCO_3$ | |
| Total Alkalinity | 224 | mg/l as $CaCO_3$ | |
| Phenolphthalein Alkalinity | Nil | mg/l as $CaCO_3$ | |
| Carbonate ($CaCO_3$) | Nil | mg/l as $CaCO_3$ | |
| Bicarbonate ($HCO_3$) | 224 | mg/l as $CaCO_3$ | |
| Iron | 0.22 | mg/l | 0.3 mg/l |
| Chloride (as CL) | 7 | mg/l | 250 mg/l |
| Sodium Chloride (as NaCL) | 12 | mg/l | |
| Sulphate (as $SO_4$) | 12 | mg/l | 500 mg/l |
| Total Solids | 158 | mg/l | 1500 mg/l |
| Total Suspended Solids | 5 | mg/l | |
| Total Dissolved Solids | 153 | mg/l | 1000 mg/l |
| Manganese | | mg/l | 0.05 mg/l |
| Phosphate | | mg/l | |
| Phenolphthalein Acidity | | mg/l | |
| Methyl Orange Acidity | | mg/l | |
| Salinity | | ppt | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**
Signature: Hein
Name: Zaw Hein Oo
B.Sc (Chemistry)
Sr. Chemist
ISO TECH Laboratory

**Approved by**
Signature: Soe
Name: Soe Thit
B.E (Civil) 1980,
Technical Officer
ISO TECH Laboratory

# ISO TECH LABORATORY

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd). Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 2 of 2

W0720 190

## WATER QUALITY TEST RESULTS FORM

| | |
|---|---|
| Client | GPS Joint Venture Co.,Ltd. |
| Nature of Water | မြေအောက်ရေ ကမ္ဘာ့ဇအဝီစိတွင်း ပေ ၆၂၀' ကံဦး။ |
| Location | ဘော်ဆိုင်း ကလောမြို့။ |
| Date and Time of collection | 4.7.2020 |
| Date and Time of arrival at Laboratory | 7.7.2020 |
| Date and Time of commencing examination | 8.7.2020 |
| Date and Time of completing | 10.7.2020 |

**Results of Water Analysis**

**WHO Drinking Water Guideline (Geneva - 1993)**

| Parameter | Result | Unit | WHO Guideline |
|---|---|---|---|
| Temperature (°C) | 25.0 | °C | |
| Fluoride (F) | 0.6 | mg/l | 1.5 mg/l |
| Lead (as Pb) | Nil | mg/l | 0.01 mg/l |
| Arsenic (As) | Nil | mg/l | 0.01 mg/l |
| Nitrate (N.$NO_3$) | | mg/l | 50 mg/l |
| Chlorine (Residual) | | mg/l | |
| Ammonia Nitrogen ($NH_3$) | | mg/l | |
| Ammonium Nitrogen ($NH_4$) | | mg/l | |
| Dissolved Oxygen (DO) | | mg/l | |
| Chemical Oxygen Demand (COD) | 32 | mg/l | |
| Biochemical Oxygen Demand (BOD) (5 days at 20 °C) | | mg/l | |
| Cyanide (CN) | Nil | mg/l | 0.07 mg/l |
| Zinc (Zn) | Nil | mg/l | 3 mg/l |
| Copper (Cu) | Nil | mg/l | 2 mg/l |
| Silica (Si) | | mg/l | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**

Signature: Heiny

Name: Zaw Hein Oo
B.Sc (Chemistry)
Sr. Chemist
ISO TECH Laboratory

**Approved by**

Signature:

Name: Soe Thit
B.E (Civil) 1980,
Technical Officer
ISO TECH Laboratory

ISO TECH LABORATORY

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd), Consultant (Y.C.D.C), LWSE 001,
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

ISO 9001:2015 Cert. No. 608600

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 1 of 2

W0720 191

## WATER QUALITY TEST RESULTS FORM

Client: GPS Joint Venture Co.,Ltd.
Nature of Water: ရေဆေးကန် မှ ထွက်လာသောရေ
Location: ဘော်ဆိုင်းကျေးရွာအုပ်စု၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်၊
Date and Time of collection: 4.7.2020
Date and Time of arrival at Laboratory: 7.7.2020
Date and Time of commencing examination: 8.7.2020
Date and Time of completing: 10.7.2020

**Results of Water Analysis**

**WHO Drinking Water Guideline (Geneva - 1993)**

| Parameter | Result | Unit | WHO Drinking Water Guideline |
|---|---|---|---|
| pH | 8.8 | | 6.5 - 8.5 |
| Colour (True) | 500 | TCU | 15 TCU |
| Turbidity | 9600 | NTU | 5 NTU |
| Conductivity | 112 | micro S/cm | |
| Total Hardness | 28 | mg/l as $CaCO_3$ | 500 mg/l as $CaCO_3$ |
| Calcium Hardness | 20 | mg/l as $CaCO_3$ | |
| Magnesium Hardness | 8 | mg/l as $CaCO_3$ | |
| Total Alkalinity | 40 | mg/l as $CaCO_3$ | |
| Phenolphthalein Alkalinity | Nil | mg/l as $CaCO_3$ | |
| Carbonate ($CaCO_3$) | Nil | mg/l as $CaCO_3$ | |
| Bicarbonate ($HCO_3$) | 40 | mg/l as $CaCO_3$ | |
| Iron | 31.5 | mg/l | 0.3 mg/l |
| Chloride (as CL) | 5 | mg/l | 250 mg/l |
| Sodium Chloride (as NaCL) | 8 | mg/l | |
| Sulphate (as $SO_4$) | 20 | mg/l | 500 mg/l |
| Total Solids | 12356 | mg/l | 1500 mg/l |
| Total Suspended Solids | 12300 | mg/l | |
| Total Dissolved Solids | 56 | mg/l | 1000 mg/l |
| Manganese | | mg/l | 0.05 mg/l |
| Phosphate | | mg/l | |
| Phenolphthalein Acidity | | mg/l | |
| Methyl Orange Acidity | | mg/l | |
| Salinity | | ppt | |

**Remark: This certificate is issued only for the receipt of the test sample.**

| Tested by | | Approved by | |
|---|---|---|---|
| Signature: | Heina | Signature: | Soe Thit |
| Name: | Zaw Hein Oo<br>B.Sc (Chemistry)<br>Sr. Chemist<br>ISO TECH Laboratory | Name: | Soe Thit<br>B.E (Civil) 1980<br>Technical Officer<br>ISO TECH Laboratory |

(a division of WEG Co.,Ltd.)
No.18, Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar.
Ph: 01-640955, 09-73225175, 09-30339681, 01-644506, E-mail: isotechlaboratory@gmail.com, Website: weg-myanmar.com

ISO TECH LABORATORY

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd), Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

ISO 9001:2015 Cert. No. 688000

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 2 of 2

W0720 191

## WATER QUALITY TEST RESULTS FORM

| | |
|---|---|
| Client | GPS Joint Venture Co.,Ltd. |
| Nature of Water | ရေဆေးကန် မှ ထွက်လာသောရေ |
| Location | ဘော်ဆိုင်းကျေးရွာအုပ်စု၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်၊ |
| Date and Time of collection | 4.7.2020 |
| Date and Time of arrival at Laboratory | 7.7.2020 |
| Date and Time of commencing examination | 8.7.2020 |
| Date and Time of completing | 10.7.2020 |

**Results of Water Analysis**

**WHO Drinking Water Guideline (Geneva - 1993)**

| | | | |
|---|---|---|---|
| Temperature (°C) | 25.0 | °C | |
| Fluoride (F) | 2.2 | mg/l | 1.5 mg/l |
| Lead (as Pb) | Nil | mg/l | 0.01 mg/l |
| Arsenic (As) | 0.005 | mg/l | 0.01 mg/l |
| Nitrate (N.$NO_3$) | | mg/l | 50 mg/l |
| Chlorine (Residual) | | mg/l | |
| Ammonia Nitrogen ($NH_3$) | | mg/l | |
| Ammonium Nitrogen ($NH_4$) | | mg/l | |
| Dissolved Oxygen (DO) | | mg/l | |
| Chemical Oxygen Demand (COD) | 128 | mg/l | |
| Biochemical Oxygen Demand (BOD) (5 days at 20 °C) | | mg/l | |
| Cyanide (CN) | Nil | mg/l | 0.07 mg/l |
| Zinc (Zn) | Nil | mg/l | 3 mg/l |
| Copper (Cu) | Nil | mg/l | 2 mg/l |
| Silica ($SiO_2$) | | mg/l | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**
Signature: Hein
Name: Zaw Hein Oo
B.Sc (Chemistry)
Sr. Chemist
ISO TECH Laboratory

**Approved by**
Signature: Soe Thit
Name: Soe Thit
B.E (Civil) 1980
Technical Officer
ISO TECH Laboratory

### ၆.၆။ လေအရည်အသွေး

ခဲသတ္တုရေဆေးကန် လုပ်ကွက်ဝန်းကျင် ဧရိယာသည် ကွင်းပြင်အဖြစ် တည်ရှိနေခြင်း၊ အစားထိုးသစ်ပင်များ စိုက်ပျိုးထားခြင်းကြောင့် လေကောင်းလေသန့်ရရှိနေပြီး လေထုညစ်ညမ်းမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းဧရိယာအတွင်း လေထုအရည်အသွေးတိုင်းတာ စစ်ဆေးခြင်းအား HAZ SCANNER[TH] model-EPAS ကိုအသုံးပြု၍ (GPS အမှတ် N 20° 58' 8.21", E 96° 46' 25.27") နေရာတွင် တိုင်းတာစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ လက်ရှိလေထု၏ အခြေအနေနှင့် အမှုန်အမွှားထွက်ရှိမှု တို့ကို တိုင်းတာစစ်ဆေးချက်အဖြေအား အောက်တွင် ဖော်ပြထား ပါသည်။

လုပ်ငန်းအတွင်းရှိလက်ရှိလေထုအရည်အသွေးနှင့်အမှုန်အမွှားထွက်ရှိမှုအခြေအနေ

| No | Parameter | Result | Period | Guideline Value |
|---|---|---|---|---|
| 1 | Nitrogen Dioxide | 60.83 ug/m$^3$ | 1 hr | 200 ug/m$^3$ (1 hr) |
| 2 | Particulate Matter $PM_{10}$ | 19.45 ug/m$^3$ | 24 hr | 50 ug/m$^3$ (24 hr) |
| 3 | Particulate Matter $PM_{2.5}$ | 5.70 ug/m$^3$ | 24 hr | 25 ug/m$^3$ (24 hr) |
| 4 | Sulfur Dioxide | 73.29 ug/m$^3$ | 10 mins | 500 ug/m$^3$ (10 minute) |
| 5 | Carbon Dioxide | 84.58 ppm | 24 hr | - |
| 6 | Carbon Monoxide | 53.76 ppm | 24 hr | - |
| 7 | Hydrocarbon | 8.03 ppm | 24 hr | - |
| 8 | Methane | 20.54 ppm | 24 hr | - |
| 9 | Atomic Radiation | 16.32 CPM | 24 hr | - |
| 10 | Temperature | 21.99 °C | 24 hr | - |
| 11 | Volatile Organic Carbon | 2.53 ppb | 24 hr | - |
| 12 | Wind Speed | 8.85 Kph | 24 hr | - |
| 13 | Wind Direction | 234.82 Deg | 24 hr | - |
| 14 | Relative Humidity | 84.61 RH% | 24 hr | - |

(၁၀.၇.၂၀၂၀)မှ (၁၁.၇.၂၀၂၀)ထိ ၂၄နာရီတိတိ တိုင်းတာစစ်ဆေးခဲ့ပါသည်။

### ၆.၇။ ဆူညံသံ

လုပ်ငန်းဧရိယာအတွင်း အသုံးပြုမည့် မီးစက်၊ လုပ်ငန်းသုံး စက်ယန္တရားများ နှင့် မော်တော်ယာဉ်မောင်းနှင်ခြင်းကြောင့် ဆူညံသံနှင့် တုန်ခါမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအရဆူညံမှု အဆင့် သတ်မှတ်

ချက်မှာ 70dBA/8hour ထက်ကျော်လွန်မှုမရှိစေရ ဟု သတ်မှတ်ထားပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာအနားတွင် လက်ရှိဆူညံသံအား တိုင်းတာခဲ့ပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက် အနေဖြင့်လည်း အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။ လုပ်ငန်းဧရိယာအတွင်း တိုင်းတာရရှိသောဆူညံသံ ပမာဏအား အောက်တွင် ဖော်ပြထားပါသည်။

လုပ်ငန်းဧရိယာအတွင်း (GPS အမှတ် အမှတ် N 20° 58' 8.21", E 96° 46' 25.27") နေရာတွင် တိုင်းတာရရှိသော ဆူညံသံပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| Date and Time | Sound Level Meter (AVERAGE) | National Standard Guideline |
|---|---|---|
| 10-7-2020 (07:00) to 11-7-2020 (22:00) (Day Time) | 58.78 dBA | 55 dBA (Residential, Institutional, Educational) |
| | | 70 dBA (Industrial, Commercial) |
| 10-7-2020 (22:00) to 11-7-2020 (07:00) (Night Time) | 50.75 dBA | 45 dBA (Residential, Institutional, Educational) |
| | | 70 dBA (Industrial, Commercial) |

# GPS Joint Venture ကုမ္ပဏီလီမိတက်၏

# ခဲသတ္တုရေဆေးကန်လုပ်ငန်းအတွက် လေနှင့်ဆူညံသံနမူနာရယူနေပုံများ




လုပ်ငန်းဧရိယာအတွင်း လေနှင့်ဆူညံသံနမူနာရယူနေပုံများ

Main | Preferences | Header | Data | Report

# Environmental Report

**Record Cnt** 1440

**Start Date** 7/10/2020 9:33:01 AM

**End Date** 7/11/2020 9:32:01 AM

| | NH3 ppm | ARadC PM | CO2 ppm | CO ppb | HC ppm | CH4 ppm | NO2 ppb | PMA uG/m3 | PMB uG/m3 | RH % | SO2 ppb | TmpC Deg. C | VOCS ppb | WDir Deg. | WSpM kph | Pwr V |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **Ave**<br>**Max**<br>**Min** | 28.2072<br>243.3<br>0 | 16.3159<br>29<br>8 | .583333<br>84<br>0 | 53.7562<br>346<br>44 | 8.03381<br>15.8<br>4.5 | 20.5459<br>95.7<br>1 | 30.5743<br>221<br>2 | 19.4513<br>184<br>2 | 5.70069<br>15<br>1 | 84.6145<br>100<br>45 | 1.75833<br>39<br>1 | 21.9979<br>36<br>16 | 2.52708<br>97<br>0 | 234.815<br>284<br>185 | 8.85298<br>19.7<br>8 | 13.1986<br>13.7<br>11.6 |
| EPAS<br>915088 | 28.2072<br>243.3<br>0 | 16.3159<br>29<br>8 | .583333<br>84<br>0 | 53.7562<br>346<br>44 | 8.03381<br>15.8<br>4.5 | 20.5459<br>95.7<br>1 | 30.5743<br>221<br>2 | 19.4513<br>184<br>2 | 5.70069<br>15<br>1 | 84.6145<br>100<br>45 | 1.75833<br>39<br>1 | 21.9979<br>36<br>16 | 2.52708<br>97<br>0 | 234.815<br>284<br>185 | 8.85298<br>19.7<br>8 | 13.1986<br>13.7<br>11.6 |
| Daily<br>Fri, Jul 10, 2020 | 28.8618<br>243.3<br>0 | 16.3183<br>29<br>8 | .968858<br>84<br>0 | 50.1003<br>62<br>44 | 9.06931<br>15.8<br>4.5 | 19.9554<br>95.7<br>1 | 32.8004<br>221<br>2 | 15.3241<br>184<br>2 | 6.49365<br>15<br>1 | 75.5017<br>100<br>45 | 1.59515<br>39<br>1 | 24.2306<br>36<br>18 | 2.63171<br>97<br>0 | 232.911<br>282<br>185 | 9.04186<br>19.7<br>8 | 13.1679<br>13.7<br>11.6 |
| Ave Period 24<br>9:33:01 7/10/20 | 28.8618<br>243.3<br>0 | 16.3183<br>29<br>8 | .968858<br>84<br>0 | 50.1003<br>62<br>44 | 9.06931<br>15.8<br>4.5 | 19.9554<br>95.7<br>1 | 32.8004<br>221<br>2 | 15.3241<br>184<br>2 | 6.49365<br>15<br>1 | 75.5017<br>100<br>45 | 1.59515<br>39<br>1 | 24.2306<br>36<br>18 | 2.63171<br>97<br>0 | 232.911<br>282<br>185 | 9.04186<br>19.7<br>8 | 13.1679<br>13.7<br>11.6 |
| Daily<br>Sat, Jul 11, 2020 | 27.2169<br>136.7<br>0 | 16.3123<br>29<br>8 | 0<br>0<br>0 | 59.2879<br>346<br>50 | 6.46701<br>8.8<br>4.7 | 21.4392<br>95.7<br>1 | 27.2059<br>109<br>2 | 25.6963<br>158<br>2 | 4.50087<br>11<br>1 | 98.4031<br>100<br>79 | 2.00523<br>32<br>1 | 18.6195<br>25<br>16 | 2.62006<br>9<br>0 | 237.696<br>284<br>192 | 8.56719<br>18.5<br>2.4 | 13.2602<br>13.5<br>12.5 |
| Ave Period 24<br>0:00:01 7/11/20 | 27.2169<br>136.7<br>0 | 16.3123<br>29<br>8 | 0<br>0<br>0 | 59.2879<br>346<br>50 | 6.46701<br>8.8<br>4.7 | 21.4392<br>95.7<br>1 | 27.2059<br>109<br>2 | 25.6963<br>158<br>2 | 4.50087<br>11<br>1 | 98.4031<br>100<br>79 | 2.00523<br>32<br>1 | 18.6195<br>25<br>16 | 2.62006<br>9<br>0 | 237.696<br>284<br>192 | 8.56719<br>18.5<br>2.4 | 13.2602<br>13.5<br>12.5 |

ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း

Ecological Laboratory

စိမ်းလန်းအမိမြေနှင့် ဖြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM)

Reference Number/ စာအမှတ်: EL-R /328

Date / နေ့စွဲ: 21 July, 2020

# Air Analysis Report (လေတိုင်းတာ စစ်ဆေးမှု အစီအရင်ခံစာ)

## Air Analysis Info / လေတိုင်းတာမှု အချက်အလက်

| | | | | |
|---|---|---|---|---|
| လေတိုင်းသည့်နေရာ<br>Sample site: | GPS Joint Adventure<br>သတ္တုရေနေအကန် | လေနမူနာအမှတ်စဉ်Sample I.D. | 333 | |
| နေရာ (မြို့နယ်)<br>Location (township) | ရွာပောင်းကျေးရွာအနီးတော်ဆိုင်းကျေးရွာအုပ်စု၊ ကလောမြို့နယ် | လတ်တီတွဒ် Latitude | N 20˚ 58' 08.21" | |
| | | လောင်ဂျီတွဒ် Longitude | E 096˚ 46' 25.27" | |
| နေရာ (တိုင်းဒေသကြီး/ပြည်နယ်)<br>Location (Region / state) | ရှမ်းပြည်နယ်(တောင်ပိုင်း) | နည်းစဉ် Method | Haz-Scanner (EPAS) | |
| | | စက်တည်အမြင့်(မြေပြင်မှ)<br>Station height (above ground) | Ground<br>(Outdoor Air Quality Testing) | |
| တိုင်းတာလိုသူ အမည်<br>Name of customer: | Good Plus Star (GPS)<br>Joint Adventure Co., ltd | စတင်တိုင်းတာသည့်ရက်(နေ့အချိန်)<br>log on time (Date,Time) | 10.7.2020 | 9:33 AM |
| တိုင်းတာသည့်နေ့စွဲ<br>Air Sampling Testing Date | 10.7.2020 | တိုင်းတာပြီးသည့်အချိန်(နေ့အချိန်)<br>log off time (Date,Time) | 11.7.2020 | 9:33 AM |
| ဆက်သွယ်ရန် လိပ်စာ/ဖုန်း<br>Contact Address/phone | - | တိုင်းတာမှု ကြာချိန်<br>Logging Duration (hours) | 24 hours | |

## Air testing result / လေထုတိုင်းတာစမ်းသပ်ချက်အဖြေ

| စဉ် No. | အရည်အသွေး<br>Parameter | ရလဒ်<br>Results | ယူနစ်<br>Unit | ပျမ်းမျှကာလ<br>Avg. Period | | ထုတ်ပြန်မှုစံနှုန်း<br>Guideline Value | ပျမ်းမျှကာလ<br>Avg. Period |
|---|---|---|---|---|---|---|---|
| ၁ | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်<br>Nitrogen dioxide | 60.83 | µg/m³<br>µg/m³ | 1 | year<br>hour | *40 µg/m³<br>* 200 µg/m³ | 1-year<br>1-hour |
| ၂ | Particulate matter<br>PM 10 | 19.45 | µg/m³<br>µg/m³ | 24 | year<br>hours | *20 µg/m³<br>* 50 µg/m³ | 1-year<br>24-hour |
| ၃ | Particulate matter<br>PM 2.5 | 5.70 | µg/m³<br>µg/m³ | 24 | year<br>hours | * 10 µg/m³<br>* 25 µg/m³ | 1-year<br>24 hour |
| ၄ | ဆာလဖာဒိုင်အောက်ဆိုဒ်<br>Sulfur Dioxide | 73.29 | µg/m³<br>µg/m³ | 1 | hours<br>hour | * 20 µg/m³<br>* 500 µg/m² | 24-hour<br>10 minute |
| ၅ | အိုဇုန်း<br>Ozone | 21.59 | µg/m³<br>µg/m³ | 8 | year<br>hours | * 100 µg/m³ | 8 Hour Daily Maximum |
| ၆ | ကာဗွန်ဒိုင်အောက်ဆိုဒ်<br>Carbon dioxide | 84.58 | ppm<br>ppm | 24 | year<br>hours | NG | - |
| ၇ | ကာဗွန်မိုနောက်ဆိုဒ်<br>Carbon monoxide | 53.76 | ppb<br>ppb | 24 | year<br>hours | NG | - |

(This report shall not be reproduced except in full, without written approval of the laboratory)

(ဓါတ်ခွဲခန်း၏ စာဖြင့်ရေးသားသဘောတူညီချက်မရရှိပဲ ယခုအစီရင်ခံစာကိုအပြည့်အစုံမှလွဲ၍ တစ်စိတ်တစ်ပိုင်း ဖြတ်ယူအသုံးပြုခြင်း မပြုလုပ်ရ)

531-D, Marlar Myaing Yeik Thar Street, 8 Ward, Kamayut Township, Yangon. Telephone: +95 973076412

Email: info@alarmmyanmar.org, alarm.myanmar@gmail.com , Website: www.alarmmyanmar.org

# ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း
# Ecological Laboratory

စိမ်းလန်းအဓိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM)

| စဉ် No. | အညွှန်းအသေး Parameter | ရလဒ် Results | ယူနစ် Unit | ပျမ်းမျှကာလ Avg. Period | | ထုတ်လွှတ်မှုစံနှုန်း Guideline Value | ပျမ်းမျှကာလ Avg. Period |
|---|---|---|---|---|---|---|---|
| ၈ | ဟိုက်ဒရိုကာဗွန် Hydrocarbon | | ppm | | hour | | |
| | | 8.03 | ppm | 24 | hours | NG | - |
| ၉ | မီသိန်း Methane | | ppm | | hour | | |
| | | 20.54 | ppm | 24 | hours | NG | - |
| ၁၀ | ရေဒီယိုသတ္တိကြွ Atomic Radiation | | CPM | | hour | | |
| | | 16.32 | CPM | 24 | hours | NG | - |
| ၁၁ | အပူချိန် Temperature | | °C | | hour | | |
| | | 21.99 | °C | 24 | hours | NG | - |
| ၁၂ | Volatile Organic Compound (VOC) | | ppb | | hour | | |
| | | 2.53 | ppb | 24 | hours | NG | - |
| ၁၃ | လေတိုက်နှုန်း Wind Speed | | Kph | | hour | | |
| | | 8.85 | Kph | 24 | hours | NG | - |
| ၁၄ | လေတိုက်ရာအရပ် Wind Direction | | Deg | | hour | | |
| | | 234.82 | Deg | 24 | hours | NG | - |
| ၁၅ | စိုထိုင်းဆ Relative Humidity | | RH% | | hour | | |
| | | 84.61 | RH% | 24 | hours | NG | - |

* Myanmar Environmental Quality Emission Guideline 2015 NG= No Guideline

မှတ်ချက်။ တိုင်းတာသည့်ကြာချိန်သည် သတ်မှတ်ချိန်နှုန်းအချိန်ထက်နည်းပါက အများဆုံးတိုင်းတာခဲ့သည့်အချိန်၏ ပျမ်းမျှရလဒ်ကိုသာဖော်ပြထားပါသည်။

သတ်မှတ်ချိန်နှုန်းအချိန်ထက် ပိုမိုတိုင်းတာထားသောအညွှန်းအသေးများအတွက် သတ်မှတ်အချိန် ပျမ်းမျှရလဒ်များ၏ အများဆုံးရလဒ်တစ်ခုသာဖော်ပြထားပါသည်။

| တိုင်းတာတွက်ချက်သူ Analyzed by | စစ်ဆေးသူ Checked by |
|---|---|
| Sa Aung Thet Oo<br>Mobile Lab Technician<br>Ecological Laboratory<br>ALARM | Dr. Aye Aye Win<br>Laboratory In-Charge<br>Ecological Laboratory<br>(ALARM) |

(This report shall not be reproduced except in full, without written approval of the laboratory)
([illegible])

531-D, Marlar Myaing Yeik Thar Street, 8 Ward, Kamayut Township, Yangon. Telephone: +95 973076412
Email: info@alarmmyanmar.org, alarm.myanmar@gmail.com , Website: www.alarmmyanmar.org

# ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း
# Ecological Laboratory

စိမ်းလန်းအမိမြေပြန့်ပြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM)


Noise Analysis Info / အသံတိုင်းတာမှု အချက်အလက်


| | | | |
|---|---|---|---|
| တိုင်းတာလိုသူ အမည်<br>Name of customer: | GPS Joint Adventure<br>သဗ္ဗာရေအေးကန် | နည်းစဉ် Method | BENETECH<br>Digital Sound Level Meter |
| နေရာ (မြို့နယ်)<br>Location (township) | ရွာပေါင်းကျေးရွာအနီး<br>ခေတ်ဆိုင်ကျေးရွာအုပ်စု<br>တာချီလိတ်မြို့နယ် | စတင်တိုင်းတာသည့်အချိန် (နေ့အချိန်)<br>log on time (Date,Time) | 10.7.2020 (9:33 AM) |
| နေရာ (တိုင်းပြည်နယ်)<br>Location (Region / state) | ရှမ်းပြည်နယ် | တိုင်းတာပြီးသည့်အချိန်(နေ့အချိန်)<br>log off time (Date,Time) | 11.7.2020 (9:33 AM) |

Noise Testing Result /အသံတိုင်းတာစမ်းသပ်ချက်အဖြေ

| Monitoring Time | Stations (July-2020) | Remark |
|---|---|---|
| 6:00-7:00 | 54.38 | |
| 7:00-8:00 | 59.46 | |
| 8:00:9:00 | 56.87 | |
| 9:00-10:00 | 55.01 | |
| 10:00-11:00 | 64.90 | |
| 11:00-12:00 | 62.44 | |
| 12:00-13:00 | 62.61 | |
| 13:00-14:00 | 62.11 | |
| 14:00-15:00 | 61.14 | |
| 15:00-16:00 | 60.04 | |
| 16:00-17:00 | 60.52 | |
| 17:00-18:00 | 61.55 | |
| 18:00-19:00 | 59.20 | |
| 19:00-20:00 | 55.50 | |
| 20:00-21:00 | 55.23 | |
| 21:00-22:00 | 49.60 | |
| Day $L_{Aeq}$ | **58.78** | |
| 22:00-23:00 | 49.13 | |
| 23:00-24:00 | 50.78 | |
| 24:00-1:00 | 50.91 | |
| 1:00-2:00 | 50.43 | |
| 2:00-3:00 | 51.39 | |
| 3:00-4:00 | 49.26 | |
| 4:00-5:00 | 50.72 | |
| 5:00-6:00 | 53.38 | |
| Night $L_{Aeq}$ | **50.75** | |

(This report shall not be reproduced except in full, without written approval of the laboratory)
([illegible])
531-D, Marlar Myaing Yeik Thar Street, 8 Ward, Kamayut Township, Yangon. Telephone: +95 973076412
Email: info@alarmmyanmar.org, alarm.myanmar@gmail.com , Website: www.alarmmyanmar.org


SPL (Unit: dB)
45 46 47 48 49 50 51 52 53 54 55 56 57 58 59 60 61 62 63 64 65 66 67 68 69 70 71 72 73 74 75 76 77 78
0 50 100 150 200 250 300 350 400 450 500 550 600 650 700 750 800
Data Analysis
Bau Seng Day Noise


Bao Seng Night Noise
SPL (Unit: dB)
46 48 50 52 54 56 58 60 62 64 66 68 70 72 74 76 78 80 82 84 86
0 50 100 150 200 250 300 350 400 450 500 550 600 650 700
Data Analysis

**GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းလုပ်ကွက်၏ ရေ၊လေ၊မြေ၊ဆူညံသံတိုင်းတာသည့်နေရာပြ Layout Plan Map**




- မြေပေါ်ရေနမူနာရယူသည့်နေရာ (N 20°58'6.61", E 96°46'23.90")
- မြေအောက်ရေနမူနာရယူသည့်နေရာ (N 20°57'38.64", E 96°46'12.09")
- မြေနမူနာယူသည့်နေရာ (N 20°58'6.37", E 96°46'25.15")
- လေနှင့်ဆူညံသံတိုင်းတာသည့်နေရာ (N 20°58'8.21", E 96°46'25.27")
- ရေဆေးကန်မှထွက်လာသောရေ (N 20°58'4.95", E 96°46'24.29")

## ၆.၈။ ဂေဟာစနစ်(တောတောင်အခြေအနေနှင့် ဇီဝမျိုးစုံမျိုးကွဲများ)

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်မည့်ကာလတွင် ဂေဟာစနစ်ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်သွားပါမည်။

လုပ်ငန်းဧရိယာအတွင်းနှင့် အနီးဝန်းကျင်တွင် ဇီဝမျိုးစိတ်များအဖြစ် ငှက်မျိုးစိတ် (၃)မျိုး ခန့် တွေ့ရှိရပါသည်။ ၎င်းငှက်မျိုးစိတ် (၃)မျိုးမှာ ဂျိုး၊ ငုံး နှင့်ခါတို့တွေ့ရှိရပါသည်။ တွားသွားသတ္တဝါ (၃)မျိုးမှာ မြွေ၊ ကင်းလိပ်ချော့နှင့် ဖွတ် တို့အား တွေ့ရှိရပါသည်။ နို့တိုက်သတ္တဝါ (၃)မျိုးမှာ ယုန်၊ တောဝက်နှင့် တောကြောင်တို့ဖြစ်ပါသည်။ လုပ်ငန်းဧရိယာအနီးတွင် ရေနေသတ္တဝါများ အားမတွေ့ရှိရပါ။ ခဲသတ္တုရေဆေးသန့်စင်လုပ်ငန်းများကြောင့် ဇီဝမျိုးစိတ်များအား ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းဧရိယာနှင့် အနီးဝန်းကျင်ဒေသတွင် ဝါးပင်၊ ပင်စိမ်းပင်၊ သစ်အယ်ပင်၊ ထင်းရှူးပင်နှင့် ချုံနွယ်ပင်များပေါက်ရောက်ကြောင်း လေ့လာ တွေ့ရှိရပါ သည်။

အပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအားရယူခဲ့သည့် အရင်းအမြစ်မှာ ဒေသခံရွာသူ/ သား များ၊ သက်ကြီးရွယ်အိုများ၏ ပြောကြားချက်များ၊ ရပ်ရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်များနှင့် ကွင်းဆင်းစစ်ဆေးစဉ်တွေ့ရှိရသည်များကို အခြေခံ၍ ဖော်ပြထားခြင်း ဖြစ်ပါ သည်။

အတွေ့ရများသော တွားသွားသတ္တဝါများ

| No. | မျိုးစိတ် (Species) | | | Remark |
|---|---|---|---|---|
| | Local Name | Common Name | Scientific Name | |
| ၁ | မြွေ | Snake | *Serpentes* | LC |
| ၂ | ကင်းလိပ်ချော့ | Grass Lizard | *Chamaesaura* | |
| ၃ | ဖွတ် | Iguana | *Iguana Iguana* | |

အတွေ့ရများသော ငှက်မျိုးစိတ်များ

| No. | မျိုးစိတ် (Species) | | | Remark |
|---|---|---|---|---|
| | Local Name | Common Name | Scientific Name | |
| ၁ | ချိုး | Dove | *Columbidae* | |
| ၂ | ခါ | Painted francolin/ Partridge | *Francolinus* | LC |
| ၃ | ငုံး | Quail | *Coturnix coturnix* | |

အတွေ့ရများသော နို့တိုက်သတ္တဝါများ

| No. | မျိုးစိတ် (Species) | | | Remark |
|---|---|---|---|---|
| | Local Name | Common Name | Scientific Name | |
| ၁ | ယုန် | Rabbit | *Oryctolagus cuniculus* | LC |
| ၂ | တောဝက် | Wild Boar | *Sus Scrofa* | LC |
| ၃ | တောကြောင် | Wild Cat | *Felis Silverstris Ornata* | LC |

အတွေ့ရများသော အပင်များ၊ ဇီဝမျိုးစုံမျိုးကွဲအပင်

| No. | မျိုးစိတ် (Species) | | | Remark |
|---|---|---|---|---|
| | Local Name | Common Name | Scientific Name | |
| ၁ | သစ်ယာ | Thityar | *Schima a wallichil (DC)* | LC |
| ၂ | ဇီးဖြူ | Phyllanihus Emblica | *Emblica Officinalis* | LC |

| | | |
|---|---|---|
| 1 | EX | Extinct |
| 2 | CR | Critically Endangered |
| 3 | EN | Endangered |
| 4 | VU | Vulnerable |
| 5 | NT | Near Threatened |
| 6 | LC | Least Concern |
| 7 | DD | Data Deficient |

## ၆.၉။ လူမှုပတ်ဝန်းကျင် အခြေအနေ

GPS Joint Venture ကုမ္ပဏီလီမိတက်မှ ခဲသတ္တုရှာဖွေရေးဆေးကန် လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသည့် လုပ်ငန်းတည်နေရာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလော မြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် တည်ရှိပါသည်။ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှ ဟဲဟိုးမြို့သို့ ကုန်းလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ရာသီမရွေး သွားလာနိုင်ပါသည်။ ဟဲဟိုးမြို့လမ်းခွဲမှ မြောက်ဘက် (၁၉)မိုင် ခန့်အကွာ၊ ဘော်ဆိုင်း ကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာသို့ ကတ္တရာခင်းလမ်းအတိုင်း ကား၊ ဆိုင်ကယ် တို့ဖြင့် ရာသီမရွေး သွားရောက် နိုင်ပါသည်။ ၎င်းမှတဆင့် (၁)မိုင်ခန့်ကွာဝေးသော လုပ်ကွက်သို့ ကတ္တရာခင်းလမ်းအတိုင်း ကား၊ ဆိုင်ကယ် တို့ဖြင့် ရာသီမရွေး သွားရောက် နိုင်ပါသည်။ ဒေသခံအများစုမှာ ဗမာနှင့် ဓနုလူမျိုးများ ဖြစ်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ လုပ်ငန်း၏ အနီးဆုံးကျေးရွာဖြစ်သော ရွာဟောင်း

ကျေးရွာတွင် အိမ်ခြေ (၁၇၂)အိမ်၊ အိမ်ထောင်စု (၁၇၂)အိမ်၊ ကျား(၃၆၅)ဦး၊ မ(၃၆၁)ဦး၊ စုစုပေါင်း လူဦးရေ (၇၂၆)ဦး နေထိုင်ကြောင်း လေ့လာသိရှိရပါ သည်။

ရွာဟောင်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်း (၁)ကျောင်း ရှိပါသည်။။ GPS Joint Venture ကုမ္ပဏီလီမိတက်မှလည်း ဒေသခံ ကျောင်းသူ/သားများအတွက် လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများအား နှစ်စဉ် လှူဒါန်း ပေးသွားမည် ဖြစ်ပါသည်။

ဒေသခံပြည်သူများ၏ (၃၀%) မှာ စာရေးနိုင်/ဖတ်နိုင်သူများဖြစ်ကြပြီး အထက်တန်း ကျောင်းအောင်မြင်သူ (၂၀%)ခန့် ရှိပါသည်။ (၂၅%)ခန့်မှာ အခြေခံပညာ မူလတန်း ပြီးမြောက်သူ များဖြစ်ကြပါသည်။ ဘုန်းတော်ကြီးသင်ပညာရေးပြီးဆုံးသူ (၄%)နှင့် အထက် ရှိပြီး (၅%)သာ အခြေခံပညာအလယ်တန်းအဆင့်သို့ ရောက်ရှိကြပါသည်။ ခေတ်ပညာတတ် (၁၅%)သာ ရှိပါသည်။ ကျန်% သည် ကလေးများနှင့်စာမတတ်သူများ ဖြစ်ပါသည်။

အများစုမှာ ယာ၊ ခြံစိုက်ပျိုးရေး လုပ်ကိုင်ကြပြီး အချို့မှာ တနိုင်တပိုင် ရောင်းဝယ်ရေး၊ တနိုင်တပိုင်ခဲသတ္တုတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်စုံဆိုင်ရောင်းသူများ၊ ကျပန်း လုပ်ကိုင် သူ များနှင့် ကုမ္ပဏီ ဝန်ထမ်းများ ဖြစ်ကြပါသည်။ အဓိကဝင်ငွေမှာ ယာ၊ ခြံစိုက်ပျိုးခြင်းနှင့် ခဲသတ္တု တူးဖော်ရေးလုပ်ငန်းမှရရှိပါသည်။ အိမ်ထောင်စုတစ်စုလျှင် တစ်နှစ်ပျှမ်းမျှဝင်ငွေ (၂၀)သိန်းမှ သိန်း(၃၀) ထိရှိပါသည်။ စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှုမှာ ယာ၊ ခြံမြေများနှင့် တနိုင်တပိုင် ခဲသတ္တုတူးဖော်ရေးတို့ ဖြစ်ပါသည်။

ရွာဟောင်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်း(၁)ခန်း ရှိပါသည်။ ထို့ပြင် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုးရန်အတွက် ဘော်ဆိုင်းတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသ ထိုးနှံကျပါသည်။ အဖြစ်များ သောရောဂါများမှာ ငှက်ဖျား၊ ရာသီတုပ်ကွေးနှင့် နှာစေး၊ချောင်းဆိုး တို့ ဖြစ်ပါသည်။ လူဦးရေတိုးနှုန်းမှာ တစ်နှစ်လျှင်(၁၀%)ဖြစ်ပြီး သေဆုံးနှုန်းမှာတစ်နှစ်လျှင် (၂ %) ဖြစ်ပါသည်။

သောက်သုံးရေအတွက် ကမ္ဘောဇဘဏ်မှလှူဒါန်းထားသည့် အဝီစိတွင်းရေနှင့် မိုးရေကို အဓိကထားအသုံးပြုကြပါသည်။ ဒေသခံများအား လုပ်ငန်းခွင်၌ ဦးစားပေး အလုပ်ခန့် ထားပေးသွား မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက်လည်း ကုမ္ပဏီမှ ပံ့ပိုးပေးသွား မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခဲသတ္တုရေဆေးကန်လုပ်ငန်းသည် ရွာဟောင်းကျေးရွာ ဒေသခံများ၏ ကျန်းမာရေးအား ထိခိုက်နိုင်ခြင်းမရှိဘဲ ကျေးရွာအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ စေပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးကိစ္စအဝဝ အား တိုးတက် ကောင်းမွန်လာစေရန် အထောက်အကူပြု ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်း အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ ကျေးရွာဒေသခံများ၊ ရပ်မိရပ်ဖများနှင့် ဘုန်းတော်ကြီး

များ မှ သဘောတူလက်ခံကြောင်း လေ့လာသုံးသပ်မိပါသည်။ လုပ်ကွက်ဧရိယာအတွင်း ရှေးဟောင်း အမွေအနှစ်များ၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် ဆိုင်ရာ အဆောက်အဦးများမရှိပါ။

ရွာဟောင်းကျေးရွာ၏ လူမှုဝန်းကျင်အခြေအနေအား ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်များမှလည်းကောင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး၍လည်းကောင်း၊ လုပ်ကွက် အတွင်း ကွင်းဆင်းစစ်ဆေးစဉ် တွေ့မြင်ရသည်များကို မှတ်တမ်းထားရှိပြီး တင်ပြခြင်း ဖြစ်ပါသည်။

## ၆.၁၀။ စီးပွားရေးဆိုင်ရာအစိတ်အပိုင်းများ

### ၆.၁၀.၁။ ဒေသအတွင်းစီးပွာရေးလုပ်ငန်းများ လုပ်ဆောင်နေမှု

ရွာဟောင်းကျေးရွာ၏ ၅၀%မှာ ယာ၊ ခြံစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ပါသည်။ ၁၀% မှာ ကုမ္ပဏီဝန်ထမ်း ဖြစ်ပြီး ၂၀% မှာ တစ်ပိုင်တစ်နိုင် ရောင်းဝယ်ရေး၊ တစ်ပိုင်တစ်နိုင် ခဲသတ္တုတူးဖော်ရေး နှင့် ကုန်စုံဆိုင်ရောင်းဝယ်ရေးကို လုပ်ကိုင်ပါသည်။ ၅% မှာ ကျပန်းလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုလုပ်ပြီး ရွာဟောင်းကျေးရွာ အိမ်ထောင်စုများ၏ တစ်နှစ်ပျှမ်းမျှ ဝင်ငွေမှာ (၂၀)သိန်းမှ (၃၀) သိန်း အထိရှိပါသည်။ မည်သူမျှ တစ်နှစ်ဝင်ငွေကို အတိအကျ ဖြေကြားနိုင်သူမရှိပါ။ ကျန် % သည် ကလေးနှင့် သက်ကြီးရွယ်အိုများဖြစ်ပါသည်။

### ၆.၁၀.၂။ စိုက်ပျိုးရေးလုပ်ငန်းများ

ရွာဟောင်းကျေးရွာတွင် ၅၀ % သော နေထိုင်သူများမှာ ယာ၊ ခြံစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ပါသည်။ အဓိကစိုက်ပျိုးသည်မှာ - လက်ဖက်၊ ပန်းနှမ်း၊ မုန်ညင်း၊ ဖတ်၊ ငရုတ်၊ ပြောင်းနှင့် အာလူးများ ဖြစ်ပါသည်။

### ၆.၁၀.၃။ သစ်တောထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းများ

လုပ်ငန်းလုပ်ဆောင်ရာ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာတွင် သစ်တော ထုတ်လုပ်ရေး နှင့် သက်ဆိုင်သော လုပ်ငန်းများ လုပ်ဆောင်ခြင်း မရှိပါ။

### ၆.၁၀.၄။ မွေးမြူရေးလုပ်ငန်းများ

ရွာဟောင်းကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများမရှိပေ။ တစ်နိုင်တစ်ပိုင် ကိုယ့်အိမ် တွင် သာ မွေးမြူကြပါသည်။

### ၆.၁၀.၅။ စက်မှုလုပ်ငန်းများ

လုပ်ငန်းလုပ်ဆောင်ရာ ရွာဟောင်းကျေးရွာတွင် စက်မှုလုပ်ငန်းများလုပ်ကိုင်ခြင်း မရှိသော်လည်း ဘော်ဆိုင်းကျေးရွာအုပ်စုတွင်မူ ခဲသတ္တုသန့်စင်ခြင်းလုပ်ငန်းများနှင့် ကားဝပ်ရှော့လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

### ၆.၁၀.၆။ တွင်းထွက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း

လုပ်ငန်းလုပ်ဆောင်ရာ ဘော်ဆိုင်းကျေးရွာအုပ်စု၊ရွာဟောင်းကျေးရွာအနီးတွင်တနိုင်တပိုင် ခဲသတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ရွာဟောင်းကျေးရွာအနီးရှိ ခဲသတ္တုတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းများတွင် ကုမ္ပဏီဝန်ထမ်းများအဖြစ် လုပ်ဆောင်ပါသည်။

### ၆.၁၀.၇။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ

လုပ်ငန်းလုပ်ဆောင်ရာဒေသသည် အထင်ကရနေရာဖြစ်သည့် ပင်းတယမြို့အနီးတွင် တည်ရှိနေသော်လည်း ဟိုတယ်များတည်ဆောက်ခြင်းနှင့် ခရီးသွားများ လာရောက်လည်ပတ်ခြင်းများ မရှိပါ။

### ၆.၁၁။ ယဉ်ကျေးမှုဆိုင်ရာအချက်အလက်များ

### ၆.၁၁.၁။ ဘာသာရေးနှင့် သမိုင်းဝင် အဆောက်အဦးများ

ရွာဟောင်းကျေးရွာတွင် သမိုင်းဝင် အဆောက်အဦးများ မရှိပါ။ ရွာဟောင်းကျေးရွာနေ ဒေသခံပြည်သူများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါသည်။

### ၆.၁၁.၂။ ရှေးဟောင်း အဆောက်အဦးများ

ရွာဟောင်းကျေးရွာတွင်နှစ်ပေါင်းကြာမြင့်သည့် ရှေးဟောင်းစေတီပုထိုး ရှိပါသည်။ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဆောက်အဦးများ မရှိပါ။

### ၆.၁၁.၃။ ဘုရား/ ကျောင်းကန်များ

ရွာဟောင်းကျေးရွာနေ ဒေသခံပြည်သူများသည် ၁၀၀ ရာခိုင်နှုန်း ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်အတွက် ကျေးရွာအတွင်း ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းရှိပါသည်။ ဘုန်းတော်ကြီးကျောင်းများတွင် စေတီ၊ ပုထိုး၊ ဘုရား တွေ့ရှိရပါသည်။

### ၆.၁၁.၄။ မြင်ကွင်းပသာဒဆိုင်ရာ သွင်ပြင်လက္ခဏာများ

### ၆.၁၁.၄.၁။ အပန်းဖြေ နေရာများ/ သဘာဝအလှအပ နေရာများ

ရွာဟောင်းကျေးရွာသည် တောင်တန်းဒေသတွင်တည်ရှိနေခြင်းကြောင့် ရှုမျှော်ခင်းများ နှင့် လှပနေသော်လည်း နိုင်ငံခြား ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများကို ဆွဲဆောင်နိုင်သည့် အပန်းဖြေနေရာများ/ ရှုမျှော်ခင်းများ/ သဘာဝအလှအပ နေရာများ တည်ရှိမနေပါ။

### ၆.၁၁.၄.၂။ ယဉ်ကျေးမှု/ ထုံးတမ်းစဉ်လာနှင့် ပတ်သက်သော နေရာများ

ရွာဟောင်းကျေးရွာရှိ ဒေသခံများသည် ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသောကြောင့် စေတီပုထိုးများရှိရာ မြေနေရာမှလွဲ၍ အခြားသော ယဉ်ကျေးမှု/ ထုံးတမ်းစဉ်လာ ဘာသာရေး များနှင့် သက်ဆိုင်သော နေရာများ မရှိပါ။

## လုပ်ငန်းသို့သွားရာလမ်းတစ်လျှောက်ဒေသန္တရပြမြေပုံ




ဟဲဟိုးမြို့အဝင်




ဟဲဟိုးမြို့မဈေး



ဟဲဟိုးမှဘော်ဆိုင်းသို့သွားရာလမ်း



ဟဲဟိုးဘော်ဆိုင်းလမ်းပြဆိုင်းဘုတ်



ဘော်ဆိုင်းသို့သွားရာလမ်း




ဘော်ဆိုင်းမြို့အဝင်ဆိုင်းဘုတ်



ဘော်ဆိုင်းမြို့သို့ ဝင်ရာလမ်း



ဘော်ဆိုင်းမြို့ရှိ စာသင်ကျောင်း




ဘော်ဆိုင်းဈေး



ဘော်ဆိုင်းမြို့ရှိမီးသတ်ရုံး

# အခန်း (၇)

## ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများနှင့်လျော့နည်းစေရန်ဆောင်ရွက်မည့်လုပ်ငန်းများ

GPS Joint Venture ကုမ္ပဏီလီမိတက်အနေဖြင့် လုပ်ငန်းဧရိယာ (၁၀.၈၆)ဧက အတွင်း ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်နေသည်မှာ ဆူညံသံနှင့် တုန်ခါမှု၊ မြေပေါ်/အောက်ရေ အရည်အသွေး၊ လေအရည်အသွေး၊ စွန့်ပစ်ပစ္စည်း၊ မြေထု၊ ဂေဟစနစ် နှင့် လူမှု ပတ်ဝန်းကျင်ထိခိုက်မှုစသည့် Impact များ အနည်းနှင့် အများ ဖြစ်ပေါ်လာနိုင်ပါသည်။

ခဲသတ္တုရေဆေးကန်တည်ဆောက်ရေးကာလတွင် ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်ရန် ရေပန်းထိုးစက်ပစ္စည်းများ ထားရှိမည့်နေရာ၊ အဆောက်အဦးဆောက်လုပ်သည့်နေရာ၊ ခဲသတ္တုကုန်ကြမ်း နှင့် ကုန်ချောထားရှိသည့်နေရာနှင့် အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းများအတွက် အပေါ်ယံမြေမျက်နှာပြင် ရှင်းလင်းခြင်းများလုပ်ဆောင်ရမည်ဖြစ်သောကြောင့် မြေထုအရည်အသွေးထိခိုက်မှု အနည်းငယ်ရှိနိုင်ပါသည်။

ခဲသတ္တုရေဆေးသန့်စင်ခြင်းလုပ်ငန်းလည်ပတ်သည့်ကာလတွင်လည်း မီးစက်၊ လုပ်ငန်းသုံး စက်ယန္တရားများ နှင့် မော်တော်ယာဉ် မောင်းနှင်ခြင်းကြောင့် အင်ဂျင်စက်သံ အနည်းငယ် ထွက်ရှိနိုင်ပြီး လေထု၊ ဆူညံသံအရည်အသွေးအနည်းငယ်ထိခိုက်နိုင်ပါသည်။ ခဲသတ္တုရေဆေး သန့်စင်ခြင်းလုပ်ငန်းကြောင့် ထွက်ရှိလာသော ခဲသတ္တုပါဝင်သောနှုံးနှင့် ရေများ၊ စားဖိုဆောင်နှင့် ဝန်ထမ်းများသုံးရေ၊ ချိုးရေများမှ ထွက်ရှိသောရေဆိုးများကြောင့် မြေပေါ်ရေနှင့် မြေအောက်ရေ အရည်အသွေး ထိခိုက်မှု အနည်းငယ်ရှိပါသည်။ လမ်းများ ဖောက်လုပ်ခြင်း၊ ရေဆေးကန်၊ အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ အလုပ်သမားများကြောင့် တောတောင်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် လူမှုပတ်ဝန်းကျင် အပေါ်ထိခိုက်မှုအနည်းငယ်ရှိနိုင်ပါသည်။

စီမံကိန်းလုပ်ဆောင်ရာတွင် ဖြစ်နိုင်ချေလာနိုင်ချေရှိသော ဘေးအန္တရာယ်နှင့် ထိခိုက်မှုများကို ဆန်းစစ်ခြင်းမှာ အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် စီမံကိန်းမှ ထွက်ရှိလာသော ညစ်ညမ်းစေသောပစ္စည်းများ၊ ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများ ကို အမျိုးအစားခွဲခြားသတ်မှတ်ခြင်း၊ လေ့လာဆန်းစစ်ခြင်းများပြုလုပ်၍ ပတ်ဝန်းကျင်နှင့် လူမှုစီးပွား အပေါ်တွင် သက်ရောက်မှုများကို လေ့လာခဲ့ပါသည်။

### ၇.၁။ ချဉ်းကပ်နည်းလမ်းများ

ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ်တွင် ဖြစ်ပေါ်လာနိုင်သော သိသာထင်ရှားသည့် သက်ရောက်မှုများကို လုပ်ငန်းအတွေ့အကြုံများ၊ ပတ်ဝန်းကျင်ပျက်စီးခြင်း၊ ထိန်းသိမ်းခြင်းများနှင့် သက်ဆိုင်သည့် ဗဟုသုတများကိုအခြေခံ၍ လေ့လာဆန်းစစ်ခဲ့ပါသည်။ လက်ရှိတည်ရှိနေသော ပတ်ဝန်းကျင်အခြေအနေများကိုသိရှိနိုင်ရန် စီမံကိန်းလုပ်ငန်းသို့ ကွင်းဆင်းလေ့လာစစ်ဆေးခြင်း၊ စီမံကိန်းလုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးအပေါ်တွင်

သက်ရောက်လာနိုင်မှုများကို လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့လေ့လာမှုများကို မျက်စိအမြင်ဖြင့် ကွင်းဆင်းလေ့လာဆန်းစစ်ခြင်း၊ လက်တွေ့ခန်းများမှ ရရှိလာသော ဓါတ်ခွဲအဖြေများကို အသုံးပြု၍ ဆန်းစစ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို လေ့လာသုံးသပ်ရာတွင် ရုပ်ပိုင်းဆိုင်ရာပေါ်တွင် သက်ရောက်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ်တွင် သက်ရောက်မှုများ၊ လူမှုစီးပွားအပေါ် သက်ရောက်မှုများ၊ ဒေသခံများ၏ ယဉ်ကျေးမှုနှင့် မြင်သာသော ထိခိုက်မှုများကို အခြေခံထားပါသည်။

## ၇.၂။ ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို လျှော့ချရမည့် အစီအစဉ်များ ဆောင်ရွက်ခြင်း

ခဲသတ္တုရေဆေးသန့်စင်ခြင်းလုပ်ငန်းစဉ်ကြောင့် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် သက်ရောက်မှုများကို သိရှိနိုင်ရန် အချိန်ကာလကို အဆင့်သုံးဆင့်ပိုင်းခြား၍ သုံးသပ်တင်ပြထားပါသည်။

### ၇.၂.၁။ လုပ်ငန်းတည်ဆောက်ခြင်းကာလတွင် ဖြစ်ပေါ်လာနိုင်ချေရှိသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ

လုပ်ငန်းတည်ဆောက်ခြင်းကာလတွင် လုပ်ငန်းဧရိယာအတွင်း ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ကိုင်ရန် ရေပန်းထိုးစက်ပစ္စည်းများ ထားရှိမည့်နေရာ၊ အဆောက်အဦးဆောက်လုပ်သည့်နေရာ၊ ခဲသတ္တုကုန်ကြမ်း နှင့် ကုန်ချောထားရှိသည့်နေရာနှင့် အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းများအတွက် အပေါ်ယံမြေမျက်နှာပြင် ရှင်းလင်းခြင်း၊ သစ်ပင်များခုတ်ထွင် ရှင်းလင်းခြင်းများပြုလုပ်ရသည့်အတွက် ၎င်းမြေနေရာတွင် ပေါက်ရောက်နေသော အပင်မျိုးစိတ်များနှင့် ၎င်းအပင်များအပေါ်တွင် မှီခိုနေထိုင်ကြသော သတ္တဝါများအပေါ် သက်ရောက်မှုများ ဖြစ်စေနိုင်ပါသည်။ ထို့အပြင် မြေသားလမ်းများဖောက်လုပ်ခြင်း ဖြစ်သည့်အတွက် နွေအခါ အမှုန်အမွှားများထွက်ရှိခြင်း (Paticulate Matter PM) နှင့် မိုးအခါ မြေဆီလွှာတိုက်စားခံရခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင် ဝန်ထမ်းများပေါ့ဆမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းကြီးကြပ်သူများ၏ ကွပ်ကဲမှုလိုအပ်ချက်ကြောင့်ဖြစ်စေ လုပ်ငန်းခွင်မတော်တဆမှုများ ဖြစ်စေနိုင်ပါသည်။ ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းဧရိယာအား GPS, Theodolite နှင့် Total Station စသည့် မြေတိုင်းကိရိယာများ အားအသုံးပြု၍ လုပ်ငန်း၏ အကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင် နိမ့်မြင့်ပြမြေပုံအား တိုင်းတာရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းငယ်ရှိနိုင်ပါသည်။ ရေပန်းထိုး စက်ပစ္စည်းများထားရှိသည့်နေရာ၊ အဆောက်အဦး၊ အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန် တည်ဆောက်သည့်နေရာအတွက် မြေနေရာ သတ်မှတ်ခြင်း၊ တိုင်းတာခြင်းများ ပြုလုပ်ရသည့်အတွက် သစ်ပင်များ ခုတ်လှဲရန်မလိုအပ်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု

အနည်းငယ်သာရှိပါသည်။ ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများသည် လုပ်ငန်းပြင်ဆင်နေစဉ်ကာလအတွင်း မထွက်ရှိပါ။ လုပ်ငန်းတည်ဆောက်ခြင်းကာလတွင် ပြုလုပ်သော လုပ်ငန်းစဉ်များကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု မပြင်းထန်သည့်အပြင် ၎င်းသက်ရောက်မှုသည် အချိန် အပိုင်းအခြား တစ်ခုမျှ သာ သက်ရောက်စေနိုင်ပါသည်။

ကွင်းဆင်းလေ့လာချက်များအရ လုပ်ငန်းတည်ဆောက်ခြင်းကာလတွင် စီမံကိန်း လုပ်ဆောင်ရန်အတွက် အနီးနားပတ်ဝန်းကျင်မှ လူနေအိမ်များကို အတင်းအကြပ်ပြောင်းရွှေ့စေခြင်း၊ အတင်းအကြပ် သိမ်းယူခြင်းများမရှိပါ။ ထို့အပြင် စီမံကိန်းလုပ်ဆောင်ရာနေရာအနီးတွင် ဒေသနိက အဆောက်အအုံများ၊ ရှေးဟောင်းအဆောက်အဦများနှင့် အထိအခိုက်မခံနိုင်သော ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦများ မရှိပါ။

## ၇.၂.၂။ လုပ်ငန်းလည်ပတ်ခြင်းကာလတွင် ဖြစ်ပေါ်လာနိုင်ချေရှိသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ

### (က) ပတ်ဝန်းကျင်ရှိ လေအရည်အသွေးအပေါ် သက်ရောက်မှုများ

လုပ်ငန်းခွင်အတွင်း အသုံးပြုသည့်စက်ယန္တရားများ (မီးစက်နှင့် Loader)မောင်းနှင်ခြင်း၊ ကုန်ကြမ်းပစ္စည်းများ၊ ဓါတုပါဝင်သောနှုန်းမြေများ၊ ကုန်ချောများ သယ်ယူရာတွင် မော်တော်ယာဉ်များမောင်းနှင်ခြင်း တို့ကြောင့် ပတ်ဝန်းကျင်ရှိ လေအရည်အသွေးအပေါ် သက်ရောက်မှုအနည်းငယ်ဖြစ်စေနိုင်ပါသည်။ စက်ယန္တရားနှင့် မော်တော်ယာဥ်များ မောင်းနှင်ရာမှ ထွက်ရှိလာသော မီးခိုးနှင့် ဖုန်မှုန့်များထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$)၊ ကာဗွန်မိုနောက်ဆိုဒ်(CO)၊ အငွေ့ပျံလွယ်သော ဓါတ်ပေါင်း(VOC)၊ ဆာလဖာဒိုင်အောက်ဆိုဒ် ($SO_2$)နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်များ ($NO_2$) ပါဝင်ပါသည်။ လေထုထဲတွင် ဖုန်မှုန့်များ၊ ဓါတ်ငွေ့များနှင့် အမှုန်အမွှားများတည်ရှိနေသော်လည်း လုပ်ငန်းဧရိယာသည် ကျေးရွာများအနီး တည်ရှိနေခြင်းမဟုတ်သည့်အပြင် လုပ်ငန်းအနီး ဝန်းကျင်တွင် သဘာဝပေါက်ပင်များဖြင့် စိမ်းလန်းစိုပြေနေခြင်းကြောင့် လူထုအပေါ် ထိခိုက်နိုင်ချေသည် နည်းပါးပါသည်။ သို့ရာတွင် လုပ်ငန်းအတွင်း လုပ်ကိုင်နေကြသော ဝန်ထမ်းများအပေါ် အနည်းငယ် ထိခိုက်စေနိုင်ပါသည်။

### (ခ) ပတ်ဝန်းကျင်ရှိ မြေအရည်အသွေးအပေါ် သက်ရောက်မှုများ

လုပ်ငန်းတည်ဆောက်ခြင်းကာလတွင် လုပ်ဆောင်ခဲ့သော လုပ်ငန်းဧရိယာအတွင်း ဝင်ရောက်ရန် လမ်းဖောက်ခြင်း၊ ဓါတုဗေဒဆေးကန်လုပ်ငန်းလုပ်ကိုင်ရန် ရေပန်းထိုးစက်ပစ္စည်းများ ထားရှိမည့်နေရာ၊ အဆောက်အဦးဆောက်လုပ်သည့်နေရာ၊ ကုန်ချောထားရှိသည့် နေရာနှင့် အနည်စစ်ကန်၊ နှုန်းစစ်ကန်၊ ရေလှောင်ကန် တူးဖော်ခြင်း အစရှိသော လုပ်ဆောင်ချက်များကြောင့် ပတ်ဝန်းကျင် မြေထုအပေါ် သက်ရောက်မှုများသည် လုပ်ငန်းလည်ပတ်နေစဉ်ကာလနှင့် လုပ်ငန်းပိတ်သိမ်းပြီး အချိန်

ကာလတစ်ခုအထိ တိုင်အောင် သက်ရောက်မှု ရှိနိုင်ပါသည်။ မိုးအခါတွင် မြေဆီလွှာတိုက်စားခံရခြင်း ဖြစ်နိုင်ပါသည်။ ဝန်ထမ်းများ၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ စက်ပစ္စည်းများ၏ ချို့ယွင်းမှုကြောင့် ဖြစ်စေ မြေဆီလွှာပေါ်သို့ လောင်စာဆီများနှင့် ချောဆီများ ကျရောက်နိုင်ပါသည်။ ဖိတ်စင်ကျသော လောင်စာဆီနှင့် ချောဆီများသည် အပင်ငယ်များ၏ ပေါက်ရောက်ရှင်သန်မှုကို အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။ ထို့အပြင် ဝန်ထမ်းများ၏ ပလပ်စတစ်အမှိုက်၊ စားဖိုဆောင်နှင့် လူသုံးကုန် ပစ္စည်းများမှ စွန့်ပစ်ပစ္စည်းများကို မြေသားကျင်းတူး၍ စနစ်တကျ စွန့်ပစ်သော်လည်း မြေပေါ်သို့ တိုက်ရိုက်စွန့်ပစ်ရခြင်းကြောင့် မြေထုကို ညစ်ညမ်းစေနိုင်ပါ သည်။

## (ဂ) ပတ်ဝန်းကျင်ရှိ ရေအရည်အသွေးအပေါ် သက်ရောက်မှုများ

ခဲသတ္တုရေဆေးကန်လုပ်ငန်းအနီးတွင် စီးဆင်းနေသောမည်သည့် မြစ်ချောင်းများမှ မရှိပါ။ ခဲသတ္တုရေဆေးကန်လုပ်ငန်းကြောင့် ခဲသတ္တုပါဝင်သောနှုံးနှင့် ရေများ ထွက်ရှိနိုင်ပါသည်။ ထို့အပြင် စားဖိုဆောင်နှင့် ဝန်ထမ်းများ သုံးရေ၊ ချိုးရေများမှလည်း ရေဆိုးများ ထွက်ရှိနိုင်ပါသည်။ အနည်စစ် ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန်များ၏ အောက်ခြေတွင် HDPE Liner များ၊ ရွှံ့စေးများခံထားခြင်း မရှိပါက လုပ်ငန်းသုံးရေများသည် မြေအောက်သို့စိမ့်ဝင်ကာ မြေအောက်ရေအပေါ် ထိခိုက်မှုရှိလာနိုင် ပါသည်။ ထို့အပြင် ရေဆေးကန်မှထွက်လာသောရေ များ ပြင်ပသို့ စီးထွက်သွားပါက ပတ်ဝန်းကျင်ရှိ ရေအရည်အသွေးပေါ် ထိခိုက်နိုင်ပါသည်။ ၎င်းအပြင် မြေပြင်ပေါ်သို့ ဖိတ်စင်နေသော လောင်စာဆီ များနှင့် ချောဆီများသည်လည်း လုပ်ငန်းခွင်ပြင်ပရှိရေထုထဲသို့ ရောက်ရှိခဲ့ပါက ပတ်ဝန်းကျင်ရှိ ရေအရည်အသွေးအပေါ် ထိခိုက်နိုင်ပြီး သုံးစွဲမိပါက အန္တရာယ်ဖြစ်စေနိုင် ပါသည်။

## (ဃ) ဆူညံသံနှင့် တုန်ခါမှုအပေါ် သက်ရောက်မှုများ

ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ရာတွင် မီးစက်၊ လုပ်ငန်းသုံး စက်ယန္တရားများ နှင့် မော်တော်ယာဉ်မောင်းနှင်ခြင်းကြောင့် အင်ဂျင်စက်သံ ထွက်ရှိနိုင်ပါသည်။ စီမံကိန်း ဧရိယာသည် လူနေအိမ်များ အနီးတွင်တည်ရှိပါက လူမှုပတ်ဝန်းကျင်အပေါ် အနှောင့် အယှက်ဖြစ်စေနိုင်ပါသည်။ သို့သော်စီမံကိန်းသည် လူနေအိမ်ခြေများနှင့် နီးကပ်မနေသည့်အတွက် လူမှုပတ်ဝန်းကျင်အပေါ် မထိခိုက်စေနိုင်သော်လည်း လုပ်ငန်းခွင်ရှိ ဝန်ထမ်းများ အပေါ် အနည်းငယ်သက်ရောက်မှု ဖြစ်စေ နိုင်ပါသည်။

## (င) ဇီဝအရင်းအမြစ်အပေါ် သက်ရောက်မှုများ

လုပ်ငန်းဧရိယာအတွင်း ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်ရန်ရေဆေးကန်နှင့် အဆောက် အဦးများဆောက်လုပ်ခြင်း၊ ရေကန်များ တူးဖော်ခြင်းနှင့် လမ်းများဖောက်လုပ်ခြင်း အတွက်

အပေါ်ယံမြေမျက်နှာပြင် ရှင်းလင်းခြင်း၊ သစ်ပင်များခုတ်ထွင် ရှင်းလင်းခြင်းများ ပြုလုပ်ရခြင်းကြောင့် ၎င်းမြေနေရာတွင် ပေါက်ရောက်နေသော အပင်မျိုးစိတ်များနှင့် ၎င်းအပင်များအပေါ်တွင် မှီခို နေထိုင်ကြသော သတ္တဝါများအပေါ် သက်ရောက်မှုများ ဖြစ်စေ နိုင်ပါသည်။ ထို့အပြင် ၎င်းအပင်များ ကို မှီတည်နေသော သတ္တဝါများ ထိုဒေသတွင် မျိုးတုန်းခြင်း၊ ရှားပါးလာခြင်းများ ဖြစ်စေနိုင်ပါသည်။

လုပ်ငန်းဆောင်ရွက်ရာတွင် မီးစက်၊ လုပ်ငန်းသုံးစက်ယန္တရားနှင့် မော်တော်ယာဉ် မောင်းနှင်ခြင်းမှဖြစ်ပေါ်လာသော ဆူညံသံနှင့် တုန်ခါမှုများကြောင့် ယခင်က တည်ရှိနေသော လူသားများနှင့် နီးနီးစပ်စပ် မနေထိုင်နိုင်သော ဇီဝမျိုးစုံမျိုးကွဲများသည် တခြားသော နေရာများသို့ ပြောင်းရွှေ့နေထိုင်ရခြင်း၊ စားကျက်ပြောင်းခြင်းစသည့် ဇီဝအရင်းအမြစ် အပေါ်သက်ရောက်မှုများ ဖြစ်စေနိုင်ပါသည်။ ဝန်ထမ်းများနှင့် ဒေသခံများ၏ လိုအပ်ချက်များဖြည့်ဆည်းရန်အတွက်သစ်ပင်သစ်တောများ ခုတ်ထွင်ခြင်းများကြောင့်လည်း ထိခိုက်နိုင်ပါသည်။ ထို့အပြင်ဝန်ထမ်းများနှင့် ဒေသခံများ၏ တောလိုက် မှုများကြောင့်လည်း တောရိုင်း သတ္တဝါများ၏ ဂေဟစနစ်ကို ထိခိုက်စေနိုင်သည်။ ဝန်ထမ်းများ၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ ဒေသခံများ၏ သတိမမူမှုများကြောင့်ဖြစ်စေ သဘာဝအတိုင်း မဟုတ်ဘဲ တောမီး များလောင် စေနိုင်သောကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးနိုင်ပါသည်။ ၎င်း အချက် အလက်များအပြင် မော်တော်ယာဥ်မောင်းနှင်ခြင်းကြောင့် လွင့်ထွက်နိုင်သော မြေမှုန်မြေစ များနှင့် အခိုးအငွေ့များသည် သစ်ပင် သစ်တောများ၏ သဘာဝဖြစ်စဉ်ကို အနည်းနှင့်အများ အနှောင့် အယှက်ဖြစ်စေနိုင်ပါသည်။

## (စ) ဝန်ထမ်းများ၏ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်နှင့် ကျန်းမာရေးအပေါ် သက်ရောက် မှုများ

ဝန်ထမ်းများ၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ ကြီးကြပ်ကွပ်ကဲသူများ၏ သတိမမူမှုများ ကြောင့် ဖြစ်စေ၊ စက်ပစ္စည်းများ ချို့ယွင်းမှုကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်များ ဖြစ်ပေါ်လာ စေနိုင်ပါသည်။ စက်ယန္တရားများ ကိုင်တွယ်ရာတွင် မကျွမ်းကျင်မှု များကြောင့်လည်း လုပ်ငန်းခွင် မတော်တဆများဖြစ်စေနိုင်ပါသည်။ စက်ယန္တရားများအပြင် တစ်ခြားသော အသေးစားပစ္စည်း ကိရိယာများ ကိုင်ဆောင်၍ လုပ်ကိုင်နေစဉ်တွင်လည်း မတော်တဆထိခိုက်မှုများ ဖြစ်စေနိုင်သည်။ မီးစက် အသုံးပြုသည့်အတွက် ဝါယာကြိုးများ ပေါက်ပြဲခြင်းကြောင့် လျှပ်စစ် အန္တရာယ်ဖြစ်သည့် ဓာတ်လိုက် ခြင်း၊ ဝါယာရှော့ဖြစ်ခြင်း၊ အပူလွန်ကဲခြင်းကြောင့် မီးလောင်ကျွမ်းခြင်းများ ဖြစ်စေနိုင်ပါသည်။ ထို့အပြင် လုပ်ငန်းခွင်မှ ထွက်ရှိလာသော အမှုန်အမွှားများနှင့် အခိုးအငွေ့များကို နေ့စဉ်နှင့်အမျှ ရှူသွင်းနေရခြင်း ကြောင့် အဆုတ်ရောဂါ နှင့် တခြားသော အသက်ရှူလမ်းကြောင်းနှင့်ဆိုင်သော ရောဂါများကို ဖြစ်စေနိုင်ပါသည်။ ထို့အပြင် ဆူညံသံနှင့်တုန်ခါမှုများကို အနီးကပ်ခံစားရသူများ ဖြစ်သည့် အတွက် နားအူခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ စိတ်ဆတ်ခြင်းများဖြစ်စေနိုင်ပါသည်။ ထို့အပြင်

ခဲသတ္တုရေဆေးသန့်စင်သည့်လုပ်ငန်းဖြစ်သည့်အတွက် ရေဆေးကန်တွင် အမြဲရေဆေး သန့်စင်နေသည့် ဝန်ထမ်းများအနေဖြင့် ခဲဆိပ်သင့်မှုများလည်းဖြစ်စေနိုင်ပါ သည်။

## (ဆ) လူထုပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် သက်ရောက်မှုများ

စီမံကိန်းလုပ်ဆောင်ခြင်းကြောင့် လုပ်ငန်းဧရိယာနှင့် လုပ်ငန်းဧရိယာ အနီးအနားရှိ လူထုပတ်ဝန်းကျင်ပေါ်သို့ ကောင်းကျိုးသက်ရောက်မှုများအပြင် ဆိုးကျိုးသက်ရောက်မှု များလည်း ဖြစ်စေနိုင်ပါသည်။ လုပ်ငန်းဧရိယာအတွင်းသို့ ဝင်ထွက်သွားလာနေကြသော မော်တော်ယာဥ်များကြောင့် ဒေသခံ များသည် ယာဉ်အန္တရာယ် မတော်တဆမှု ဖြစ်နိုင်ချေ သည် မူလအခြေအနေထက် မြင့်တက်လာနိုင်သည်။ ယာဉ်များသွားလာများသောကြောင့် ယခင်ရှိရင်းစွဲ လမ်းများပျက်စီးနိုင်ခြေ ပိုမိုမြန်ဆန်လာနိုင်သည်။ စီမံကိန်းက ထွက်ရှိလာသော အမှုန်အမွှားများနှင့် ဆူညံသံများသည် စီမံကိန်းနှင့် လူနေအိမ်ခြေများ ဝေးနေသည့်တိုင် အောင် ဒေသခံများအပေါ် အနည်းနှင့်အများ သက်ရောက်မှုရှိနိုင်သည်။

အထက်ဖော်ပြပါ ဆိုးကျိုးများအပြင် ကောင်းကျိုးသက်ရောက်မှုများလည်း ရှိပါ သည်။ စီမံကိန်းကြောင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ပါ သည်။ ထို့အပြင် လူဦးရေတိုးပွားလာသည့်အတွက် ကုန်စုံဆိုင်ငယ်များ၊ စားသောက်ဆိုင်ငယ် များနှင့် အခြားသော စီးပွားရေးလုပ်ငန်းငယ်များ ပေါ်ထွက်လာနိုင်သောကြောင့် ဒေသခံ များ၏ ဝင်ငွေတိုးတက် လာနိုင်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းဖြစ်သည့် အတွက် နိုင်ငံခြားသားများထံမှ နည်းပညာများကို ရရှိနိုင်ပါသည်။ ထို့အပြင် အသက်မွေးပညာများ ကိုလည်း လုပ်ငန်းလုပ်ဆောင်ရင်း သင်ယူနိုင်ပါသည်။ စီမံကိန်းမှ လူထုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ပေးခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ပြုနိုင်ပါသည်။ စီမံကိန်းကြောင့် နိုင်ငံ၏ Gross Domestic Product (GDP) မြင့်တက်လာရုံသာမက၊ အခွန်နှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံငွေ မြင့်တက်လာစေနိုင်ပါသည်။

## (ဇ) ဘေးအန္တရာယ်ရှိစေသော စွန့်ပစ်ပစ္စည်းများ

စီမံကိန်းမှ ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ မထွက်ရှိပေ။

## (ဈ) ဘေးအန္တရာယ်မရှိစေသော စွန့်ပစ်ပစ္စည်းများ

စီမံကိန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများမှာ ရုံးခန်းများနှင့် ဝန်ထမ်းဆောင်များမှ ထွက်ရှိလာသော စက္ကူအမှိုက်များ၊ အစားအစာအကြွင်းအကျန်များ၊ ပစ္စည်း ထည့်သည့် စက္ကူအိတ်ခွံ၊ စက္ကူဘူးခွံ၊ ဂျပ်ဖာဘူးခွံများနှင့် ပလတ်စတစ်အမှိုက်များသည် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်မဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများ ဖြစ်သည်။

ပလတ်စတစ်အမှိုက်များသည် တိုက်ရိုက်ဘေးအန္တရာယ် မဖြစ်စေနိုင်သော်လည်း သဘာဝအတိုင်း ပျက်စီးဆွေးမြေ့ရန် အချိန်ကြာမြင့်သည့်အတွက် နည်းစနစ်ကျစွာ စွန့်ပစ် ခြင်းများ မပြုမူ၍ မြေပေါ်တွင်ကျန်ရှိပါက မြင်ကွင်းပသာဒကို ထိခိုက်စေနိုင်ခြင်း၊ မြေဆီလွှာ ထဲသို့ ရောက်ရှိသွားပါက မြေဆီလွှာပျက်စီးခြင်းများ ဖြစ်စေနိုင်ပါသည်။ ထို့အပြင် ပလတ်စတစ်များကို မီးရှို့ဖျက်ဆီးမည်ဆိုပါကလည်း ဒိုင်အောက်စင် (Dioxin) ဟုခေါ်သော ဓါတ်တစ်မျိုးထွက်ရှိလာစေနိုင်ပါသည်။ ၎င်းဓါတ်ငွေ့ကို ရှူရှိုက်မိခြင်းအားဖြင့် ကင်ဆာရောဂါကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ပလတ်စတစ်သည်တိုက်ရိုက်ဘေးအန္တရာယ်မဖြစ်စေနိုင်သော်လည်း သွယ်ဝိုက်သောနည်းလမ်းဖြင့် ဘေး အန္တရာယ်ကျရောက်စေသောကြောင့် ပလတ်စတစ်အမှိုက် ထွက်ရှိမှုကို တတ်နိုင်သလောက် လျှော့ချရမည်။

## (ည) မီးဘေးအန္တရာယ်

ဝန်ထမ်းများ၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ စီးကရက်မီးအကြွင်းအကျန်များကို စည်းစနစ် မကျစွန့်ပစ်ခြင်းကြောင့်ဖြစ်စေ၊ မီးကြိုးများပေါက်ပြဲခြင်းကြောင့်ဖြစ်စေ မီးဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ပါသည်။ လူသားများ၏ ပယောဂများကြောင့်သာမက သဘာဝအတိုင်း တောမီးလောင်ခြင်းများကြောင့်လည်း မီးဘေးအန္တရာယ်ဖြစ်စေနိုင်ပါသည်။

## ၇.၂.၃။ လုပ်ငန်းပိတ်သိမ်းခြင်းကာလတွင် ဖြစ်ပေါ်လာနိုင်ချေရှိသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ

## (က) ပတ်ဝန်းကျင်ရှိ လေအရည်အသွေးအပေါ် သက်ရောက်မှုများ

လုပ်ငန်းပိတ်သိမ်းရန်အတွက် ယာဉ်ကြီး၊ ယာဉ်ငယ်များ ဝင်ထွက်သွားလာနေ သောကြောင့်ယာဉ်များမှ ထွက်ရှိသော ဓါတ်ငွေ့များ၊ မီးခိုးငွေ့များနှင့် မြေသားလမ်းမှ အမှုန်အမွှားများ ထွက်ရှိလာခြင်းကြောင့် ပတ်ဝန်းကျင်ရှိလေထုကို ညစ်ညမ်းစေနိုင်ပါသည်။ သို့သော် လုပ်ငန်းပိတ်သိမ်းပြီးချိန်တွင် လေထုသည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိ နိုင်ပါသည်။ လုပ်ငန်းပိတ်သိမ်းခြင်းကာလတွင် ရေဆေးသန့်စင်ခြင်းလုပ်ငန်း လုပ်ဆောင်ခြင်း မရှိတော့သည့်အတွက် ပတ်ဝန်းကျင်ရှိလေအရည်အသွေးအပေါ် သက်ရောက်မှု မဖြစ်စေနိုင်ပါ။ ထို့ကြောင့် လုပ်ငန်းပိတ်သိမ်းခြင်းကာလတွင် လေအရည်အသွေးအပေါ် သက်ရောက်မှုသည် လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း ထိခိုက်နိုင်သော ပမာဏထက် လျော့နည်းနိုင်ပါသည်။

## (ခ) ပတ်ဝန်းကျင်ရှိ မြေအရည်အသွေးအပေါ် သက်ရောက်မှုများ

လုပ်ငန်းပိတ်သိမ်းနေစဉ်တွင် လောင်စာဆီ၊ ချောဆီများဖိတ်စင်ခြင်း၊ အမှိုက်များ စည်းကမ်းမဲ့ပုံထားခြင်းများကြောင့် မြေအရည်အသွေးကို ထိခိုက်စေနိုင်ပါသည်။ လုပ်ငန်း ပိတ်သိမ်းပြီးစီးသည့်အချိန်ထိတိုင်အောင် မိုးရာသီအချိန်ကာလတွင် မြေဆီလွှာ တိုက်စား ခြင်း များဖြစ်ပေါ်နိုင်သေးသည်။

သို့ရာတွင် အချိန်ကာလကြာမြင့်သည်နှင့် အပင်များ ပြန်လည်ပေါက်ရောက်နိုင်သောကြောင့် မြေဆီလွှာတိုက်စားမှု ပြဿနာ လျော့နည်းသွားနိုင် ပါသည်။

### (ဂ) ပတ်ဝန်းကျင်ရှိ ရေအရည်အသွေးအပေါ် သက်ရောက်မှုများ

လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း ထိခိုက်သွားသော ရေအရည်အသွေးများသည် လုပ်ငန်း ပိတ်သိမ်းပြီး အချိန်ကာလတစ်ခုကြာမြင့်သည်နှင့် မူလပကတိအခြေအနေသို့ ပြန်လည် ရောက်ရှိရန်ကြာမြင့်သည့်တိုင်အောင် ထပ်မံထိခိုက်နိုင်ခြေ မရှိနိုင်တော့ပါ။

### (ဃ) ဆူညံသံနှင့် တုန်ခါမှု

လုပ်ငန်းပိတ်သိမ်းရန်ဝင်ထွက်သွားလာနေသော ယာဉ်ကြီး၊ ယာဉ်ငယ်များကြောင့် ဆူညံသံနှင့်တုန်ခါမှုများဖြစ်စေနိုင်သော်လည်း တခြားသောလုပ်ငန်းစဉ်များမရှိတော့သည့်အတွက် လုပ်ငန်းလည်ပတ်စဉ်ကာလထက် သက်ရောက်မှုလျော့နည်းပါသည်။

### (င) ဇီဝအရင်းအမြစ်အပေါ် သက်ရောက်မှုများ

စီမံကိန်းလုပ်ငန်းကြောင့်ပြောင်းရွှေ့သွားသော ဇီဝမျိုးစိတ်၊ မျိုးကွဲများနှင့် ကျေးငှက် များသည် မူလနေရာသို့ ပြန်လည်ပြောင်းရွှေ့လာနိုင်ပါသည်။ စီမံကိန်းပိတ်သိမ်းချိန် မြေကွက်လပ်အလွတ်များတွင် သဘာဝပေါက်ပင်များ ပြန်လည်ပေါက်ရောက်လာနိုင်ပြီး ၎င်း အပင်များအပေါ် မှီခိုနေထိုင်နေကြသော သတ္တဝါများလည်း ပြန်လည်ပြောင်းရွှေ့လာနိုင်ပါ သည်။

### (စ) ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

စက်ပစ္စည်းကိရိယာများ သိမ်းဆည်းခြင်း၊ လုပ်ငန်းတွင် အသုံးပြုသော ပစ္စည်းများ သိမ်းဆည်းခြင်းနှင့် လုပ်ငန်းပိတ်သိမ်းခြင်းလုပ်ငန်းစဉ် လုပ်ဆောင်နေစဉ်တွင် ဝန်ထမ်းများ ၏ ပေါ့ဆမှုကြောင့် ထိခိုက်ခြင်းများ ဖြစ်နိုင်ပါသည်။ သို့သော်လည်းလုပ်ငန်းပိတ်သိမ်းချိန် ကာလဖြစ်၍ ဝန်ထမ်းများ အပေါ် ထိခိုက်နိုင်ချေမှာ နည်းပါးပါသည်။

### (ဆ) လူထုပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် သက်ရောက်မှုများ

လုပ်ငန်းပိတ်သိမ်းနေစဉ်တွင် အလုပ်အကိုင်များ ရရှိနိုင်ပါသည်။ လုပ်ငန်း လည်ပတ် နေစဉ်ကာလတွင် စီမံကိန်းမှ လူထုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့သည့် အတွက် ဒေသခံပြည်သူများအတွက် လုပ်ငန်းပိတ်သိမ်းလိုက်သည့်တိုင်ကောင်းကျိုးများ ကျန်ရှိနိုင်ပါသည်။ ထို့အပြင် လုပ်ငန်းလည်ပတ်စဉ်ကာလမှ သင်ယူထားသော အတတ်ပညာများဖြင့်လည်း တစ်ခြားသော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်၍ အသက်မွေးခြင်းများ ပြုလုပ် နိုင်ပါသည်။

### (ဈ) ဘေးအန္တရာယ်ရှိစေသော စွန့်ပစ်ပစ္စည်းများ

လုပ်ငန်းပိတ်သိမ်းချိန်ကာလတွင် စီမံကိန်းမှ ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ် ပစ္စည်းများ မထွက်ရှိပေ။

### (ဈ) ဘေးအန္တရာယ်မရှိစေသော စွန့်ပစ်ပစ္စည်းများ

လုပ်ငန်းပိတ်သိမ်းချိန်တွင် ဘေးအန္တရာယ်မရှိစေသော စွန့်ပစ်အမျိုးအမျိုးများ ထွက်ရှိလာနိုင်ပါသည်။ ၎င်းအမျိုးအမျိုးများမှာ စက္ကူအမျိုးအမျိုးများ၊ အစားအစာအကြွင်းအကျန်များ၊ ပစ္စည်းများထည့်သည့် စက္ကူအိတ်ခွံ၊ ဂျပ်ဖာဘူးခွံများ၊ ပလတ်စတစ်အမျိုးအမျိုးများ၊ စက်ပစ္စည်း အဟောင်းများနှင့် မီးကြိုး အပျက်များ ဖြစ်ပါသည်။

### (ည) မီးဘေးအန္တရာယ်

လုပ်ငန်းပိတ်သိမ်းချိန်ကာလတွင် လောင်စာဆီပုံများ၊ မီးလောင်လွယ်သော စွန့်ပစ် ပစ္စည်းများကို ပြန့်ကျဲစွာထားရှိခြင်းကြောင့် မီးဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။ လုပ်ငန်း ပိတ်သိမ်းပြီးစီးချိန်တွင်မူ လူသားများ၏ ပယောဂကြောင့် မီးဘေးအန္တရာယ် မဖြစ်စေနိုင် တော့သော်လည်း သဘာဝ အတိုင်း တောမီးလောင်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

## ၇.၃။ ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင် ဆိုင်ရာ ထိခိုက်မှုများကို လျှော့ချရမည့် အစီအစဉ်များ ဆောင်ရွက်ခြင်း

ခဲသတ္တုရေဆေးကန်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှု များကို အထက်တွင် ဖော်ပြထားပါသည်။ ပတ်ဝန်းကျင်နှင့် ဝန်ထမ်းများအပေါ် သက်ရောက်နိုင်သော သက်ရောက်မှုများကို လျှော့ချရန်အတွက် လျှော့ချရမည့် အစီအစဉ်များကို စီမံကိန်းကာလ အပိုင်း အခြားအလိုက် လိုက်နာဆောင်ရွက်ရပါမည်။ ပတ်ဝန်းကျင်နှင့် ဝန်ထမ်းများအပေါ် သက်ရောက်နိုင် သော သက်ရောက်မှုများကို လျှော့ချရမည့် အစီအစဉ်များကို အောက်တွင် ဖော်ပြ ထားပါသည်။

### ၇.၃.၁။ လုပ်ငန်းတည်ဆောက်စဉ်ကာလတွင်ပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့နည်းအောင် ဆောင်ရွက် ခြင်း

လုပ်ငန်းတည်ဆောက်ခြင်းကာလ၌ မြေသားလမ်းများ ဖောက်လုပ်ရာတွင် ဒေသခံများ အသုံး ပြုသော လမ်းဟောင်းများကိုသာ ပြုပြင်အသုံးပြုခြင်း၊ လမ်းသစ်များဖောက်လုပ်သည့်အခါ လမ်း ဧရိယာ နှင့် မလွတ်သော သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းသည့်အခါ သစ်ပင်ကြီးများကို တတ်နိုင်သ လောက်ရှောင်၍ လမ်းများဖောက်လုပ်ခြင်း၊ ရှောင်ရှား၍မရပါက လိုအပ်သလောက်သာလျှင် ခုတ်ထွင် ရှင်းလင်းခြင်း ပြုလုပ်သွားပါမည်။ လမ်းဧရိယာရှိ မြေများကို ကျစ်လျစ်စေရန် ပြုလုပ်ခြင်း၊ ရေဖြန်းပေး

ခြင်းဖြင့် မြေသားလမ်းများမှ ဖုန်ထခြင်းနှင့် မြေဆီလွှာ တိုက်စားခံရခြင်းများကို ကာကွယ်နိုင်ပါသည်။ ရေဆေးကန်တည်ဆောက်မည့်နေရာနှင့် လိုအပ်သော အဆောက်အဦးများ ဆောက်လုပ်နိုင်ရန် အတွက် Layout Plan နှင့် အဆောက်အဦးဒီဇိုင်းများကို ရေးဆွဲ၍ ဆောက်လုပ်ပါသည်။ အဆောက်အဦးများဆောက်လုပ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြည့်ကြပ် စီစဉ်ဆောင်ရွက်ထားပါသည်။ ခဲသတ္တုရေဆေးကန်အတွက် အဓိက လိုအပ်နေသော ရေရရှိနိုင်ရေးနှင့် ခဲသတ္တု ပါဝင်သော နှုံးမြေများအား စနစ်တကျရှိစေရေးအတွက် အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန်များကို လုပ်ငန်းဧရိယာအတွင်း သင့်လျော်သော နေရာများတွင် တူးဖော်ခြင်းများ ဆောင်ရွက်ထားပါသည်။

## ၇.၃.၂။ လုပ်ငန်းလည်ပတ်နေစဉ်ကာလတွင် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း

### (က) လေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း

ခဲသတ္တုရေဆေးသန့်စင်သည့် လုပ်ငန်းစဉ်တွင် လေထုအရည်အသွေးအပေါ် သက်ရောက်မှု အနည်းငယ်ရှိနေသည့်အတွက် ၎င်းသက်ရောက်မှုများကို လျှော့ချပေးရန် လိုအပ်ပါသည်။ လုပ်ငန်းခွင် အတွင်း မောင်းနှင်နေသော စက်ယန္တရားများနှင့် လုပ်ငန်းခွင် အတွင် ဝင်ထွက်မောင်းနှင်နေသော မော်တော်ယာဥ်များကြောင့် မီးခိုးနှင့် ဖုန်မှုန့်များ ထွက်ရှိခြင်းကို လျှော့ချရန်အတွက် အရည်အသွေး မြင့်သော လောင်စာဆီများ သုံးစွဲခြင်း၊ ဆာလဖာထွက်ရှိမှု မရှိစေရန် ဆာလဖာပါဝင်မှုနည်းသော လောင်စာဆီများကို ရွေးချယ် သုံးစွဲခြင်း၊ ဆီစား သက်သာစေရန်နှင့် အသုံးပြုသည့် စက်ပစ္စည်းများ အခိုးအငွေ့ထွက်ရှိမှု နည်းပါးစေရန်အတွက် စက်ယန္တရားများ၊ မော်တော်ယာဥ်များ၏ စက်ပိုင်း ဆိုင်ရာကြံ့ခိုင်မှုကို မကြာခဏ စစ်ဆေးပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။ ထို့အပြင် ဖုန်မှုန့်များ ပျံ့လွင့်မှုကိုထိန်းသိမ်းရန် လိုအပ်သောနေရာများတွင် ရေဖြန်းခြင်း၊ မော်တော်ယာဉ်အား အရှိန်လျော့ မောင်းနှင်ခြင်း၊ ခဲသတ္တုပါဝင်သောနှုံးမြေများကို မိုးကာဖြင့် အုပ်၍ သယ်ယူခြင်း တို့ဖြင့် ထိန်းသိမ်း ဆောင်ရွက်နိုင်ပါသည်။ ဝန်ထမ်းများအပေါ် ထိခိုက်မှုကို ရှောင်ရှားနိုင်ရန် အတွက် ဖုန်မှုန့်များ၊ အခိုး အငွေ့များ၊ အမှုန်အမွှားများနှင့် တိုက်ရိုက်ထိတွေ့ လုပ်ဆောင်နေ ချိန်များတွင် နှာခေါင်းစည်းများ ပေးထားပါမည်။

### (ခ) မြေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း

လုပ်ငန်းအတွက်လိုအပ်သောနေရာများမှအပ တစ်ခြားသော မြေကွက်လပ်များ အပေါ်တွင် သဘာဝအတိုင်း သစ်ပင်ကြီးငယ်များပေါက်ရောက်စေခြင်းဖြင့် မြေထုညစ်ညမ်း မှုကို လျော့နည်းစေရုံ သာမက မြေဆီလွှာတိုက်စားခံရမှုကို ကာကွယ်ပေးနိုင်ပါသည်။

မြေကွက်လပ်များတွင် မြေဆီလွှာတိုက်စားခံရမှုကို ရှောင်နိုင်ရန်အတွက် မြေ ကွက်လပ်များတွင် သဘာဝအတိုင်း သစ်ပင်ကြီးငယ်များပေါက်ရောက်ခြင်းကို အကြောင်းမဲ့ နုတ်ခြင်း၊ ရိတ်သိမ်းခြင်၊ ခုတ်လှဲခြင်းများ မပြုလုပ်ရပါ။ ထို့အပြင် သဘာဝအတိုင်း သစ်ပင် ပေါက်ရောက်မှုကို အပဟန့်အတား ဖြစ်စေပြီး မြေဆီလွှာကိုထိခိုက်စေနိုင်သော လောင်စာဆီ များ၊ ချောဆီများ ဖိတ်စင်ခြင်းမရှိစေရန် အထူးသတိထားဆောင်ရွက်ရမည်။ စက်ယန္တရားများ၊ မော်တော်ယာဥ်မှ လောင်စာဆီဖိတ်ယိုခြင်းများ မရှိစေရန် တာဝန်ရှိသူများမှ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးကို အမြဲစစ်ဆေးကြည့်ရှုရပါမည်။ အများ အပြား ဖိတ်စင်မှုများ ဖြစ်လာပါက ရေဖြင့်ဆေးကြောခြင်းများမပြုလုပ်ဘဲ ဆီများကိုစုပ်ယူနိုင်သည့် လွှစာမှုန့်များ ကဲ့သို့သော ဆီများကိုစုပ်ယူနိုင်သည့်ပစ္စည်းများကို အသုံးပြု၍ ရှင်းလင်းသွားပါမည်။ ထို့အပြင် ဝန်ထမ်းများ၏ စည်းစနစ်မကျစွာ အမှိုက်စွန့်ပစ်မှုများနှင့်ဝန်ထမ်းများ၏ သတိ လက်လွတ် ပြုမူမှုများကြောင့် လောင်စာဆီများ ဖိတ်ကျခြင်းများကြောင့် မြေထု ညစ်ညမ်းခြင်းများ မဖြစ်စေရန် အတွက် ဝန်ထမ်းများကို ပညာပေးအစီအစဉ်များ၊ သင်တန်း ပေးအစီအစဉ်များ လုပ်ဆောင်ပေး ရမည်။ လုပ်ငန်းတည်နေရာသို့လမ်းဖောက်လုပ်ခြင်း၊ ရေဆေးကန်၊ အဆောက်အဦး၊ အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန် တည်ဆောက်ရန် မြေညှိရခြင်းအတွက် မြေမျက်နှာသွင်ပြင် ပြောင်းလဲ မှုများစွာ မဖြစ်စေရေးအတွက် လိုအပ်သည့်မြေနေရာများကိုသာ ရှင်းလင်းဆောင်ရွက်သွားပါမည်။ ခဲသတ္တုပါဝင်သောနှုံးများ ကို သတ်မှတ်ထားသော စုပုံကွင်းတွင် ရေမစိမ့်ဝင်နိုင်သော HDPEမိုးကာနှင့် ရွံ့စေးမြေတို့ဖြင့် အောက်ခံ၍ စနစ်တကျ စုပုံသွားမည်ဖြစ်ပြီး ဒေသခံများ၏လယ်ယာမြေများ အတွင်းသို့ ကျရောက် မှုမရှိစေရန် အထူးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (ဂ) ရေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း

ခဲသတ္တုရေဆေးခြင်းလုပ်ငန်းမှ ထွက်ရှိလာသော ရေများကိုလည်း အနည်စစ်ကန် အဆင့် ဆင့်အား ဖြတ်သန်းစေပြီး နောက်ဆုံးရေလှောင်ကန်မှရေအား ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြု သွားမည်ဖြစ်သဖြင့် ရေဆိုးစွန့်ပစ်မှုနှင့် ရေဆုံးရှုံးမှုအား ကာကွယ်သွားမည် ဖြစ်ပါသည်။ ရေဆေး ကန်မှထွက်ရှိလာသောရေများကို ပြင်ပသို့ စီးထွက်မသွားစေရန် ရေကန်များ၏ အောက်ခြေတွင် ရွံ့စေများ၊ HDPE Liner များ ခင်းသွားပါမည်။

စားဖိုဆောင် နှင့် ဝန်ထမ်းများ သုံးရေ၊ ချိုးရေများမှ ထွက်ရှိသောရေများကို ရေဆိုး စွန့်ပစ်ကျင်းများအတွင်းသို့ မြောင်းများသွယ်၍ ပို့ဆောင်ပြီး စနစ်တကျ စွန့်ပစ်သွားမည် ဖြစ်ပါသည်။ ရေစိုးစွန့်ပစ်ကျင်းအတွင်းမှ ရေများအား အနည်ထိုင်စေပြီး ရေကြည်များကို စိုက်ခင်းရေလောင်းခြင်း၊ ပျိုးပင်ရေလောင်းခြင်းတွင် ပြန်လည်အသုံးပြုနိုင်ပါသည်။ မြေကွက် အလွတ်များမှ မြေဆီမြေနှစ်များ မြေဆီလွှာတိုက်စားခံရခြင်း လျော့နည်းစေရန်အတွက် သဘာဝအတိုင်း သစ်ပင်ကြီးငယ်များ ပေါက်ရောက်ခြင်းကို နုတ်ခြင်း၊ ရိတ်သိမ်းခြင်းများ မပြုလုပ်ပါ။ ထို့အပြင် မြေပြင်ပေါ်သို့ထားသော

လောင်စာဆီများနှင့် ချောဆီများ ဖိတ်စင်ခြင်းလျော့နည်းစေရန်အတွက် လောင်စာဆီ ဖိတ်စင်မှု မရှိစေရန် အထူးသတိထား ဆောင်ရွက်ရပါမည်။

## (ဃ) ဆူညံသံနှင့် တုန်ခါမှုများ လျော့နည်းစေရန် ဆောင်ရွက်ခြင်း

လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်နေသော ဆူညံသံနှင့် တုန်ခါမှုများကို လုံးဝမဖြစ်ပေါ်စေအောင် ရှောင်ရှားရန် နည်းလမ်းမရှိပါ။ သို့သော် ဆူညံသံနှင့် တုန်ခါမှု သိသာသော တိတ်ဆိတ်သည့် ညအချိန်တွင် လုပ်ငန်းလုပ်ဆောင်ခြင်းမပြုလုပ်ဘဲ နေ့အချိန်တွင်သာ လုပ်ဆောင်ခြင်းဖြင့် ဆူညံသံနှင့် တုန်ခါမှုကြောင့် ဖြစ်စေသော သက်ရောက်မှုများကို လျော့နည်းစေနိုင်ပါသည်။ ထို့အပြင် စက်ပစ္စည်းများမှ စက်ပိုင်းဆိုင်ရာ ကြွခိုင်မှုများကို ကောင်းစွာထိန်းသိမ်းသင့်သည်။ စက်ယန္တရားအချို့မှ ဆူညံသံများ အနည်းငယ် ဖြစ်ပေါ်နိုင် သော်လည်း စက်များမှ ထွက်ရှိသည့်အသံကို စုပ်ယူထားနိုင်သည့် အသံလုံ စနစ်ဆိုင်လင်ဇာ ဖြင့် အိပ်ဇောပိုက်များတွင် တပ်ဆင်ထားမည်ဖြစ်သောကြောင့် ဆူညံသံကို ကာကွယ် ထိန်းသိမ်းနိုင်ပါသည်။ အဆိုပါ စက်ယန္တရား များလည်ပတ်မှုကြောင့် အသံနှင့် ပတ်သက်၍ လက်ခံနိုင်သောကြိမ်နှုန်း (dBA) စံချိန်စံညွှန်းများအတိုင်း ကိုက်ညီအောင် အသံလုံ စနစ်များတပ်ဆင် ထိန်းသိမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အသံထိန်းချုပ်မှုအတွက် အသံလုံစနစ်များတပ်ဆင်ထားနိုင်ပြီး၊ အင်ဂျင်လေတိုင်ကီ အဝင်နှင့် Exhaust အထွက်များတွင်လည်း အသံလုံစနစ်များ တပ်ဆင်ထားပါမည်။ ခဲသတ္တုရေဆေးကန် လုပ်ငန်း လည်ပတ်သည့်အခါ လုပ်ငန်းခွင်၌ဝန်ထမ်းများအတွက် နားကြပ်ကိရိယာများတပ်ဆင် လုပ်ကိုင်စေခြင်းဖြင့် အသံဆူညံမှုကို ကာကွယ်သွားနိုင်မည် ဖြစ်ပါသည်။

## (င) ဇီဝအရင်းအမြစ်အပေါ် သက်ရောက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း။

စီမံကိန်းကြောင့် ဇီဝအရင်းအမြစ်အပေါ် ထိခိုက်မှုနည်းစေရန်အတွက် သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများကို ရှောင်ရမည်။ စီမံကိန်းစတင်လုပ်ဆောင်သည်နှင့် ဇီဝမျိုးစိတ် များအပေါ် လုံးဝမထိခိုက်စေဘဲ ဆောင်ရွက်ရန်မှာ မဖြစ်နိုင်သော်လည်း လျော့နည်းအောင် ဆောင်ရွက်နိုင် ပါသည်။ စီမံကိန်းအတွင်းမော်တော်ယာဉ်များဝင်ထွက်သွားလာမှုကို ဖောက်လုပ်ထားသော လမ်းများအပေါ် တွင်သာ သွားလာစေခြင်းဖြင့် လမ်းဧရိယာပြင်ပရှိ သစ်ပင်ကြီးငယ်များအပေါ် သက်ရောက်မှု လျှော့ချနိုင်ရုံသာမက တောရိုင်းသတ္တဝါများကို ထိခိုက်မှုမဖြစ်စေရန်လည်း ကာကွယ်နိုင်ပါသည်။ လုပ်ငန်း ဧရိယာအတွက် မြေပြင်ရှင်းလင်းမှု များပြုလုပ်ရာတွင် လိုအပ်သလောက် ဧရိယာအတွင်းရှိ သစ်ပင်များကိုသာ ရှင်းလင်းရမည်။ မလိုအပ်ဘဲ  သစ်ပင်၊ သစ်တောများ ရှင်းလင်းခြင်း မပြုလုပ်သင့်ပါ။ ဝန်ထမ်းများနှင့် ဒေသခံ များ ထင်းနှင့်လောင်စာ လိုအပ်ချက်အတွက် သစ်ခုတ်ခြင်းများ မပြုလုပ်စေရန် တားမြစ်ရမည်။ ထို့အပြင် ဝန်ထမ်းနှင့်ဒေသခံများ တတ်နိုင်သမျှ ထင်းအသုံးပြုမှု

လျော့ချရန်နှင့် ထင်းအစားထိုးလောင်စာများ သုံးစွဲရန် ပညာပေးအစီအစဉ်များလည်း ပြုလုပ်ပေးရမည်။ ဝန်ထမ်းများ၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ သဘာဝအတိုင်းကြောင့်ဖြစ်စေ တောမီးလောင်ခြင်းများ မဖြစ်စေရန် အတွက် ဝန်ထမ်းများ ဆေးလိပ်အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းနှင့် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သော အပြုအမူများကို သတိလက်လွတ် လုပ်ဆောင်ခြင်း မရှိစေရန် တင်းကြပ်ရမည်။ အကယ်၍ ဖြစ်ပွားခဲ့ပါကလည်း အရေးပေါ် လုပ်ဆောင်ရမည့် အစီအစဉ်များ အကြောင်း ကိုလည်း ဝန်ထမ်းများကို သင်တန်း ပေးခြင်းများ ပြုလုပ်ရမည်။ ထို့အပြင် ဝန်ထမ်းများ အထက်ဖော်ပြပါအချက်များကို လိုက်နာ ဆောင်ရွက်ရာတွင် တာဝန်အရသာ လုပ်ဆောင်ခြင်း မဟုတ်ဘဲ ၎င်းတို့၏ ကိုယ်ပိုင်အသိစိတ် နှင့် ပတ်ဝန်းကျင်ချစ်တတ်သည့် စိတ်များဖြစ်ပေါ်စေရန် အတွက် ပတ်ဝန်းကျင် ထိန်းသိမ်း ခြင်းဆိုင်ရာ သင်တန်းများကိုလည်းပေးသင့်သည်။ အထက်ဖော်ပြပါ အချက်အလက်များကြောင့် ဇီဝအရင်းအမြစ်ကိုထိခိုက်စေသည့်အပြင် စီမံကိန်းလုပ်ကွက်မှ လွင့်ထွက်လာသော မြေမှုန်မြေစများနှင့် ဓါတ်ငွေ့များသည် သစ်ပင်သစ်တောများ၏ သဘာဝဖြစ်စဉ်ကို အနည်းနှင့်အများ အနှောက်အယှက် ဖြစ်စေနိုင်မှု တတ်နိုင်သမျှ လျော့နည်းအောင် ဆောင်ရွက်ရမည်။ လိုအပ်ပါက သစ်ပင်များကို ပြန်လည်စိုက်ပျိုးခြင်းများကိုလည်း လုပ်ဆောင်ရမည်။ အပင်များပေါက်ရောက်ရှင်သန်မှုနှင့် မြေဆီလွှာ ဖွံ့ဖြိုးမှုကို အနှောက်အယှက်ဖြစ်စေနိုင်သော လောင်စာဆီများ နှင့် ချောဆီများ မြေပြင်ပေါ်သို့ မတော်တဆဖိတ်စင်မှု လျော့နည်းစေရန်နှင့် မတော်တဆဖိတ်စင်မှုများ ဖြစ်လာပါကလည်း ချက်ချင်းရှင်းလင်းသွားပါမည်။

### (စ) ဝန်ထမ်းများ၏ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်နှင့် ကျန်းမာရေးထိခိုက်မှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း

လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုများ တတ်နိုင်သမျှ မဖြစ်ပေါ်စေရန် ဆောင်ရွက်မည်။ လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်သော မတော်တဆများမှာ ဝန်ထမ်းများ၏ ပေါ့ဆမှု၊ လုပ်ငန်းမကျွမ်းကျင်မှု၊ စက်ပစ္စည်းများ၏ ချို့ယွင်းမှု၊ ကြီးကြပ် ကွပ်ကဲသူများ၏ သတိမမူမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဝန်ထမ်းများပေါ့ဆမှု မရှိစေရန် ကြီးကြပ်ကွပ်ကဲသူများက စနစ်တကျကွပ်ကဲခြင်းများ ပြုလုပ်မည်။ စက် ပစ္စည်းများ ချို့ယွင်းမှု မဖြစ်စေရန်အတွက် စက်ပိုင်းဆိုင်ရာတာဝန်ရှိသူများမှ စနစ်တကျ စစ်ဆေးခြင်းများကို ပြုလုပ်ပါမည်။ ဝန်ထမ်းများ လုပ်ငန်းမကျွမ်းကျင်မှု မဖြစ်စေရန် အတွက် ဝန်ထမ်းများကို နည်းပညာကျွမ်းကျင်မှု၊ လုပ်ငန်းပိုင်း ဆိုင်ရာ ကျွမ်းကျင်မှု နှင့် လုပ်ငန်းခွင် အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကျွမ်းကျင်မှုအစရှိသော သင်တန်းများကို ပေးပါမည်။ အခြားသော စက်ပစ္စည်းကိရိယာများဖြင့် လုပ်ဆောင်ရာတွင်လည်း ထိခိုက်မှု မဖြစ်စေရန် ဝန်ထမ်းများသတိနှင့် လုပ်ကိုင်ရန် ညွှန်ကြားမည်။ လျှပ်စစ်နှင့်ပတ်သက်သော

ကိစ္စရပ်များဆောင်ရွက်ရန်အတွက် ကျွမ်းကျင်လုပ်သားအား တာဝန်ပေး၍ လျှပ်စစ်နှင့် ပတ်သက်သော စစ်ဆေးပြုပြင်ခြင်းများကိုလည်း စနစ်တကျဆောင်ရွက်သွားပါမည်။

ဖုန်များ၊ အမှုန်အမွှားများနှင့် ဓါတ်ငွေ့များနှင့် အချိန် တော်တော်ကြာ ထိတွေ့နေရသူများကိုလည်း နှာခေါင်းစည်းများ တပ်ဆင်စေခြင်းဖြင့် အဆုတ်ရောဂါနှင့် အခြားသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားနိုင်ချေကို လျှော့ချနိုင်ပါသည်။ ထို့အပြင် ဆူညံသံ နှင့် တုန်ခါမှု များနှင့် အချိန်အတော်ကြာ ထိတွေ့သူများကိုလည်း နားအုပ်များ တပ်ဆင် စေခြင်းဖြင့် ဆူညံသံ နှင့် ဆူညံသံနှင့် တုန်ခါမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး ဆိုင်ရာ ပြဿနာများကို လျှော့ချနိုင်သည်။ ရေဆေးကန်အတွင်းလုပ်ကိုင်သော ဝန်ထမ်းများအတွက် လည်ရှည်ဖိနပ် များ စီးစေခြင်း၊ လက်အိတ်များ အသုံးပြု၍ ကိုင်တွယ်စေခြင်းဖြင့် ခဲဆိပ်သင့်နိုင်သည့် အန္တရာယ်ကို အထိုက်အလျောက်ကာကွယ်သွားနိုင်ပါသည်။ အကယ်၍ မတော်တဆ အခြေအနေများ ကြုံတွေ့လာပါက အရေးပေါ်ဆေးဝါးများနှင့် ဆေးသတ္တာများ ကို ထားရှိ ပေးထားပါမည်။

## (ဆ) လူထုပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် ဆိုးကျိုးသက်ရောက်မှုများကို လျှော့နည်းစေရန် ဆောင်ရွက်ခြင်း

လုပ်ကွက်ဧရိယာအတွင်း ဝင်ထွက်သွားလာနေသော ယာဉ်ကြီး၊ ယာဉ်ငယ်များ ကြောင့် ဒေသခံများ ယာဉ်အန္တရာယ် ဖြစ်နိုင်ချေမှာ ယခင်စီမံကိန်း မစတင်ခင် ကာလထက် မြင့်တက် လာပါသည်။ ၎င်းမြင့်တက်လာမှုကိုလျှော့ချရန်အတွက်ယာဉ်မောင်းများကိုယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေများကို လိုက်နာစေခြင်း၊ လူများသွားလာနေသော နေရာများတွင် အရှိန်ထိန်း၍ မောင်းနှင်စေခြင်းများ ပြုလုပ်မည်။ ယခင်တည်ရှိနေသော ရှိရင်းစွဲလမ်းများ ထိခိုက်မှုနည်းစေ ရန်အတွက် လမ်းများပေါ်တွင် အရှိန်ထိန်း၍ မောင်းနှင် ခြင်းများ ပြုလုပ်မည်။ ညအချိန် ယာဉ်ကြီးများ သွားလာခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ် မည်။ သွားလာမည်ဆိုပါကလည်း ရှေ့မီး၊ နောက်မီးများ ကောင်း/မကောင်း စစ်ဆေးခြင်း များ ပြုလုပ်ပြီး ရှေ့မီး၊ နောက်မီး ပြည့်စုံ မှသာ သွားလာခြင်းများ ပြုလုပ်ပါမည်။

## (ဇ)ဘေးအန္တရာယ်ရှိစေသောစွန့်ပစ်ပစ္စည်းများထွက်ရှိမှုကို လျှော့နည်းစေရန်ဆောင်ရွက်ခြင်း

ခဲသတ္တုရေဆေးကန်လုပ်ငန်းမှ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိလာပါက ၎င်းပစ္စည်းများကို ကျင်းများအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါမည်။ ၎င်း ကျင်းများ ၏ အောက်ခံမြေအား ရေမစိမ့်ဝင်နိုင်သော HDPEမိုးကာနှင့် ရွှံ့စေးမြေများဖြင့် ပြုလုပ်ပြီး ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ထုတ်ပိုး၍ ကျင်းများသို့ စွန့်ပစ်ပါမည်။ ထို့နောက် စွန့်ပစ်ကျင်းများကို ရေမစိမ့်ဝင်နိုင်သော ရွှံ့စေးမြေများဖြင့် ပြန်လည်ဖုံးအုပ်သွားပါမည်။ ၎င်းအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စွန့်ပစ်မည့် စွန့်ပစ်ကျင်းများကိုလည်း နေရာစနစ်တကျ သတ်မှတ်ကာ အမှတ်အသားပြုလုပ်ထားပါမည်။

**(ဈ) ဘေးအန္တရာယ်မရှိစေသော စွန့်ပစ်ပစ္စည်းများထွက်ရှိမှုကို လျော့နည်း စေရန် ဆောင်ရွက်ခြင်း**

ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများသည် ဝန်ထမ်းအိမ်ရာများနှင့် ဝန်ထမ်း များ နေ့စဉ်လုပ်ဆောင်သော တစ်ကိုယ်ရေသုံးလုပ်ငန်းစဉ်များမှ အဓိကထွက်ရှိသည်။ ထွက်ရှိလာသော ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများမှာ ရုံးခန်းများနှင့် ဝန်ထမ်းများ ၏ အဆောင်များမှ ထွက်ရှိလာသော စက္ကူအမှိုက်များ၊ အစားအစာအကြွင်းအကျန်များနှင့်အစားအစာများကို ထည့်သည့်ဖောဘူးများ၊ ပစ္စည်း များထည့်သည့် စက္ကူအိတ်ခွံ၊ စက္ကူဘူးခွံ၊ ဂျပ်ဖာဘူးခွံများနှင့် ပလပ်စတစ်အမှိုက်များ ဖြစ်ပါသည်။ ၎င်းအမှိုက်များထွက်ရှိမှုကို လျော့ချရန်အတွက် ဝန်ထမ်းများသည် မလိုအပ်ဘဲ ၎င်းပစ္စည်းများထွက်ရှိမည့်အရာများကို တတ်နိုင်သမျှ လျှော့သုံးခြင်းများ ပြုလုပ်ပါမည်။ ဥပမာအနေဖြင့် အစားအစာထည့်သည့် ဖော့ဘူးများမထွက်ရှိစေရန် အစားများကို ချိုင့်များ၊ ပန်းကန်များကိုသာ အသုံးပြုခြင်း၊ တစ်ခါသုံးပစ္စည်းများကို တတ်နိုင်သမျှ လျှော့သုံးခြင်း၊ ပလတ်စတစ်ပစ္စည်းထွက်ရှိမှုကို လျော့ချရန်အတွက် ပလတ်စတစ်အိတ်များအစား ပြန်လည်အသုံးပြုနိုင်သော အိတ်များကို သုံးစွဲခြင်းများ ပြု လုပ်မည်။ သုံးစွဲခြင်းကို လျှော့ချခြင်းအပြင် ပြန်လည်သုံးစွဲနိုင်သည့် အရာများကို ပြန်လည်သုံးစွဲ ပါမည်။

**(ည) မီးဘေးအန္တရာယ် ကာကွယ်ထားရှိမှု**

ဝန်ထမ်းများ၏ ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် ဝန်ထမ်းများကို မီးအန္တရာယ် သတိပေးအစီအစဉ်များအကြောင်း သင်တန်းများပေးထားခြင်း နှင့် မီးအန္တရာယ်ဖြစ်စေသော လုပ်ဆောင်ချက်များ ပြုလုပ်ရာတွင် သတိနှင့် ပြုလုပ်ရန် ညွှန်ကြားမည်။ ထို့အပြင် စီးကရက်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းများကို တားမြစ်မည်။ လူသားများ၏ ပယောဂကြောင့် မဟုတ်ဘဲ သဘာဝအတိုင်း တောမီးလောင် ခြင်းများ ဖြစ်ပေါ်လာပါကလည်း အရေးပေါ်တုန့်ပြန်နိုင်ရန် အစီအစဉ်များကိုလည်း ဝန်ထမ်း များကို သင်ကြားထားပေးပါမည်။

**၇.၃.၃။ လုပ်ငန်းပိတ်သိမ်းခြင်းကာလတွင် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း**

**(က) လေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း**

ဖြိုဖျက်သိမ်းဆည်းထားသည်များကို ရွှေ့ပြောင်းသယ်ဆောင်သည့် ကားအရေ အတွက်နှင့် အခေါက်ရေကို လျော့ချရန်အတွက် ပစ္စည်းများကို စနစ်တကျ တင်ဆောင် ခြင်းဖြင့် လျော့ချမည်။ လည်ပတ်နေစဉ်ကာလတွင် ထိခိုက်သွားသော လေအရည်အသွေး ကို ပြန်လည်ကုစားရန်အတွက် လုပ်ငန်းပိတ်သိမ်းစဉ်ကာလတွင် သစ်ပင်များ ပြန်လည် စိုက်ပျိုး ပေးပါမည်။

**(ခ) မြေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း**

လုပ်ငန်းပိတ်သိမ်းခြင်းများ ပြုလုပ်နေစဉ် လောင်စာဆီ၊ ချောဆီများ၊ အများအပြား ဖိတ်စင်ခြင်း မရှိစေရန် ဝန်ထမ်းများအား စနစ်တကျသိမ်းဆည်းရန် ညွှန်ကြားခြင်းများ ပြုလုပ်မည်။ လုပ်ငန်းလည်ပတ်နေစဉ်နှင့် လုပ်ငန်းပိတ်သိမ်းပြီးချိန်တွင် မြေဆီလွှာတိုက်စား ခံရခြင်း၊ မြေဆီလွှာ

ညစ်ညမ်းသွားခြင်းများကို ပြန်လည်ကုစားရန်အတွက် သစ်ပင်များ ပြန်လည်စိုက်ပျိုးပေးမည်။ ထို့အပြင်လုပ်ငန်းပိတ်သိမ်းခြင်းကာလတွင်ထွက်ရှိလာသော ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ အပြင် ဘေးအန္တရာယ်မဖြစ်စေနိုင်သော စွန့်ပစ် ပစ္စည်းများကိုပါ စည်းကမ်းမဲ့မြေပေါ်တွင် ပြန့်ကျဲစွာ ထားရှိခြင်းများ မပြုလုပ်ဘဲ ပြန်လည် ရောင်းချ၍ရသော ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ပြန်လည်ရောင်းချ၍ မရသော ပစ္စည်းများကို သတ်မှတ်အမှိုက်စွန့်ပစ်ရမည့် နေရာများသို့ သွားရောက် စွန့်ပစ်ခြင်းများ ပြုလုပ်ပါမည်။

### (ဂ) ဆူညံသံနှင့် တုန်ခါမှုများ လျော့နည်းစေရန် ဆောင်ရွက်ခြင်း

လုပ်ငန်းပိတ်သိမ်းချိန်တွင် ဝင်ထွက်သွားလာနေသော ယာဉ်များ၏ အရှိန်ကို လျော့ချ ခြင်းဖြင့် ထွက်ရှိလာသော ဆူညံသံနှင့် တုန်ခါမှုများကို တစ်စိတ်တစ်ပိုင်း လျှော့ချနိုင်သည်။ လုပ်ငန်းပိတ်သိမ်း ချိန်ကာလတွင် ဖြစ်ပေါ်သော ဆူညံသံနှင့် တုန်ခါမှု၏ သက်ရောက်မှုနှင့် သက်ရောက်ချိန်သည် သိသာထင်ရှားမှု မရှိသည့်အတွက် ပြန်လည်ကုစားခြင်း အစီအစဉ် သီးသန့်ထည့်သွင်း စဉ်းစားခြင်း များ မပြုလုပ်လျှင်လည်း အဆင်ပြေသည့် အခြေအနေ ဖြစ်သည်။

### (ဃ) ဝန်ထမ်းများ၏ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

လုပ်ငန်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်တွင် ဝန်ထမ်းများ ထိခိုက်မှု မဖြစ်ပေါ်စေရန်ဝန်ထမ်းခေါင်းဆောင်မှဖြစ်စေ၊ စီမံကိန်းကွပ်ကဲသူမှဖြစ်စေသေချာညွှန်ကြားပါမည်။ ဝန်ထမ်းများ အနေဖြင့်လည်း ဝန်ထမ်းခေါင်းဆောင်များ၊ စီမံကိန်းကွပ်ကဲသူများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မည်။ ထို့အပြင် ဝန်ထမ်းများ ထိခိုက်မှုမဖြစ်စေရန် လက်အိတ်များ အသုံးပြု၍ လုပ်ဆောင်စေခြင်းနှင့် ဖုန်မှုန့်များ၊ အမှုန်အမွှားများရှိသော နေရာများတွင် လုပ်ဆောင်ရသော ဝန်ထမ်းများကို နှာခေါင်းစည်း များဖြင့် လုပ်ဆောင်စေခြင်းများ ပြုလုပ်ပါမည်။

### (င) မီးဘေးအန္တရာယ်

လုပ်ငန်းပိတ်သိမ်းချိန်ကာလတွင် မီးလောင်လွယ်သော လောင်စာဆီပုံးများ၊ မီးလောင်လွယ်သော စွန့်ပစ္စည်းများကို ပြန့်ကျဲစွာထားရှိခြင်းမပြုလုပ်ဘဲ သေချာစွာ သိမ်းဆည်း၍ သတ်မှတ်အမှိုက်ပုံတွင် စွန့်ပစ်ခြင်းများ ပြုလုပ်ပေးရမည်။

## ၇.၄။ လုပ်ငန်းလည်ပတ်ခြင်းကြောင့် ဖြစ်နိုင်ချေရှိသော သဘာဝဘေးအန္တရာယ်နှင့် စက်မှုဆိုင်ရာ အန္တရာယ်များ

ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ဆောင်နေစဉ်ကာလအတွင်း ဖြစ်နိုင်ချေရှိသော သဘာဝ ဘေးအန္တရာယ်နှင့် စက်မှုဆိုင်ရာအန္တရာယ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်မည့်အစီအစဉ်နှင့် ကြိုတင်ဆောင်ရွက်ထားရှိမှုများအား အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၇.၄.၁။ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားမှု

ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ဆောင်နေစဉ်ကာလတွင် လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိ စေရေး အတွက် လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်ရှိသောလုပ်ငန်းများအား အတွေ့ အကြုံရှိသော ဆရာများမှတဆင့် လက်တွေ့လေ့ကျင့်သင်ကြားပေးခြင်း အစီအစဉ်များအား ချမှတ် ဆောင်ရွက်ပါမည်။ ၎င်းပြင်အခါအားလျော်စွာ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများအား တက် ရောက်သင်ကြားစေရေး စီမံဆောင်ရွက်သွားပါမည်။

ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားစေရန် ကျွမ်းကျင်သူများမှ သင်တန်းပို့ချခြင်းနှင့် ပြင်ပ သင်တန်းများသို့ပို့ဆောင်ပေးခြင်းများ လုပ်ဆောင်သွားပါမည်။ စွမ်းဆောင်ရည်မြင့် သင်တန်းပေးရေး အဖွဲ့အား အောက်ဖော်ပြပါအတိုင်းဖွဲ့စည်း တာဝန်ပေးထားပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | မန်နေဂျာ | အဖွဲ့ဝင် |
| ၃ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၄ | စက်ဆရာ | အဖွဲ့ဝင် |

### ၇.၄.၂။ မီးဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်မည့် အစီအစဉ်

မီးလောင်ကျွမ်းခြင်းတွင် တောမီးလောင်ကျွမ်းခြင်းနှင့် လူတို့ပေါ့ဆမှုကြောင့် မီးလောင် ကျွမ်းခြင်း ဟူ၍ (၂)မျိုး ဖြစ်နိုင်ပါသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအနေဖြင့် မီးချိတ်၊ မီးကပ်၊ ရေပုံးများ၊ ရေလှောင်ကန်၊ သဲအိတ်များအား အလုံအလောက်ထားရှိပေးခြင်းများ ဆောင်ရွက်ထားပါမည်။ လုပ်ငန်းဧရိယာ အတွင်း တောမီးကူးစက်ခြင်းမရှိစေရန် မီးတားလမ်းများ ဖောက်လုပ်သွားပါမည်။ လောင်စာဆီ အသုံးပြုသူများနှင့် စားဖိုဆောင်ဝန်ထမ်းများ၏ ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် ကျရောက်မှု မရှိစေရန် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များမှ အမြဲမပြတ်စစ်ဆေးပေးခြင်းဖြင့်လည်း ကြိုတင် ကာကွယ် ဆောင်ရွက်သွားပါမည်။

မီးဘေးကာကွယ်ရေးအစီအစဉ်အရ ကြိုတင်စီမံဆောင်ရွက်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်နိုင်ရန် မီးဘေးကာကွယ်ရေးအဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်း သွားမည်ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | စီမံကိန်းတာဝန်ခံ | အဖွဲ့ခေါင်းဆောင် |
| ၂ | စက်ဆရာ | အဖွဲ့ဝင် |
| ၃ | ယာဉ်နှင့်စက်မောင်း | အဖွဲ့ဝင် |
| ၄ | အထွေထွေလုပ်သား | အဖွဲ့ဝင် |
| ၅ | စားဖိုဝန်ထမ်း | အဖွဲ့ဝင် |

မီးဘေး ကြိုတင်ကာကွယ်ရေးအဖွဲ့ဝင်များ၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- တောမီးလောင်ကျွမ်းမှု ရှိ/မရှိ အား သတိထား စောင့်ကြည့်ရန်၊
- ပေါ့ဆမီးများကြောင့် မီးလောင်ကျွမ်းမှုမရှိစေရေးအတွက် နေ့စဉ် သတိပေး စစ်ဆေး ကြပ်မတ်မှုများ ဆောင်ရွက်ရန်၊
- မီးဘေးအန္တရာယ် သတိပေး ဆိုင်းဘုတ်များ ချိတ်ဆွဲထားရန်၊
- လောင်စာဆီထားရှိသောနေရာများအား နေ့စဉ်စစ်ဆေးပြီး ဆီသိုလှောင်ထားသည့် ဧရိယာတွင် ဆေးလိပ်သောက်ခြင်းအား တင်းကြပ်စွာတားမြစ်သည့်အစီအမံများ ထားရှိ ဆောင်ရွက်သွားပါမည်။

လုပ်ငန်းဧရိယာအတွင်းရှိ အဆောက်အဦးများ မီးလန့်မှုများ ဖြစ်ပေါ်လာပါက အဆိုပါဧရိယာအတွင်းရှိ ရေလှောင်ကန်မှ ရေကို သွယ်ယူပက်ဖျန်းခြင်း၊ မီးချိတ်၊ မီးကပ်များ အသုံးပြု၍ မီးလောင်လွယ်သောအရာများအား ဖယ်ရှားရှင်းလင်းခြင်း၊ သဲအိတ်နှင့် ရေပုံးများအသုံးပြု၍ ပက်ဖျန်းငြိမ်းသတ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လုပ်ငန်းဧရိယာအတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး၊ ဝန်ထမ်းနှင့်လုပ်သားများပါဝင်သော အရေးပေါ် မီးငြိမ်းသတ်ရေးအဖွဲ့ကို ဖွဲ့စည်းထား ပါမည်။ ဝန်ထမ်းများအားလိုအပ်ပါက ဒေသဆိုင်ရာ မီးသတ်ဦးစီးဌာနနှင့် ညှိနှိုင်း၍ မီးငြိမ်းသတ်ရေး သင်တန်းများ သင်ကြားပို့ချသွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားပါမည်။

## ၇.၄.၃။ လုပ်ငန်းခွင်မတော်တဆထိခိုက်ခြင်းနှင့် ဘေးအန္တရာယ်ကျရောက်ပါက ဆောင်ရွက်မည့် အစီအစဉ်

ခဲသတ္တုရေဆေးကန်လုပ်ငန်းတွင် မတော်တဆထိခိုက်မိသည့်လူနာများအား သွေးထွက်မလွန်စေရန် ရှေးဦးသူနာပြုနည်းဖြင့် ကုသဆောင်ရွက်ခြင်း၊ အနီးဆုံးရှိ ဆေးရုံ/ ဆေးခန်းသို့ ပို့ဆောင်ကုသခြင်း တို့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အရေးပေါ်အခြေအနေအတွက်လိုအပ်မည့်ဆေးဝါးများလုံလောက်စွာထားရှိခြင်း၊ဌာနဆိုင်ရာဖုန်းနံပါတ်များ၊ ဆေးရုံ ဆေးခန်း ဖုန်းနံပါတ်များ၊ လူနာတင်ယာဉ် ခေါ်ယူရမည့် ဖုန်းနံပါတ်များပြုစုထားရှိခြင်း၊ ၎င်းဖုန်းနံပါတ်များကို အားလုံးအလွယ်တကူ မြင်နိုင်အောင် စီမံထားရှိခြင်းတို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်များကျရောက်လာပါက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက် နှင့်အညီလွတ်ကင်းရာသို့ ရွှေ့ပြောင်းနိုင်ရေးအတွက်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား လုပ်ငန်းမှ ဆောင်ရွက် သွားပါမည်။

သဘာဝဘေးအန္တရာယ်ကြောင့် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။ အရေးပေါ်အခြေအနေများကို အောက်ဖော်ပြပါအတိုင်း တွေ့ရှိနိုင်ပါသည်။

(က) မိုးရွာမှုကြောင့် ရေကြီးခြင်း

(ခ) လုပ်ငန်းခွင်အတွင်းအန္တရာယ်ရှိလုပ်ငန်း

(ဂ) ကျန်းမာရေးအန္တရာယ် တို့ဖြစ်ကြပါသည်။

(က) မိုးရွာမှုကြောင့် ရေကြီးခြင်း

မိုးရွာသွန်းခြင်းကြောင့် အဓိကတွေ့ကြုံရနိုင်သည့် အန္တရာယ်မှာ မြေသားနံရံများ ပြိုကျခြင်းနှင့် လုပ်ငန်းခွင်အတွင်းရေကြီးရေမြုပ်ခြင်း တို့ဖြစ်ပါသည်။ မိုးကြီးခြင်းကြောင့် လုပ်ကွက်အတွင်း ရေစီးရေလာ ကောင်းစေရန် ရေမြောင်းများတူးဖော်ထားရှိခြင်း တို့ကို ဆောင်ရွက်သွားပါမည်။ အလုပ်သမားများ နေထိုင်သော အိပ်ဆောင်များကို ခိုင်ခံ့အောင် ပြုပြင်ခြင်း တို့ကိုလည်း ဆောင်ရွက်ထားပါမည်။ အကယ်၍ ပြင်းထန်သောမိုးဒဏ်ကြောင့် အန္တရာယ်ဖြစ်ပေါ်ပါက မြေသားမာနေသော နေရာများတွင် လုံခြုံရေးအဆောင်များထားရှိ၍ လူများပြောင်းရွှေ့ နေထိုင်နိုင်ရန် ပြုလုပ်ထား ရှိပါမည်။ လုပ်သားများအား အရေးပေါ်ကြုံတွေ့ပါက ဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးခြင်း နှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းများ လုပ်ဆောင်သွားပါမည်။ လုပ်ငန်းခွင်အတွင်း ရေကြီးရေမြုပ်ခြင်း များဖြစ်ပေါ်လာပါက အရေးပေါ်လွတ်မြောက်ရာလမ်းများကိုလည်း သိရှိအောင် ဝန်ထမ်းများအားလုံးကို အသိပေးထားပါမည်။ ထို့ပြင် လုပ်ငန်းခွင်အတွင်း ဝင်ရောက်လာသောရေများကိုလည်း အချိန်မှီစုပ်ထုတ်နိုင်အောင် စီစဉ် ဆောင်ရွက်သွားပါမည်။

(ခ) လုပ်ငန်းခွင်အတွင်းအန္တရာယ်ရှိလုပ်ငန်း

လုပ်ငန်းခွင်အတွင်း ယာဉ်ယန္တရားများ အသုံးပြု၍ သယ်ယူခြင်းများ ဆောင်ရွက်သည့်အတွက် ယာဉ်၊ ယန္တရားနှင့် လူထိခိုက်မှုမရှိစေရေးအတွက် ယာဉ်ယန္တရား မောင်းသူနှင့် အလုပ်သမားများ နားလည်မှုရှိစေရန် အသိပညာပေးသင်ကြားပေးသွားမည် ဖြစ်ပါသည်။ ယန္တရားစက်ဖြင့် ခဲသတ္တုပါဝင်သောနှုံးများဖော်နေသည့်အခါ ကြီးကြပ်သူ၏ ညွှန်ကြားချက်များကို စက်မောင်းများအနေဖြင့် လိုက်နာ ဆောင်ရွက်စေရန် စီစဉ်ထားရှိသွားပါမည်။

ခဲသတ္တုကုန်ကြမ်းနှင့် ခဲသတ္တုပါဝင်သောနှုံးများသယ်ဆောင်သော မော်တော်ယာဉ်မောင်းအား သတ်မှတ်ထားသော မိုင်နှုန်းအတွင်း မောင်းနှင်စေရန်အတွက် အထူးသတိပေးသွားမည် ဖြစ်ပါသည်။ ယန္တရား နှင့် ယာဉ်များ၏ ကြံ့ခိုင်ရေးအတွက် အစဉ်ဂရုစိုက် ဆောင်ရွက် သွားပါမည်။

(ဂ) ကျန်းမာရေးအန္တရာယ်

စီမံကိန်းလုပ်ငန်းခွင်အတွင်း ခဲသတ္တုရေဆေးသန့်စင်ခြင်းလုပ်ငန်းများကြောင့် ရေဆေးသန့်စင်သည့်ဝန်ထမ်းများ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆုတ်ရောဂါ၊ ဦးနှောက်

အာရုံကြောဆိုင်ရာရောဂါများ မဖြစ်စေရန်ဝန်ထမ်းများအား နှာခေါင်းအကာများ၊ လက်အိတ်များကို လည်း အသုံးပြုရန် စီစဉ်ပေးသွားမည်ဖြစ်ပါသည်။ လုပ်ကွက်အတွင်း လုံခြုံရေးဦးထုပ်များအား အလုပ်သမားများ အားလုံးကို အသုံးပြုစေရန် စည်းကမ်းတင်းကျပ်စွာ ချမှတ်သွားပါမည်။

လုပ်ငန်းခွင်ရှိ လုပ်သားများအား လုပ်ငန်းခွင်သုံးဝတ်စုံ၊ ဖိနပ်၊ ဦးထုပ်၊ နှာခေါင်းစည်း၊ လက်အိတ် စသည်တို့ကို စနစ်တကျအသုံးပြုစေပြီး ဝတ်စုံများကို သီးသန့်ထားရှိ၍ မကြာခဏ စနစ်တကျ စင်ကြယ်အောင်လျှော်ဖွတ်သန့်စင်စေပြီး အဝတ်လဲခန်းများကိုလည်း သီးသန့်ထားရှိခြင်း၊ မိမိတို့ လုပ်ငန်းခွင်မှနေထိုင်ရာအိပ်ဆောင်၊ အဆောင်များသို့ မပြန်မီ ရေချိုးသန့်စင်ရေးပြုလုပ်ပြီး အဝတ်အစားများကို လဲလှယ်စေ၍ လုပ်ငန်းခွင်သို့ အဝတ်အစားများကို သီးသန့်ထားရှိစေပြီး တာဝန်ရှိသူများမှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားပါမည်။

သောက်သုံးရေများကိုလည်း ရေသန့်ကိုအသုံးပြုပြီး လုပ်သားများ ထမင်းစားနားချိန်တွင် စားသောက်ခန်းသို့ မဝင်မီ လက်၊ နှာခေါင်း၊ ပါးစပ်တို့အား ပိုးမွှားသန့်စင်ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောသန့်စင်ပြီးမှသာ အစားအသောက်များစားသောက်စေရန် ဆောင်ရွက်ထားပါမည်။ သတ္တုရေဆေးကန်လုပ်ငန်းတွင် လုပ်ကိုင်နေသော လုပ်သားများအနေဖြင့် ခန္ဓာကိုယ်အတွင်းသို့ ခဲဆိပ်ဝင်ရောက်မှု လျော့နည်းစေရေးအတွက် အစားအသောက်စီမံရာတွင် အရိုးပါဝါးစား၍ရနိုင်သော ငါးကလေးများ၊ ပဲအမျိုးမျိုး၊ ကန်စွန်းရွက်၊ ဟင်းနုနွယ်၊ ပေါက်ပန်းဖြူရွက်များ၊ (Zinc) ဓာတ်ပါဝင်သော ဝက်သား၊ အမဲသား၊ အသည်း၊ ကနုကမာ၊ ဂဏန်းစသောအစားအသောက်များကို နေ့စဉ်အလှည့်ကျစားသောက်နိုင်ရေးစီမံထားရှိသွားပါမည်။ အားဖြည့်အစားအစာအဖြစ် ကြက်ဥ၊ နွားနို့၊ ငှက်ပျောသီး၊ ပေါင်မုန့် စသည်တို့ကိုလည်း နေ့စဉ်ကျွေးမွေးနိုင်ရေးစီမံထားရှိသွားပါမည်။

ထို့ပြင် မိမိတို့၏ နားနေရာအဆောင်/အိပ်ဆောင်/အိမ်သို့ ပြန်လည်ရောက်ရှိပါက ထပ်မံ၍ လက်၊ နှာခေါင်း၊ ပါးစပ်တို့ကို စင်ကြယ်စွာဆေးကြောပြီး ခဲဆိပ်သင့်အန္တရာယ်မှ ကင်းရှင်းစေရေး အသိပညာပေး ဆောင်ရွက်ပြီး အိပ်ဆောင်၊ အဆောင်များကို၊ အိမ်များကိုလည်း နေ့စဉ်သန့်ရှင်းရေး ပြုလုပ်ရန် ညွှန်ကြားသွားပါမည်။ အရက်၊ ဆေးလိပ်တို့သည် ခဲဆိပ်အန္တရာယ်ကို ပိုမိုဆိုးရွား သွားစေနိုင်ပါသောကြောင့် လုပ်သားများ အရက်၊ ဆေးလိပ်၊ ကွမ်းတို့ကို မသုံးဆောင်စေရန် တာဝန်ရှိသူများက အထူးကြပ်မတ် သွားပါမည်။

လုပ်ငန်းခွင်အတွင်းရှိ လုပ်သားများအား လိုအပ်သောကြိုတင်ကာကွယ်မှုများ၊ ရှောင်ကြဉ်ရန်များကို အချိန်မှီပြုလုပ်နိုင်ရေးအတွက် တစ်လလျှင် တစ်ကြိမ်ခဲဆိပ်သင့်မှုအန္တရာယ်နှင့် ခဲဆိပ်သင့်မှု ရှိ၊ မရှိ ကြိုတင်သိရှိစေရန်အတွက် သွေးအတွင်းခဲဓါတ်ပါဝင်မှုပမာဏကို ဘော်ဆိုင်းကျေးရွာအုပ်စု၊ တိုက်နယ်ဆေးရုံတွင် စစ်ဆေးပေးသွားမည်ဖြစ်ပါသည်။ လုပ်သားများ၏ ခန္ဓာကိုယ်အတွင်းသို့ ခဲဆိပ်ဝင်ရောက်မှုကို တားဆီးသည့်အနေဖြင့် ချွေးမှတဆင့် ခဲဆိပ်ထွက်သွားစေရန် အားလပ်ချိန်များတွင် ကိုယ်လက်လှုပ်ရှားအားကစားလုပ်ခြင်းများကို ပြုလုပ်စေပါမည်။

မိမိတို့လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့စက်ရုံရှိ လုပ်သားများအား လည်းကောင်း၊ လုပ်သားများမှတဆင့် ၎င်းတို့မိသားစုဝင်များအား လည်းကောင်း၊

ခဲဆိပ်သင့်စေသောအန္တရာယ်များ မဖြစ်စေရန်အတွက် သက်ဆိုင်ရာမှ စည်းမျဉ်းစည်းကမ်းများ ချမှတ်ညွှန်ကြားထားသည့်အတိုင်း တိတိကျကျလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စက်ရုံအတွင်း လက်ဆေးရန် ကန် (Basin) များ နေရာအနှံ့ထားရှိသွားပါမည်။ သတ္တုသန့်စင်စက်ရုံလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် စောင့်ကြပ်ကြီးကြပ်ရေးအဖွဲ့၊ တားဆီးရေးအဖွဲ့များဖွဲ့စည်းပြီး အချိန်နှင့်တပြေးညီ ကြီးကြပ်ဆောင်သွားမည်ဖြစ်ပါသည်။

အလုပ်သမားများ ကျန်းမာရေးချို့တဲ့ပါက ဆရာဝန်များဖြင့် အခမဲ့ဆေးစစ်ပေးသွားမည်ဖြစ်ပြီး လိုအပ်သောဆေးဝါးများကို ပံ့ပိုးပေး၍ ကျန်းမာရေးအန္တရာယ်ကို မဖြစ်ပေါ်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်း တာဝန်ပေးသွား မည်ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၃ | စက်ဆရာ | အဖွဲ့ဝင် |
| ၄ | ယာဉ်နှင့်စက်မောင်း | အဖွဲ့ဝင် |

အဖွဲ့အစည်း၏တာဝန်များမှာ

- အလုပ်သမားများသို့အသိပညာပေးရမည်။
- စက်သုံးဆီနှင့် ပစ္စည်းများသိုလှောင်ထားရှိမှုအား အမြဲစစ်ဆေးရမည်။
- မတော်တဆထိခိုက်မှု ကိစ္စများကို မှတ်တမ်းတင်အစီရင်ခံစာပေးပို့ရမည်။
- Safety Helmet၊ ဖိနပ်၊ ဝတ်စုံ၊ လက်အိတ်များ ဝတ်ဆင်၊ တပ်ဆင်လုပ်ကိုင်စေရမည်။
- သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း လုပ်ဆောင်မှုများကို မှတ်တမ်းတင်ထားရှိရန်နှင့် အဆိုပါစံချိန်များအတိုင်း လုပ်ဆောင်သွားရမည်။
- မိမိတို့ကိုယ်တိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ အစီအစဉ်ကို လိုက်နာရမည်။
- မီးလောင်မှုနှင့် အခြားသောအရေးပေါ် အခြေအနေများကို လျင်မြန်ထိရောက်စွာ တုန့်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရမည်။
- ဝန်ထမ်းများအား အရေးပေါ်အခြေအနေများတွင် လုပ်ဆောင်ရမည့်တာဝန်များအား ခွဲခြားဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်းအစီအစဉ်များ ဆောင်ရွက်ထား ရမည်**။**

## ၇.၄.၄။ ရန်ပုံငွေလျာထားချက်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာ အနီးတွင် ခဲသတ္တုရေဆေးကန်

လုပ်ငန်း ဆောင်ရွက်ချိန်တွင် ဘေးအန္တရာယ်ရှိ လုပ်ငန်းများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု ရှိစေရေး လေ့ကျင့်သင်ကြားမှုအစီအစဉ်နှင့် အရေးပေါ်ဘေးအန္တရာယ်ဖြစ်သည့် မီးလောင်ကျွမ်းခြင်း၊ လုပ်ငန်းခွင်မတော်တဆထိခိုက်ခြင်းနှင့် လုပ်ငန်းခွင်ထိခိုက်ခြင်းများဖြစ်ပေါ်လာပါက ဆောင်ရွက်မည့်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေကျပ်သိန်း (၃,၀၀၀,၀၀၀) ထားရှိ၍ အောက်ဖော်ပြပါအစီအစဉ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | ခန့်မှန်းစရိတ်(ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁ | လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားမှု | ၁,၀၀၀,၀၀၀ | |
| ၂ | မီးဘေးအန္တရာယ်ကျရောက်လာပါကကြိုတင်ဆောင်ရွက်ထားရှိမှုနှင့်ဆောင်ရွက်မည့်အစီအစဉ် | ၁,၀၀၀,၀၀၀ | |
| ၃ | လုပ်ငန်းခွင်မတော်တဆထိခိုက်ခြင်းနှင့်ဘေးအန္တရာယ်ကျရောက်ပါကဆောင်ရွက်မည့်အစီအစဉ် | ၁,၀၀၀,၀၀၀ | |
| | စုစုပေါင်း | ၃,၀၀၀,၀၀၀ | |

## ၇.၅။ ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ချိန်တွင် ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးသွားမည် ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် | အဖွဲ့ဝင် |

## ၇.၆။ လုပ်ငန်းဧရိယာရှိ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများနှင့်လျော့ချမည့်နည်းလမ်းများ

| စဉ် | ထိခိုက်မှုအမျိုးအစား | ထွက်ရှိမည့်အရင်းအမြစ် | လျော့ချမည့်နည်းလမ်း |
|---|---|---|---|
| ၁ | ဆူညံသံ | | |
| | ဆူညံသံနှင့်တုန်ခါမှု | မီးစက်နှင့်စက်ယန္တရားများ အလုပ်သမားဝန်ထမ်း | မီးစက်နှင့်ယာဉ်စက်ယန္တရားများမှ ထွက်လာမည့်လေနှင့် ပြင်ပလေထုကြားတွင် အသံလုံ စနစ်ဆိုင်လင်ဇာဖြင့် အိပ်ဇောတွင် တပ်ဆင်ထားပါမည်။ |

| | | | |
|---|---|---|---|
| | | | အလုပ်လုပ်ချိန်များအား နေ့အချိန်သာသတ်မှတ်ပါမည်။<br>အင်ဂျင်စက်များအား အသုံးမပြုသော အချိန်တွင် ပိတ်ထားပါမည်။<br>မီးစက်နှင့်စက်ယန္တရားများကြံ့ခိုင်မှုရှိရေးအတွက် အစဉ်ပြုပြင် မွမ်းမံစစ်ဆေးသွားပါမည်။<br>ညပိုင်းတွင်စက်ယန္တရားများ အသုံးမပြုပါ။<br>ကားအားသတ်မှတ်မိုင်နှုန်းဖြင့်သာ မောင်းနှင်စေပါမည်။<br>အလုပ်သမားများအားဆူညံမှုနှင့်ပက်သက်၍ ထိန်းသိမ်းရန်အသိပညာပေးသွားပါမည်။ |
| ၂ | ရေအရည်အသွေး | | |
| | မြေပေါ်ရေ အရည်အသွေးပေါ် ထိခိုက်နိုင်မှု | စားဖိုဆောင်နှင့် ဝန်ထမ်းများသုံးရေ၊ ချိုးရေများ ခဲသတ္တုရေဆေးကန်လုပ်ငန်းမှ ထွက်ရှိလာသော ခဲသတ္တုပါဝင်သောနှုံးနှင့်ရေ | စားဖိုဆောင်နှင့် ဝန်ထမ်းများ သုံးရေ၊ ချိုးရေများမှ ထွက်ရှိသော ရေများကို ရေဆိုးစွန့်ပစ်ကျင်းများ အတွင်းသို့ မြောင်းများသွယ်၍ ပို့ဆောင်ပြီး စနစ်တကျစွန့်ပစ်စေပါမည်။<br>ရေဆိုးစွန့်ပစ်ကျင်းများကို စနစ်တကျ စီမံဆောင်ရွက်သွားပါမည်။<br>ခဲသတ္တုရေဆေးကန်လုပ်ငန်းမှ ထွက်ရှိလာသော ခဲသတ္တုပါဝင်သောနှုံးနှင့်ရေ များအား အနည်စစ်ကန် အဆင့်ဆင့် ဖြတ်သန်းစေပြီး နောက်ဆုံး ရေလှောင်ကန် မှ ရေအား ရေပြန်စနစ်ဖြင့် ခဲသတ္တုရေဆေးကန် လုပ်ငန်းတွင် ပြန်လည်အသုံးပြုသွားပါမည်။ |
| | မြေအောက်ရေ အရည်အသွေးပေါ် ထိခိုက်နိုင်မှု | မြေပေါ်မှရေဆိုးများစနစ်တကျမစွန့်ပစ်ခြင်း | မြေအောက်ရေထိခိုက်မှုလျော့နည်းစေရန်နှင့် ညစ်ညမ်းပစ္စည်းများယိုစိမ့်မှု တားဆီးနိုင်ရန် ရေမစိမ့်ဝင်နိုင်သော HDPEမိုးကာနှင့် ရွှံ့စေးလွှာကို ခဲသတ္တုပါဝင်သောနှုံးများ၏ အောက်ခြေတွင် အောက်ခံအဖြစ်ထားရှိသွားပါမည်။<br>ရေဆိုးစွန့်ပစ်ကျင်းများကို စနစ်တကျ စီမံဆောင်ရွက်ထားမည်ဖြစ်သောကြောင့် မြေအောက်ရေ ထိခိုက်မှုအား လျော့ချနိုင်ပါမည်။ |

| | | | |
|---|---|---|---|
| ၃ | လေအရည်အသွေး | | |
| | အနံ့ | မီးစက်နှင့်စက်ယန္တရားများမှ ထွက်ရှိ ခြင်း | မီးစက်နှင့်စက်ယန္တရားများ၏ ကြံခိုင်မှုနှင့် အိတ်ဇောပိုက် များ အား အမြဲမပြတ်စစ်ဆေး သွား ပါမည်။ |
| | အမှုန်အမွှား | ယာဉ်ယန္တရားများ အသုံးပြုခြင်း ခဲသတ္တုပါဝင်သောနှုံးများ သယ်ယူ ခြင်း | လိုအပ်သောလုပ်ငန်းများတွင်ရေဖြန်းပေး သွားပါမည်။ ကားများအားအရှိန်လျှော့မောင်းနှင်စေပါမည်။ ခဲသတ္တုပါဝင်သောနှုံးများကိုမိုးကာများဖုံးအုပ်၍ သယ်ဆောင်သွားပါမည်။ |
| ၄ | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | | |
| | စွန့်ပစ်အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့ထွက်ရှိမှု | ရေဆေးကန်များ၊ လူနေဆောင်နှင့် စားဖိုဆောင်၊ မီးစက်နှင့်စက်ယန္တရားများ၊ | ထွက်ရှိလာသော ခဲသတ္တုပါဝင်သောနှုံးမြေများကို သတ်မှတ်ထားသော စုပုံကွင်း တွင် ရေမစိမ့်ဝင်နိုင် သော HDPEမိုးကာနှင့် ရွံ့စေးမြေတို့ဖြင့် အောက်ခံ၍စနစ်တကျ စုပုံသွားပါမည်။ သုံး/ချိုးရေအားစနစ်တကျစွန့်ပစ်သွားပါမည်။ စက်ဆီ ချောဆီများ အား လယ်မြေများ၊ စိုက်ပျိုးမြေများ၊ မြစ်ချောင်းနှင့် ရေကန်များသို့ မစွန့်ပစ်၊မစီးဆင်းစေရန် ဂရုပြုဆောင်ရွက် သွားပါမည်။ စက်ပစ္စည်းများကိုလည်းမကြာခဏ စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်မည်ဖြစ် သောကြောင့် အခိုးအငွေ့များကြောင့်ထိခိုက်မှု အနည်းငယ်သာ ရှိနိုင်ပါသည်။ |
| ၅ | မြေထုညစ်ညမ်းမှု | | |
| | တောတောင်များ ရှင်းလင်းခြင်းနှင့် ခဲသတ္တုပါဝင်သော နှုံးများ | ရေဆေးကန်များ တည်ဆောက် ခြင်း။ လမ်းဖောက်လုပ်ခြင်း၊ အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန်များ တည်ဆောက် ခြင်း | လိုအပ်သော နေရာများကိုသာ ရှင်းလင်း ဖယ်ရှားသွားပါမည်။ ခဲသတ္တုပါဝင်သောနှုံးများအား စနစ်တကျ စုပုံ သွားပါမည်။ သဘာဝပေါက်ပင်များအားလိုအပ်မှသာ ဖယ်ရှားသွားပါမည်။ သစ်ပင်များအားမီးရှို့ခြင်းမှရှောင်ကြဉ်သွားပါမည်။ |

| | | | |
|---|---|---|---|
| ၆ | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု | | |
| | စွန့်ပစ်မည့်အစီအစဉ် | မရှိပါ | မရှိပါ |
| | သိမ်းဆည်းမည့် အစီအစဉ် | မရှိပါ | မရှိပါ |
| | ရောဂါဖြစ်ပွားမှု ထိန်းချုပ်ရေး အစီအစဉ် | အလုပ်သမားဝန်ထမ်း | အသိပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်း နည်းလမ်းများကို အသုံးပြုသွားပါမည်။ လစဉ်ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးသွားပါမည်။ |
| | ဓါတုပစ္စည်းများ သုံးစွဲမှုနှင့်ထွက်ရှိမှု | မရှိပါ | - |
| ၇ | ဂေဟစနစ် | | |
| | တောတောင်အခြေ အနေနှင့်ထိခိုက်မှု။ ဇီဝမျိုးစုံမျိုးကွဲများ အခြေအနေနှင့် ထိခိုက်မှု။ | လမ်းများ ဖောက်လုပ်ခြင်း။ ရေဆေးကန်၊ အဆောက်အဦး များ ဆောက်လုပ်ခြင်း။ အလုပ်သမားများ။ | လမ်းများကိုလည်း သင့်တော်သောနေရာ များတွင်ဖောက်လုပ်၍ အတတ်နိုင်ဆုံး ဒေသခံများ အသုံးပြုသောလမ်းဟောင်းများ ကိုသာ ပြုပြင်အသုံးပြုသွားပါမည်။ သဘာဝပေါက်ပင်များအားလိုအပ်မှသာ ဖယ်ရှား သွားပါမည်။ သဘာဝပေါက်ပင်များအားဖျက်ဆီးခြင်းနှင့် လောင်စာအဖြစ်အသုံးချခြင်းအားတားမြစ် ထားပါသည်။ သစ်ပင်များအားမီးရှို့ခြင်းမှ ရှောင်ကြဉ်သွားပါမည်။ သဘာဝသားရဲတိရိစ္ဆာန်များနှင့်ပက်သက်သော နေထိုင်မှုဂေဟစနစ်များ မပျက်စီး မထိခိုက်စေရေးအတွက် ဝန်ထမ်းများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာသူ/သားများကို တတ်သိပညာရှင်များဖြင့်ပညာပေးဟောပြော စည်းရုံးခြင်းများကိုထည့်သွင်း စဉ်းစား အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။ တောမီးရှို့ခြင်းနှင့်အမဲလိုက်ခြင်းအားတားမြစ် သွားပါမည်။ |

| | | | |
|---|---|---|---|
| | | | သားရဲတိရိစ္ဆာန်များအားထောင်ချောက်လုပ်<br>ဖမ်းဆီးခြင်းမှ တားမြစ်သွားပါမည်။<br>တားမြစ်ခြင်းကို ချိုးဖောက်ပါက အလုပ်မှ<br>ထုတ်ပယ်သည်အထိ အရေးယူ ဆောင်ရွက်<br>သွားပါမည်။ |
| ၈ | လူမှုပတ်ဝန်းကျင်<br>အပေါ်ထိခိုက်မှု | အလုပ်သမားဝန်ထမ်း | ဒေသခံလူထုအဖွဲ့အစည်းများ၏လိုအပ်ချက်များ၊<br>လူမှုရေးအကူအညီများ၊ သဘာဝဘေးနှင့်<br>ပတ်သက်သောပျက်စီးမှုများအားအကူအညီ<br>လှူဒါန်းမှုများ တတ်နိုင်သမျှလုပ်ဆောင်ပေး<br>သွားပါမည်။<br>ဒေသခံများထံမကြာခဏသွားရောက်တွေ့ဆုံ<br>ဆွေးနွေးသွားပါမည်။<br>ဒေသခံပြည်သူလူထုများအားအလုပ်အကိုင်<br>အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးသွား<br>ပါမည်။<br>ကျန်းမာရေး၊ဘေးကင်းလုံခြုံရေး၊ရပ်ရွာနှင့်<br>ခိုက်ရန်ပြဿနာများမဖြစ်ပွားစေရေးအတွက်<br>သတိပြုဆောင်ရွက်သွားပါမည်။ |

**၇.၇။ လုပ်ငန်းခွင်ဧရိယာတွင် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအား အဆင့်အတန်း ပမာဏ သတ်မှတ်ခြင်းနှင့် ရန်ပုံငွေလျာထားချက်**

| စဉ် | ထိခိုက်မှုအမျိုးအစား | ထိခိုက်နိုင်မှုအဆင့်အတန်း | ထိခိုက်နိုင်မှု ပမာဏ | ရန်ပုံငွေလျာထားချက် (ကျပ်) |
|---|---|---|---|---|
| ၁ | ဆူညံသံ | အနည်းငယ်ထိခိုက် | တခါတရံဖြစ်တတ် | ၅ သိန်း |
| ၂ | ရေအရည်အသွေး | အနည်းငယ်ထိခိုက် | ဖြစ်ရန်ခက်ခဲ | ၇ သိန်း |
| ၃ | လေအရည်အသွေး | အနည်းငယ်ထိခိုက် | တခါတရံဖြစ်တတ် | ၆ သိန်း |
| ၄ | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | အနည်းငယ်ထိခိုက် | တခါတရံဖြစ်တတ် | ၇ သိန်း |
| ၅ | မြေထုညစ်ညမ်းမှု | အနည်းငယ်ထိခိုက် | တခါတရံဖြစ်တတ် | ၅ သိန်း |
| ၆ | ဂေဟစနစ် | အနည်းငယ်ထိခိုက် | ဖြစ်ရန်ခက်ခဲ | ၅ သိန်း |
| ၇ | လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှု | အနည်းငယ်ထိခိုက် | တခါတရံဖြစ်တတ် | ၅ သိန်း |

# အခန်း (၈)

## ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်

### ၈.၁။ အစိုးရဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်အတွင်းရှိ အစိုးရဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးမှုများတွင် ဒေသခံပြည်သူလူထု၏ နစ်နာချက်များ၊ စိုးရိမ်ပူပန်မှုများ တောင်းဆိုချက်များအား ညှိနှိုင်းဖြေရှင်းပေးခြင်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်အနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းမန်နေဂျာမှ လစဉ်အစည်းအဝေးများ တက်ရောက်၍ မိမိလုပ်ငန်းတည်ရှိရာ နယ်မြေဒေသ အခြေအနေ များအား ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ လုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူလူထုမှ မကျေမနပ်မှုများ၊ မရှင်းလင်းမှုများရှိပါက GPS Joint Venture Co.Ltd ဘော်ဆိုင်းကျေးရွာအုပ်စု၊ ကလောမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်၊ ဖုန်းနံပါတ် ၀၉-၄၂၁၇၁၆၃၁၃, ၀၉-၂၅၉၉၃၈၈၈၃ သို့လည်းကောင်း၊ ကုမ္ပဏီမန်နေဂျာ ဒေါ်စန်းစန်းရီ သို့လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

### ၈.၂။ လုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်း

GPS Joint Venture ကုမ္ပဏီလီမိတက်အနေဖြင့် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့် အခြေအနေများအား ဒေသခံပြည်သူလူထု၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများနှင့် လျော့ချမည့် နည်းလမ်း များအား ရှင်းလင်းဆွေးနွေးခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(၁၀-၇-၂၀၂၀)ရက်နေ့ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာ ကုမ္ပဏီရုံးခန်းတွင် ကျင်းပခဲ့ကာ ကျေးရွာမှ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဒေသခံ ကျေးရွာသားများ နှင့်သက်ဆိုင်ရာဌာနများကို ဖိတ်ကြားခဲ့သော်လည်း သက်ဆိုင်ရာဌာနများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး မှာ တက်ရောက်ခြင်းမရှိဘဲကျေးရွာမှရပ်မိရပ်ဖများ၊ ဒေသခံကျေးရွာသား(၁၅)ဦးခန့်သာ တက်ရောက် ပြီး ကုမ္ပဏီဘက်မှ ကုမ္ပဏီ မန်နေဂျာ ဒေါ်စန်းစန်းရီနှင့် တာဝန်ရှိသူ ဝန်ထမ်း(၃)ဦး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်များ တက်ရောက်သော တွေ့ဆုံ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံပွဲတွင် ကုမ္ပဏီမန်နေဂျာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တို့မှ GPS Joint Venture ကုမ္ပဏီ လီမိတတ်မှ ဆောင်ရွက်မည့် ခဲသတ္တုရေဆေးကန်လုပ်ငန်းအတွက် သက်ဆိုင်ရာ အစိုးရဌာန များသို့ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခဲသတ္တုရေဆေးကန် လုပ်ငန်းများ

ဆောင်ရွက်သည့်အခါတွင် ကုမ္ပဏီအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေ မည့်စနစ်ကို အသုံးပြုဆောင်ရွက်မည်ဖြစ်သောကြောင့် မြေပေါ်/မြေအောက်ရေအရည်အသွေး၊ မြေ အရည်အသွေး၊ လေအရည်အသွေး၊ ဆူညံသံ၊ တုန်ခါမှု စသည့် သက်ရောက်မှုများ နည်းပါးအောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ သို့ရာတွင်လုပ်ငန်းများ၏ ထုံးစံအရ အနည်းအကျဉ်းသက်ရောက်မှုများ ရှိလာလျှင်လည်း လျော့ချစေမည့် အစီအမံများ စီစဉ်ထားရှိမည် ဖြစ်ကြောင်း၊ ကုမ္ပဏီမှ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေး ပြောကြားခဲ့ပါသည်။

အစည်းအဝေးတက်ရောက်လာသည့် ဒေသခံများမှ မိမိတို့ဒေသတွင် GPS Joint Venture ကုမ္ပဏီလီမိတက်မှ ခဲသတ္တုရေဆေးကန် လုပ်ငန်း ဆောင်ရွက်မည်ဟု သိရှိရပါကြောင်း၊ ကုမ္ပဏီ၏ လုပ်ငန်းဧရိယာနှင့် ကျေးရွာမှာမိုင်ဝက်ခန့်သာကွာဝေးသောကြောင့် လူမှုဝန်းကျင်နှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့ကျေးရွာအတွက် လိုအပ်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဟု သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်မည့်လုပ်သားများအတွက် မိမိတို့ဒေသခံများအား ဦးစားပေး ခန့်အပ်စေလိုကြောင်း၊ ခဲသတ္တုရေဆေးသန့်စင်ခြင်းလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန် မရှိပါကြောင်း စသည်ဖြင့် ဆွေးနွေးပါသည်။

ကုမ္ပဏီမန်နေဂျာ ဒေါ်စန်းစန်းရီမှ ဒေသခံများ၏ ဆွေးနွေးမှုများနှင့် ပတ်သက်၍ မိမိတို့ ကုမ္ပဏီမှ လူမှုဝန်းကျင်နှင့်ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရေး ဆောင်ရွက်မည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲထားရှိမှုအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြသွားမည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီမှ ခဲသတ္တုရေဆေးကန်လုပ်ငန်းဆောင်ရွက်မည့် ကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီမှ လိုအပ်မည့် လုပ်သားများအတွက် ဒေသခံများအား ပညာအရည်အချင်း အလိုက် ခန့်အပ်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သီးသန့်ရန်ပုံငွေများ ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးမေးမြန်းမှုများအား ရှင်းလင်း ဖြေကြားခဲ့ပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက်မှ အများပြည်သူ နှင့် တိုင်ပင်ဆွေးနွေးထားခဲ့သည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံများနှင့် အစည်းအဝေးတက်ရောက်မှတ်တမ်းများကိုအောက်တွင်ဖော်ပြထားပါသည်။

အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးခဲ့သည့်

| | | |
|---|---|---|
| နေရာ | - | ကုမ္ပဏီရုံးခန်း |
| ဆွေးနွေးသည့်နေ့ရက် | - | ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၁၀)ရက် |
| ဆွေးနွေးသည့်အကြိမ်ရေ | - | (၁) ကြိမ် |

| | | |
|---|---|---|
| တက်ရောက်လာသည့် လူဦးရေ | - | (၁၅) ဦး |
| တက်ရောက်ခဲ့သည့် ပုဂ္ဂိုလ်များ | - | ရပ်မိရပ်ဖများ နှင့်ဒေသခံကျေးရွာသူ/သားများ။ |
| ဆွေးနွေးမှုအခန်းကဏ္ဍ | | (၁) ခဲသတ္တုရေဆေးကန် လုပ်ငန်းအား ဆောင်ရွက်သွားမည့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များ။<br>(၂) ပညာရေး၊ ကျန်းမာရေးအတွက် CSR ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ။<br>(၃) ဒေသခံများ ပိုမိုအလုပ်ခန့်ထားနိုင်ရေး။<br>(၄) ဒေသခံများ၏သဘောထားစစ်တမ်းတောင်းခံခြင်း။ |
| ဒေသခံများ တောင်းဆိုမှု | | (၁) ဒေသခံများအားလုပ်ငန်းတွင် အလုပ်ခန့်အပ်ထားပေးရန်။<br>(၂) ရေရရှိရေးအတွက်သင့်တော်သလိုစီမံဆောင်ရွက်ပေးရန်။<br>(၃) လမ်းများပြုပြင်ဖောက်လုပ်ပေးရန်။<br>(၄) ကျေးရွာ၏ အရေးပေါ်လိုအပ်ချက်များအား ရပ်မိရပ်ဖများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးရန်။ |

ဒေသခံများ၏တောင်းဆိုမှုအား GPS Joint Venture ကုမ္ပဏီ လီမိတက် မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် သဘောတူညီမှုရရှိခဲ့ပြီး သဘောထားစစ်တမ်းများ အား ဖြည့်စွက်ပေးခဲ့ကြပါသည်။ သဘောထားစစ်တမ်းများအရ (၉၁.၂၉ %)မှ သဘောတူညီမှု ရရှိခဲ့ပြီး (၈.၇၁ %) ခန့်မှ ကန့်ကွက်မှု ပြုလုပ်ခဲ့ပါသည်။

အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းအား လုပ်ငန်းအကောင်အထည်မဖော်မီနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်ကာလများအတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်နေစဉ် မကျေနပ်ချက်များနှင့်နစ်နာမှု ဖြေရှင်းရေး လုပ်ငန်းစဉ် ကို တာဝန်ယူဖြေရှင်းပေးမည့် အဖွဲ့အစည်းအား အောက်ပါအတိုင်း ဖွဲ့စည်းထား ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |

အဖွဲ့အစည်း၏တာဝန်များမှာ

- ဤအဖွဲ့အစည်းသည် လုပ်ငန်းဖော်ဆောင်သူနှင့် ဒေသခံပြည်သူများအကြား ဆက်သွယ်ပေးရမည်။

- အစီရင်ခံစာပါအကြောင်းအရာများကို ဒေသခံများသို့အသိပညာပေးရမည်။
- လုပ်သားခန့်ထားရန်လိုအပ်သည့် အလုပ်ခေါ်ယူမှုများကို ဒေသခံများသို့အသိပေး ရမည်။
- ဤအဖွဲ့အစည်းသည် ဒေသခံများနှင့် လုပ်ငန်းဖော်ဆောင်မှုအကြားတွင် တည်ရှိပြီး လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု လုပ်ငန်းတွင်ပူးပေါင်းပါဝင်ရမည်။
- လုပ်ငန်းစဉ်များသုံးသပ်နိုင်ရန် အနည်းဆုံး တစ်နှစ်တစ်ကြိမ် အစည်းအဝေးခေါ်ယူ ကျင်းပရမည်။
- မိမိတို့ကိုယ်တိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ အစီအစဉ်ကို လိုက်နာရမည်။
- လုပ်ငန်းဒေသသို့ကွင်းဆင်းစစ်ဆေးရမည်။
- နှစ်စဉ်အစီရင်ခံစာများကို သက်ဆိုင်ရာဌာနသို့ အစီရင်ခံစာများ ပေးပို့နိုင်ရန် ကူညီ ဆောင်ရွက်ရမည်။
- ဒေသခံများ၏ အထွေထွေကျန်းမာပျော်ရွှင်ရေးနှင့် ပက်သက်သည့် ကိစ္စရပ်များကို ထည့်သွင်း စဉ်းစားရမည်။
- လုပ်ငန်းအတွက် လိုအပ်သောဝန်ထမ်းများအား လုပ်ငန်းအနီးရှိ ကျေးရွာများမှ ဝန်ထမ်းအဖြစ် ဦးစားပေးခန့်အပ်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ရမည်။
- ထိခိုက်ခံရသည့် ဒေသခံတိုင်း၏ ယဉ်ကျေးမှုနှင့် အထွေထွေကျန်းမာ ပျော်ရွှင်ရေးနှင့် ပက်သက်သည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည်။

၈.၃။ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းမှ ရလဒ်များ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊
ရွာဟောင်းကျေးရွာအနီးတွင် GPS Joint Venture ကုမ္ပဏီလီမိတက်၏
ခဲသတ္တုရေဆေးကန်လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းအနီးဝန်းကျင်ကျေးရွာမှ ရပ်မိရပ်ဖများ၊
ဒေသခံကျေးရွာသူ/သားများနှင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှုဆိုင်ရာ တွေ့ဆုံမေးမြန်းမှုရလဒ်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၁၀)ရက်၊ ကုမ္ပဏီရုံးခန်း

| စဉ် | ပတ်ဝန်းကျင်၏ လူမှုစီးပွားရေးနှင့် ကျန်းမာရေးအပေါ် ထိခိုက်နိုင်မှုများ | ထောက်ခံ | ကန့်ကွက် |
|---|---|---|---|
| ၁ | ယခုလုပ်ငန်းသည် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ အတွက် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သည်ဟု ယူဆပါသလား။ | မယူဆပါ (၁၄) ဦး ၉၃ % | ယူဆပါသည် (၁) ဦး ၇ % |
| ၂ | ယခုလုပ်ငန်းကြောင့် အနီးအနားရှိ ကျေးရွာနေ ပြည်သူများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာနိုင်ပါသလား။ | ရရှိနိုင်ပါသည် (၁၄) ဦး ၉၃ % | မရရှိနိုင်ပါ (၁) ဦး ၇ % |
| ၃ | ယခုလုပ်ငန်းကြောင့် ဤဒေသ၏ မြေပေါ်/ မြေအောက် ရေအရင်းအမြစ်များထိခိုက်နိုင်ပါသလား။ | မထိခိုက်နိုင်ပါ (၁၃) ဦး ၈၇ % | ထိခိုက်နိုင်သည် (၂) ဦး ၁၃ % |
| ၄ | ယခုလုပ်ငန်းကြောင့် ဤဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ပါသလား။ | မထိခိုက်နိုင်ပါ (၁၄) ဦး ၉၃ % | ထိခိုက်နိုင်သည် (၁) ဦး ၇ % |
| ၅ | ယခုလုပ်ငန်းကြောင့် အသံ၊ တုန်ခါမှု၊ အလင်း၊ အပူစွမ်းအင်နှင့် သံလိုက်ရောင်ခြည် ဖြန့်ကြက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်ပါ သလား။ | မဖြစ်နိုင်ပါ (၁၄) ဦး ၉၃ % | ထိခိုက်နိုင်သည် (၁) ဦး ၇ % |
| ၆ | ဤလုပ်ငန်းကြောင့် လူမှုရေး၊ စီးပွားရေး ပိုမိုကောင်းမွန်လာနိုင် ပါသလား။ | ကောင်းမွန်နိုင်ပါသည် (၁၄) ဦး ၉၃ % | မကောင်းမွန်နိုင်ပါ (၁) ဦး ၇ % |
| ၇ | ဤလုပ်ငန်း၏ သယ်ယူပို့ဆောင်ရေး လမ်းကြောင်း ကြောင့် ကျေးရွာများအား ထိခိုက်နိုင်ပါသလား။ | မထိခိုက်နိုင်ပါ (၁၃) ဦး ၈၇ % | ထိခိုက်နိုင်သည် (၂) ဦး ၁၃ % |
| ကန့်ကွက်မှု ရာခိုင်နှုန်း (၈.၇၁ %)<br>ထောက်ခံမှု ရာခိုင်နှုန်း (၉၁.၂၉ %) | | | |

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇွန်လ ( ၂၂ ) ရက်

## " ထောက်ခံချက် "

သို့

သက်ဆိုင်ရာသို့

ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းရွာအနီးရှိ (ဒေသအခေါ်အဝေါ် သစ်ယားပင်လွင်) ကွင်းအမှတ် ၈၆ ၊ ဦးပိုင် (၁၁) ၊ မြေမျိုး-ယာမြေ ဧရိယာ (၁၀.၈၆)ဧကရှိ မြေအား ဒေါ်စန်းစန်းရီမှ သတ္တုရေဆေးကန်နှင့် လူနေအိမ်တည်ဆောက်ရန်အတွက် အခြားနည်းသုံးစွဲခွင့် လျှောက်ထားမည်ဆိုပါက ယာမြေနီးချင်းများအနေဖြင့် ကန့်ကွက်ရန် မရှိကြောင်းထောက်ခံတင်ပြအပ်ပါသည်။

အရှေ့အရပ် ဦးထွန်းလင်း
[illegible]
ကံသာ ရပ်ကွက်၊ဘော်ဆိုင်း

အနောက်အရပ် ဦးတာဗိုး
[illegible]
ကံသာ ရပ်ကွက်၊ဘော်ဆိုင်း

တောင်အရပ် ဦး[illegible]
[illegible]
[illegible] ရပ်ကွက်၊ဘော်ဆိုင်း

မြောက်အရပ် ဒေါ်[illegible]
[illegible]
ကံသာ ရပ်ကွက်၊ဘော်ဆိုင်း

ထပ်ဆင့်ထောက်ခံအပ်ပါသည်

[illegible]

ကျေး ရွာ အုပ် စု အုပ် ချုပ် ရေး မှူး ရုံး
ဘော်ဆိုင်း - ကလောမြို့နယ်
စာအမှတ်၊ ၃ / ၂ - ၁ / ဦး ၁
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် ဇွန်လ ( ) ရက်

## ထောက်ခံချက်

ကလောမြို့နယ် ၊ ဘော်ဆိုင်းကျေးရွာအုပ်စု ၊ ရွာဟောင်းရွာအနီးရှိ ကွင်းအမှတ် ၈၆၊ ဦးပိုင် (၁၁)၊မြေမျိုး-ယာမြေ ဧရိယာ(၁၀.၈၆) ဧကရှိ မြေအား ဒေါ်စန်းစန်းရီ မှ သတ္တုရေဆေးကန်နှင့် ကုမ္ပဏီဝန်ထမ်းအိမ်ယာ တည်ဆောက်ရန်အတွက် အခြားနည်းသုံးစွဲခွင့် လျှောက်ထားမည်ဆိုပါက သာသနာပိုင်မြေ၊ သစ်တောမြေ၊ သုသာန်မြေ စသည့်အများနှင့်သက်ဆိုင်သော မြေအမျိုးအစားနှင့် ကင်းလွတ်ပါသောကြောင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန် မရှိပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

မိတ္တူ-
ရုံးလက်ခံ

ဖန်းနိုင်
အုပ်ချုပ်ရေးမှူး
ဘော်ဆိုင်းကျေးရွာအုပ်စု
ကလောမြို့နယ်

ရက်စွဲ၊ ၂၀၂၀ခုနှစ်၊ ဇူလိုင်လ၊ ၁၀ရက်

အကြောင်းအရာ။ ။ သဘောထားမှတ်ချက်ထောက်ခံတင်ပြခြင်း။

ကလေးမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု ရွာမဟောင်း ကျေးရွာအနီးတွင်ဦးပိုင် အမှတ်(၁၁) ကွင်းအမှတ်-စ၆(ကန်သာရွာမကွင်း) လုပ်ကွက်ရှိယာအား GPS Joint Venture ကုမ္ပဏီလီမိတက်မှ ခဲသတ္တု သန့်စင် မည့်လုပ်ငန်းကိစ္စနှင့် ပတ်သက်၍ မိမိတို့ကျေးရွာအုပ်စုများတွင် အလုပ်အကိုင်များရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ စီးပွားရေးအား အထောက် အကူပြုသောလုပ်ငန်းများ ဖြစ်သောကြောင့် ကန့်ကွက်ရန် မရှိ သဘောတူပါကြောင်း လက်မှတ် ရေးထိုးကြပါသည်။

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | လက်မှတ် |
|---|---|---|---|---|
| ၁။ | [illegible] | [illegible] | [illegible] | [illegible] |
| ၂။ | [illegible] | | [illegible] | [illegible] |
| ၃။ | [illegible] | [illegible] | [illegible] | [illegible] |
| ၄။ | [illegible] | | [illegible] | Phyo |
| ၅။ | [illegible] | | [illegible] | [illegible] |
| ၆။ | [illegible] | | ကံသာ | [illegible] |
| ၇။ | [illegible] | | ကံသာ | [illegible] |
| ၈။ | [illegible] | | [illegible] | [illegible] |
| ၉။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၀။ | [illegible] | | [illegible] | ခင် |
| ၁၁။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၂။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၄။ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၅။ | [illegible] | | ကံသာ | [illegible] |
| ၁၆။ | | | | |
| ၁၇။ | | | | |
| ၁၈။ | | | | |
| ၁၉။ | | | | |
| ၂၀။ | | | | |

## GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန်လုပ်ငန်း အတွက် ရပ်မိရပ်ဖများ၊ ဒေသခံကျေးရွာသူ/သားများနှင့် တွေ့ဆုံမှုမှတ်တမ်းများ






## ၈.၄။ ဆက်လက်ဆောင်ရွက်မည့် တိုင်ပင်ဆွေးနွေးမှုများ

ခဲသတ္တုရေဆေးကနဲလုပ်ငန်း လည်ပတ်သည့်ကာလအတွင်း ဒေသခံပြည်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးအကြံပြုခြင်း၊ လိုအပ်ချက်များတိုင်ပင်ဆွေးနွေးခြင်း နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်ဆွေးနွေး လုပ်ဆောင်သွားပါမည်။

## ၈.၅။ သတင်းအချက်အလက် ထုတ်ဖော်ချက်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကနဲလုပ်ငန်း ဆောင်ရွက်မှု အခြေအနေအား ဒေသခံရွာသူ/ရွာသားများအား သိရှိနားလည်ရန် လုပ်ငန်းသို့ ဖိတ်ခေါ်ပြသ ရှင်းလင်းခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရန် လုပ်ငန်းမှ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အသိပေးခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အခါအားလျော်စွာ နယ်သတင်းထောက် နှင့် မီဒီယာများအား တာဝန်ယူဖိတ်ခေါ်၍ သတင်းအချက်အလက်များပေးကာ ထုတ်ပြန်သွားမည် ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းနှင့် ဆက်စပ်သော လှုပ်ရှား ဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှု စစ်ဆေးသွားပါမည်။

လုပ်ငန်းနှင့်ပက်သက်၍ ဒေသခံပြည်သူများမှမကျေနပ်မှုများ၊ မရှင်းလင်းမှုများရှိပါက GPS Joint Venture Co.Ltd ဘော်ဆိုင်းကျေးရွာအုပ်စု၊ ကလောမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်၊ ဖုန်းနံပါတ် ၀၉-၄၂၁၇၁၆၃၁၃, ၀၉-၂၅၉၉၃၈၈၈၃ သို့လည်းကောင်း၊ ကုမ္ပဏီမန်နေဂျာ ဒေါ်စန်းစန်းရီ သို့သော်လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ဆက်သွယ်မေးမြန်း တိုင်ကြား နိုင်ပါသည်။ နစ်နာမှုတိုင်ကြားစာများကို ဒေသခံပြည်သူများ၏ လူမှုစီးပွားဆိုင်ရာဖွံ့ဖြိုးရေး လုပ်ငန်း အတွက် တာဂန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းမှ တာဝန်ယူ၍နစ်နာသူထံသို့ တစ်ပတ်အတွင်း သွားရောက်၍ဖြေရှင်းပေးသွားပါမည်။

## ၈.၆။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့် အဖွဲ့အစည်း

ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် လိုအပ်သည့်ဆေးဝါးများ လှူဒါန်းပေးခြင်းများ ဆောင်ရွက်သွားပါမည်။ ဒေသခံများ၏ ရင်သွေးများ ပညာသင်ကြား တတ်မြောက် နိုင်ရန်အတွက် စာရေးကိရိယာများ လှူဒါန်းပေးခြင်း၊ ပညာသင်ကြေး ထောက်ပံ့ပေးခြင်း၊ စသည်တို့ကိုငွေအား၊ လူအား ဖြင့် ပါဝင် ကူညီ ဆောင်ရွက်ပေးသွားပါမည်။

ဒေသခံပြည်သူများ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရေးအတွက်လုပ်ငန်း အတွင်းရှိ သင့်လျော်သော ဝန်ထမ်းနေရာများတွင် ဒေသခံများ ခန့်ထားနိုင်ရေး ဆောင်ရွက်ပေးသွား ပါမည်။

ဘာသာရေး၊ သာသနာရေး လုပ်ငန်းများအတွက်လည်း ဒေသခံ ပြည်သူများ၏ အသိပညာ နှင့် ဘာသာရေးအဆုံးအမများခံယူနိုင်ရန် ဘာသာရေးကျောင်းဆောင်များ ဆောက်လုပ်ရာတွင် လည်း တက်အားသရွေ့ထည့်ဝင်လှူဒါန်း ပေးသွားပါမည်။

ဒေသခံပြည်သူများ၏ လူမှုစီးပွားဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် တာဝန်ယူ ဆောင်ရွက်မည့် အဖွဲ့အစည်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |

**၈.၇။ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်**

ခဲသတ္တုရေဆေးကန်လုပ်ငန်းနှင့် အနီးဆုံးကျေးရွာဖြစ်သော ရွာဟောင်းကျေးရွာရှိ လမ်းများအား အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ဆောင်ရွက်ပေးသွား ပါမည်။ ဒေသခံ ပြည်သူများ၏ ကျန်းမာရေးအတွက် ကျေးလက် ဆေးပေးခန်းများတွင် လိုအပ်သည့်ဆေးဝါးများ လှူဒါန်းပေးခြင်းများ ဆောင်ရွက်သွားပါမည်။ ဒေသခံများ၏ ရင်သွေးများ ပညာသင်ကြား တတ်မြောက်နိုင်ရန်အတွက် မူလတန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် စာရေးကိရိယာများ လှူဒါန်းပေးခြင်း၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေးအတွက် အခြားကုမ္ပဏီများနှင့် ပူးပေါင်း၍ ငွေအား လူအားဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးသွားပါမည်။ ဒေသခံပြည်သူများ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရေးအတွက်စီမံကိန်း လုပ်ငန်းအတွင်းရှိ သင့်လျော်သော ကုမ္ပဏီဝန်ထမ်းနေရာများတွင် ဒေသခံများခန့်ထားနိုင်ရေး ဆောင်ရွက်ပေး သွားပါမည်။ ဘာသာရေး၊ သာသနာရေး လုပ်ငန်းများအတွက်လည်း ဒေသခံပြည်သူများ၏ အသိပညာနှင့် ဘာသာရေးအဆုံးအမများ ခံယူနိုင်ရန် ဘုန်းကြီးကျောင်းဆောင်သစ်များ၊ သိမ်ကျောင်းများနှင့် ဘုရားတည်ခြင်းများတွင်လည်း တက်အားသရွေ့ထည့်ဝင်လှူဒါန်း ပေးသွားပါမည်။

ဒေသခံရွာသူ/သားများ၏ လက်ရှိ(သို့မဟုတ်) ခဲသတ္တုရေဆေးကန်လုပ်ငန်းမလည်ပတ်မီကာလ ထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ထိခိုက်မှုများရှိပါက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို ထိခိုက်နစ်နာသူများ၊ အခြားသက်ဆိုင်သူများ၊ သက်ဆိုင်ရာအစိုးရဌာနများ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းမှ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ဒေသဖွံ့ဖြိုးရေးနှင့်လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေ ကျပ်သိန်း (၅၀) ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုလောက်မှုမရှိပါက ထပ်မံဖြည့်စွက် ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၈.၈။ ဒေသခံရွာသူ/သားများအတွက်ဆောင်ရွက်ပေးမှု

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း လုပ်ငန်းအနီးဝန်းကျင်ဒေသရှိ ရွာဟောင်းကျေးရွာ ဒေသခံရွာသူ/ သားများအတွက် ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဘာသာရေးနှင့် လူမှုရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ရန်ပုံငွေများ ထူထောင်ပေး ခြင်း၊ ကျောင်းသား /သူများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း၊ အခါအားလျော်စွာ ကျင်းပသည့် လူမှုရေးပွဲများ အတွက်လည်း ရန်ပုံငွေများထောက်ပံ့ပေးခြင်း စသည် တို့ကို ဆောင်ရွက် ပေးထားပြီး ဖြစ်ပါသည်။

### ၈.၉။ ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များ

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံများ၊ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး နှင့် ဘာသာရေးကဏ္ဍများတွင် အချိန်နှင့် တပြေးညီ ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

### ၈.၁၀။ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေလျာထားချက်

GPS Joint Venture ကုမ္ပဏီလီမိတက်အနေဖြင့် လူမှုစီးပွားရေး ဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဒေသတွင်းရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုး တိုးတက်စေရေး ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် အထောက် အကူပြုပံ့ပိုး ကူညီပေးနိုင်ရန်ကျပ်ငွေသိန်း (၅၀) အားရန်ပုံငွေ အဖြစ်ထားရှိ အသုံးပြုသွားမည်ဖြစ်ပြီး မလုံလောက်ပါက လုပ်ငန်းရင်းနှီး မြှုပ်နှံမှုငွေမှ ကျပ်သိန်း (၃၀) ခန့် ရန်ပုံငွေထားရှိ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေလျာထားချက်

| စဉ် | အကြောင်းအရာ | သုံးစွဲမည့်ပမာဏ(ကျပ်) |
|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး (ဒေသဖွံ့ဖြိုးရေး) | ၁၀ သိန်း |
| ၂ | ပညာရေး | ၁၀ သိန်း |
| ၃ | ကျန်းမာရေး | ၁၀ သိန်း |
| ၄ | လူမှုစီးပွားရေး | ၁၀ သိန်း |
| ၅ | ဘာသာရေး | ၁၀ သိန်း |
| | စုစုပေါင်း | ၅၀ သိန်း |

# အခန်း (၉)

# ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်

ခဲသတ္တုရေဆေးကန်လုပ်ငန်းလုပ်ကိုင်သည့်ကာလတွင် ဖြစ်ပေါ်လာနိုင်သော Impact များအား ကာကွယ်ခြင်း၊ လျော့နည်းအောင်ပြုလုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောအစီအစဉ်များအား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၉.၁။ ဆူညံသံ၊ တုန်ခါမှုနှင့် ဆိုင်သော စီမံခန့်ခွဲမှုအစီအစဉ်

GPS Joint Ventureကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ရာတွင် မီးစက်၊ လုပ်ငန်းသုံး စက်ယန္တရားများ နှင့် မော်တော်ယာဉ် မောင်းနှင်ခြင်းကြောင့် အင်ဂျင်စက်သံ ထွက်ရှိနိုင်သော်လည်း ဒေသခံများအခြေချနေထိုင်သော ရွာဟောင်းကျေးရွာ နှင့် မိုင်ဝက်ခန့် ကွာဝေးနေခြင်းကြောင့် လူမှုဝန်းကျင်အတွက် အသံကြောင့်ဆိုးကျိုးများ ကြီးကြီးမားမား ဖြစ်ပေါ်လာနိုင်ခြင်း မရှိပါ။ စက်ယန္တရားအချို့မှ ဆူညံသံများ အနည်းငယ် ဖြစ်ပေါ်နိုင်သော်လည်း စက်များမှ ထွက်ရှိသည့်အသံကို စုပ်ယူထားနိုင်သည့် အသံလုံစနစ် ဆိုင်လင်ဇာဖြင့် အိပ်ဇောပိုက်များတွင် တပ်ဆင်ထားမည်ဖြစ်သောကြောင့် ဆူညံသံကို ကာကွယ် ထိန်းသိမ်းနိုင်ပါသည်။ အဆိုပါ စက်ယန္တရားများလည်ပတ်မှုကြောင့် အသံနှင့် ပတ်သက်၍ လက်ခံနိုင်သောကြိမ်နှုန်း (dBA) စံချိန်စံညွှန်းများ အတိုင်း ကိုက်ညီအောင် အသံလုံ စနစ်များတပ်ဆင် ထိန်းသိမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အသံထိန်းချုပ်မှုအတွက် အသံလုံစနစ်များတပ်ဆင်ထားနိုင်ပြီး၊ အင်ဂျင်လေတိုင်ကီ အဝင်နှင့် Exhaust အထွက်များတွင်လည်း အသံလုံစနစ်များ တပ်ဆင်ထားပါမည်။ ခဲသတ္တုရေဆေးကန် လုပ်ငန်း လည်ပတ်သည့်အခါ လုပ်ငန်းခွင်၌လုပ်သားများအတွက် နားကြပ်ကိရိယာများတပ်ဆင် လုပ်ကိုင်စေ ခြင်းဖြင့် အသံဆူညံမှုကို ကာကွယ်သွားနိုင်မည်ဖြစ်ပါသည်။ အသံဆူညံမှုနှင့်ဆိုင်သော မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ ဇယားများအတိုင်း လိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| Receptor | One Hour Laeq (dBA)[a] | |
|---|---|---|
| | Day time 07:00 - 22:00 (10:00 – 22:00 for Public holidays) | Night time 22:00 - 07:00 (22:00 – 10:00 for Public holidays) |
| Residentials, Institutional Education | 55[a] | 45[a] |
| Industrial, commercial | 70[a] | 70[a] |

[a] Equivalent continuous sound level in decibels

## ၉.၂။ မြေပေါ်မြေအောက် ရေအရည်အသွေးနှင့်ဆိုင်သော စီမံခန့်ခွဲမှုအစီအစဉ်

ခဲသတ္တုရေဆေးကန်လုပ်ငန်းအနီးတွင် စီးဆင်းနေသောမည်သည့် မြစ်ချောင်းများမှမရှိပါ။ လုပ်ငန်းကြောင့် ခဲသတ္တုပါဝင်သောနှုံးနှင့် ရေများ ထွက်ရှိနိုင်ပါသည်။ ခဲသတ္တုပါဝင်သောနှုံးမြေများကို စနစ်တကျစုပုံထားပါမည်။ ခဲသတ္တုရေဆေးခြင်းလုပ်ငန်းမှ ထွက်ရှိလာသော ရေများကိုလည်း အနည်စစ်ကန် အဆင့်ဆင့်အား ဖြတ်သန်းစေပြီး နောက်ဆုံးရေလှောင်ကန်မှရေအား ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြုသွားမည်ဖြစ်သဖြင့် ရေဆိုးစွန့်ပစ်မှုနှင့် ရေဆုံးရှုံးမှုအား ကာကွယ်သွားမည် ဖြစ်ပါသည်။

စားဖိုဆောင် နှင့် ဝန်ထမ်းများ သုံးရေ၊ ချိုးရေများမှ ထွက်ရှိသောရေများကို ရေဆိုးစွန့်ပစ်ကျင်းများအတွင်းသို့ မြောင်းများသွယ်၍ ပို့ဆောင်ပြီး စနစ်တကျ စွန့်ပစ်သွားမည်ဖြစ်ပါသည်။ လူနေဆောင်နံဘေး ၁၀ပေအကွာတွင်(၁၀' x ၁၀' x ၁၀') မြေသားကျင်းအတွင်းသို့ (၂' x ၁') ရှိသော မြေသားမြောင်းသွယ်၍ ပို့ဆောင်ပြီး စနစ်တကျစွန့်ပစ်သွားမည်ဖြစ်ပါသည်။ ရေဆိုးစွန့်ပစ်ကျင်းများကို စနစ်တကျ စီမံဆောင်ရွက်ထားမည် ဖြစ်သောကြောင့် မြေအောက်ရေ ထိခိုက်မှု မရှိနိုင်ပါ။

## ၉.၃။ လေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်

လုပ်ငန်းအနီးဝန်းကျင်တွင် သဘာဝပေါက်ပင်များဖြင့် စိမ်းလန်းစိုပြေနေခြင်းကြောင့် လေကောင်းလေသန့် ရရှိပြီးအနံ့ဆိုးများမထွက်ပါ။ အသုံးပြုသည့် စက်ပစ္စည်းများကိုလည်း အခိုးအငွေ့ထွက်ရှိမှု နည်းပါးစေရန် မကြာခဏ စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်သွားပါမည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုမည့်စက်ယန္တရားများကို အစဉ်အမြဲပြုပြင်ထိန်းသိမ်းမည် ဖြစ်သောကြောင့်ထွက်ရှိမည့် ဒီဇယ်အခိုးအငွေ့များမှာ ကျန်းမာရေးထိခိုက်နိုင်လောက်သည့် လေထုညစ်ညမ်းမှုများမဖြစ်ပေါ်နိုင်ပါ။

### ၉.၃.၁။ အနံ့အသက်နှင့် ဆိုင်သော စီမံခန့်ခွဲမှုအစီအစဉ်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းအဆင့်ဆင့်တွင် လူမှုပတ်ဝန်းကျင်အတွက်မခံနိုင်သောဆိုးရွားသည့် အနံ့များထွက် ပေါ်လာနိုင်သည့် လုပ်ငန်းစဉ်များ မပါဝင်ပါ။ လုပ်ငန်းဧရိယာနှင့် ကားလမ်းဝန်းကျင်တွင် သစ်ပင်၊ သစ်တောများရှိခြင်းကြောင့် လေထု ညစ်ညမ်းမှုအားထိန်းသိမ်းကာကွယ်ထားနိုင်ပြီး လေကောင်းလေသန့်ရရှိ နေမှုကြောင့် ဆိုးရွားသော အနံ့အသက်များ မရရှိပါ။ အသုံးပြု သောစက်ပစ္စည်းများကိုလည်း မကြာခဏစစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် အခိုးအငွေ့များမှ ပတ်ဝန်းကျင် ထိခိုက်မှုအနည်းငယ်သာ ရှိနိုင်ပါသည်။

### ၉.၃.၂။ အမှုန်အမွှားနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်းသည် တည်ဆောက်ပြီးကာလဖြစ်သော်လည်း စက်ယန္တရားများ မောင်းနှင်သွားလာမှု နည်းပါးမှုကြောင့် လုပ်ငန်းဧရိယာဝန်းကျင်တွင် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သည့် ဖုန်မှုန့်များ ပျံ့လွင့်မှုကို အနည်းငယ်သာ တွေ့ရပါသည်။

ဖုန်မှုန့်များပျံ့လွင့်မှုကိုထိန်းသိမ်းရန် လိုအပ်သောနေရာများတွင် ရေဖြန်းခြင်း၊ မော်တော်ယာဉ်အား အရှိန်လျှော့မောင်းနှင်ခြင်း၊ ခဲသတ္တုပါဝင်သောနှုံးမြေများကို မိုးကာဖြင့် အုပ်၍ သယ်ယူခြင်းတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်ပါမည်။

## ၉.၄။ စွန့်ပစ်ပစ္စည်းများနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ်

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဖြစ်၍ ခဲသတ္တုပါဝင်သောနှုံးနှင့်ရေ တို့ ထွက်ရှိပါမည်။ ထွက်ရှိလာသောရေကို အနည်စစ်ကန်များတွင် အဆင့်ဆင့် ဖြတ်သန်းစေပြီး နောက်ဆုံးရေလှောင်ကန်မှ ရေအား ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြုမည် ဖြစ်ပါသည်။ အနည်စစ်ကန်များမှ ခဲသတ္တု ပါဝင်သော နှုံးများထွက်ရှိနိုင်ပြီး ၎င်းတို့အား အနည်စစ်ကန်၏ နံဘေးတွင် ၁၅ရက်လျှင် (၁)ကြိမ် ဆယ်ယူ၍ စနစ်တကျ စုပုံကာ ကုမ္ပဏီပိုင်အမြုပ်ဖော်စက်ရုံသို့ပို့ဆောင်ပါမည်။

ပလပ်စတစ်အမှိုက်၊ စားဖိုဆောင်နှင့် လူသုံးကုန်ပစ္စည်းများမှ စွန့်ပစ်ပစ္စည်းများ ထွက်ရှိ နိုင်ပြီး လူနေဆောင်နံဘေး ၁၀ပေအကွာတွင် (၁၀' x ၁၀' x ၁၀') မြေသားကျင်းတူး၍ စနစ်တကျ စွန့်ပစ်သွားပါမည်။

မီးစက်နှင့်စက်ယန္တရားများမှ ထွက်ရှိနိုင်သည့်စက်သုံးဆီနှင့် အင်ဂျင်ဝိုင်များ စီးထွက် ခြင်း၊ ယိုစိမ့်ခြင်းမရှိစေရေးအတွက် စက်ယန္တရားများ၏ကြံ့ခိုင်မှုအား အမြဲမပြတ် စစ်ဆေး ကြပ်မတ်ခြင်း၊ ထားသိုသည့် ဆီပေပါယိုစိမ့်ခြင်းမရှိစေရန် ဆီပေပါ၏ ကြံ့ခိုင်မှုအား အမြဲမပြတ် စစ်ဆေး ကြပ်မတ်ခြင်း၊ စွန့်ပစ်ဆီဟောင်းများအား စိမ့်ထွက်ပျံ့နှံ့မှု မရှိစေရေးနှင့် ပတ်ဝန်းကျင်အတွင်း စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ရှားသွားပါမည်။

လုပ်ငန်းအတွင်း အသုံးပြုသော မီးစက်နှင့်စက်ယန္တရားများမှ မီးခိုးများနှင့်အတူ ကာဗွန်ဒိုင်အောက်ဆိုဒ်များ ထွက်ရှိနိုင်ပါသည်။ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုမဖြစ်စေရေးအတွက် အင်ဂျင်စက်များ၏ ကြံ့ခိုင်မှု၊ စစ်ဆေးပြုပြင်မှုများ ပုံမှန်ဆောင်ရွက်၍ အနည်းဆုံးထွက်ရှိမှု ဖြစ်စေရေး အလေးထား ကြပ်မတ် ဆောင်ရွက်သွားပါမည်။

## ၉.၅။ မြေထုနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ်

လုပ်ငန်းတည်နေရာသို့လမ်းဖောက်လုပ်ခြင်း၊ ရေဆေးကန်၊ အဆောက်အဦး၊ အနည်စစ်ကန်၊ နှုံးစစ်ကန်၊ ရေလှောင်ကန် တည်ဆောက်ရန် မြေညှိရခြင်းအတွက် မြေမျက်နှာသွင်ပြင် ပြောင်းလဲ

မှုများစွာ မဖြစ်စေရေးအတွက် လိုအပ်သည့်မြေနေရာများကိုသာ ရှင်းလင်းဆောင်ရွက်သွားပါမည်။ ခဲသတ္တုပါဝင်သောနှုံးများ ကို သတ်မှတ်ထားသော စုပုံကွင်းတွင် ရေမစိမ့်ဝင်နိုင်သော HDPEမိုးကာနှင့် ရွှံ့စေးမြေတို့ဖြင့် အောက်ခံ၍ စနစ်တကျ စုပုံသွားမည်ဖြစ်ပြီး ဒေသခံများ၏လယ်ယာမြေများ အတွင်းသို့ ကျရောက် မှုမရှိစေရန် အထူးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၉.၆။ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ်

ခဲသတ္တုရေဆေးကန်လုပ်ငန်းမှ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း များ ထွက်ရှိလာပါက ၎င်းပစ္စည်းများကို ကျင်းများအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါမည်။ ၎င်း ကျင်းများ ၏ အောက်ခံမြေအား ရေမစိမ့်ဝင်နိုင်သော HDPEမိုးကာနှင့် ရွှံ့စေးမြေများဖြင့် ပြုလုပ်ပြီး ဘေးအန္တရာယ်ရှိသော စွန့်ပစ် ပစ္စည်းများကို စနစ်တကျ ထုတ်ပိုး၍ ကျင်းများသို့ စွန့်ပစ်ပါမည်။ ထို့နောက် စွန့်ပစ်ကျင်းများကို ရေမစိမ့်ဝင်နိုင်သော ရွှံ့စေးမြေများဖြင့် ပြန်လည်ဖုံးအုပ်သွားပါမည်။ ၎င်းအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စွန့်ပစ်မည့် စွန့်ပစ်ကျင်းများကိုလည်း နေရာစနစ်တကျ သတ်မှတ်ကာ အမှတ်အသားပြုလုပ်ထား ပါမည်။

### ၉.၆.၁။ ကျန်းမာရေးနှင့်ပတ်သက်သောဘေးအန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်ချက်များ

GPS Joint Venture ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ၏ ကျန်းမာရေး စစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကုသပေးနိုင်ရန် ဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ ဝန်ထမ်းများ၏ ကျန်းမာရေးဆေးစစ်ခြင်းများ လစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အရေးပေါ်လူနာများအတွက်ရှေးဦးသူနာပြုခြင်းဖြင့်ပြုစုခြင်း နှင့် ဝန်ထမ်းများအား ရှေးဦးသူနာပြု သင်တန်းများသို့ တက်ရောက်စေမည် ဖြစ်ပါသည်။ ဝန်ထမ်းများ အတွက် ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန် အခမဲ့ဆေးပေးခန်းတစ်ခု ဖွင့်လှစ်ရန် စီမံဆောင်ရွက် သွားပါမည်။ အရေးပေါ်လူနာများ နှင့် စိုးရိမ်ရသော လူနာများရှိပါက ဘော်ဆိုင်းတိုက်နယ်ဆေးရုံ သို့လည်းကောင်း၊ လုပ်ငန်း နှင့် (၁၉)မိုင်ခန့် ကွာဝေးသော ဟဲဟိုးမြို့ပြည်သူ့ဆေးရုံသို့ လည်းကောင်း အချိန်မှီပို့ဆောင်ပေးနိုင်ရန် စီမံဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၉.၇။ ဂေဟာစနစ်နှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ်

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ရာတွင် သစ်ပင်၊ သစ်ခက်များ ခုတ်လှဲခြင်းများ မဖြစ်စေရေး နှင့်သားရဲတိရိစ္ဆာန်များ၏ နေထိုင်မှုဂေဟာစနစ်များ မပျက်စီးမထိခိုက် စေရေးအတွက် ဝန်ထမ်းများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာသူ/သားများကို တတ်သိပညာရှင်များဖြင့်ပညာပေး ဟောပြောစည်းရုံးခြင်းများကိုထည့်သွင်း စဉ်းစားအကောင်အထည်ဖော် ဆောင်ရွက် ထားပါသည်။ လုပ်ငန်းအတွက်လိုအပ်သော ပစ္စည်းများအား ဟဲဟိုးမြို့မှ ဝယ်ယူ အသုံးပြုမည် ဖြစ်ပါသည်။ ဝန်ထမ်း

များကိုလည်း အမဲလိုက်ခြင်း၊ သားရဲတိရိစ္ဆာန်များသတ်ဖြတ်ခြင်း မရှိစေရေး အတွက် ပြင်းထန်စွာ သတိပေးတားမြစ်သွားမည်ဖြစ်ပြီး ချုံးဖောက်ပါက အလုပ်မှ ထုတ်ပယ်သည်အထိ အရေးယူ ဆောင်ရွက်သွားပါမည်။

## ၉.၈။ လူမှုဝန်းကျင်ထိခိုက်မှုနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ်

လူမှုဝန်းကျင်ထိခိုက်မှု မရှိစေရန် ဒေသခံများ၏လယ်မြေ ယာမြေများအား ရှောင်ရှားခြင်း၊ လွတ်ကင်းမှုမရှိသော ခြံမြေများအား မြေစာရင်းနှင့်ညှိနှိုင်း၍ ကာလတန်ဖိုးပေးချေခြင်း၊ သာသနာ့ အဆောက်အဦးများအား ရှောင်ရှားခြင်း၊ ဒေသခံများ၏ကျန်းမာရေး စောင့်ရှောက်မှုများအား ဆောင်ရွက်ပေးခြင်း၊ ဒေသခံပြည်သူများနှင့် လူမှုရေးပြသနာများ မရှိစေရေးအတွက် အလေးထား ကြပ်မတ်ဆောင်ရွက်ခြင်း၊ ကျေးရွာရေအရင်းအမြစ်အား ထိခိုက်မှုမရှိ စေရန်နှင့် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန် ဆောင်ရွက်ပေးသွားပါမည်။

## ၉.၉။ သစ်ပင်စိုက်ခင်းများ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်

လုပ်ငန်းအဆင့်ဆင့်တွင် သစ်ပင်၊ ဝါးပင်များ ခုတ်ယူခဲ့သောနေရာများ၊ လမ်းဘေး ဝဲယာများတွင် အပေါ်ယံ စွန့်ပစ်မြေစာနှင့် သစ်ရွက်ဆွေး၊ မြေဆွေးများရောစပ်၍ မြေမျက်နှာပြင် ပြန်လည်ပြုပြင်ပြီးသည့်အခါ လုပ်ငန်း၏ သဘာဝပတ်ဝန်းကျင်ပြန်လည်ပြုစုပျိုးထောင်နိုင်ရေး အတွက် ဒေသနှင့်ကိုက်ညီသောသစ်ပင်များအား ပြန်လည်စိုက်ပျိုးပေးသွားမည် ဖြစ်ပါသည်။

ကလောမြို့နယ် သစ်တောဦးစီးဌာန၏ လမ်းညွှန်မှုကိုခံယူပြီး မူလသဘာဝ ပေါက်ပင်များ ဖြစ်သော သစ်ပင်၊ ဝါးပင်များအပြင် ဒေသနှင့်ကိုက်ညီသော ပျိုးပင်များအားပျိုးထောင်ပြီး ပြန်လည် စိုက်ပျိုးပေးသွားမည်ဖြစ်ပါသည်။ အစားထိုးစိုက်ခင်း စိုက်ပျိုးခြင်းလုပ်ငန်းအား သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးအတွက် ရည်ရွယ်ကာ စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## ၉.၁၀။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲ (Environmental Management Sub-plan) လေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်

| | |
|---|---|
| **ရည်ရွယ်ချက်** | သတ်မှတ်လမ်းညွှန်ချက်တန်ဖိုးထက် ကျော်လွန်မှုမရှိစေရန် |
| **ဥပဒေဆိုင်ရာလိုအပ်ချက်များ** | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် ဇယား (၁.၁) ထုတ်လွှတ်အခိုးအငွေ့ဆိုင်ရာ သတ်မှတ်ချက်၊ ဇယား (၁.၄) အနံ့ဆိုင်ရာ သတ်မှတ်ချက်၊ လေအရည်အသွေးနှင့်ပတ်သက်၍ ပြည်တွင်း၌ ထုတ်ပြန်ထား သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ |

| | | |
|---|---|---|
| **အကောင်အထည် ဖော်ဆောင်ရွက် မည့် အစီအစဉ်** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ | |
| **စီမံခန့်ခွဲမှုဆောင် ရွက်ချက်များ** | လုပ်ငန်းဧရိယာနှင့် ကားလမ်းဝန်းကျင်တွင် သစ်ပင်၊ သစ်တော များ စိုက်ပျိုးထားရှိခြင်း။<br>အသုံးပြုသည့် စက်ပစ္စည်းများကိုလည်း အခိုး အငွေ့ထွက်ရှိမှု နည်းပါးစေရန် မကြာခဏ စစ်ဆေးပြုပြင်ခြင်း။<br>လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုမည့်စက်ယန္တရားများကို အစဉ်အမြဲ ပြုပြင် ထိန်းသိမ်းခြင်း။<br>ဖုန်မှုန့်များပျံ့လွင့်မှုကိုထိန်းသိမ်းရန် လိုအပ်သောနေရာများတွင် တစ်ရက်လျှင် တစ်ကြိမ်ရေဖြန်းခြင်း။<br>မော်တော်ယာဉ်အား အရှိန်လျှော့မောင်းနှင်ခြင်း။<br>ခဲသတ္တုပါဝင်သောနှုံးမြေများကို မိုးကာဖြင့် အုပ်၍ သယ်ယူခြင်း။ | |
| **စောင့်ကြပ်ကြည့်ရှု မည့်အစီအစဉ်များ** | တိုင်းတာစစ်ဆေး မည့် နေရာ | N 20° 58' 8.21", E 96° 46' 25.27"<br>လုပ်ငန်းဧရိယာအတွင်းတိုင်းတာခဲ့သည့်နေရာ |
| | တိုင်းတာစစ်ဆေးမည့် အကြိမ်ရေ | ၆လ လျှင် တစ်ကြိမ် |
| | တိုင်းတာစစ်ဆေးမည့် Parameter များ | CO, $NO_2$, $PM_{10}$, $PM_{2.5}$, $SO_2$, $O_3$ |
| | တာဝန်ယူမည့် အဖွဲ့ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| | တင်ပြမည့် အစီအစဉ် | (၆)လတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြ |
| **ရန်ပုံငွေလျာထားချက်** | (၁၄) သိန်း | |
| **တာဝန်များ** | - လေအရည်အသွေးများတိုင်းတာခြင်း<br>- အရည်အသွေးအချက်အလက်များထုတ်ပြန်ခြင်း၊ မှတ်တမ်းတင်ခြင်း<br>- သတ်မှတ်လမ်းညွှန်တန်ဖိုးအတိုင်းဖြစ်စေရန်လိုအပ်သော နည်းလမ်းများအားအကောင် အထည်ဖော်ဆောင်ရွက်ခြင်း | |

**ဆူညံသံနှင့် ဆိုင်သော စီမံခန့်ခွဲမှုအစီအစဉ်**

| | |
|---|---|
| **ရည်ရွယ်ချက်** | သတ်မှတ်လမ်းညွှန်ချက်တန်ဖိုးထက် ကျော်လွန်မှုမရှိစေရန် |

<table>
<tr><td>ဥပဒေဆိုင်ရာလိုအပ်ချက်များ</td><td colspan="2">အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် ဇယား (၁.၃) ဆူညံသံဆိုင်ရာ သတ်မှတ်ချက်၊ ဆူညံသံနှင့်ပတ်သက်၍ ပြည်တွင်း၌ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ</td></tr>
<tr><td>အကောင်အထည်ဖော်ဆောင်ရွက် မည့်အစီအစဥ်</td><td colspan="2">အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ</td></tr>
<tr><td>စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ</td><td colspan="2">စက်များမှ ထွက်ရှိသည့်အသံကို စုပ်ယူထားနိုင်သည့် အသံလုံစနစ် ဆိုင်လင်ဇာဖြင့် အိပ်ဇောပိုက်များတွင် တပ်ဆင်ထားခြင်း။<br>လုပ်ငန်းခွင်၌လုပ်သားများအတွက်နားကြပ်ကိရိယာများတပ်ဆင်လုပ်ကိုင်စေခြင်း<br>အင်ဂျင်လေတိုင်ကီ အဝင်နှင့် Exhaust အထွက်များတွင်လည်း အသံလုံစနစ်များတပ်ဆင်ထားခြင်း။<br>အသုံးပြုသည့် စက်ပစ္စည်းများကိုလည်း မကြာခဏ စစ်ဆေးပြုပြင်ခြင်း။</td></tr>
<tr><td rowspan="5">စောင့်ကြပ်ကြည့်ရှုမည့်အစီအစဥ်များ</td><td>တိုင်းတာစစ်ဆေး မည့် နေရာ</td><td>N 20° 58' 8.21", E 96° 46' 25.27"<br>လုပ်ငန်းဧရိယာအတွင်းတိုင်းတာခဲ့သည့်နေရာ</td></tr>
<tr><td>တိုင်းတာစစ်ဆေးမည့် အကြိမ်ရေ</td><td>မိုးကာလမှအပလစဉ်တိုင်းတာစစ်ဆေး သွားပါမည်။</td></tr>
<tr><td>တိုင်းတာစစ်ဆေးမည့် Parameter များ</td><td>Noise level in dB</td></tr>
<tr><td>တာဝန်ယူမည့် အဖွဲ့</td><td>စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့</td></tr>
<tr><td>တင်ပြမည့် အစီအစဥ်</td><td>(၆)လတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြ</td></tr>
<tr><td>ရန်ပုံငွေလျာထားချက်</td><td colspan="2">(၂) သိန်း</td></tr>
<tr><td>တာဝန်များ</td><td colspan="2">- ဆူညံသံအရည်အသွေးများတိုင်းတာခြင်း<br>- အရည်အသွေးအချက်အလက်များထုတ်ပြန်ခြင်း၊ မှတ်တမ်းတင်ခြင်း<br>- သတ်မှတ်လမ်းညွှန်တန်ဖိုးအတိုင်းဖြစ်စေရန်လိုအပ်သော နည်းလမ်းများအားအကောင် အထည်ဖော်ဆောင်ရွက်ခြင်း</td></tr>
</table>

**မြေပေါ်ရေ၊ စွန့်ထုတ်ရေအရည်အသွေးနှင့်ဆိုင်သော စီမံခန့်ခွဲမှုအစီအစဉ်**

| | |
|---|---|
| **ရည်ရွယ်ချက်** | သတ်မှတ်လမ်းညွှန်ချက်တန်ဖိုးထက် ကျော်လွန်မှုမရှိစေရန် |
| **ဥပဒေဆိုင်ရာလိုအပ်ချက်များ** | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် ဇယား (၁.၂) စွန့်ပစ်ရေဆိုင်ရာ သတ်မှတ်ချက်၊ စွန့်ပစ်ရေနှင့်ပတ်သက်၍ |

| | | |
|---|---|---|
| | ပြည်တွင်း၌ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ | |
| **အကောင်အထည်ဖော်ဆောင်ရွက် မည့်အစီအစဥ်** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ | |
| **စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ** | ခဲသတ္တုရေဆေးခြင်းလုပ်ငန်းမှ ထွက်ရှိလာသော ရေများကိုလည်း အနည်စစ်ကန် အဆင့်ဆင့်အား ဖြတ်သန်းစေပြီး နောက်ဆုံး ရေလှောင်ကန်မှရေအား ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြုခြင်း။<br>စားဖိုဆောင် နှင့် ဝန်ထမ်းများ သုံးရေ၊ ချိုးရေများမှ ထွက်ရှိသော ရေများကို ရေဆိုးစွန့်ပစ်ကျင်းများအတွင်းသို့ မြောင်းများသွယ်၍ ပို့ဆောင်ပြီး စနစ်တကျ စွန့်ပစ်ခြင်း။ | |
| **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဥ်များ** | တိုင်းတာစစ်ဆေး မည့် နေရာ | N 20° 58' 06.61'', E 096° 46' 23.90''<br>ချောင်းရေ<br>N 20° 58' 04.95'', E 096° 46' 24.29''<br>ရေဆေးကန်မှထွက်လာသောရေ |
| | တိုင်းတာစစ်ဆေးမည့် အကြိမ်ရေ | ၆လ လျှင် တစ်ကြိမ် |
| | တိုင်းတာစစ်ဆေး မည့် Parameter များ | pH, Color (True), Turbidity, Conductivity, Total Hardness, Calcium Hardness, Magnesium Hardness, Total Alkalinity, $HCO_3$, Fe, Cl, NaCl, $SO_4$, Total Solids, Total Dissolved Solids, Temp, F, Pb, As, COD, CN, Zn, Cu, Si |
| | တာဝန်ယူမည့် အဖွဲ့ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| | တင်ပြမည့် အစီအစဥ် | (၆)လတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြ |
| **ရန်ပုံငွေလျာထားချက်** | (၆) သိန်း | |
| **တာဝန်များ** | - ရေအရည်အသွေးများတိုင်းတာခြင်း<br>- အရည်အသွေးအချက်အလက်များထုတ်ပြန်ခြင်း၊ မှတ်တမ်းတင်ခြင်း<br>- သတ်မှတ်လမ်းညွှန်တန်ဖိုးအတိုင်းဖြစ်စေရန်လိုအပ်သော နည်းလမ်းများအားအကောင် အထည်ဖော်ဆောင်ရွက်ခြင်း | |

**မြေအောက်ရေအရည်အသွေးနှင့်ဆိုင်သော စီမံခန့်ခွဲမှုအစီအစဉ်**

| | | |
|---|---|---|
| **ရည်ရွယ်ချက်** | သတ်မှတ်လမ်းညွှန်ချက်တန်ဖိုးထက် ကျော်လွန်မှုမရှိစေရန် | |
| **ဥပဒေဆိုင်ရာလိုအပ်ချက်များ** | မြေအောက်ရေအက်ဥပဒေ (၁၉၃၀)<br>စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ (၂၀၀၄)<br>WHO Drinking Water Guideline (Geneva-1993) | |
| **အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ | |
| **စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ** | ခဲသတ္တုရေဆေးခြင်းလုပ်ငန်းမှ ထွက်ရှိလာသော ရေများကိုလည်း အနည်စစ်ကန် အဆင့်ဆင့်အား ဖြတ်သန်းစေပြီး နောက်ဆုံး ရေလှောင်ကန်မှရေအား ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြုခြင်း။<br>စားဖိုဆောင် နှင့် ဝန်ထမ်းများ သုံးရေ၊ ချိုးရေများမှ ထွက်ရှိသော ရေများကို ရေဆိုး စွန့်ပစ်ကျင်းများအတွင်းသို့ မြောင်းများသွယ်၍ ပို့ဆောင်ပြီး စနစ်တကျ စွန့်ပစ်ခြင်း။<br>ရေဆိုးစွန့်ပစ်ကျင်းများ ကို စနစ်တကျ စီမံဆောင်ရွက်ထားခြင်း။ | |
| **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ** | တိုင်းတာစစ်ဆေး မည့် နေရာ | N 20° 57' 38.64'', E 096° 46' 12.09''<br>လုပ်ငန်းအနီး ကမ္ဘောဇအဝီစိတွင်းရေ |
| | တိုင်းတာစစ်ဆေးမည့် အကြိမ်ရေ | ၆လ လျှင် တစ်ကြိမ် |
| | တိုင်းတာစစ်ဆေးမည့် Parameter များ | pH, Color (True), Turbidity, Conductivity, Total Hardness, Calcium Hardness, Magnesium Hardness, Total Alkalinity, $HCO_3$, Fe, Cl, NaCl, $SO_4$, Total Solids, Total Dissolved Solids, Temp, F, Pb, As, COD, CN, Zn, Cu, Si |
| | တာဝန်ယူမည့် အဖွဲ့ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| | တင်ပြမည့် အစီအစဉ် | (၆)လတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြ |
| **ရန်ပုံငွေလျာထားချက်** | (၃) သိန်း | |
| **တာဝန်များ** | - ရေအရည်အသွေးများတိုင်းတာခြင်း<br>- အရည်အသွေးအချက်အလက်များထုတ်ပြန်ခြင်း၊ မှတ်တမ်းတင်ခြင်း | |

| | |
|---|---|
| | - သတ်မှတ်လမ်းညွှန်တန်ဖိုးအတိုင်းဖြစ်စေရန်လိုအပ်သော နည်းလမ်းများအားအကောင် အထည်ဖော်ဆောင်ရွက်ခြင်း |

**မြေအရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု**

| | | |
|---|---|---|
| **ရည်ရွယ်ချက်** | သတ်မှတ်လမ်းညွှန်ချက်တန်ဖိုးထက် ကျော်လွန်မှုမရှိစေရန် | |
| **ဥပဒေဆိုင်ရာလိုအပ်ချက်များ** | IFC ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ချက်များ<br>အမျိုးသားမြေအသုံးချမှုမူဝါဒ (၂၀၁၆) | |
| **အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဥ်** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ | |
| **စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ** | မြေမျက်နှာသွင်ပြင် ပြောင်းလဲမှုများစွာ မဖြစ်စေရေးအတွက် လိုအပ်သည့် မြေနေရာများကိုသာ ရှင်းလင်းဆောင်ရွက်ခြင်း။<br>ခဲသတ္တုပါဝင်သောနှုံးများ ကို သတ်မှတ်ထားသော စုပုံကွင်းတွင် ရေမစိမ့်ဝင်နိုင်သော HDPEမိုးကာနှင့် ရွှံ့စေးမြေတို့ဖြင့် အောက်ခံ ၍ စနစ်တကျ စုပုံခြင်း။<br>ဒေသခံများ၏လယ်ယာမြေများအတွင်းသို့ ကျရောက်မှုမရှိစေရန် အထူးကြပ်မတ် ဆောင်ရွက်ခြင်း။ | |
| **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဥ်များ** | တိုင်းတာစစ်ဆေး မည့် နေရာ | N 20° 58' 6.37", E 96° 46' 25.15"<br>လုပ်ငန်းဧရိယာအတွင်းနမူနာရယူခဲ့သည့် နေရာ |
| | တိုင်းတာစစ်ဆေးမည့် အကြိမ်ရေ | ၆လ လျှင် တစ်ကြိမ် |
| | တိုင်းတာစစ်ဆေးမည့် Parameter များ | Arsenic, Ca, Cyanide, Fe, Pb, Hg, P |
| | တာဝန်ယူမည့် အဖွဲ့ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| | တင်ပြမည့် အစီအစဥ် | (၆)လတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြ |
| **ရန်ပုံငွေလျာထားချက်** | (၂) သိန်း | |
| **တာဝန်များ** | - မြေအရည်အသွေးများတိုင်းတာခြင်း<br>- အရည်အသွေးအချက်အလက်များထုတ်ပြန်ခြင်း၊ မှတ်တမ်းတင်ခြင်း<br>- သတ်မှတ်လမ်းညွှန်တန်ဖိုးအတိုင်းဖြစ်စေရန်လိုအပ်သော နည်းလမ်းများအားအကောင် အထည်ဖော်ဆောင်ရွက်ခြင်း | |

**စွန့်ပစ်ပစ္စည်းများနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ်**

| | | |
|---|---|---|
| **ရည်ရွယ်ချက်** | ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ စနစ်တကျစွန့်ပစ်နိုင်ရန် | |
| **ဥပဒေဆိုင်ရာလိုအပ်ချက်များ** | IFC ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ချက်များ | |
| **အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ | |
| **စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ** | ထွက်ရှိ လာသောရေကို အနည်စစ်ကန်များတွင် အဆင့်ဆင့် ဖြတ်သန်းစေပြီး နောက်ဆုံးရေလှောင်ကန်မှ ရေအား ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြုခြင်း။<br>ပလပ်စတစ်အမှိုက်၊ စားဖိုဆောင်နှင့် လူသုံးကုန်ပစ္စည်းများမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များကို လူနေဆောင်နံဘေး ၁၀ပေ အကွာတွင် (၁၀' x ၁၀' x ၁၀') မြေသားကျင်းတူး၍ စနစ်တကျ စွန့်ပစ်ခြင်း။<br>စက်ယန္တရားများ၏ကြံ့ခိုင်မှုအား အမြဲမပြတ် စစ်ဆေး ကြပ်မတ်ခြင်း၊ ထားသိုသည့် ဆီပေပါယိုစိမ့်ခြင်းမရှိစေရန် ဆီပေပါ၏ ကြံ့ခိုင်မှုအား အမြဲမပြတ် စစ်ဆေး ကြပ်မတ်ခြင်း၊ စွန့်ပစ်ဆီဟောင်းများအား စိမ့်ထွက်ပျံ့နှံ့မှု မရှိစေရေးနှင့် ပတ်ဝန်းကျင်အတွင်း စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ရှားခြင်း။<br>ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုမဖြစ်စေရေးအတွက် အင်ဂျင်စက်များ၏ ကြံ့ခိုင်မှု၊ စစ်ဆေးပြုပြင်မှုများ ပုံမှန်ဆောင်ရွက်ခြင်း။<br>ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း များ ထွက်ရှိလာပါက ၎င်းပစ္စည်းများကို စွန့်ပစ်ကျင်းများသို့ စွန့်ပစ်ခြင်း။<br>စွန့်ပစ်ကျင်းများကို ရေမစိမ့်ဝင်နိုင်သော ရွှံ့စေးမြေများဖြင့် ပြန်လည်ဖုံးအုပ်၍ နေရာစနစ်တကျ သတ်မှတ်ကာ အမှတ်အသား ပြုလုပ်ထားခြင်း။ | |
| **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ** | တိုင်းတာစစ်ဆေး မည့် နေရာ | လုပ်ငန်းဧရိယာအတွင်း |
| | တိုင်းတာစစ်ဆေးမည့် အကြိမ်ရေ | ၆လ လျှင် တစ်ကြိမ် |
| | တိုင်းတာစစ်ဆေးမည့် Parameter များ | စနစ်တကျစွန့်ပစ်မှုရှိ/မရှိ |
| | တာဝန်ယူမည့် အဖွဲ့ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| | တင်ပြမည့် အစီအစဉ် | (၆)လတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြ |
| **ရန်ပုံငွေလျာထားချက်** | (၅)သိန်း | |

| | |
|---|---|
| **တာဝန်များ** | - စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်မှု ရှိ/မရှိ စစ်ဆေးခြင်း<br>- လိုအပ်ပါက စွန့်ပစ်မည့်နေရာများအား နေရာချထောင်ရွက်အကောင်အထည် ဖော်ခြင်း |

**ဂေဟာစနစ်နှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ်**

| | | |
|---|---|---|
| **ရည်ရွယ်ချက်** | ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်စောင့်ရှောက်ရန် | |
| **ဥပဒေဆိုင်ရာလိုအပ်ချက်များ** | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ (၁၉၉၄)<br>ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဥပဒေ (၂၀၁၈) | |
| **အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ | |
| **စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ** | သစ်ပင်၊ သစ်ခက်များ ခုတ်လှဲခြင်းများ မဖြစ်စေရေး နှင့် သားရဲ တိရိစ္ဆာန်များ၏ နေထိုင်မှုဂေဟာစနစ်များမပျက်စီးမထိခိုက်စေရေး အတွက် ဝန်ထမ်းများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာသူ/သားများ ကို တတ်သိပညာရှင်များဖြင့်ပညာပေး ဟောပြောစည်းရုံးခြင်း။<br>ဝန်ထမ်းများကိုလည်း အမဲလိုက်ခြင်း၊ သားရဲတိရိစ္ဆာန်များ သတ်ဖြတ်ခြင်းမရှိစေ ရေး အတွက် ပြင်းထန်စွာ သတိပေးတားမြစ် ခြင်း။ | |
| **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ** | တိုင်းတာစစ်ဆေး မည့် နေရာ | လုပ်ငန်းဧရိယာအတွင်းနှင့်အနီးပတ်ဝန်းကျင် နေရာ |
| | တိုင်းတာစစ်ဆေးမည့်အကြိမ်ရေ | ၆လလျှင်တစ်ကြိမ် |
| | တိုင်းတာစစ်ဆေးမည့် Parameter များ | လုပ်ငန်းဧရိယာအတွင်းနှင့်အနီး ပတ်ဝန်းကျင်ရှိသစ်ပင် ပန်းမာန်များ၊ သားရဲ တိရစ္ဆာန်များ(ကုန်းနေ၊ရေနေ သတ္တဝါ) |
| | တာဝန်ယူမည့် အဖွဲ့ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| | တင်ပြမည့် အစီအစဉ် | (၆)လတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြ |
| **ရန်ပုံငွေလျာထားချက်** | (၅)သိန်း | |
| **တာဝန်များ** | - လုပ်ငန်းဧရိယာအတွင်းနှင့်အနီး ပတ်ဝန်းကျင်ရှိသစ်ပင် ပန်းမာန်များ၊ သားရဲ တိရစ္ဆာန်များ စာရင်းပြုစုခြင်း<br>- မျိုးတုံးမှုပျောက်ကွယ်မှုမရှိစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း | |

| | |
|---|---|
| | - ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် တတ်သိပညာရှင်များဖြင့်ပညာပေး ဟောပြောစည်းရုံးခြင်း |

**လူမှုဝန်းကျင်ထိခိုက်မှုနှင့်ဆိုင်သော စီမံခန့်ခွဲမှု အစီအစဉ်**

| | | |
|---|---|---|
| **ရည်ရွယ်ချက်** | ဒေသခံပြည်သူများနှင့် လူမှုရေးပြသနာများ မရှိစေရန် | |
| **ဥပဒေဆိုင်ရာလိုအပ်ချက်များ** | ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂) | |
| **အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဥ်** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ | |
| **စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ** | လူမှုဝန်းကျင်ထိခိုက်မှုမရှိစေရန် ဒေသခံများ၏လယ်မြေ ယာမြေ များအား ရှောင်ရှားခြင်း၊<br>လွတ်ကင်းမှုမရှိသော ခြံမြေများအား မြေစာရင်းနှင့်ညှိနှိုင်း၍ ကာလတန်ဖိုးပေးချေခြင်း၊<br>သာသနာ့ အဆောက်အဦးများအား ရှောင်ရှားခြင်း၊<br>ဒေသခံများ၏ကျန်းမာရေး စောင့်ရှောက်မှုများအား ဆောင်ရွက် ပေးခြင်း၊<br>ဒေသခံပြည်သူများနှင့် လူမှုရေးပြသနာများ မရှိစေရေးအတွက် အလေးထားကြပ်မတ်ဆောင်ရွက်ခြင်း။<br>ကျေးရွာရေအရင်းအမြစ်အား ထိခိုက်မှုမရှိ စေရန်နှင့် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ပေးခြင်း။ | |
| **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဥ်များ** | တိုင်းတာစစ်ဆေး မည့် နေရာ | လုပ်ငန်းဧရိယာနှင့်အနီးဝန်းကျင်ရှိ ကျေးရွာများ |
| | တိုင်းတာစစ်ဆေးမည့် အကြိမ်ရေ | ဖလလျှင်တစ်ကြိမ် |
| | တိုင်းတာစစ်ဆေးမည့် Parameter များ | ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု များ ရှိ/မရှိ ကိုဆူညံသံ၊ အနံ့၊ ဖုန်မှုန့်ပျံ့လွင့်မှု၊ လေအရည်အသွေး၊ မြေအရည်အသွေး၊ ရေအရည်အသွေး စစ်ဆေးမှုများ ပြုလုပ်စေခြင်း၊<br>ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးနှင့် အလုပ်သမားများ ၏ လူမှုစီးပွား |

| | | |
|---|---|---|
| | | ဘ၁၀ (ပညာရေး၊ ကျန်းမာရေး) ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသ လိုအပ်ချက်နှင့် ချိန်ညှိ၍ ကျေးရွာလူမှု အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| | တာဝန်ယူမည့် အဖွဲ့ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| | တင်ပြမည့် အစီအစဥ် | (၆)လတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြ |
| **ရန်ပုံငွေလျာထားချက်** | (၅) သိန်း | |
| **တာဝန်များ** | - ဒေသခံပြည်သူများနှင့် မကြာခဏတွေ့ဆုံခြင်း<br>- ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးခြင်း<br>- ကျေးရွာလူမှု အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | |

## ၉.၁၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အားအကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာ အနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ချိန်တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအဖွဲ့အစည်း အား ဖွဲ့စည်းထား ရှိပါမည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၆ | စက်ဆရာ | အဖွဲ့ဝင် |
| ၇ | ယာဉ်နှင့်စက်မောင်း | အဖွဲ့ဝင် |
| ၈ | အထွေထွေလုပ်သား | အဖွဲ့ဝင် |
| ၉ | စားဖိုဝန်ထမ်း | အဖွဲ့ဝင် |
| ၁၀ | လုံခြုံရေး | အဖွဲ့ဝင် |
| ၁၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် | အဖွဲ့ဝင် |
| ၁၂ | စိုက်ပျိုးရေးပညာရှင် | အဖွဲ့ဝင် |
| ၁၃ | ကျေးရွာအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |

ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့မှ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းများအား ဖွဲ့စည်းပေးပြီး ၎င်းအဖွဲ့များအား အနီးကပ်စောင့်ကြပ်ကြည့်ရှုကာ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်အောင် စီမံဆောင်ရွက်ပါမည်။

### ၉.၁၂။ အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာ အနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ချိန်တွင် အောက်ဖော်ပြပါ အဖွဲ့အစည်းများအား ဖွဲ့စည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့

၂။ ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့

၃။ အရေးပေါ်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့

၄။ လူမှုစီးပွားဆိုင်ရာအဖွဲ့

၅။ လုပ်ငန်းပိတ်သိမ်းခြင်းအဖွဲ့

၆။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့

၇။ အထွေထွေအုပ်ချုပ်ရေးအဖွဲ့

၁။ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့ဖွဲ့စည်း ခြင်း

ခဲသတ္တုရေဆေးကန်လုပ်ငန်းဆောင်ရွက်ချိန်တွင် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့အား ဖွဲ့စည်း တာဝန် ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် | အဖွဲ့ဝင် |

၂။ ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့ဖွဲ့စည်းခြင်း

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ချိန်တွင် ထိခိုက်မှုလျော့ပါးစေရေး လုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးသွားမည် ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် | အဖွဲ့ဝင် |

၃။ အရေးပေါ်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့

အရေးပေါ်ဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့တွင် အောက်ပါအဖွဲ့အစည်းများ အတိုင်း ဖွဲ့စည်းထားပါသည်။

(က) လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားပေးရေးအဖွဲ့ဖွဲ့စည်းခြင်း

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ချိန်တွင် လုပ်သားများစွမ်းဆောင်ရည် မြင့်မားစေရန် ကျွမ်းကျင်သူများမှသင်တန်းပို့ချခြင်းနှင့် ပြင်ပသင်တန်းများသို့ ပို့ဆောင်ပေးခြင်းများ လုပ်ဆောင်သွားပါမည်။ စွမ်းဆောင်ရည်မြင့် သင်တန်းပေးရေးအဖွဲ့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးသွား မည်ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | မန်နေဂျာ | အဖွဲ့ဝင် |
| ၃ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၄ | စက်ဆရာ | အဖွဲ့ဝင် |

(ခ)မီးဘေးအန္တရာယ်ကျရောက်လာပါကကြိုတင်ဆောင်ရွက်ထားရှိမှုနှင့်ဆောင်ရွက်မည့်အဖွဲ့ ဖွဲ့စည်းခြင်း

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ချိန်တွင် လုပ်ငန်းခွင်အတွင်း မီးဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်း တာဝန်ပေးသွားမည် ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | စီမံကိန်းတာဝန်ခံ | အဖွဲ့ခေါင်းဆောင် |
| ၂ | စက်ဆရာ | အဖွဲ့ဝင် |
| ၃ | ယာဉ်နှင့်စက်မောင်း | အဖွဲ့ဝင် |
| ၄ | အထွေထွေလုပ်သား | အဖွဲ့ဝင် |
| ၅ | စားဖိုဝန်ထမ်း | အဖွဲ့ဝင် |

(ဂ)လုပ်ငန်းခွင်မတော်တဆထိခိုက်ခြင်းနှင့်ဘေးအန္တရာယ်ကျရောက်ပါကဆောင်ရွက်မည့်အဖွဲ့ဖွဲ့စည်းခြင်း

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ချိန်တွင် လုပ်ငန်းခွင်ထိခိုက်မှုများ ဖြစ်ပေါ် လာနိုင်သည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်း တာဝန်ပေးသွား မည်ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | လုပ်ငန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၃ | စက်ဆရာ | အဖွဲ့ဝင် |
| ၄ | ယာဉ်နှင့်စက်မောင်း | အဖွဲ့ဝင် |

၄။ လူမှုစီးပွားဆိုင်ရာအဖွဲ့ ဖွဲ့စည်းခြင်း

ခဲသတ္တုရေဆေးကန်လုပ်ငန်းဆောင်ရွက်ချိန်တွင် လူမှုရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်အတွက် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးသွားမည် ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |

၅။ လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာအဖွဲ့ဖွဲ့စည်းခြင်း

ခဲသတ္တုရေဆေးကန်လုပ်ငန်းဆောင်ရွက်ပြီးစီးချိန်တွင် လုပ်ငန်းအား စနစ်တကျ ပိတ်သိမ်းခြင်း နှင့် ဒေသနှင့်ကိုက်ညီသောအပင်များပြန်လည်စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးသွားမည် ဖြစ်ပါ သည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် | အဖွဲ့ဝင် |
| ၅ | စိုက်ပျိုးရေးပညာရှင် | အဖွဲ့ဝင် |

၆။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ချိန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေး သွားမည် ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် | အဖွဲ့ဝင် |

၇။ အထွေထွေအုပ်ချုပ်ရေးအဖွဲ့

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ချိန်တွင် စီမံအုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးသွားမည် ဖြစ်ပါ သည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၅ | ကျေးရွာအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |

## ၉.၁၃။ လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာ အနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ချိန်တွင် အဖွဲ့အစည်းများအား အောက်ဖော်ပြပါအတိုင်း လုပ်ငန်းတာဝန်များ သတ်မှတ်၍ တာဝန်ပေးသွားမည်ဖြစ်ပါသည်။

၁။စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့၏လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

(က) လေထု၊ မြေထု၊ ရေထု၊ ဆူညံသံနှင့်တုန်ခါမှု အရည်အသွေးများတိုင်းတာခြင်း

(ခ) အရည်အသွေးအချက်အလက်များထုတ်ပြန်ခြင်း၊ မှတ်တမ်းတင်ခြင်း

(ဂ)သတ်မှတ်လမ်းညွှန်တန်ဖိုးအတိုင်းဖြစ်စေရန်လိုအပ်သောနည်းလမ်းများအားအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(ဃ) သတ်မှတ်ကာလအတိုင်း Monitoring Report များ ပြုစုခြင်း၊ တင်ပြခြင်း

၂။ ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့၏ လုပ်ငန်း တာဝန်သတ်မှတ်ခြင်း

(က) ရေ၊လေ၊ မြေ၊ ဆူညံသံနှင့်တုန်ခါမှု၊ စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်သည့် ထိခိုက်မှုများကိုလျော့ချခြင်းလုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်း

(ခ) လူမှုဝန်းကျင်နှင့် ဂေဟစနစ်ထိခိုက်မှုများအားလျော့ချမည့်လုပ်ငန်းစဉ်များဆောင်ရွက်ခြင်း

(ဂ) ကောက်ယူခဲ့သောBaseline data နှင့် လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်လာသော ထိခိုက်မှုများကိုနှိုင်းယှဉ်၍ မူလအနေအထားရောက်အောင်အတတ်နိုင်ဆုံးလုပ်ဆောင်စေခြင်း

၃။ အရေးပေါ်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့

(က)လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားပေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

(၁) လုပ်သားများအား စွမ်းဆောင်ရည်မြင့်မားစေရန် အတွေ့အကြုံရှိကျွမ်းကျင်သူများမှ သင်တန်းပို့ချခြင်း

(၂) ပြင်ပသင်တန်းများသို့ ပို့ဆောင်တက်ရောက်စေခြင်း

(ခ) မီးဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့်ဆောင်ရွက်မည့်အဖွဲ့ ၏လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

(၁)လုပ်ငန်း၏အဓိကအန္တရာယ်ဖြစ်သောမီးဘေးအားထိရောက်စွာကာကွယ်ခြင်း

(၂) လုပ်ငန်းအတွက်လက်တွေ့ဆောင်ရွက်နိုင်သောစီမံချက်ဖြစ်စေခြင်း

(၃)မီးဘေးအန္တရာယ်အတွက်စီမံချက်ထားရှိခြင်းမှဇာတ်တိုက်လေ့ကျင့်ခြင်းနှင့်ကြိုတင်စီမံခြင်း

(ဂ)လုပ်ငန်းခွင်မတော်တဆထိခိုက်ခြင်းနှင့်ဘေးအန္တရာယ်ကျရောက်ပါကဆောင်ရွက်မည့်အဖွဲ့၏လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

(၁) အန္တရာယ်ကျရောက်နိုင်မည့်အခြေအနေကိုဖယ်ရှားခြင်း

(၂) အန္တရာယ်ကျရောက်စေမည့်အရင်းအမြစ်ကိုထိန်းချုပ်ခြင်း

(၃) ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင်ဆောင်ရွက်ခြင်း

(၄) ကာကွယ်ရေးပစ္စည်းများကိုလူတိုင်းသုံးစွဲစေခြင်း

၄။ လူမှုစီးပွားဆိုင်ရာအဖွဲ့၏လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

(က) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးပွဲများကျင်းပခြင်း

(ခ) CSR လုပ်ငန်းများဆောင်ရွက်ခြင်း

(ဂ) စီမံကိန်းဆိုင်ရာအချက်အလက်များထုတ်ပြန်ခြင်း

(ဃ) တိုင်တန်းခြင်းကိစ္စများဖြေရှင်းဆောင်ရွက်ခြင်း

၅။ လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာအဖွဲ့၏လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

(က) လုပ်ငန်းပြီးဆုံးချိန်တွင် လုပ်ငန်းအား စနစ်တကျပိတ်သိမ်းခြင်း၊ အဆောက်အဦးများအားစနစ်တကျဖျက်သိမ်းခြင်း၊ စက်ယန္တရားများအား စနစ်တကျရွှေ့ပြောင်းခြင်း

(ခ) ကျင်း၊ချိုင့်၊ အနည်စစ်ကန်၊ နုံးစစ်ကန်၊ ရေလှောင်ကန်များအား အပေါ်ယံမြေစာများ၊ ကျောက်သားများနှင့် ပြန်လည် ဖြည့်တင်း ခြင်း

(ဂ) အန္တရာယ်ရှိသောနေရာများတွင် သိသာထင်ရှားသောအမှတ်အသားများ ပြုလုပ်ခြင်း၊ ကွန်ဂရစ်တုံးများဖြင့် အတားအဆီးပြုလုပ်ထားခြင်း

(ဃ) ဒေသနှင့်ကိုက်ညီသောသစ်ပင်များပြန်လည်စိုက်ပျိုးပေးခြင်း

၆။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းခြင်း

(က) လေထု၊ မြေထု၊ ရေထု အရည်အသွေးများတိုင်းတာစစ်ဆေးစောင့်ကြည့်ခြင်း

(ခ) အရေးပေါ်ဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကြိုတင်စီမံဆောင်ရွက်ထားမှု ရှိ/မရှိ စစ်ဆေးခြင်း

(ဂ) လုပ်ငန်းပြီးဆုံးချိန်တွင် လုပ်ငန်းအားစနစ်တကျပိတ်သိမ်းမှုရှိ/မရှိ စစ်ဆေးခြင်း

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သောကိစ္စရပ်များအားလုံးဆောင်ရွက်ခြင်း

၇။ အထွေထွေအုပ်ချုပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

(က) စီမံကိန်းနှင့်ပတ်သက်သောစီမံအုပ်ချုပ်မှုအပိုင်းများအားလုံးဆောင်ရွက်ခြင်း

(ခ) စီမံကိန်းဆိုင်ရာအချက်အလက်များထုတ်ပြန်ခြင်း

(ဂ) တိုင်တန်းခြင်းကိစ္စများဖြေရှင်းဆောင်ရွက်ခြင်း

(ဃ) လူမှုပတ်ဝန်းကျင်ထိခိုက်မှုအတွက်လျော့ချရေးလုပ်ငန်းများဆောင်ရွက်ခြင်း

(င) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးပွဲများကျင်းပခြင်း

(စ) ပြင်ပအဖွဲ့အစည်းအားလုံးနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း

## ၉.၁၄။ ရန်ပုံငွေလျာထားချက်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ချိန်တွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေကျပ် သိန်း(၂၂,၀၀၀,၀၀၀) ထားရှိ၍ အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လိုလောက်မှု မရှိပါက ထပ်မံ ဖြည့်စွက်ဆောင်ရွက်သွားပါမည်။

| စဉ် | အကြောင်းအရာ | ခန့်မှန်းစရိတ် (ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁ | စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ် | ၄,၂၀၀,၀၀၀ | |
| ၂ | ထိခိုက်မှုလျော့ပါးရေးအစီအစဉ် | ၄,၀၀၀,၀၀၀ | |
| ၃ | အရေးပေါ်ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ် | ၃,၀၀၀,၀၀၀ | |
| ၄ | အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းအစီအစဉ် | ၈၀၀,၀၀၀ | |
| ၅ | အများပြည်သူအတွက်ဆောင်ရွက်ပေးမည့်အစီအစဉ် | ၅,၀၀၀,၀၀၀ | |
| ၆ | လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ် | ၅,၀၀၀,၀၀၀ | |
| | စုစုပေါင်း | ၂၂,၀၀၀,၀၀၀ | |

# အခန်း (၁၀)

# စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားချက်

စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များကို လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဖြစ်လာနိုင်သောပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ သက်ရောက်သည့်နေရာများ၊ သက်ရောက်မှုအဆင့်၊ လျော့ချနိုင်မည့်နည်းလမ်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁၀.၁။ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆောင်ရွက်မည့်အဖွဲ့

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီးတွင် ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ချိန်တွင် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်မည့်အဖွဲ့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန် ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် | အဖွဲ့ဝင် |

## ၁၀.၂။ စောင့်ကြပ်ကြည့်ရှုရေးရန်ပုံငွေလျာထားချက်

ခဲသတ္တုရေဆေးကန်လုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု လျော့ချမည့်လုပ်ငန်းစဉ်များနှင့်ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများအပေါ် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်အတွက် ကျပ်သိန်း(၄၂)အား ရန်ပုံငွေလျာထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လုံလောက်မှုမရှိပါကထပ်မံဖြည့်စွက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၁၀.၃။ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်

ခဲသတ္တုရေဆေးကန်လုပ်ငန်း လည်ပတ်စဉ်အတွင်း ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုရှိနိုင်သည့် လုပ်ငန်းစဉ်များအား စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း စနစ်တကျစောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

**မြေပေါ်ရေအရည်အသွေး**

| | |
|---|---|
| **စစ်ဆေးမည့်ကာလ** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ |
| **နေရာ** | N 20° 58' 06.61'', E 096° 46' 23.90''<br>ချောင်းရေ<br>N 20° 58' 04.95'', E 096° 46' 24.29''<br>ရေဆေးကန်မှထွက်လာသောရေ |
| **အကြိမ်နှင့်တိုင်းတာစစ်ဆေးမည့် Parameter များ** | ၆လ လျှင် တစ်ကြိမ်<br>pH, Color (True), Turbidity, Conductivity, Total Hardness, Calcium Hardness, Magnesium Hardness, Total Alkalinity, $HCO_3$, Fe, Cl, NaCl, $SO_4$, Total Solids, Total Dissolved Solids, Temp, F, Pb, As, COD, CN, Zn, Cu, Si |
| **တာဝန်ယူမည့်အဖွဲ့** | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| **ရန်ပုံငွေလျာထားချက်** | (၆) သိန်း |

**မြေအောက်ရေအရည်အသွေး**

| | |
|---|---|
| **စစ်ဆေးမည့်ကာလ** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ |
| **နေရာ** | N 20° 57' 38.64'', E 096° 46' 12.09''<br>လုပ်ငန်းအနီး ကမ္ဘောဇအေဝီစိတွင်းရေ |
| **အကြိမ်နှင့်တိုင်းတာစစ်ဆေးမည့် Parameter များ** | ၆လ လျှင် တစ်ကြိမ်<br>pH, Color (True), Turbidity, Conductivity, Total Hardness, Calcium Hardness, Magnesium Hardness, Total Alkalinity, $HCO_3$, Fe, Cl, NaCl, $SO_4$, Total Solids, Total Dissolved Solids, Temp, F, Pb, As, COD, CN, Zn, Cu, Si |
| **တာဝန်ယူမည့်အဖွဲ့** | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| **ရန်ပုံငွေလျာထားချက်** | (၃) သိန်း |

**လေအရည်အသွေး**

| | |
|---|---|
| **စစ်ဆေးမည့်ကာလ** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ |
| **နေရာ** | N 20° 58' 8.21", E 96° 46' 25.27"<br>လုပ်ငန်းဧရိယာအတွင်းတိုင်းတာခဲ့သည့်နေရာ |

| | |
|---|---|
| **အကြိမ်နှင့်တိုင်းတာစစ်ဆေးမည့် Parameter များ** | ဖလ လျှင် တစ်ကြိမ်<br>CO, $NO_2$, $PM_{10}$, $PM_{2.5}$, $SO_2$ |
| **တာဝန်ယူမည့်အဖွဲ့** | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| **ရန်ပုံငွေလျာထားချက်** | (၁၄) သိန်း |

**မြေအရည်အသွေး**

| | |
|---|---|
| **စစ်ဆေးမည့်ကာလ** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ |
| **နေရာ** | N 20° 58' 6.37", E 96° 46' 25.15"<br>လုပ်ငန်းဧရိယာအတွင်းနမူနာရယူခဲ့သည့်နေရာ |
| **အကြိမ်နှင့်တိုင်းတာစစ်ဆေးမည့် Parameter များ** | ဖလ လျှင် တစ်ကြိမ်<br>Arsenic, Ca, Cyanide, Fe, Pb, Hg, P |
| **တာဝန်ယူမည့်အဖွဲ့** | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| **ရန်ပုံငွေလျာထားချက်** | (၂) သိန်း |

**ဆူညံသံ၊တုန်ခါမှု**

| | |
|---|---|
| **စစ်ဆေးမည့်ကာလ** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ |
| **နေရာ** | N 20° 58' 8.21", E 96° 46' 25.27"<br>လုပ်ငန်းဧရိယာအတွင်းတိုင်းတာခဲ့သည့်နေရာ |
| **အကြိမ်နှင့်တိုင်းတာစစ်ဆေးမည့် Parameter များ** | မိုးကာလမှအပ လစဉ် တိုင်းတာစစ်ဆေးသွားပါမည်။<br>Noise level in dB |
| **တာဝန်ယူမည့်အဖွဲ့** | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| **ရန်ပုံငွေလျာထားချက်** | (၂) သိန်း |

**စွန့်ပစ်ပစ္စည်း**

| | |
|---|---|
| **စစ်ဆေးမည့်ကာလ** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ |
| **နေရာ** | အမှိုက်ကျင်းနှင့် ရေဆိုးစွန့်ပစ်ကျင်း |
| **အကြိမ်နှင့်တိုင်းတာစစ်ဆေးမည့် Parameter များ** | ဖလ လျှင် တစ်ကြိမ်<br>စနစ်တကျစွန့်ပစ်မှုရှိ/မရှိ |
| **တာဝန်ယူမည့်အဖွဲ့** | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| **ရန်ပုံငွေလျာထားချက်** | (၅) သိန်း |

**ဂေဟာစနစ်**

| | |
|---|---|
| **စစ်ဆေးမည့်ကာလ** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ |
| **နေရာ** | လုပ်ငန်းဧရိယာအတွင်းနှင့်အနီးပတ်ဝန်းကျင်နေရာ |
| **အကြိမ်နှင့်တိုင်းတာစစ်ဆေးမည့် Parameter များ** | ၆လ လျှင် တစ်ကြိမ်<br>လုပ်ငန်းဧရိယာအတွင်းနှင့်အနီးပတ်ဝန်းကျင်ရှိသစ်ပင်ပန်းမာန်များ၊သားရဲတိရစ္ဆာန်များ(ကုန်းနေ၊ရေနေ သတ္တဝါ) |
| **တာဝန်ယူမည့်အဖွဲ့** | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| **ရန်ပုံငွေလျာထားချက်** | (၅) သိန်း |

**လူမှုပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို စောင့်ကြပ်ကြည့်ရှုခြင်း**

| | |
|---|---|
| **စစ်ဆေးမည့်ကာလ** | အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလ |
| **နေရာ** | လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသောအနီးပတ်ဝန်းကျင် ကျေးရွာ |
| **အကြိမ်နှင့်တိုင်းတာစစ်ဆေးမည့် Parameter များ** | ၆လ လျှင် တစ်ကြိမ်<br>ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု များ ရှိ/မရှိ ကို ဆူညံသံ၊ အနံ့၊ ဖုန်မှုန့်ပျံ့လွင့်မှု၊ လေအရည်အသွေး၊ မြေအရည် အသွေး၊ ရေအရည်အသွေးစစ်ဆေးမှုများ ပြုလုပ်စေခြင်း၊ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးနှင့် အလုပ်သမားများ ၏ လူမှုစီးပွားဘဝ (ပညာရေး၊ ကျန်းမာရေး) ဒေသဖွံ့ ဖြိုးရေး လုပ်ငန်းများကို ဒေသ လိုအပ်ချက်နှင့် ချိန်ညှိ၍ ကျေးရွာလူမှု အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| **တာဝန်ယူမည့်အဖွဲ့** | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ |
| **ရန်ပုံငွေလျာထားချက်** | (၅) သိန်း |

**မှတ်ချက်** - လေအရည်အသွေးနှင့် ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုမည့်နေရာ (လုပ်ငန်းဧရိယာအတွင်း တိုင်းတာခဲ့သည့် နေရာ)သည် လုပ်ငန်း ဧရိယာမှာ (၁၀.၈၆) ဧက ဖြစ်သော်လည်း အမှန်တကယ်အလုပ်လုပ်ဆောင်သည့်နေရာ၏ အလယ်တွင် တိုင်းတာထားခြင်းဖြစ်သော်ကြောင့် တစ်နေရာတည်းနှင့် လုံလောက်မှုရှိပါသည်။

ဆူညံသံနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် နေရာ၏ အလယ်တွင် တိုင်းတာထားခြင်း ဖြစ်ပါသည်။ လိုအပ်ပါက ဆူညံသံ အဓိကထွက်ရှိသည့် မီးစက်နေရာ၊ အလုပ်သမား အိမ်ရာနှင့် လုပ်ငန်းနှင့် (၁)မိုင်ခန့် ကွာဝေးသော အနီးဆုံးကျေးရွာတွင်လည်း တိုင်းတာသွားမည်ဖြစ်ပါသည်။

# အခန်း (၁၁)

## လုပ်ငန်းအဆိုပြုသူမှလိုက်နာဆောင်ရွက်မည့် ကတိကဝတ်များ

## (List of Commitments Table)

| အမှတ်စဉ် | ကတိကဝတ်များ | ကတိကဝတ်အား ရှင်းလင်းဖော်ပြချက် | ရည်ညွှန်းချက်/ အခန်း |
|---|---|---|---|
| ၁။ | လုပ်ငန်းအကြောင်းအရာဆိုင်ရာ ကတိကဝတ် | ခဲသတ္တုရေဆေးကန်လုပ်ငန်း၏ လုပ်ငန်းဆိုင်ရာ အချက်အလက်များဖြစ်သော လုပ်ငန်းကာလ၊ အဆောက်အဦးဆောက်လုပ်ခြင်း၊မြေအောက်ရေ အခြေအနေ၊ သုံးစွဲမည့်ဓါတုပစ္စည်းများ၊ ခဲသတ္တု သန့်စင်ခြင်းလုပ်ငန်းအဆင့်ဆင့်၊ သုံးစွဲမည့်စက်ယန္တရား၊ လုပ်သားဦးရေ၊ တစ်နေ့အလုပ်ချိန်၊ ခန့်မှန်းထုတ်လုပ်မှု၊ ရေသုံးစွဲမှု၊ လောင်စာဆီ လိုအပ်ချက်များအား EMP ပါအတိုင်း လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်ပြုပါသည်။ | အခန်း (၅) စာမျက်နှာ(၆၄) မှ စာမျက်နှာ (၈၅) အထိ |
| ၂။ | မြေပုံကားချပ်ဆိုင်ရာ ကတိကဝတ် | Location Plan Map, One Inch Map, UTM Map, Satellite Map,နှင့် Layout Plan Map များ အတိုင်း လိုက်နာဆောက်ရွက်ပါမည်။ | အခန်း (၅) စာမျက်နှာ(၆၆) မှ (၇၀) အထိ |
| ၃။ | ကတိကဝတ်၊ မူဝါဒ၊ ဥပဒေနှင့် မူဘောင်များ | ကုမ္ပဏီ၏ မူဝါဒများ၊ လိုက်နာဆောင်ရွက်မည့် ဥပဒေများ၊ လုပ်ငန်းဖော်ဆောင်သူနှင့် EMP ရေးသားသော ကုမ္ပဏီတို့၏ ကတိကဝတ်များ အား လိုက်နာဆောင်ရွက်သွားပါမည်။ | အခန်း(၃) နှင့် အခန်း (၄) စာမျက်နှာ(၃၇) မှ (၆၃) အထိ |
| ၄။ | လုပ်ငန်း၏ လက်ရှိသဘာဝ ပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင် အခြေအနေအတွက် ကတိကဝတ် | ဆူညံသံ၊ လေအရည်အသွေး၊ ရေအရည်အသွေး၊ မြေဆီလွှာအရည်အသွေးများအား စောင့်ကြည့်ကာလများတွင် (၆)လတစ်ကြိမ် စစ်ဆေးတိုင်းတာခြင်းအား ဆောင်ရွက်ပါမည်။ | အခန်း (၆) စာမျက်နှာ(၈၆) မှ (၁၂၂) အထိ |
| ၅။ | ထိခိုက်မှုလျော့ချခြင်းဆိုင်ရာ ကတိကဝတ် | ဆူညံသံ၊ စွန့်ပစ်ရေနှင့် စွန့်ပစ်ပစ္စည်း၊ အနံ့၊ ဖုန်မှုန့်နှင့် လေအရည်အသွေးများအား လျော့ကျအောင် ဆောင်ရွက်ရန် ကတိကဝတ်ပြုခြင်း။ | အခန်း (၇) စာမျက်နှာ(၁၂၃) မှ (၁၄၈) အထိ |
| ၆။ | ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကတိကဝတ် | ခဲသတ္တုရေဆေးကန်လုပ်ငန်း လုပ်ကိုင်သည့် ကာလတွင် ဖြစ်ပေါ်လာနိုင်သော Impact များ အား ကာကွယ်ခြင်း၊ လျော့နည်းအောင် ပြုလုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောအစီအစဉ်များအား ဆောင်ရွက်ရန် ကတိကဝတ် ပြုခြင်း။ | အခန်း (၉) စာမျက်နှာ(၁၆၁) မှ (၁၈၀) အထိ |

| အမှတ်စဉ် | ကတိကဝတ်များ | ကတိကဝတ်အား ရှင်းလင်းဖော်ပြချက် | ရည်ညွှန်းချက်/ အခန်း |
|---|---|---|---|
| ၇။ | ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခြင်းဆိုင်ရာ ကတိကဝတ် | ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်း၍ ရယူထားသော ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝအား ဆောင်ရွက်ပေးရန်ပေးထားသည့် ကတိကဝတ်များအား လိုက်နာသွားပါမည်။ | အခန်း (၈) စာမျက်နှာ(၁၄၉) မှ စာမျက်နှာ (၁၅၈) အထိ |
| ၈။ | စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ကတိကဝတ် | ခဲသတ္တုရေဆေးခြင်းလုပ်ငန်းဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီး (၁)နှစ်ကာလတွင် ဖွဲ့စည်းထားသော စောင့်ကြပ်ကြည့်ရှုအဖွဲ့နှင့် ထည့်ဝင်ရမည့်ရန်ပုံငွေထည့်ဝင်၍ စောင့်ကြပ်ကြည့်ရှုမှုများဆောင်ရွက်ခြင်းအားဆောင်ရွက်ရန်ကတိကဝတ်ပြုလိုက်နာ ဆောင်ရွက်ပါမည်။ | အခန်း (၁၀) စာမျက်နှာ(၁၈၁) မှ စာမျက်နှာ (၁၈၄) အထိ |
| ၉။ | CSRရန်ပုံငွေထည့်ဝင်ခြင်း ကတိကဝတ် | လုပ်ကွက်နှင့် အနီးဆုံးရွာဟောင်းကျေးရွာရှိ ဒေသခံများအား လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် ရန်ပုံငွေထည့်ဝင်ရန် ကတိကဝတ်ပြုထားသည့်အတိုင်း သိန်း(၅၀) ထည့်ဝင်သွားပါမည်။ | အခန်း (၈) စာမျက်နှာ(၁၅၈) မှ စာမျက်နှာ (၁၆၀) |

# အခန်း (၁၂)
# လုပ်ငန်းပိတ်သိမ်းခြင်းအစီရင်ခံစာ

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီး တွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းပိတ်သိမ်းချိန်တွင် လုပ်ငန်းစတင် ဆောင်ရွက်ချိန်မှ စတင်၍ အပေါ်ယံမြေလွှာများအား သီးသန့် စုပုံ ထားရှိမှု အစီအစဉ်၊ အတားအဆီးနံရံများ ထားရှိမှု၊ ဆက်စပ်ဧရိယာရှိ ချောင်းများ၊ ရေတွင်းများ၊ ရေထွက်ပေါက်များမှ ရေနမူနာများ ယူ၍ တိုင်းတာ စစ်ဆေးမည့် အစီအစဉ်၊ မြေဆီလွှာ ညစ်ညမ်းမှု ရှိ/မရှိ ပြန်လည်စစ်ဆေးမည့် အစီအစဉ်၊ ဆောက်လုပ်ထားရှိသည့် အဆောက်အဦးနှင့် စက်ပစ္စည်းများအား ပြန်လည်ဖယ်ရှားမည့် အစီအစဉ်၊ ဖုံးအုပ်ပြီးသောမြေသားပေါ်တွင် ဒေသနှင့် သင့်လျော်သောအပင်များပြန်လည်စိုက်ပျိုးခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးနောက် ဖုံးအုပ်ပြီးသော မြေသားပေါ်တွင် ပြန်လည်စိုက်ပျိုးပေးမည့် ပျိုးပင်များစိုက်ပျိုးထားရှိခြင်း စသည်တို့ကို ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်ကို လုပ်ငန်းမပိတ်သိမ်းမှီ (၁)နှစ်အလိုတွင် လုပ်ငန်းပိတ်သိမ်းခြင်းအစီရင်ခံစာ ရေးသား၍ ဝန်ကြီးဌာနသို့တင်ပြသွားမည် ဖြစ်ပါသည်။

## ၁၂.၁။ လုပ်ငန်းပိတ်သိမ်းချိန်ဆောင်ရွက်မည့်အဖွဲ့နှင့် ပိတ်သိမ်းပြီးနောက် စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့အစည်း

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီး တွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းပိတ်သိမ်းချိန်တွင်ဆောင်ရွက်မည့်အဖွဲ့နှင့် ပိတ်သိမ်းပြီးနောက် စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့ အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| စဉ် | ရာထူး | လုပ်ငန်းတာဝန် |
|---|---|---|
| ၁ | ဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| ၂ | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | မန်နေဂျာ | အဖွဲ့ဝင် |
| ၄ | စီမံကိန်းတာဝန်ခံ | အဖွဲ့ဝင် |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် | အဖွဲ့ဝင် |

## ၁၂.၂။ ရန်ပုံငွေလျာထားချက်

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာအနီး တွင် ခဲသတ္တုရေဆေးကန် လုပ်ငန်းဆောင်ရွက်ချိန်တွင် “လုပ်ငန်းပိတ်သိမ်းမည့်အစီအစဉ်”ပါ လုပ်ငန်းများအား (၁)နှစ်ခွဲအတွင်း

ပြီးစီးအောင် မန်နေဂျာမှ တာဝန်ယူဆောင်ရွက် သွားမည်ဖြစ်ပြီး၊ လုပ်ငန်း ပိတ်သိမ်းခြင်း ဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း (၅,၀၀၀,၀၀၀)အားရန်ပုံငွေ ထားရှိသွားမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက ထပ်မံဖြည့်စွက်၍ အောက်ဖော်ပြပါ အတိုင်းလျာထား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

| စဉ် | လုပ်ငန်းစဉ် | လျာထားရန်ပုံငွေ (ကျပ်) | တာဝန်ယူဆောင်ရွက်မည့်အဖွဲ့ အစည်း |
|---|---|---|---|
| ၁ | ရေဆေးကန်၊အဆောက်အဦးနှင့် စက်ယန္တရားများ အား ပြန်လည်ဖယ်ရှားခြင်း | ၁,၀၀၀,၀၀၀ | လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်မည့် အဖွဲ့အစည်း |
| ၂ | လမ်းများအားပြန်လည်ပြုပြင်ပေးခြင်း အနည်စစ်ကန်၊နှုံးစစ်ကန်၊ ရေလှောင်ကန်များ မြေဖို့ခြင်း | ၁,၅၀၀,၀၀၀ | |
| ၃ | အရည်အသွေးများအားပြန်လည်စစ်ဆေးပေးခြင်း | ၁,၅၀၀,၀၀၀ | |
| ၄ | ဒေသနှင့်ကိုက်ညီသည့် အပင်များပြန်လည်စိုက်ပျိုးပေးခြင်း | ၁,၀၀၀,၀၀၀ | |
| | စုစုပေါင်း | ၅,၀၀၀,၀၀၀ | |

# အခန်း (၁၃)
# နိဂုံးနှင့်သုံးသပ်အကြံပြုတင်ပြချက်

## ၁၃.၁။ နိဂုံး

GPS Joint Venture ကုမ္ပဏီလီမိတက်၏ ခဲသတ္တုရေဆေးကန် လုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းပြီးဆုံးသည့်အခါ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် ဒေသနှင့်ကိုက်ညီသောသစ်ပင်များအား အစားထိုး စိုက်ပျိုးခြင်းလုပ်ငန်းအား ဆောင်ရွက်ထားရှိမည် ဖြစ်ပါသည်။ လုပ်ငန်းနေရာအား လက်တွေ့ကွင်းဆင်းစစ်ဆေးပြီး လက်ရှိအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အချက်အလက်များအား စုဆောင်း၍ ဖော်ပြထားပါသည်။ ဂေဟစနစ် ပြန်လည်ရှင်သန်စေရေး နည်းလမ်းများ၊ လူမှုရေးဆိုင်ရာ ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ လုပ်ငန်းရပ်တစ်ခုချင်းအတွက် စီမံခန့်ခွဲမှုဆောင်ရွက်ချက်များနှင့် စောင့်ကြပ်ကြည့်ရှုရမည့် အစီအစဉ်များအား ဖော်ပြထားပါသည်။ ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ ရန်ပုံငွေလျာထားချက်များ အား ဒေသခံ ပြည်သူများ သဘောပေါက်စေရန် ချပြဆွေးနွေးနိုင်ခဲ့ပါသည်။ လုပ်ငန်းဧရိယာ အတွင်း လေအရည် အသွေး၊ ရေအရည်အသွေး၊ မြေအရည်အသွေး၊ ဆူညံသံ၊ တုန်ခါမှု၊ ဂေဟစနစ်နှင့် လူမှုပတ်ဝန်းကျင် အခြေအနေတို့ကဲ့သို့ လက်ရှိပတ်ဝန်းကျင်အခြေအနေမှန် အား သိရှိနိုင်ရန် ဓါတ်ခွဲခန်းများသို့ ပေးပို့ စမ်းသပ်ခဲ့ပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတွင်း ရောက်ရှိနေခြင်း ရှိ/မရှိ တိုင်းတာ စမ်းသပ်ခဲ့ပါသည်။ GPS Joint Venture ကုမ္ပဏီလီမိတက် အနေဖြင့် လိုက်နာရန်ရှိသော ကတိကဝတ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးနည်းလမ်းများ၊ နိုင်ငံတော်မှ ချမှတ်ထားသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို လေးစား လိုက်နာ ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက်ချိန်အတွင်း ဒေသခံပြည်သူလူထု နှင့် တွေ့ဆုံဆွေးနွေး၍ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုများအား ပြန်လည်ကုစားနိုင်မည့်နည်းလမ်းများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေလျာထားချက်များ၊ လယ်မြေယာမြေထိခိုက်မှုများရှိပါက ကာလပေါက်ဈေးအတိုင်း ပေးလျော်မည်ဆိုသည့်အကြောင်းများနှင့် ဒေသခံများအား လုပ်ငန်းနှင့် သင့်လျော်သောနေရာများတွင် ဦးစားပေး ခန့်ထားပေးနိုင်မှုများအား ချပြဆွေးနွေး၍ ထောက်ခံမှုများ ရရှိခဲ့ပါသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ စနစ်တကျစောင့်ကြပ်ကြည့်ရှုပြီး ဆိုးကျိုးများအား ကုစားနိုင်သည့်နည်းလမ်းများ အသုံးပြု၍ စနစ်တကျ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## ၁၃.၂။ သုံးသပ်အကြံပြုတင်ပြချက်

